**(ခ)သို့ စောဒနာတက်။** ။ဆရာ (က) ဝါကျဖြင့် ကသာယေန ရတ္တာနိ ကာသာယာနိ ဟု ဝစနတ္ထပြု၍ ကာသာယာနိ-ဟူသည် ဖန်ရည်ဆိုးထားသော အဝတ်ဖြစ်၏ဟု ဖွင့်ပြအပ်၏။ ထိုသို့ဆိုသော် ဖန်ရည်ဆိုးထားသော အဝတ်မှန်သမျှကို ကာသာယာနိအရ ဤ၌ အလိုရှိအပ်ပါသလော။ အဘယ်သို့ သော ဖန်ရည်ဆိုးထားသော အဝတ်ကို ဤ၌ အလိုရှိအပ်ပါသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

[ဂဏ္ဌိဟောင်း]

ဤ(ခ)ဝါကျထောက်သော် သာမညကာသာယာနိမှ ဝိသေသ ကာသာယာနိ အရ ကောက်ပြ၍ ဓေဒေသျှပစာ ရသည်ကိုသိပါ။

**(ဃ)ဝါကျသို့ တက်လိုသော်။** ။ဆရာ ပါဠိတော်၌ အနာဂါရိယံ ပဗ္ဗာဇေယျ ဟု မိန့်ဆိုအပ်၏။အဘယ့်ကြောင့် ရဟန်းအဖြစ်ကို အနဂါရိယဟူသနည်း။အိမ်မရှိ အိမ်၌မနေသောကြောင့် အနဂါရိယ ဟူသလော။ စုဒ်ကြောင့် (ဃ) စသည်မိန့်။

(င) တိုင်အောင်မျှော်သည်။

**(စ)သို့ အနုသန္ဓေ။** ။ဤသို့ (င) ဝါကျဖြင့် အနာဂါရိယာပုဒ်ကို နတ္ထိ အဂါရိယံ ဧတ္ထာတိ အနာဂါရိယာ-ဟု ဝိဂ္ဂဟနှင့်တကွ ဒဠှဓ္ဌေဒနနည်းကို ပြဆိုတော်မူပြီး၍၊ယခုအခါ၌ ဒဠှသောဓနနည်းကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည် (စ) ဝါကျမိန့်။

**မှတ်ချက်။** ။ဒဠှဓ္ဌေဒနနည်းကို ပဒါဝတ္ထိကဠှနည်း၊ ဒဠှသောဓနနည်းကို ဝါကျဝတ္ထိကဠှနည်း ဟူ၍လည်း ပြောင်းလဲသုံးစွဲနိုင်သည်။

နံပါတ် (၃)

(ခ)ဝါကျ ဝိသေသဝါကျ= သရုပ် အရကောက်အထူးကိုပြ။ တစ်နည်း-ဝါကျာရမ္ဘ။

(ဂ)ပကၡကရဝါကျ= အဇ္ဈာဒေတွာပုဒ်၏ အဖို့တစ်ပါးပြ။

(ဃ)ဝါကျာရမ္ဘ အနဂါရိယဟူသည် အဘယ်ပါနည်း ဟူသော စောဒနာကိုပယ်လို၍ ဆက်လက် အားထုတ်သောကြောင့်။

**နိယံ။** ။ထွေစမှာ လီနတ္ထာ စုဒ်လာအဖြေပြ။

(င)ဝါကျာရမ္ဘ=အနာဂါရိယပုဒ်၏ ဝစနတ္ထကို ဆက်လက်အားထုတ်သောကြောင့်။

(စ)ပကၡကရ ဒဠှဓ္ဌေဒနနည်းမှတစ်ပါး ဒဠှသောဓနနည်း ပြသောကြောင့်။

**မှတ်ချက်။** ။ဝိဂ္ဂဟနှောင် ဝိဘတ်ကျွတ်ပြရာ၌ ပုံသေမှတ်ထားပါ။

http://www.dhammadownload.com



တစ်နည်း။ ။(စ) ဝါကျာရမ္ဘ။(ဆ) ပက္ခန္တရ

**စာစပ်။** ။ဧတ္တ-၌ပေး၊ အနုဂါရိယံပုဒ်၊ ဝုစ္စတိပုဒ်တို့၌ အာဓာရ+အာဓာယ် စပ်။

**ဧတ္ထာတိ အနုဂါရိယန္တိပဒေ၊ ဝုစ္စတိပဒေ အာဓာရော။ [ယောဇနာ] နံပါတ် (၄)**

**ကာသာယ။** ။**ကသာယေန ရတ္တာနိ ကာသာယာနိ။**

**ကသာယရသော။** ။**ကသာယတော နိဗ္ဗတ္တော ရသောစာတိ ကသာယရသော။**

**ပီတာနိ။** ။**ပိဝီယိံသူတိ ပီတာနိ။**

**ကသာယရသပီတာနိ။** ။**ကသာယရသံ ပီတာနိ ကသာယရသပီတာနိ။**

**ကသာယရသပီတတာ။** ။**ကသာယရသပီတာနံ ဘာဝေါ ကသာယရသပီတတာ။[ မဒ္ဒူ ]**

**ကသာယရသပီတာနိ။** ။**ပီတော ကသာယရသော ယေဟီတိ ကသာယရသပီတာနိ။**

ပီတကသာယရသ ဟူသော ဗဟုဗ္ဗိဟိသမာသ် ပုဒ်လုံးအရ-သောက်အပ်သော ဖန်ရည်သည်မုချ။ထို၏ ယ-အညပုဒ်အရ အဝတ်နှင့် နိဿယ+နိဿိတ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာန။ ယ-အညပုဒ်အရ သောက်အပ်သော ဖန်ရည်ရှိသော အဝတ်ရ၏။

**ဝတ္ထံ။** ။**ဝသီယတိ အစ္ဆာဒီယတီတိ ဝတ္ထံ။**

ဝသဓာတ် ကတ္တုရူကြိယာ ဖုံးလွှမ်းသူ၏သန္တာန် ဝီရိယ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။အဝတ်၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။တ-ပစ္စည်းအရ အဝတ်ရ၏။

**အဂါရံ။** ။**အဂါရေ ဝါသော အဂါရံ။** (ဝါသ-ဟူသောနောက်ပုဒ် ကျေသော ဥတ္တရပဒလောပသမာသ်)

**ဝါဏိဇ္ဇံ။** ။**ဝဏိဇ္ဇဿ ကမ္မံ ဝါဏိဇ္ဇံ။**

ဝဏိဇ္ဇ တဒ္ဓိတ်ပုဒ်အရ ကုန်သည်သည်မုချ။ထို၏ကုန်သွယ်မှုနှင့် နိဿယ နိဿိတ အဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာန၊ ဏျ-ပစ္စည်းအရ ကုန်သွယ်မှုရ၏။

**ကသိဝါဏိဇ္ဇံ။** ။**ကသိစ ဝါဏိဇ္ဇဉ္စာတိ ကသိဝါဏိဇ္ဇံ။**

**ကသိဝါဏိဇ္ဇာဒိ။** ။**ကသိဝါဏိဇ္ဇံ အာဒိ အဿာတိ ကသိဝါဏိဇ္ဇာဒိ။**

**ပဗ္ဗဇိတော။** ။**ပရိ စဇိတွာ ဝဇတီတိ ပဗ္ဗဇိတော။**

**ပဗ္ဗဇ္ဇာ ။** ။**ပဗ္ဗဇိတဿ ဘာဝေါ ပဗ္ဗဇ္ဇံ။**

ပဗ္ဗဇိတအရ-ရဟန်းသည်မုချ။ ထို၏ ဏျ-ပစ္စည်းအရ ရဟန်း၏အသွင်ပြင်အမူရာကြိယာနှင့် တစ်နည်း-ရဟန်းဇာတ်နှင့် နိဿယ+နိဿိတ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဌာန။ ဏျ-ပစ္စည်းအရ ထို။ပ။ သော ရဟန်း၏ သွင်ပြင်မူရာကြိယာ (ဝါ) ရဟန်း၏ဇာတ်ရ၏။

http://www.dhammadownload.com



မှတ်ချက်။ ။ဘာဝတဒ္ဓိတ်ဝိဂြိုဟ်ဆိုတဲ့အခါ ပစ္စည်းအရ ဓာတ်၊ဂုဏ်၊ ကြိယာ၊ဒြပ်၊ နာမ် (၅) မျိုးထဲက တစ်မျိုးမျိုးထုတ်။

နံပါတ် (၅)

| | |
|---|---|
| ကသာယ။ | ။ကသ+အာယ ပုလ္လိင်၊ နပုလ္လိင် ။ |
| ရသ ။ | ။ရသ+အ |
| ပီတ ။ | ။ပါ+တ |
| ပရိဒဟိတွာ။ | ။ပရိ+ဓာ+တွာ။ |
| အနုစ္ဆဝိကာနိ။ | ။အနု+ဆဒ+ရဝိ။ ဆဝဿ အနုရူပါနိ အနုစ္ဆဝိကာနိ။ ဆဝိံ အနွေတိ အနုဂစ္ဆတီတိ အနုစ္ဆဝိကံ။ |
| အစ္ဆာဒေတွာ။ | ။အာ+ဆဒ+ဏေ+တွာ။ |
| ဟိတ ။ | ။ဟိ+တ။ |
| ကသိ ။ | ။ကသ (ဝိလေခနေ)+ဣ။ |
| ဝတ္တာနိ ။ | ။ဝသ+တ။ ဝ+ထ |

နံပါတ် (၆)

(က)ကသာယရသပီတတာယဖြင့်-ကာသာယာနိကို ကသာယေန ရတ္တာနိ ကာသာယာနိ-ဟု ရတ္တတဒ္ဓိတ် ဝစနတ္ထပြု၍၊ကသာယပုဒ်၊ ဏ-ပစ္စည်း၊ယင်း၏ ရတ္တအနက်၌ သက်သည်ကို သိစေသည်။

**ကသာယေန ရတ္တာနီတိ ကာသာယာနီတိ အာဟ 'ကသယရသပီတတာယ' တိ။ [သာရတ္ထ။ ၂။ ၃]**

(ဂ)နိက္ခမိတွာဖြင့်-အဂါရသ္မာသည် ဥပ္ပတ္တဝိသယ အပါဒါန်ဖြစ်၍ နိက္ခမိတွာဟု ပုဗ္ဗကာလကြိယာဝိသေသနထည့်၍ အနက်ယောဇနာအပ်သည်ကို သိစေသည်။ (သမ္ဗန္ဓ၊ တစ်နည်း-ဘာဝတ္ထ။)

ပရိဒဟိတွာဖြင့်-ဖုံးလွှမ်းခြင်းဟူသည် ဝတ်ရုံခြင်းပင်ဖြစ်၏ ဟူသော အဓိပ္ပာယ်ကို သိစေသည်။

(ဃ)အဂါရဿဟိတံ ဖြင့်-အဂါရိယံ၌ အဂါရပုဒ်+ဏျ-ပစ္စည်း၊ ယင်းဏျ-ပစ္စည်း၏ ဟိတတဒ္ဓိတ်၌သက်၍ အဂါရဿ ဟိတံ အဂါရိယံ-ဟု ဝစနတ္ထ ပြုအပ်သည်ကို လည်းကောင်း၊ (အဂါရိယံ၌ အဂါရကို အဂါရေ ဝါသော အဂါရံ-ဟု ဂါသနောက်ပုဒ်ကျေသော ဥတ္တရ-ပဒလောပသမာသ် အဖြစ်ကို လည်းကောင်း) သိစေသည်။

ကသိဝဏိဇ္ဇာဒိကမ္မံဖြင့်-အဂါရိယအရ လယ်ထွန်ခြင်း ကုန်သွယ်ခြင်း အစရှိသော အမှုကို အရကောက်ယူအပ်သည်ကို သိစေသည်။

(င)တဥ္စ ပဗ္ဗဇ္ဇာယ နတ္ထိ၊ တသ္မာဖြင့်-အနဂါရိယကို နတ္ထိ အဂါရိယံ ဧတ္ထာတိ အနဂါရိယာ-ဟု ဗဟုဗ္ဗီဟိသမာသ် ဝစနတ္ထပြု၍ လယ်ထွန်ကုန်ပေး

http://www.dhammadownload.com



နွားမွေးမှု မရှိသောကြောင့် ရဟန်းအဖြစ်သည် အနဂါရိယ-မည်၏ ဟူသော အဓိပ္ပါယ်ကို သိစေသည်။ (ဝါ) ရဟန်းအဖြစ်ကို အနဂါရိယ-အရ ယူအပ်သည်ကို သိစေသည်။

(ဆ)ပရိဗ္ဗဇေယျံဖြင့်-ပဗ္ဗဇေယျံ၌ ပပုဗ္ဗ-ဝဇဓာတ်, ဝဇိဓာတ်၏ စွန့်ခွာခြင်း အနက် ဟောသည်ကိုလည်းကောင်း၊ပ-ဥပသာရသည် ပရိဥပသာရအနက်၌ ဖြစ်သည်ကို လည်းကောင်း သိစေသည်။ [မစိုးရိမ်၌ ပရိယာယ်ဟု တစ်မျိုး ဖော်သည်။]

နံပါတ် (၇)

**ပဗ္ဗဇေယျန္တိ ပရိဗ္ဗဇေယျံ/ ပဋိပဇ္ဇေယျံ...**

ပပုဗ္ဗဝဇဓာတ် ယေျပိဘတ်ကို ပရိပုဗ္ဗဝဇဓာတ် ယေျဝိဘတ်ဖြင့် ပရိဥပ သာရ-မျှသာဖလှယ်၍ ဖွင့်ဆိုသောကြောင့်လည်းကောင်း၊ဝဇဓာတ်များသာဖြစ်၍ ဂတိအနက် စွန့်ခွာထားခြင်း အနက်တို့သာဖြစ်သောကြောင့်လည်းကောင်း ပရိဗ္ဗဇေယျံ ပါ၌သင့်။[**အနာဂါရော ပရိဗ္ဗဇေ။ ကိုလည်းထောက်**]

**ပဋိပဇ္ဇေယျန္တိ ဥပဂစ္ဆေယျံ**ဟု [ယောဇနာ]၌ဆိုသောကြောင့်လည်းကောင်း **ပဗ္ဗဇေယျန္တိပဋိပဇ္ဇေယျံ။**[ဒီ၊ ဋ္ဌ၊၁။၁၆၃။]**ပသဒ္ဒေါနုဝိသိဋ္ဌော ဂမုသဒ္ဒေါ-ဥပသင်္က မနေတိ ဝုတ္တံ "ဥပဂစ္ဆတီ" တိ။**[သီ၊ဋီ၊သစ်၊၁။၄၂၁။]ကိုထောက်၍ ဂတိအနက်ဟော ပဒဓာတ် ဖြင့်ပြီးသော ပဋိပဇ္ဇေယျံပါ၌လည်းသင့်။[ပဗ္ဗဇ္ဇာပုဒ်မှ တစ်ပါးသောပုဒ်တို့ ၌ ဇွေးတော် မလိုဟု ဓာတွတ္ထ၌ ဆိုသောကြောင့် ပဗ္ဗဇေယျံ ပါ၌စသည်မသင့်]

**အနဂါရိယာ/အနာဂါရိယာ...**

အနဂါရိယာ၌ နပုဒ်+အဂါရိယပုဒ်၊ အဂါရိယာ၌ အဂါရပုဒ် ဣယပစ္စည်း ဖြစ်သည်။ယင်းသို့ဖြစ်ရကား န-ကိုအန်ရေး၍ အနဂါရိယာဟု ပြီးသောကြောင့် အနဂါရိယာ သင့်ပါသည်။

အဘိဓာန်ဓောဂ္ဂလာန်၌ အဂါရဟု ရဿဖြင့်သာရှိသည်။ [အဂန္တိ ဂစ္ဆန္တိ တွောတိ အဂါရံ။ မောဂ်၊ ၇။ ၁၆၄။]

အဂျာဂါရပုဒ်တို့ကဲ့သို့ အာဂါရပုဒ်နောင် ဟိတအနက်၌ ဣယပစ္စည်း သက်၍ န-သဒ္ဒါဖြင့် ဗဟုဗ္ဗီသမာသ် စပ်ထားသောပုဒ်ဖြစ်သောကြောင့် အနာဂါရိယာပါ၌လည်း သင့်ပါသည်။

နံပါတ် (၈)

**ကသာယရသဝိတတာယ။** ။အကြောင်း၌နှဖြစ်သော ဖန်သောဝတ္ထု၏ ကသာယအမည်ကို အကျိုး၌ာနီဖြစ်သော ဆိုးရည်ရသ၌တင် ကာရဏူပစာ ဌာနူပစာ။

အကြောင်းဖန်သော ဝတ္ထုကို ဆိုသဖြင့် အကျိုးဆိုးရည်ရသကိုလည်း ၊သောကြောင့် နာနန္တရိကနည်း။

http://www.dhammadownload.com



ကသာယတော နိဗ္ဗတ္တတာယစ ဟိ ရသော၀ိ ကသာယရသောတိ ဝုစ္စတိ။ [ဝိမတိ၊ ၁။ ၉၉] ကိုရှု၍ ဆရာတော်ဦးဥက္ကံသာဘိဝံသ ကြံတော်မူသည်။

**အဂါရသ္မာ။** ။ဌာနဖြစ်သော အိမ်၏အမည်ကို ဌာနီဖြစ်သော အိမ်၌နေခြင်း၌ တင်စား၍ ဆိုသောကြောင့် ဌာနူပစာ။ [အဂါရေဝါသော အဂါရံ-အဖွင့်ရှုသည်] မကောင်းရာဖြစ်သော အိမ်ကိုဆိုသဖြင့် မကောင်းတတ်သော နေခြင်းကြီးယာကိုလည်း ရသောကြောင့် နာနန္တရိကနည်း။(အဂါရသ နည်းတူ)

နံပါတ် (၁၀)

**ပဗ္ဗဇေယျာ္သ် စတ်အရ**-သဒ္ဓါဝီရိယဉာဏ်ပြဓာန်းသောကုသိုလ်စိတ္တုပ္ပါဒ်။

တစ်နည်း-နိက္ခမ္မဝိတက် သမ္မာသင်္ကပ္ပ ပြဓာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်၊

**ဩတရဏဗ္ဗဟာရနေတ္တိ**

ဩတရဏဗ္ဗဟာရဟူသော်ကား-

ဩတာရိယန္တိ အနုပဝေသီယန္တိ ဧတေန သုတ္တာဂတဓမ္မာ ခန္ဓာဒီသူတိ ဩတရဏော ဟူသည်နှင့်အညီ သုတ္တာဂတဓမ္မတို့ကို ခန္ဓာ၊အာယတန၊ဓာတ်၊ဣန္ဒြေ ပဋိစ္စသမုပ္ပါဒ်တို့၌ သွင်းကြောင်းဖြစ်၍ဩတရဏဗ္ဗဟာရနေတ္တိ မည်၏။အဘယ်သို့ သွင်းချသနည်း ဟူမူကား...

သဒ္ဓါစသည်ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်နှင့်အတူ ဥပါဒ်သောရုပ်သည် ရူပက္ခန္ဓာ မည်၏။ဝေဒနာသည် ဝေဒနက္ခန္ဓာမည်၏။သညာသည် သညက္ခန္ဓာ မည်၏။ကြွင်းသော စေတသိက်(၃၆)ပါးသည် သင်္ခါရက္ခန္ဓာမည်၏။မဟာကုသိုလ်စိတ်သည် ဝိညာဏက္ခန္ဓာ မည်၏။

ဤသို့ ခန္ဓာအားဖြင့် သွင်းချခြင်းသည် ခန္ဓောတရဏဗ္ဗဟာရနေတ္တိ မည်၏။ ဤသို့ လျှင် သုတ္တာဂတဓမ္မတို့ကို ခန္ဓာ၌သွင်းခြင်းသည် ခန္ဓောတရဏဗ္ဗဟာရမည်၏။ ဟုလိုသော်။

*************

ဝါကျစဉ် (၆)

(က) အစိရပက္ကန္တေ စ ဘဂဝတိ တေနုပသင်္ကမိတိ သုဒိန္နော အဝုဋ္ဌိတာယ ပရိသာယ န ဘဂဝန္တံ ပဗ္ဗဇ္ဇံ ယာစိ။

(ခ) ကသ္မာ ?

(ဂ) တတြဿ ဗဟူ ဉာတိသာလောဟိတာ မိတ္တာမစ္စာ သန္တိ၊ တေ "တွံမာတာပိတူနံ ဧကပုတ္တကော၊ န လဗ္ဘာ တယာ ပဗ္ဗဇိတုံ" တိ ဗာဟာယံပိ ဂဟေတွာ အာကဍ္ဎေယျုံ၊ တတော ပဗ္ဗဇ္ဇာယ အန္တရာယော ဘဝိဿတီတိ သဟေဝ ပရိသာယ ဥဋ္ဌဟိတွာ ထောကံ ဂန္တွာ ပုန ကေနစိ သရီရကိစ္စလေသေန နိဝတ္တိတွာ ဘဂဝန္တံ ဥပသင်္ကမ္မ ပဗ္ဗဇ္ဇံ ယာစိ။

http://www.dhammadownload.com



(ဃ) တေနဂုတ္တံ "အထခေါ သုဒိန္နော ကလန္ဒပုတ္တော အစိရဝုဋ္ဌိတာယ ပရိသာယ ။ပ။ ပဗ္ဗာဇေတု မံ ဘဂဝါ" တိ။[ဝိ၊ ၁၊ ၁။ ၁၇၀]

(င) ဘဂဝါ ပန ယသ္မာ ။ပ။ တသ္မာ နံ ပုစ္ဆိ။ [ဝိ၊ ၁၊ ၁။ ၁၇၁]

************

နံပါတ် (၁)

(က)ပရိသာယ၊ ပရိသတ်သည်။ အဝုဋ္ဌိတာယ၊ မထသေးမီ။

(ခ)လိုက်သင့်သောပုဒ်။ (က) တစ်ဝါကျလုံးလိုက်။

(ဂ)တတြိတိယံပရိသာယံ-၌။ အသယ့်သုဒိန္နဿ-၏။ ဉာတိသာလော ဟိတာ-ဆွေမျိုးသွေးသားတော်စပ်သူတို့သည်။ (ဝေါဟာရတ္ထ) ဝါ-အဖ၏ အမျိုး၊ အမိ၏အမျိုးတို့သည်။ (အဓိပ္ပါယတ္ထ) ဝါ-မိဘတို့၏ အမျိုး ယောက္ခမ ဘက်မှ အမျိုးတို့သည်။ (အဓိပ္ပါယတ္ထ)။ (သဒ္ဒတ္ထနံပါတ် ၄-ရှု) မိတ္တာမစ္စာ၊ ချစ်အပ်ကုန် သောသူ အကျွမ်းဝင်ကုန်သောသူတို့သည်။သုဒိန္နဿ-ကို။ဗာဟာယမ္ဂိ၊လက်မောင်း ၌သော်လည်း။ (အပိ-သမ္ဘာဝနာ)

**နိယံ။** ။**ဂဟာရှေ့မှ အာဓာရကို၊ ဘုမ္မတ္ထပင်၊ ယူလေချင်မူ၊ ရှေ့တွင်ပုဒ်မှာ၊ ဆဋ္ဌီပါက၊ ကံမှာသက်ဟု၊ မိန့်မြွက်ဆရာတစ်ဦးအလိုတည်း။**

**တစ်နည်း**-သုဒိန္နဿ-၏၊ဗာဟာယမ္ဂိ-လက်မောင်းကိုသော်လည်း။

**နိယံ။** ။**ဂဟာရှေ့မှ၊ အာဓာရကို ကံဆိုလိုမူ၊ ထိုရှေ့ ပုဒ်မှာ၊ ဒုတိယာကို၊ ဆဋ္ဌီမှာသက်၊ ဤအချက်လည်း၊ မိန့်မြွက်ဆရာတစ်ဦး အလိုတည်း။**

ဘဝိဿတိ၊ ဣတိ-ဤသို့အကြံဖြစ်ခြင်းကြောင့်။ (ဣတိသဒ္ဒါ-ကာရဏတ္ထ) ပဗ္ဗဇ္ဇံ နယာစိ။ (ဤသို့နောက်ပြန်စပ်) ဣတိမနသိကတ္ဂာ-ဟုဖွင့်၏။

သရီရကိစ္စလေသေန-ကျင်ကြီးကျင်ငယ်စသော အနည်းငယ်သော ကိုယ်ကိစ္စကြောင့်။ (ကိုယ်၌ပြုအပ်သောအမှု၏ အမြွက်ဖြင့်။)

[ဉာတိသာလောဟိတမိတ္တာမစ္စာ-ဖမျိုးမိမျိုးမှ ဖြစ်ကုန်သော။ ဝါ-မိဘ အမျိုး ယောက္ခမအမျိုးမှ ဖြစ်ကုန်သော အဆွေခင်ပွန်း အကျွမ်းဝင်သော သူတို့သည်] [ဆင်တဲဂဏ္ဌိ] [သမာသ်ကြံထားသည်ကို သတိပြုပါ။]

နံပါတ် (၂)

**(ခ)ဝါကျသို့ အနုသန္ဓေတက်။** ။ဤသို့ (က) ဖြင့် အစိရဝုဋ္ဌိတာယ စသော ပါဠ်၏ အတ္ထာပန္န စကားကျဗျတိရေက-အားဖြင့် ရအပ်သော အနက်ကို ပြပြီး၍၊ ယခုအခါ၌ ပရိသတ်မထမီ ရဟန်းအဖြစ်ကိုမတောင်းပန်ခြင်း ပရိသတ်ထ၍ မ ကြာမြင့်မီ ရဟန်းအဖြစ်ကို တောင်းပန်ခြင်း၏ အကြောင်းအကျိုးကို ပြသည်မှ ရှေးဦးစွာ စောဒနာကိုပြလိုသော ဆရာသည် (ခ) ဝါကျကိုမိန့်။

**(ဂ)သို့ စောဒနာ။** ။ဆရာသည်(က၊ခ) ဝါကျတို့ဖြင့် အရှင်သုဒိန်၏သည် ပရိသတ် မထသေးမီ မြတ်စွာဘုရားထံမှ ရဟန်းအဖြစ်ကို မတောင်းဟု ဖွင့်ဆိုအပ်

http://www.dhammadownload.com



၏။အာသယ်ကြောင့် ပရိသတ်မထသေးမီ မြတ်စွာဘုရားကို ရဟန်းအဖြစ်ကိုမတောင်ပါသနည်း။ရဟန်းပြုရန် အကြံဖြစ်သောကြောင့် ပရိသတ်ထသည်ဖြစ်စေ၊မထသည်ဖြစ်စေ ရဟန်းအဖြစ်ကို တောင်းပန်သင့်သည် မဟုတ်ပါလော။စုဒ်ကြောင့်(ဂ) ဝါကျမိန့်။

**အဓိပ္ပါယ်ကား။** ။ပဗ္ဗဇ္ဇ-အန္တရာယ် ဖြစ်လတ္တံ့အရေးကို မြင်သောကြောင့် ပရိသတ်မထမီ ရဟန်းအဖြစ်ကို မတောင်းပန်ဟူလို။

**(ဃ)သို့ စောဒနာ။** ။ဆရာ (ဂ) ဖြင့် ပရိသတ်မထမီ ရဟန်းအဖြစ်ကို မတောင်းပန်၊ပရိသတ်နှင့် တကွသာလျှင် ထ၍ အနည်းငယ်သွားပြီး တစ်ဖန်တစ်ငုံ တစ်ခုသော ကိုယ်၌ ပြုဖွယ်ကိစ္စ အမြွက်ဖြင့် ပြန်နစ်၍ မြတ်စွာဘုရားသို့ ချဉ်းကပ်၍ ရဟန်းအဖြစ်ကို တောင်းပန်၏ဟု ဆိုတော်မူ၏။ ယင်းသို့ဆိုသဖြင့် အာသယ်အကျိုး ထူး ဝိသေသရှိပါသနည်း။ဝါ-အာသယ် ဝုဏ်ရှိပါသနည်း တစ်စုံ တစ်ခုသောအကျိုး မရက မဆိုရာသည်မဟုတ်ပါလော။ဝါ-အကျိုးမရှိ နိရတ္ထက ဟူ၍ မှတ်ရမည်လော။ ဤသို့စုဒ်ကြောင့် (ဃ) မိန့်။

**အဓိပ္ပါယ်ကား။** ။အကျိုးထူး ဝိသေသမရှိက မဆိုရာသော်လည်း အထခေါ် သုဒိန္နော။ပ။ပဗ္ဗာဇေတု မံ ဘဂဝါ ဟူ၍ ဥပါလိထေရ် ဟောတော်မူရခြင်းဟူသော အကျိုးထူး ဝိသေသရှိပါ၏ဟူလို။

**တစ်နည်း။** ။အကျိုးမရှိ နိရတ္ထကဖြစ်က မဆိုရာသော်လည်း အကျိုးမရှိ နိရတ္ထကမဟုတ်၊ စင်စစ်သော်ကား အထခေါ် သုဒိန္နော။ပ။ ပဗ္ဗာဇေတု မံ ဘဂဝါ ဟူ၍ ဥပါလိမထေရ် ဟောရခြင်းအကျိုးရှိ၏ ဟူလို။

**မှာထားချက်။** ။"တေန ဝုတ္တံ" ဖြင့် အဋ္ဌကထာ စာအရေးအသားကို တွေ့က ဤသို့ ပုံသေအာဘော်+ပုံသေစောဒနာတို့ဖြင့် တက်ရမည်ကို မှတ်ပါ။

**(င)သို့ အာဘောဂါယုတ္တစောဒနာ။** ။ဆရာ (ဂ)ဖြင့် (ဠာပနာတူ၏)။အရှင်သုဒိန် တောင်းပန်သည့်အတိုင်း ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူရာသည် မဟုတ်ပါလော။ ယင်းသို့ဖြစ်လျက် အာသယ်ကြောင့် အနုညာတောသိ ပန ။ပ။ ပဗ္ဗဇ္ဇာယ-ဟူ၍ သုဒိန်ကို ဘုရားရှင် မေးတော်မူအပ်ပါသနည်း။ စုဒ်ကြောင့် (င) မိန့်။

**အဓိပ္ပါယ်ကား။** ။ရှင်သုဒိန် တောင်းပန်သည့်အတိုင်း ရဟန်းအဖြစ်ကို ခွင့်ပြုတော်မူရာသော်လည်း မြတ်စွာဘုရားသည် အကြင်ကြောင့် ရာဟုလာသတို့သား ရှင်ပြုသောအခါမှစ၍ မိဘတို့ခွင့်မပြုအပ်သေးသော သားကို ရှင်ပြုစေတော်မမူ-ထိုကြောင့် "အနုညာတောသိ ပန တွံ သုဒိန္န ပဗ္ဗဇ္ဇာယ" ဟူ၍ ဘုရားရှင်မေးတော်မူရပါသည် ဟူလို။

## နပါတ် (၃)

(က)ပက္ခန္တရ။ (ခ) ဝါကျာရမ္ဘ။ တစ်နည်း-စောဒနာဝါကျ။

http://www.dhammadownload.com



(ဂ)ဝါကျာရမ္ဘ။ တစ်နည်း-ဝိသဇ္ဇနာဝါကျ။ တစ်နည်း-ပက္ခန္တရ။
တစ်နည်း-(ခ+ဂ) ဝိတ္ထာရ။

**ပုံသေမှတ်ရန်**-ဝါကျတစ်ဝါကျမှာ ပုစ္ဆာ, ဝိသဇ္ဇနာ တစ်စုံရလျှင်။ (သို့မဟုတ်) ယ-အနိယမ+ တ-နိယမ တစ်စုံရလျှင် ဝိတ္ထာရဝါကျမှတ်ပါ။

ထိုတွင် (ဂ) ၌ တတြ ။ပ။ ဘဝိဿတိ-တိုင်အောင် ကာရဏဝါကျ။ သဟောဝ-စသည် ဖလဝါကျ။

(ဃ)လဒ္ဓဂုဏ (ဝါ)-နိဂမ။ (င) ဝါကျာရမ္ဘ။

**စာစပ်**။ ။တတြ-တီဿံ ပရိသာယံ-၌-ပေး၊ ဉာတိသာလောဟိတာ မိတ္တာမစ္စာ-တို့၌ အပေါင်းအဲတရ အစိပ်အာဓာယ်စပ်။

**တစ်နည်း**။ ။တတြ-တီဿံ ပရိသာယံ-တွင်ပေး ၊ဉာတိသာလောဟိတာ မိတ္တာမစ္စာတို့၌ နိဒ္ဓါရဏသမုဒါယ-နိဒ္ဓါရဏီယစပ်။ (နယားဆရာတော်) မှတ်စု၌ တတြ-တတောဟု ဖွင့်၍။ပဗ္ဗဇ္ဇံ ယာစိ-၌ ကာရဏ ဖလစပ်ဟု တွေ့ရ၏။

နံပါတ် (၄)

**ဉာတိ**။ ။'**အယံ အမှ္ဘာကံ**' **တိ ဇာနန္တီတိ ဉာတိ**။ (**ကတ္တု**)

**တစ်နည်း**။ ။**အယံ အမှ္ဘာကံတိ ဉာယန္တီတိ ဉာတိ**။ (**ကမ္မ**)

ဉာဓာတ်အရ ဤသူကား ဆွေမျိုးတည်းဟု သိသော သညာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ၊ ရှေးရှေးစိတ္တုပ္ပါဒ်သည် ဖလူ။ နောက်နောက်သော အကျိုးစီးပွား ကိုပြီးစေသော အခြင်းအရာအားဖြင့်ဖြစ်သော စိတ္တုပ္ပါဒ်သည် ကာရဏူပစာ။တိ ပစ္စည်းအရ-ထို။ပ။ သော ဆွေမျိုးဒြဗ်ရ၏။ [ကတ္တုကောက်]

ဉာဓာတ်အရ ကတ္တုဋ္ဌ-ဤသူကား အတွင်းသူ အတွင်းသား ဆွေမျိုးတည်းဟု သိသော သညာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ကမ္မဋ္ဌ-ဆွေမျိုးတို့၏ အာရမ္မဏ ပစ္စယသတ္တိသည် ဖလူ။တိပစ္စည်းအရ-ဆွေမျိုးဒြဗ်ရ၏။[ကမ္မကောက်]

**သာလောဟိတာ**။ ။**လောဟိတေန သမ္ဗန္ဓာ သာလောဟိတာ**။

**(သမ္ဗန္ဓဿ သာဒေသော ပုဗ္ဗနိပါတော စ)**

လောဟိတအရ သွေးသည် မုချ။ထို၏ စပ်သောအမျိုးနှင့် (ဝါ) စပ်ခြင်း နှင့် သဟာဒိယောဂ+သဟာဒိယောဂဝန္တစပ်။ (ဝိသေသန-ဝိသေသျ၊ အကြောင်း+ အကျိုးစပ်) ဌာနူပစာ။ ပုဒ်လုံးအရ သွေးသားစပ်သော အမျိုးတို့ရ၏။

ဉာတိသာလောဟိတာ။ ။ဉာတိ စ သာလောဟိတာစ ဉာတိသာလောဟိတာ။

ဉာတိ ဟူသော ရှေ့ပုဒ်အရ ဆွေမျိုးတို့သည် မုချ။ထို၏ သွေးသားစပ်သူ တို့နှင့် ထင်ရှားရှိခြင်း ကြိယာကို အကြောင်းပြု၍ အချင်းချင်းငဲ့သကဲ့သို့ဖြစ်သော အညမညာပေက္ခ သမ္ဗန်သည် ဌာနူ၊ပုဒ်လုံးအရ ဆွေမျိုးသွေးသားတော်စပ်သူတို့ရ၏။

**မိတ္တာ**။ ။**မိတ္တာယန္တီတိ မိတ္တာ**။ [မိတ္တ+ဏ (ဝါ) အ]

မိတ္တဟူသော နာမဓာတ်အရ ချစ်ခင်လေးမြတ်သော အခြင်းအရာ အား

http://www.dhammadownload.com



ဖြင့်ဖြစ်သော မေတ္တာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ယောနိသောမနသိကာရစသော ရှေးရှေးသောစိတ္တုပ္ပါဒ်သည် ဖလူ။စီးပွားချမ်းသာကို ပြီးစေသောအခြင်းအရာအားဖြင့်ဖြစ်သော နောက်နောက်သော စိတ္တုပ္ပါဒ်သည် ကာရဏူ။ဏ (ဝါ) အပစ္စည်းအရ ထို…သော အဆွေခင်ပွန်းဒြဗ်ရ၏။

**တစ်နည်း။** ။**မိန္တိဝါ သဗ္ဗဂုယှေသု အန္တော ပက္ခိပန္တီတိ မိတ္တာ။**

**တစ်နည်း။** ။**မိဇ္ဇန္တိ သိနေဟန္တီတိ မိတ္တာ။**

မိဒ်ဓာတ် ကတ္တုဋ္ဌ-/ ချစ်ခင်လေးမြတ်သော…မေတ္တာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ကမ္မဋ္ဌ-မိတ်ဆွေတို့၏ အာရုံမ္မဏပစ္စယသတ္တိသည် ဖလူ။ တပစ္စည်းအရ- မိတ်ဆွေ ဒြဗ်ရ၏။

**အမစ္စာ။** ။**ကိစ္စကရဏီယေသု သဟဘာဝဋ္ဌေန အမာ ဟောန္တီတိ အမစ္စာ။**
(ဟောန္တိတဒ္ဓိတ်)

အမာပုဒ်အရ သဟဘာဝဂုဏ်သည် မုချ။ထို၏ ဖြစ်ခြင်းကြိယာနှင့် ဂုဏ်+ဂုဏော အစပ်သမ္ဗန်သည် ဌာနူ။အစ္စပစ္စည်းအရ အကျွမ်းဝင်သော ပုဂ္ဂိုလ်ရ၏။

**တစ်နည်း။** ။**သဗ္ဗကိစ္စေသု အမာ (အတ္တူတက္ခ) ဘဝန္တီတိ အမစ္စာ။** [ဘာဋီ]

**မိတ္တာမစ္စ ။** ။**မိတ္တာစ အမစ္စာစ မိတ္တာမစ္စာ။**

**သရီရကိစ္စလေသေန။** ။**ကာတ္တဗ္ဗန္တိ ကိစ္စံ၊ သရီရေ ကိစ္စံ သရီရကိစ္စံ။**
**တဿ လေသော သရီရကိစ္စလေသော**

**ရာဟုလ ။** ။**ရဟတိ စန္ဒာဒီနံ သောဘံ ဖောပေတီတိ ရာဟု။ ရဟ+ဏု။**
**ရာဟု ဝိယ စန္ဒံ မမ နိက္ခမနံ လာတိ ဂဏှာတီတိ ရာဟုလော။**

နံပါတ် (၅)

**လောဟိတာ။** ။ရုဟ+က္တ (တစ်နည်း) တ။
**ရုဟတိ သရီရေ ဗျာပနဝသေန ဓာယတီတိ လောဟိတံ။**

**ဗာဟာယမ္ပိ။** ။ဝဟ+ဏ ၊က္ကတ္တိ အာ-ပစ္စည်း သတ္တမီ-သွိဝိဘတ်၊ ကံအနက် (တစ်နည်း)အာဓာရအနက်။ **ဝဟန္တိ တောယာတီဗာဟာ။**

**အန္တရာယော။** ။အန္တရသဒ္ဒူပပဒ+က္က+ဏ။

**မိတ္တ။** ။မိတ္တ+မိဒ+မိ-တ။

**လေသေန။** ။လိသ+ဏ။

**သရီရ။** ။သရ+ဤရ။ **သရတိ ဂစ္ဆတိ, သရန္တိ ဝါ တံ ဟိံသန္တီတိ သရီရံ။** [ဓာန်၊ ဋီ။ ၁၅၁]

**ကုမာရ။** ။ကုမာရ+အ။ တုသဒ္ဒူပပဒ, မရ။ တစ်နည်း-ရမု+အ။
**ကုမာရေတိ ကီဠတီတိ ကုမာရော။** (ဓာတွတ္ထ)

**ပဘုတိ။** ။နိပါတ်ပုဒ်။

နံပါတ် (၆)

http://www.dhammadownload.com



**သန်လိခိတံ လိခိတသန်သဒိသံ ဓောတသန် သပ္ပဋိဘာဂံ စရိတဗ္ဗံ။**
[ဋ္ဌ၊ ၁၊ ၁၇၀]

**လိခိတသန်သဒိသံဖြင့်**-သန်လိခိတံကို လိခိတော သင်္ခေါ သန်လိခိတော ဟု ဝိသေသနုတ္တရပဒ ကမ္မဓာရည်းသမာသ် ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း၊ သန်လိခိတော-ဝိယာတိ သန်လိခိတံ-ဟု ဥပမာတဒ္ဓိတ်ဝစနတ္ထပြု၍ အ-ပစ္စည်း ဥပမာအနက်၌ သက်သည်ကိုလည်းကောင်းသိစေသည်။
**တစ်နည်း**-သန်လိခိတံအရ ဖြူစင်အောင်ပွတ်သော ခရုသင်းကို မယူအပ်။သဒိသ ပစာအားဖြင့် ပွတ်သစ်စခရုသင်းကဲ့သို့ ဖွေးဖြူသော ဗြဟ္မစရိယကို ကောက်ယူအပ် သည်ကို သိစေသည်။

**ဓောတသန်သပ္ပဋိဘာဂံဖြင့်**-လိခိတသဒ္ဒါ ဓောတသဒ္ဒါ၏ ပရိယာယ်ဖြစ် သည်ကို လည်းကောင်း၊သန်ဝိယ လိခိတံ သန်လိခိတံ-ဟု ဥပမာပုဗ္ဗပဒကမ္မ-ဓာရည်းသမာသ် ဝစနတ္ထ ပြုအပ်သည်ကိုလည်းကောင်း သိစေသည်။
**တစ်နည်း**-ဤလိခိတပုဒ်သည် ကေဝလပရိသုဒ္ဓံပုဒ်ကိုပင် ထင်ရှားအောင် ဥပမာ ပြသော ပုဒ်ဖြစ်သည်ကို သိစေသည်။ (ဘာဝတ္ထ)

နံပါတ် (၇)

**ကာသိဝါဏိဇ္ဇာဒိကမ္မံ/ကာသိဝဏိဇ္ဇာဒိကမ္မံ...**

ဝါဏိဇ္ဇ ဝဏိဇ္ဇာထ [အဘိဓာန်၊ ၄၄၆-ထောက်] နှစ်ပါဌ်သင့်။

**မိတ္တာမစ္စာ/မိတ္တမစ္စာ...**

မိတ္တပုဒ်နှင့် အမစ္စပုဒ်စပ်၍ သမာသ်ပြီးသောကြောင့် မိတ္တာမစ္စာ ပါဌ် သာသင့်။

နံပါတ် (၈)

**ဉာတိ။** ။ကတ္တုသာဓ် ကမ္မသာဓ် နှစ်ပါးကို တစ်ပေါင်းတည်း ဆိုထား သောကြောင့် ဧကသေသနည်း၊ သာမညနိဒ္ဒေသနည်း။

**(ဂ)တတြဿ ဗဟုံ။ပ။ဘဝိဿတိ။** ။ဗျတိရေကအကြောင်းကို ပြခြင်း ကိစ္စ၊ အန္ဝယ၏အကြောင်းကို ပြခြင်းကိစ္စ ၂-ကိစ္စပြီးသောကြောင့် အမ္ဗသေစနဂရ သိနာနနည်း။

**ဗာဟာယမ္ပိ ဂဟေတွာ။** ။အစိတ် လက်မောင်းကို ကိုင်ခြင်း၏ ဗာဟာယမ္ပိ ဟူသော အမည်ကို အပေါင်းလက်၏အလျှင်းသင့်ရာအရပ်အားလုံး ကို ကိုင်ခြင်း၌လည်းတင်စကေဒေသူပစာ။

လက်မောင်း၌ ကိုင်ခြင်းဟူသော အထင်ကိုဆိုသဖြင့် လက်တစ်ချောင်း လုံးကိုင်ခြင်းကိုလည်း ရသောကြောင့် နိဒဿနနည်း။

နံပါတ် (၁၀)

ဗာဟာယမ္ပိ ဂဟေတွာ အာကဍ္ဎေယျုံ-ကာယဝိညတ္တိသမုဋ္ဌာပကဝီရိယ

http://www.dhammadownload.com



ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်။

**သြတရဏဟာရနေတ္တိ…**

ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်ကြောင့်ဖြစ်သော ကာယဝိညတ္တိ စသော ရုပ်သည် ရူပက္ခန္ဓာ မည်၏။ ဝေဒနာသည် ဝေဒနာက္ခန္ဓာမည်၏။ သညာသည် သညာက္ခန္ဓာမည်၏။ဝေဒနာ-သညာမှကြွင်းသော ဝီရိယစသော စေတသိက်တို့ သည် သင်္ခါရက္ခန္ဓာမည်၏။ကာယဝိညတ်ကို ဖြစ်စေတတ်သော ကုသိုလ် အကု သိုလ် ဝုဗ္ဗော မနောဒွါရာဝဇ္ဇန်း စသော စိတ်တို့သည် ဝိညာဏက္ခန္ဓာမည်၏။

**************

## ဝါကျစဉ် (၇)

(က) ဣတော ပရံ ပါဠ္ဍနုသာရေနေဝ ဂန္တွာ တံ ကရဏီယံ တီရေတွာတိ ဧတ္တ ဝေမတ္တော ဝေဒိတဗ္ဗော။

(ခ) ဝုရနိက္ခေပေနေဝ တံ ကရဏီယံ နိဋ္ဌာပေတွာတိ။

(ဂ) န ဟိ ပဗ္ဗဇ္ဇာယ တိဗ္ဗစ္ဆန္ဒဿ ဘဏ္ဍပ္ပယောဇနဥဒ္ဒါရသာရဏာဒိသု ဝါ နက္ခတ္တကီဠာယံ ဝါ စိတ္တံ နမတိ။

(ဃ) **အမ္မတာတာတိ ဧတ္တ ပန အမ္မာတိ** မာတရံ အာလပတိ။ **တာတာတိ** ပိတရံ။

(င) **တွံ ခေါသီတိ** တွံခေါ အသိ။

(စ) **ဧကပုတ္တကောတိ** ဧကောဝ ပုတ္တကော။

(ဆ) အညော တေ ဇေဋ္ဌောဝါ ကနိဋ္ဌောဝါ နတ္ထိ။

(ဇ) ဧတ္ထ စ 'ဧကပုတ္တော' တိ ဝတ္တဗ္ဗေ အနုကမ္ပာဝသေန 'ဧကပုတ္တကော' တိ ဝုတ္တံ။ [ဝိ၊ ဋ္ဌ၊ ၁။ ၁၇၁]

***************

## နံပါတ် (၁)

(က)ဣတော-အနုညာတောသိ ။ပ။ ပဗ္ဗဇ္ဇာယာတိဝစနတော၊ မှ။ ပါဠ္ဍနုသာရေနေဝ-ပါဠိကို အစဉ်အားဖြင့် မှီသဖြင့်သာလျှင်။ဂန္တွာ အတ္တော ပဏ္ဍိ တေန ဝေဒိတဗ္ဗော၊ ပရံ၊ နောက်၌။ (ဝေဒိတဗ္ဗော-၌စပ်) ဝါ၊ နောက်သို့။ (ဂန္တွာ၌ ကြိယာဝိသေသနစပ်)

(ခ)ဝုရနိက္ခေပေနေဝ၊ တာဝန်ကို လျှော့ချခြင်းဖြင့်သာလျှင်။တံကရဏီယံ၊ ထိုဘဏ္ဍပ္ပယောဇနဥဒ္ဒါရသာရဏာ-အစရှိသော ပြုအပ်သောအမှုကို။ နိဋ္ဌာပေတွာ ပြီးဆုံးစေပြီး၍။ ဣတိအတ္တော ဝေဒိတဗ္ဗော။

(ဂ)ဟိ၊ မှန်။ (တစ်နည်း) ဟိယသ္မာ၊ အကြင့်ကြောင့်။ တိဗ္ဗစ္ဆန္ဒဿ ထက်သန်သော ဆန္ဒရှိသူ၏။ န နမတိ၊ မညွတ်တော့။ (တသ္မာ ဝုရနိက္ခေပေနေဝ တံကရဏီယံ နိဋ္ဌာပေတွာတိ အတ္တော ဝေဒိတဗ္ဗော။)

http://www.dhammadownload.com

## ဝါကျစဉ်( ၇ )ဏ္ဏတော ပရံ ပါဌ္ဌာနုသာရေနေဝ ၃၇

**မှတ်ချက်။** ။ကာရကဏဝါကျကြံ၍ ဝါကျအပြန်အလှန် မေးနိုင်။ [တေနာဟ နဟီတိ အာဒိ။] [သာရတ္ထ၊ ၂။ ၄။]

(ဆ)တော၊ မှ။ အညော၊ တော-၏။ ဓဇ္ဇောဝါ ကနိဋ္ဌောဝါ နတ္ထိ။

(ဤသို့ ကာကောလောကန-နည်းကြံ။)

(ဇ)စ၊ သက်။ဌော၊ ဤကေပုတ္တကော ဟူသောပါဌ်၌။အနုကမ္ပာဝသေန။ လျော်စွာတုန်လှုပ်တတ်သော ကရုဏာ၏ အစွမ်းဖြင့်။ ဝါ၊အစဉ်အားဖြင့် သနားခြင်း၏ အစွမ်းအားဖြင့်။

### နံပါတ် (၂)

**(ဂ)သို့ အာဘောဂါယုတ္တစောဒနာ။** ။ဆရာ(ခ)ဖြင့် အမှုကိုပြီးစီးအောင် ဆောင်ရွက်ခြင်းဖြင့် ကိစ္စကိုပြီးစေသည်မဟုတ်၊ ဝန်ချခြင်းဖြင့်သာ ထိုကိစ္စကို ပြီးစေသည်၏ အဖြစ်နှင့်တီရ-ဓာတ် ကမ္မသ-ဓတ္ထိ အနက်၌ဖြစ်ခြင်းကို ပြဆိုတော်မူ၏။ ထိုစကားသည် အသို့လျှင် သင့်နိုင်ပါအံ့နည်း။သုဒိန်သည် ဘဏ္ဍာပ္ပယောဇန စသော ကိစ္စဖြင့် (သို့မဟုတ်) နက္ခတ်ပွဲ သဘင် ကစားခြင်း ကိစ္စဖြင့် ဝေသာလီ ပြည်သို့ လာခဲ့သည်မဟုတ်ပါလော။တစ်နည်း:- အ ... ကိစ္စ ...ပြီးစီးအောင် ဆောင်ရွက်ခြင်း ဖြင့်သာ ပြီးစေရာသည် မဟုတ်ပါလော။ စုဒ်ကြောင့် (ဂ) မိန့်။

**အဓိပ္ပာယ်ကား၊** ။အရှင်သုဒိန်သည် ဘဏ္ဍာပ္ပယောဇန စသောကိစ္စဖြင့် (သို့မဟုတ်) နက္ခတ်ပွဲသဘင် ကစားခြင်းကိစ္စဖြင့် ဝေသာလီပြည်သို့ လာသော်လည်း တစ်နည်း:-အမှုကိစ္စ ပြီးစီးအောင် ဆောင်ရွက်ခြင်းဖြင့်သာ ပြီးစေရာသော်လည်း ရဟန်းအဖြစ်၌ ထက်သန်သောအလိုဆန္ဒ ရှိနေသောသုဒိန်၏ စိတ်သည် ဘဏ္ဍာပ္ပယောဇနေ, ဥဒ္ဒါရ, သာရဏာ စသည်တို့၌လည်းကောင်း၊ နက္ခတ်ပွဲသဘင် ကစားခြင်း၌လည်းကောင်း မညွတ်တော့· ထို့ကြောင့် ငါ့စကားသင့်ပါ၏ ဟူလိုသော်။

**(ဃ)လိနတ္ထရစောဒနာ။** ။ဆရာ (ခ) ဖြင့်တီရဓာတ်၏ကမ္မသမတ္ထိအနက်, နိဋ္ဌာပန-အနက်၌ ဖြစ်သည်၏ အဖြစ်ကို ဖွင့်ပြတော်မူအပ်၏။ (တစ်နည်း) သံဝဏ္ဏော တဖ္ဖပါဠိတော်၌ အမ္မတာတာ-ဟု ဟောတော်မူအပ်၏။အမ္မတာတာ-ဟူသောပုဒ်၌ ပဋမာဝိဘတ်သည် အာဘယ်အနက်၌ ဖြစ်ပါသနည်း။ လိင်္ဂတ္ထစသည်၌ ဖြစ်ပါသလော။ အမ္မ-သဒ္ဒါသည် အဘယ်အနက်၌ ဖြစ်ပါသနည်း။ သမီးဟူသော အနက်, ချစ်အပ်သော တစ်ပါးသော မိန်းမဟူသော အနက်၌ ဖြစ်လေသလော။တာတ-သဒ္ဒါသည် အဘယ်အနက်၌ ဖြစ်ပါသနည်း။ သား-ဟူသောအနက်၊ ချစ်အပ်သော တစ်ပါးသော သားဟူသော အနက်၌ ဖြစ်လေသလော။ စုဒ်ကြောင့် (ဃ) မိန့်။

**(ဆ)သို့ စောဒနာ။** ။ဆရာသည် (စ) ဖြင့် ကေပုတ္တကောကို ကောဝ ပုတ္တကော-ဟု အဝဓာရဏကမ္မဓာရည်း သမာသ်ကို ဖွင့်ပြအပ်၏။

ကေဿ ပုတ္တကော-ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ် (သို့) ကော စ သော ပုတ္တကော စာတိ ဟူ၍ တုလျာဓိကရဏ ဝိသေသနပုဗ္ဗပဒ ကမ္မဓာရည်းသမာသ် ဝစနတ္ထသာ

http://www.dhammadownload.com



ပြုသင့်သည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် ကောဝ ပုတ္တကောဟု အဝဓာရဏကမ္မဓာရည်း သမာသ်ကို ထူးဆန်းစွာဆိုသော ဆရာ့စကား အဘယ်သို့လျှင်သင့်နိုင်အံ့နည်း။သာမည ဝိသေသ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဆ) မိန့်။

**ရှင်းချက်။** ။(ဆ) ဝါကျကို ဒဋ္ဌိဝါကျ ကြံထားပါသည်။ [အရှင်သုဒိန်မှာ ဇေဋ္ဌ,ကနိဋ္ဌ တစ်ဦးတစ်ယောက်မျှ မရှိခြင်းသည်ပင် ကောဝ ပုတ္တကော-ဟု အဝဓာရဏ ဝေ-သဒ္ဒါဖြင့် ဖွင့်ဆိုနိုင်ခြင်း၏ ယုတ္တိကြောင်း ဖြစ်နိုင်သည်ကိုစဉ်းစားပါ။]

**နိဿယအလို။** ။(စ)ဖြင့် ကေပုတ္တကောကို ကောဝ ပုတ္တကော ဟု ဧဝ-သဒ္ဒါဖြင့် ဖွင့်ဆိုအပ်၏။ဧဝသဒ္ဒါ၏ အကျိုးအနက် ဝတ္တဖလ မရှိက ဧဝသဒ္ဒါထည့်စွက်၍ မဖွင့်ဆိုသင့်သည်မဟုတ်ပါလော၊ ဧဝ-သဒ္ဒါ၏ အကျိုးအနက် ဝတ္တဖလကား အဘယ်ပါနည်း။ စုဒ်ကြောင့် (ဆ) မိန့်။

**ဧဝ အကျိုး ရှိစနိုး၊ ထည့်ရိုး ဧဝပေ- ဟူသောကြောင့် ဧဝ၏ အကျိုးကို** ပြလို၍ အဘွော-စသည်မိန့်။ [မအူ-နိဿယ]

**(ဇ)သို့ အဘောဂါယုတ္တဓောဒနာ။** ။ဆရာ (စ)ဖြင့် ကေပုတ္တကောကို ကောဝ ပုတ္တကော ကေပုတ္တကော ဟု အဝဓာရဏ ကမ္မဓာရည်း သမာသ်ဝစနတ္တကိုဖွင့်ပြတော်မူအပ်၏။ တစ်နည်း-ပါဠိတော်၌ သုဒိန်၏ မိဘတို့သည် ကေပုတ္တကောဟု က-စွက်၍ ဆိုအပ်၏။ ၎င်း ကေပုတ္တကော ဟူသော ပုဒ်ဝယ် ကေပုတ္တဟူ၍ဆိုကလည်း ပြီးနိုင်ရာသည်မဟုတ်ပါလော။ယင်းသို့ဖြစ်လျက် အဘယ့်ကြောင့် ဝါ-အဘယ်သို့ ကေပုတ္တကော ဟူ၍ က-စွက်၍ ဆိုအပ်ပါသနည်း။စုဒ်ကြောင့် (ဇ) ဝါကျမိန့်။

**အဓိပ္ပာယ်ကား။** ။ကေပုတ္တောဟု ဆိုသင့်သော်လည်း အစဉ်သနားသည်၏ အစွမ်းအားဖြင့် ကေပုတ္တကောဟု အမိ-အဖတို့ ဆိုအပ်၏ဟူလို။

နံပါတ် (၃)

(က)ပက္ခန္တရ(ခ)ဝါကျာရမ္ဘ-ယင်းကိစ္စကား အဆုံးတိုင်အောင် ရောက်သောကြောင့်ပြီးသည် မဟုတ်ဟု ပြခြင်း၄ာ ဆက်လက်အားထုတ်သောကြောင့် (ဂတ္တိ)။ တစ်နည်း-တီရဓာတ် ၏ အဓောဂတိ ကမ္မ သမတ္တိ နှစ်နက်တို့တွင် ကမ္မသမတ္တိ အနက်ကို ပြလို၍ ဆက်။

(ဂ)ယုတ္တိဒဋ္ဌိ (ကျမ်းတက်ရှု)၊(ဃ) ပက္ခန္တရ၊ (င)ပက္ခန္တရ၊ (စ) ပက္ခန္တရ၊ (ဆ) ဝါကျာရမ္ဘ။ တစ်နည်း-ယုတ္တိဒဋ္ဌိ (ကျမ်းတက်ရှု)၊ (ဇ) ဝါကျာရမ္ဘ။

**စာစပ်။** ။ဂန္တွာ ၍·ကြောင့်၊ ဝေဒိတဗ္ဗော-၌ ပုဗ္ဗကာလကြိယာဝိသေသန+သျှစပ်။ **ဂန္တွာတိ ပဒံ ဝေဒိတဗ္ဗောတိ ပဒေ ပုဗ္ဗကာလကြိယာ။ [ယော]**

http://www.dhammadownload.com



## နံပါတ် (၄)

**မာတာ။ ။၁။ မမာယတီတိ မာတာ [သာရတ္ထ]**

**၂။ ခမ္မေန ပုတ္တံ မာနေတီတိ မာတာ။ [ကစ္စည်း]**

**၃။ ပါယေတီတိ မာတာ။ [မောဂ်၊ ၇၊ ၇၂။]**

၂။မာနဓာတ်အရ-မေတ္တာတရားနှင့်အညီ သားကိုမြတ်နိုးသောအခြင်း အရာအားဖြင့်ဖြစ်သော မေတ္တာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ယောနိသော မနသိကာရ-စသော ရှေးရှေးသော စိတ္တုပ္ပါဒ်သည် ဖလူ။စောင့်ရှောက်ထိန်းသိမ်း သောအခြင်းအရာအားဖြင့် ဖြစ်သော နောက်နောက်သော စိတ္တုပ္ပါဒ်သည် ကာရဏူ။ ရာတုပစ္စည်းအရ အမိဒြဗ်-ရ၏။

မာတရံ-ဟု ဝိဘတျန္တခံ။ ။အံဝိဘတ်အရ ခေါ်ဝေါ်ခြင်း ကြိယာဖြင့် ရောက်အပ် သော ကြိယာပါပုဏာသတ္တိ-တည်းဟူသော ကမ္မကာရက။ တစ်ခုတည်း၏ အဖြစ် ဟု ဆိုအပ်သော ဧကဝုစ်သချာရ၏။

**၃။(ဇနနီ) ပုတ္တံ ခီရံ ပါယေတီတိ မာတာ။**

ပါ-ဓာတ်အရ သုဒ္ဓကတ္တုဋ္ဌ - သား၏ နို့ရည်သောက်သော အခြင်းအရာ အားဖြင့်ဖြစ်သော ရသတဏှာ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ဟေတုကတ္တုဋ္ဌ- အမိ-ဟု သမုတ်အပ်သော ရုပ်,နာမ် ဓမ္မ သန္တာနိရတို့၏ ပကတူပနိဿယသတ္တိ သည် ဖလူ၊ တု-ပစ္စည်းအရ ထို-သော အမိဒြဗ် ရ၏။

**ပိတာ။ ။ပိယာယတီတိ ပိတာ[သာရတ္ထ]။ ပါတိ ပုတ္တန္တိ ပိတာ [ကစ္စည်း]**

ပါဓာတ်အရ မေတ္တာ ကရုဏာ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ယောနိသောမနသိကာရ စသော ရှေးရှေးစိတ္တုပ္ပါဒ်သည် ဖလူ၊ ရိတု-ပစ္စည်းအရ အဘဒြဗ် ရ၏။

**ပုတ္တော။ ။ပေါသီယတေတိ ပုတ္တော။**

ပုသဓာတ်အရ ကတ္တုဋ္ဌ-မွေးမြူတတ်သော မိဘတို့၏ မေတ္တာ ကရုဏာ (ဂေဟဿိတပေမ) ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ကမ္မတ္တ သားဒြဗ်၏အာရမ္မ ဏာဓိပ္ပယသတ္တိဖလူ ။တ-ပစ္စည်းအရ-သားဒြဗ်ရ၏။

**ဇေဋ္ဌော။ ။သဗ္ဗေသံ ဝိသေသေန ဝုဍ္ဎောတိ ဇေဋ္ဌော။**

ဝုဓအရ-ကြီးသောသူသည်မုချ။ ထို၏ အထူးသဖြင့် ကြီးခြင်းနှင့်အပါဒါန်/ အပါဒီအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန်သည် ဌာနူ။ဣဋ္ဌ-အရ အကို ရ၏။

တစ်နည်း။ ။ဣဋ္ဌပစ္စည်းအရ ထူးသောဂုဏ်သည်မုချ။ထို၏ အကိုကြီးဒြဗ် နှင့် ဂုဏ်/ဂုဏေးအစပ်သမ္ဗန်သည် ဌာနူ။ဝုဓုတဒ္ဓိတ်အရ အကိုဒြဗ်ရ၏။

**နိယံ။ ။တဒ္ဓိတ်ပစ္စယ၊ ရုံခါပ၊ ဟောရဝိသေသအနက်ထည်း။**

**ယင်းသို့ဟောက၊ ပစ္စည်းရ၊ မုချဋ္ဌာနူကောက်ရမြဲ။**

**ပုဒ်နက်ဝါစ္စ၊ ပဓာန၊ အရကောက်လေမြဲ။**

http://www.dhammadownload.com



**ကနိဋ္ဌော**။ ။သဗ္ဗေသံ ဝိသေသေန အပ္ပေါတိ ကနိဋ္ဌော။
အပ္ပအရ-ငယ်သူသည်မှချ။ စသည်ကောက်လေ။

**ကေပုတ္တကော**။ ။**အနုကမ္ပော ကေပုတ္တော ကေပုတ္တကော**။
က-ပစ္စည်းအရ သနားခြင်း၏အဖြစ်ဟူသော ဂုဏ်သည် မှချ။ထို၏ တစ်ယောက်ထည်းသော သားနှင့် ဂုဏ်/ဂုဏော အစပ် ဌာန။ကေပုတ္တ-အရ ထို..သော သနားစောင့်ရှောက်အပ်သောတစ်ယောက်တည်းသော သားဖြစ်ရ၏။

**အမ္မ**။ ။**အမေတိ ပေမေန ပုတ္တကေသု ပဝတ္တတီတိ အမ္မာ**။[မောင်။]
**အမ+မ အမီယတေ ပူဇိယတေ ပုတ္တဇိတရေဟီတိ အမ္မာ**။
အမဓာတ်. သတ္တုဋ္ဌ။ ။သားသမီးတို့၏ သန္တာန် ပူဇော်သော အခြင်းအရာအားဖြင့်ဖြစ်သော မေတ္တာ[တစ်နည်း ဂေဟသိတပေမ] ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မှချ။ကမ္မဋ္ဌ-အမိ၏ အာရမ္မဏပစ္စယသတ္တိသည် ဖလ။မပစ္စည်း အရ ထို....သော အမိရ၏။[အမ ပူဇာယံ၊ ကမ္မနိ-မော။ ဓာန်၊ ဋီ။ ၂၄၄]

နံပါတ် (၅)

**ပါဠ**။ ။ပဋ္ဌ+ဏ။ **(ပဋ္ဌီယတေ ဥစ္စာရီယတေတိ ပါဠော)**
**သာရ**။ ။သရ+ဏ။
**တီရေတွာ**။ ။တီရ+တွာ။
**ဓုရ**။ ။ဓရ+အ။ (ဓရ-၏အစိဂ် အ-ကို ဥပြု) ဓာန်၊ဋီ၊၃၇၅။
**နိက္ခေပ**။ ။နိ+ခိပ+ဏ။
**တိဗ္ဗ**။ ။တရ+အ။ **တရတိ အတိက္ကမတိ တိဗ္ဗံ**။ ရဿဝေါ၊ အဿဏ္ဍ။ [ဓာန်၊ ဋီ၊၄၁။]တိဓောဃေဝ ဝေါ၊ဓဿဝေါ ဗတ္တံ။တိဇ+ဝ။ [ဓာန်၊ဋီ၊၇၁၁]
**ဆန္ဒ**။ ။ဆဒ (ဆန္ဒ)+အ။
**ဘဏ္ဍ**။ ။ဘဍိ+က
**တာတ**။ ။တာ+တု။ တာ+တ။ ပုလ္လိင်၊ ပုရိသာဒိဂိုဏ်း (တစ်နည်း) သတ္တာဒိဂိုဏ်း
**(တာယတိ ရက္ခတီတိ တာတော။)**

နံပါတ် (၆)

**(ခ)နိဋ္ဌာပေတွာဖြင့်**-တီရေတွာဋ္ဌ တီရဓာတ်၏ အဓောဂတိအနက်ကို နစ်စေ၍ ကမ္မသမတ္တိအနက် ဝါ-ကမ္မနိဋ္ဌာပနအနက်၌ ဖြစ်သည်ကို သိစေသည်။
**ဓုရံနိက္ခေပနေဝဖြင့်**-အမှုကိစ္စ ပြီးစီးအောင် ဆောင်ရွက်ခြင်းဖြင့် ထိုထိုကိစ္စကို ပြီးစေသည်မဟုတ်။ဝန်ချခြင်းဖြင့်သာ ထိုထိုကိစ္စကို ပြီးစေသည်ဟု သိစေသည်။ [ဘာဝတ္ထ]

**(ဃ)မာတရံ ဖြင့်** အမ္မသဒ္ဒါသည် သမီးဟူသော အနက်,ချစ်အပ်သော တစ်ပါးသော မိန်းမဟူသောအနက်ကိုမဟော၊ အမိဟူသော အနက်ဟောသည်ကို သိစေ။**တစ်နည်း**-အမ်တိ ပေ်မေန ပုတ္တကေသု ပဝတ္တတီတိ အမ္မာ-ဟု ပြ၍

http://www.dhammadownload.com



အမ္ဗအရ အမိကို အရကောက်ယူအပ်သည်ကို သိစေသည်။

**အလာလတိဖြင့်**-အမ္ဗတာတာ၌ ပထမာဝိဘတ်၏ လိင်္ဂတ္ထစသည်မဟုတ်။ အာလုပ်အနက်ဟု သိစေသည်။ (ဝိဘတျတ္ထ)

**ဝိတာရံဖြင့်**-တာတာသည် သားဟူသောအနက် ချစ်အပ်သော တစ်ပါးသော ယောကျ်ားဟူသောအနက်ကိုမဟော။အဖဟူသော အနက်ကို ဟောသည်ကို သိစေသည်။[သဒ္ဒါဟောအဘိဓေယျတ္ထ၊ သဒ္ဒတ္ထ၊ ဒဗ္ဗတ္ထ]

**တစ်နည်း။** ။တာယတီတိတာတာဟု ပြု၍ အဖကို အရကောက်ယူအပ်သည်ကို သိစေသည်။

**(င)တွံခေါအသိဖြင့်**-တွံခေါသိကို တွံ+ခေါ+အသိဟု ပဒစ္ဆေဒ ပြုအပ်သည်ကို သိစေသည်။ [သိန္ဓိလိင်္ဂပဒ-ပဒစ္ဆေဒ]

**(စ)ကောဝပုတ္တကောဖြင့်**-ကေပုတ္တကောကို ကောဝပုတ္တကော ကေပုတ္တကောဟု အဝဓာရဏကမ္မဓာရည်း သမာသ်ဝစနတ္ထကို ပြုအပ်သည်ကို သိစေသည်။

**(ဆ)ဖြင့်**-ဝေသဒ္ဒါ၏ အဝဓာရဏအနက်၌ ဖြစ်သည်ကို (ဝါ) ဝေတ္ထဖလကို သိစေသည်။

**(ဇ)ကေပုတ္တောတိ ဝတ္တဗ္ဗေ အနုကမ္ပာဝသေနဖြင့်**-ကေပုတ္တကော၌ ကေပုတ္တပုဒ် ကပစ္စည်း။ ယင်းကပစ္စည်း အနုကမ္ပအနက်၌သက်၍ အနုကမ္ပော ကေပုတ္တော ကေပုတ္တကောဟု ဝစနတ္ထပြုအပ်သည်ကို သိစေသည်။

နံပါတ် (၇)

**ခုရနိက္ခေပနေ၀/ခုရနိက္ခေပနေ၀**

ဓရ ဓာရဏေ အဿုယ။ [ခေ္ဒနိဋ္ဌိ]ကို ထောက်၍ ခုရနိက္ခေပနေဝဟု ရဿဖြင့် ရှိသောပါဠိသာသင့်။

**နိဋ္ဌာပေတွာ/နိဋ္ဌာပေတွာ**

**နိယံ။** ။**ဥ ဒ နိ နောက်၊ ဒွေးတော်ရောက်၊ မဖောက်ကေနမြဲ။**

နိဥပသာရနောင် ရောက်သောကြောင့် အသဒိသဒွေးတော်ဖြင့်ရှိသော နိဋ္ဌာပေတွာပါဠိသာသင့်။

မှတ်ချက်။ ။နိနောင် ဒွေးဘော်ရောက်ရာ၌ နိဥပသာရသည် ဓာတွတ္ထဝိသေသက, ဓာတွတ္ထဗာဓက ဥပသာရဖြစ်မှသာလျှင် ဒွေးဘော်ရောက်၏။ဓာတွတ္ထာနုဝတ္တက ဖြစ်သော်ကား ဒွေးဘော်မရောက်။[နိကာယော၊ နိပန္နဒေါသ]ရှု။

**ကနိဋ္ဌော/ကဏိဋ္ဌော**

တေသုဝုဒ္ဓိ စသော သုတ်ကြီးဖြင့် ဏ-ကို န-ငယ်ပြု၍ ပြီးသောကြောင့် န-ဖြင့်ရှိသော ကနိဋ္ဌောသာသင့်။

**တေသုဝုဒ္ဓိအာဒိနာ ဏ-ကာရဿ န-ကာရော။** [ရူပသိဒ္ဓိ၊ ၃၉၆။]

http://www.dhammadownload.com



နံပါတ် (၉)

**အမ္ဗ။** ။အပေါင်းသမီး၊ ချစ်အပ်သောမိန်းမ၊ မိခင် အနက်သုံးမျိုးတို့၏ အမ္ဗအမည်ကို အစိတ်မိခင်အနက်၌တင် ကေဒေသျှ-ရှဋ္ဌီ၊ [တာတမီးလေ]
**တာတာတိ ပိတရိ ။** ။အာလပတိ သဒ္ဒါလိုက်သောအားဖြင့် သိအပ်သောကြောင့် အဓိကရနည်း အာဝုတ္တိနည်း။(ဆ)ဗျတိရေကနည်း။
**ဓေဋ္ဌော။** ။အစိတ် အစ်ကိုကြီး၏ ဇေဋ္ဌအမည်ကို အပေါင်း အစ်ကိုကြီး အစ်မကြီး၌တင်စား၍ဆိုသောကြောင့် ကေဒေသူပစာ ပဓာနနည်း။

နံပါတ် (၁၀)

**အမ္ဗ- ဝေဝစနဟာရနေတ္တိ··**

ဝေဝစနဟာရ ဟူသော်ကား- ဝေဝစနံ ယောဇေတိ ဧတေနာတိ ဝေဝစနော ဟူသည်နှင့်အညီ သုတ်၌လာသော တစ်ခုသောတရား၌ ဥားစွာသော ဝေဝုစ်ကို ယှဉ်ကြောင်းဖြစ်သောကြောင့် ဝေဝစနဟာရ မည်၏။ အဘယ်သို့ယှဉ်သနည်း ဟူမူကား-

အမ္ဗ-၏ ဝေဝုစ်ကို အမ္မာ ဇနနီ မာတာဟု ယှဉ်အပ်၏။ ဤသို့လျှင် သုတ်၌ လာသော တစ်ခုသောတရား၌ များစွာသော ဝေဝုစ်ကို ယှဉ်စေခြင်းသည် ဝေဝစနဟာရ မည်၏ ဟူလိုသော်။

**************

ဝါကျစဉ် (၈)

(က)　ပိယောတိ ပီတိဇနနကော။
(ခ)　မနာပေါတိ မနဝဍ္ဎနကော။
(ဂ)　သုခေဓိတောတိ သုခေန ဧဓိတော။
(ဃ)　သုခသံဝဍ္ဎိတောတိ အဍ္ဎော။
(င)　သုခပရိဟတောတိ သုခေန ပရိဟတော။
(စ)　ဓာတကာလတော ပဘုတိ ဓာတီဟိ အင်္ကတော အင်္ကံ ဟရိတွာ ဓာရိယမာနော အဿကရထကာဒီဟိ ဗာလကီဠနကေဟိ ကီဠမာနော သာဒုရသဘောဇနံ ဘောဇိယမာနော သုခေန ပရိဟဋော။ [ဝိ၊ ဋ္ဌ၊ ၁။ ၁၇၀။]

************

နံပါတ် (၁)

(က)ပိယော၊ ချစ်အပ်သော။ [သဒ္ဒတ္ထ] (ပိယာယိတဗ္ဗောတိပိယော) ဝါ၊ နှစ်သက်ခြင်းကို ဖြစ်စေတတ်သော။ [အဓိပ္ပါယတ္ထ]

(ခ)မနာပေါ၊ စိတ်ကို တိုးပွားစေတတ်သော။ [သဒ္ဒတ္ထ]ဝါ-မြတ်နိုးဖွယ်ကောင်းသော။[ဝေါဟာရတ္ထ]

http://www.dhammadownload.com



(ဃ)အတ္ထောသမ္ဗန္ဓ-သုခေမိတောတိ ပဒဿ။ [သဒ္ဒသမ္ဗန္ဓ] အတ္ထော၊ သုခေမိတောပုဒ်၏ အနက်တည်း။[အတ္ထသမ္ဗန္ဓ]အတ္ထော၊ အတ္ထတည်း။ [သဒ္ဒပဒတ္ထကကြံသည်။]အတ္ထော၊အနက်တည်း။ [အတ္ထပဒတ္ထကကြံသည်။]

(စ)ဟရိတ္တ၁၏ကံ-သုဒိန္နံ။

ဘရိယမာနော ကီဠာယမာနော ဘောဇိယမာနော၏ကံ-သုဒိန္နော။

**နိယံ။** ။**ယောရာယောရာ၊ ပဋမာ၊ ရုံခါတွေ့ရလျှင်၊ ကြိယာသဘော အပ်ဟု နော ကံယောဝါကျပင်။**

ဇာတကာလတော-မွေးဖွားရာအခါမှ။ [မုချတ္တ]မွေးဖွားပြီးရာအခါမှ။[ဥပစာရတ္တ]

## နံပါတ် (၂)

**(ဃ)သို့။** ။ဆရာ၊ သည် (ဂ) ဖြင့် သုခေမိတောကို သုခေန ဧမိတောဟု တတိယာ တပ္ပုရိသ်သမာသ် ဝစနတ္ထကို ဖွင့်ပြအပ်၏။ယင်း၌ ဧမိတောဝယ် ဧဓောတ်သည် လာဘ+ဝုမ္ဘိ ၂-နက်တို့တွင် အဘာယ်အနက်၌ ဖြစ်ပါသနည်း။လာဘအနက်၌ ဖြစ်လေသလော။ စုဒ်ကြောင့် (ဃ) ဝါကျမိန့်။

**နိယံ။** ။**အဖြေရှောင်ကွင်း၊ လျှော်ရာနင်း၊ သွင်းလေအာဘောဂ။**

**(စ)သို့။** ။ဆရာသည် (င) ဖြင့် သုခပရိဟာတောကို သုခေနပရိဟာတော ဟုတတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထကိုဖွင့်ပြအပ်၏၊အဘာယ်သို့ထက်ဝန်းကျင်မှ ဆောင်အပ်ပါသနည်း။မွေးဖွားရာကာလမှစ၍ နို့ထိန်းတို့သည် ရင်ခွင်တစ်ခုမှ ရင်ခွင် တစ်ခုသို့ ချီပိုး၍သာ ချမ်းသာသဖြင့် ဆောင်ယူအပ်ပါသလော။စုဒ်ကြောင့် (စ) ဝါကျမိန့်။(အဖြေ၌ ချမ်းသာသဖြင့်ဆောင်ခြင်း(၃)မျိုးပြထားသည်)**တစ်နည်း**- ချမ်းသာသဖြင့်ဆောင်ယူပုံ အကျယ်ကို မပြဆိုပြီလော‥)

**အဓိပ္ပါယ်ကား။** ။မွေးဖွားရာကာလမှစ၍ နို့ထိန်းတို့သည် ရင်ခွင်တစ်ခုမှ ရင်ခွင် တစ်ခုသို့ ချီပိုး၍သာ ချမ်းသာသဖြင့် ဆောင်ယူအပ်သည်မဟုတ်။စင်စစ်သော်ကား မွေးဖွားရာကာလမှစ၍ နို့ထိန်းတို့သည် ရင်ခွင်တစ်ခုမှ ရင်ခွင်တစ်ခုသို့ ချီပိုး၍လည်း ကောင်း၊မြင်းငယ် ရထားငယ် အစရှိသော ကလေးကစားစရာအရုပ်တို့ဖြင့် ကစား စေအပ်သည်ဖြစ်၍ လည်းကောင်း၊ အရသာရှိသော ဘောဇဉ်တို့ကို ကျွေးမွေးလျက် လည်းကောင်း. ချမ်းသာဖြင့် ထက်ဝန်းကျင်မှ ဆောင်ယူအပ်၏ ဟူလို။

## နံပါတ် (၃)

(က)ပက္ခန္တရ။ (ခ) ပက္ခန္တရ။ (ဂ) ပက္ခန္တရ။ (ဃ) ဝိတ္ထာရ (တစ်နည်း) ဝါကျာရမ္ဘ။ (င) ပက္ခန္တရ။ (စ) ဝိတ္ထာရ။

**စာစပ်။** ။ဓာတီဟိ-တို့သည်ပေး၊ဓာ၀ိယမာနော ကီဠိယမာနော ဘောဇိယမာနော တို့၌ ယပစ္စည်း ဓာနပစ္စည်တ့ုသည် မဟောအပ်သော အဝုတ္တကတ္တား။ ဓာရိယမာနော စသည် ၃း ထိုကိုမဟောသော ကိတ်ကြိယာဝါစက။

http://www.dhammadownload.com



နံပါတ်(၄)

**ပိယော။ ။ပိယာယိတဗ္ဗောတိ ပိယော။ ပီ+ယ**

ပိဓာတ်အရ ကတ္တုဋ္ဌ-မိဘတို့၏ သန္တာန်ချစ်အပ်သော အခြင်းအရာအား ဖြင့်ဖြစ်သော ဂေဟာဿိတပေမ (ဝါ) ပီတိသောမနဿ (ဝါ) မေတ္တာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ကမ္မဋ္ဌ-သုဒိန်ဟုဆိုအပ်သော တကွဲဆိုဖက်ဖြစ်သော သား၏ အာရမ္မဏ ပစ္စယသတ္တိသည် ဖလူ။ယပစ္စည်းအရ သုဒိန်ဟုဆိုအပ်သော သားဒြဗ် ရ၏။တစ်နည်း-၄င်းသားသည် အပဓာနအားဖြင့် ရ၏။

ပိယောသည် ဝိသေသနပုဒ်ဖြစ်၍ ဝိသေသနပုဒ်တို့၏ သဘောသည် ဂုဏ်ကိုသာ ပဓာနအားဖြင့် ဟောမြဲဖြစ်၍ ချစ်အပ်သည်၏အဖြစ်ဟူသော ဂုဏ်သည်သာ ပဓာနအားဖြင့်ရ၏။

**မနာပေါ။ ၁။မနံ အပ္ပေတိ ဝဍ္ဎေတီတိ မနာပေါ။**

**၂။ မနံ အပယတီတိ မနာပေါ။**

**၃။ မနေ အဝိယတေတီတိ မနာပေါ။**

၁။မနဟူသော ဝိသေသနပုဒ်အရ-စိတ်သည် မုချ။ထို၏ တိုးပွားစေတတ် သော သုဒိန်နှင့်အကြောင်း, အကျိုး အာရုံ+အာရမ္မဏိကအဖြစ်ဖြင့် စပ်ခြင်းသမ္ဗန် သည် ဌာနူ။[ဤကား သမာသ်ကောက်။]

အပဓာတ်အရ သုဒ္ဓကတ္တုဋ္ဌကြိယာ သုဒိန်၏ မိခင်+ဖခင်တို့၏ စိတ်သည် မုချ။ဟေတုကတ္တုဋ္ဌကြိယာကား သားဖြစ်သော သုဒိန်၏ အရမ္မဏပစ္စယသတ္တိသည် ဖလူပစာ။[ဤကား ကိတ်ကောက်]သမာသ်ပုဒ်လုံးအရနှင့် ဏ-ပစ္စည်းအရ သုဒိန် ရ၏။[ဤကား သမာသ်+ ကိတ်ကောက်။]**ကိတန္တသမာသ်ကောက်များ၌ ဤသို့ သမာသ်+ ကိတ် နှစ်မျိုးကောက်ရသည်။**

**ဇာတော။ ။ဇာယန္တိ ဧတ္တောတိ ဇာတော။**

**ကာလော။ ။ကလျတေ သင်္ချာယတေတိ ကာလော။တစ်နည်း-ကရဏံ ကာရော၊ ကာရော ယေဝ ကာလော။**

**ဇာတကာလ။ ။ဇာတော စ ကာလော ဇာတကာလော။**

ဇာတဟူသော ဝိသေသနပုဒ်အရ မွေးဖွားရာ၏ အဖြစ်ဟူသောဂုဏ်သည် မုချ။ထို၏ မွေးဖွားချိန်နှင့်(ဝါ) ကာလနှင့် ကာလ+ကာလဝန္တစပ် ဌာနူ။ ဇာတကာလ ပုဒ်လုံးအရ မွေးဖွားရာကာလရ၏

**မှတ်ချက်။** ။ကာလပုဒ်တွေနဲ့ ကြုံလာရင် သမ္ဗန်ကို သီးသန့်ရှာ စရာမလို။ကာလ+ကာလဝန္တအစပ် သမ္ဗန် ပုံသေမှတ်ပါ။

**အသော။ ။အသတိ ဘက္ခတီတိ အသော။**

**အဿကာ။ ။အဿောဝိယာတိ အဿကော။**

http://www.dhammadownload.com



အသာ-အရ မြင်းသည် မုချ။ထို၏ မြင်းရုပ်နှင့် သဒိသီ+သဒိသ စပ်ခြင်း သမ္မန်သည် ဌာန။က-ပစ္စည်းအရ မြင်းနှင့်တူသော မြင်းရုပ်ရ၏။

**ရထော။** ။**ရမန္တိ ဧတ္ထာတိ ရထော။**

**ရထကော။** ။**ခုဒ္ဒကော ရထော ရထကော။**

**အဿကရထကာ။ ။အဿကောစ ရထကောစ အဿကရကထာ။**

**အဿကရထကာနိ။** ။**အဿကရထကာ အာဒိယော ယေသန္တိ အဿကရထကာဒီနိ။**

**သာဒု။ ။သာဒီယတိ အဿာဒီယတီတိ သာဒု။**

သာဒစာတ်အရကတ္တုဒြ-ရသတဏှာပြဓာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ ကမ္မတ္တ-အရသာ၏ အာရမ္မဏပစ္စယသတ္တိသည် ဖလူ။ဏု-ပစ္စည်းအရ-ချိုဆိမ့်သော အရသာ ရ၏။

**ရသော။ ။ရသီယတိ အဿာဒီယတီတိ ရသော။**

**ဘောဇနံ ။** ။**ဘုဥ္စိတဗ္ဗန္တိ ဘောဇနံ။**

**သာဒုရသံ။** ။**သာဒု ရသော ဧတ္ထာတိ သာဒုရသံ။** [ဘောဇဉ်]

**သာဒုရသဘောဇနံ။** ။**သာဒုရသဥ္စ တံ ဘောဇနဥ္စာတိ သာဒုရသဘောဇနံ။**

သာဒုရသ်, ဝိသေသနပုဒ်အရ ချိုမြိန်သော အရသာရှိသည်၏အဖြစ် ဟူသော ဂုဏ်သည်မုချ။ထို၏ ဘောဇဉ်နှင့် ဂုဏ်+ဂုဏေးစပ် ဌာန။ ပုဒ်လုံးအရချိုမြိန်သော အရသာရှိသော ဘောဇဉ်ရ၏။

နံပါတ် (၅)

| | |
|---|---|
| **ပီတိ။** | ။ပါ+တိ |
| **မန။** | ။မန+အ/မာ+ယု။ |
| **သုခ။** | ။သုခ+အ/သု+ခန-/သု+ခါဒ+ကွိ။ |
| | **သုခစာတုဝသာစာပိ၊ သုပုဗ္ဗခါဒတောပိဝါ။** |
| | **သုပုဗ္ဗခနတောဝါပိ၊ သုခသဒ္ဒဂတီ ဝဒေ။[သဒ္ဒနီတိ]** |
| **ပရိဟတော။** | ။ပရိ+ဟရ+တ။ |
| **ဓာတိ။** | ။ဓာ+တိ။ [ကုမာရေ ဓာတိ ဓာရေတီတိ ဓာတိ။] |
| **အင်္ဂ။** | ။အင်္ဂ+အ။ |
| **ရထ။** | ။ရမု+ထ။ |
| **ဗာလ။** | ။ဗလ+ဏ။ [ဗလ-အဿသေ] |

နံပါတ် (၆)

(က)**ပီတိဓနေ့နကောဖြင့်**-ပိယောဒ္ဓ ပီဓာတ် ယ-ပစ္စည်း ပီဓာတ်၏ တပ္ပန, ပီတိ, ပါန, သု...ခ အနက်တို့တွင် ဤ၌ ပီတိအနက်၌ဖြစ်သည်ကိုလည်းကောင်း၊ ယ-ပစ္စည်း ကမ္မသာဓန အနက်၌သက်၍ ပိယာယိတဗ္ဗောတိ ပိယော ဟု ဝစနတ္ထ

http://www.dhammadownload.com



ပြုရမည်ကိုလည်းကောင်း သိစေသည်။

**နိယံ။ ။ဓာတ်နက်ကံထား၊ ဖွင့်ပြခြား၊ မှတ်သားကမ္မသာဓန။**

(ခ)**မနုဝမှုနကောဖြင့်**-မနာပေါ်၌ မနုပုဒ် အာပပုဒ် မနံ အာပေတိ ဝဓေတီတိ မနာပေါဟု ကိတန္တဒုတိယာ တပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုရမည်ကိုလည်းကောင်း၊ အာပဓာတ်၏ ဝမုနအနက်၊ ဏာ-ပစ္စည်း၏ ဟေတုကတ္တု အနက်၌ ဖြစ်သည်ကို လည်းကောင်း သိစေသည်။

(ဂ)**သုခေန ဓေိတောဖြင့်**-သုခေဓိတော၌ သုခပုဒ် ဓေိတပုဒ် ဖြစ်သည်ကို လည်းကောင်း၊သုခေန ဓေိတော သုခေဓိတော-ဟု တတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုရမည်ကိုလည်းကောင်း၊ ယင်းသမာသ်၏ ဝိသေသနအနက်၌ ဖြစ်သည်ကို လည်းကောင်း သိစေသည်။

(ဃ)**သုခသံဝမိုတောဖြင့်**-ဓေဓာတ်သည် လာဘအနက်ကို မဟော၊ဝုမိ-အနက် ဟောသည်ကို သိစေသည်။

**နံပါတ်(၇)**

**သုခေဓိတော/သုခေဋ္ဌိတော…**

**ဓေ ဝုမိုယံ လာဘေစ ဓေတီတိ ဓော သုခေဓိတော။ [ဓိတိဓာတုမာလာ]**

**ဓော ဏု လာဘ ဝုမိုသု။** [ဓာတွတ္ထ] တို့၌ ဆိုသောကြောင့် တဝဂ်စတုတ္ထ အက္ခရာဖြင့်ရှိသော သုခေဓိတောသင့်။ [၆] နံပါတ်ရှုပါ။ဓေ-ဓာတ် ဤ၌ ဝုမိုအနက်ကို အလိုရှိအပ်သည်။

**သုခေဋ္ဌိတောတိပိ ပါဠော၊ဌေ-ဝုမိုယံ-ဟု** ယောဇနာ ဆိုသော်လည်း **ဌော ဝိဗာဓာယံ**-ဟူသော ဓာတွတ္ထနှင့် ဆန့်ကျင်သောကြောင့်လည်းကောင်း၊ ဌေဓာတ် ဝုမိ-အနက်ဟောသည်ကို သဒ္ဒနီတိ ဓာတွတ္ထတို့၌ မဆိုသောကြောင့်လည်းကောင်း၊ ဋဝဂ် ဒုတိယအက္ခရာဖြင့်ရှိသော သုခေဋ္ဌိတောပါဠ် မသင့်။ ဂဏ္ဌိပေါင်း၌ သုခေထိတောဟု တဝဂ်၊ ဒုတိယအက္ခရာဖြင့်ရှိ၏။ ထေဓာတ်မရှိ၍ မသင့်သည်သာ။

**ကီဠယမာနော/ကီဠိယမာနော/ကီဠာပိယမာနော**

**ဗာလကီဠနကေဟိ ကီဠိယမာနော သာဒုရသဘောဇနံ ဘောဇိယမာနော သုခေန ပရိဟတော။** [မ၊ ဋ္ဌ၊ ၃။၂၀၂။]၌ ဆိုသောကြောင့် လည်းကောင်း၊ ဓာတီတိဟူသော ကတ္တား, ဓာရိယမာနော, ဘောဇိယမာနောဟူသော ယှဉ်ဘက်ပုဒ်တို့ကို ထောက်၍လည်းကောင်း ကီဠိယမာနော သင့်ပါသည်။

ဣလာ/မလာသာထူးသောကြောင့် ကီဠယမာနော ပါဠ်လည်းသင့်။

**အထဿ မာတာ ဒါရကံ အလင်္ကရိတွာ ကီဠာပိယမာနံ ဒိတွာဝ။** [မ၊ ဋ္ဌ၊ ၄။ ၁၃၆။]ကို ထောက်၍ ဘာဂျီ၌ဆိုသော ကီဠာပိယမာနောပါဠ်လည်း သင့်ပါသည်။

**သာဒုရသဘောဇနံ/သာဓုရသဘောဇနံ**[၄-နံပါတ်ဝိဂြိုဟ်ဓာတ်ပစ္စည်းထောက်၍ဖြေ]

http://www.dhammadownload.com



နံပါတ် (၉)

**မနာပ**။ ။ပြဋ္ဌာန်းသောစိတ်ကို ဆိုသဖြင့် မပြဋ္ဌာန်းသော စေတသိက်ကိုလည်းရသောကြောင့် ပဓာနနည်း။[စိတ်ကိုဆိုရာ၌ ဤနယပူပစာပုံသေ]အစိတ်ဖြစ်သော စိတ်၏ မနာပဟူသောအမည်ကို အပေါင်းဖြစ်သော စိတ်နှင့်တကွ သမ္ပယုတ္တတရားတို့၌တင် ဧကဒေသူပစာ။

**အသာကရထကာဒီ:ဒိ**။ ။အတူဖြစ်သော မြင်းငယ် ရထားငယ်တို့၏ အဿက,ရထက ဟူသောအမည်ကို အတူရှိသော ကလေးကစားစရာ မြင်းရုပ်ရထားရုပ်စသည်၌တင် သဒိသူပစာ၊ ရှင္ဒီနည်း။

**အင်္ကတော အင်္ဂ** ။ ။ရင်ခွင်တည်းဟူသော အများကိုဆိုသဖြင့်ကျောက်ကုန်း,ခါး,ပခုံး ဟူသော အနည်းကိုလည်းရသောကြောင့် ယေဘုယျနည်း။

**ဇာတကာလတော**။ ။အနီးမွေးချိန်၏ ဇာတကာလအမည်ကို အနီးရှိသော မွေးပြီးအချိန်၌တင် သမီပူ။

နံပါတ် (၁၀)

ဗလကိဋ္ဌနကေဟိ ကီဠိယမာနော္ဇ ဇာတ်အရ-

ပီတိသောမနဿ (ဝါ) ဝီရိယပြဋ္ဌာန်းသော လောဘမူစိတ္တုပ္ပါဒ်။

**ဣန္ဒြိယောတရဏဟာရနေတ္တိ**

လောဘမူစိတ်သည် မနိန္ဒြေမည်၏။ကေဂ္ဂတာသည်သမာဓိန္ဒြေမည်၏။သောမနဿဝေဒနာသည် သောမနဿိန္ဒြေမည်၏။ဇီဝိတိန္ဒြေစေတသိက်သည် ဇီဝိတိန္ဒြေမည်၏။ဝီရိယသည် ဝီရိယန္ဒြေမည်၏။ဤသို့ ဣန္ဒြေ၌ သွင်းချခြင်းသည် ဣန္ဒြိယောတရဏဟာရ မည်၏ ဟူလိုသော်။

****************

ဝါကျစဉ် (၉)

(က) **န တွံ တာတ သုဒိန္န ကိဉ္စိ ဒုက္ခဿ ဇာနာသီတိ** တွံ တာတ သုဒိန္န ကိဉ္စ အပ္ပမတ္တကမ္ပိ ဘလဘာဂံ ဒုက္ခဿ န ဇာနာသိ။

(ခ) အထဝါ ကိဉ္စိ ဒုက္ခေန နာနုဘောသီတိ အတ္ထော။

(ဂ) ကရဏတ္ထေ သာမိဝစနံ၊ အနုဘဝနတ္ထေစ ဇာနနာ။

(ဃ) အထ ဝါ ကိဉ္စိ ဒုက္ခံ နဿရသီတိ အတ္ထော။

(င) ဥပယောဂတ္ထေ သာမိဝစနံ၊သရဏတ္ထေ စ ဇာနနံ။

(စ) ဝိကပ္ပဒ္ဓယေဟိ ပုရိမပဒဿ ဥတ္တရပဒေန သမာနဝိဘတ္တိလောပေါ ဒဋ္ဌဗ္ဗော။

(ဆ) တံ သဗ္ဗံ သဒ္ဒသတ္ထာနုသာရေန ဉာတဗ္ဗံ။ [ဝိ၊ဋ္ဌ၊၁။၁၇၁။]

*************

http://www.dhammadownload.com



နံပါတ် (၁)

**န တွံ တာတ သုဒိန္န ကိဉ္စိ ဒုက္ကဋဿ ဇာနာသိ။ [ပါဠိတော်]**

**သံဝဏ္ဏနာရှု၍ အနက်-**

တာတ သုဒိန္န။ တွံ၊သည်။ ဒုက္ကဋဿ၊၏။ကိဉ္စိ၊ စိုးစဉ်းအနည်းငယ်မျှကိုလည်း။န ဇာနာသိ၊ မသိ။ [က-ဝါကျရှုသည်။]

တာတ သုဒိန္န၊ တွံ၊သည်။ကိဉ္စိ၊တစ်စုံတစ်ခုသော။ဒုက္ကဋဿ၊ဖြင့်။ ဝိသယံ၊အာရုံကို။န ဇာနာသိ၊မခံစားရ။ [ခ-ဝါကျရှုသည်။]

တာတ သုဒိန္န၊တွံ၊သည်။ကိဉ္စိ၊သော။ ဒုက္ကဋဿ၊ကို။န ဇာနာသိ၊အမှတ်မရ။ [ဃ-ဝါကျရှုသည်။]

(စ)ဝိကပ္ပဒ္ဒယေပိ၊ဒုတိယ တတိယ ဝိကပ္ပ်နှစ်ပါးအပေါင်း၌လည်း။ပုရိမပဒဿ၊ကိဉ္စိဟူသော ရှေ့ပုဒ်၏။ဥတ္တရပဒေန၊ဒုက္ကဋဿဟူသော နောက်ပုဒ်နှင့်။ သမာနဝိဘတ္တိလောပေါ၊တူသောဝိဘတ်၏ ကျေခြင်းကို။ ဒဋ္ဌဗ္ဗော။

(ဆ)ဉာတဗ္ဗ၏ ကတ္တား- ဝိည္ဉူဟိ။

နံပါတ် (၂)

**(ခ)သို့ အနုသန္ဓေ။** ။ဤသို့ (က) ဖြင့် ကိဉ္စိသဒ္ဒါ၏ အနည်းငယ်ဟူသော အနက်,ဒုက္ကဋသဒ္ဒ ဆဋ္ဌီဝိဘတ်၏သမ္ဗန်အနက်၌ဖြစ်ခြင်းနှင့် ဉာဓာတ်၏သိခြင်းအနက်၌ဖြစ်သည်ကို ပြပြီး၍ ယခုအခါ၌ ဒုက္ကဋသဒ္ဒ ဆဋ္ဌီဝိဘတ်၏ ကရိဏ်းအနက်၌ ဖြစ်ခြင်းနှင့် ဇာနာသိ၌ ဉာဓာတ်၏အနုဘဝန အနက်၌ဖြစ်ခြင်းကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည်(ခ) မိန့်။

**[ယဒါ ဇာနာတိသဒ္ဒေါ ဗောဓနတ္ထော န ဟောတိ၊တဒါ သဒ္ဒပယောဂေ 'သပ္ပိနော ဇာနာတိ၊ မဓုနော ဇာနာတိ' တိ အာဒီသုဝိယ ကရဏတ္ထေ သာမိဝစနံ သဒ္ဒဝိဒူ ဣစ္ဆန္တိ။] [သာရတ္ထ]**

**(ဂ)သို့ ပုစ္ဆာ။** ။ဆရာသည် (ခ)ဖြင့် ကိဉ္စိ ဒုက္ကဋဿ ဇာနာသိကို ကိဉ္စိဒုက္ကဋေန နာနုဘောသိဟု ဖွင့်ပြတော်မူအပ်၏။သံဝဏ္ဏေတဗ္ဗပါဠိ၌ ဒုက္ကဋဿဟုဆဋ္ဌီဝိဘတ်ဖြင့် ရှိသည်မဟုတ်ပါလော။နဇာနာသိကို သိခြင်းအနက်ဟောနိုင်သော နာဝဗုဇ္ဈတိ-စသဖြင့် ဖွင့်ဆိုသင့်သည် မဟုတ်ပါလော။ထိုသို့ဖြစ်လျက် ဒုက္ကဋဿကို ဒုက္ကဋေန, နဇာနာသိကိုနာနုဘောသိဟု ဖွင့်ဆိုသော ဆရာ့စကား အသို့သင့်နိုင်အံ့နည်း။ သဒ္ဒါနှင့်ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက် ရာ၏။စုဒ်ကြောင့် (ဂ) ဝါကျမိန့်။

**အဓိပ္ပာယ်ကား။** ။သာမိဝိဘတ်သည် ကရိဏ်းအနက်၌ဖြစ်၍ ဇာနနကြိယာသည် အနုဘဝအနက်၌ဖြစ်ရကား ဒုက္ကဋေန နာနုဘောသိဟု ငါဖွင့်ဆိုသော စကားသင့်၏။ ထို့ကြောင့် သင့်တင့်သော ဝိရောဓိဒေါသ ငါ့၌မရောက် ကင်းပျောက်၏ ဟူလို။

**(ဃ)သို့ သာဓောဂပုစ္ဆာ။** ။ဆရာ(ခ+ဂ)တို့ဖြင့် ဒုက္ကဋသဒ္ဒ၌ဆဋ္ဌီဝိဘတ်၏ကရိဏ်းအနက်၌ဖြစ်ခြင်း, ဇာနာတိ၌ ဉာဓာတ်၏ အနုဘဝနအနက်၌ ဖြစ်ခြင်းကို ပြဆို

http://www.dhammadownload.com



တော်မူ၏။ထိုဒုက္ခသ ဓာနာသိဝယ် ဆိုအပ်ပြီးသော ကရိဏ်းအနက် အနုဘဝန အနက်တို့ကိုသာ မှတ်သားအပ်ပါသလော။အဘယ်အနက်တို့ကိုလည်းသိမှတ်အပ် ပါသေးသနည်း။ စုဒ်ကြောင့် (ဃ) ဝါကျမိန့်။

**မှတ်ချက်။** ။အထဝါနဲ့လာတဲ့ ဝါကျကို တက်တဲ့အခါ ဧဝ [သာ]နှင့် အာဘော်ထားပြီး သမုစ္စည်း [လည်း] နှင့်မေးရမည်။

**(င)သို့ တက်လိုလျှင်-(ဂ) ဝါကျကို မှီးပြီးတက်လေ။**

**(စ)သို့။** ။ဆရာသည် (ခ)စသော ဝါကျတို့ဖြင့် ကိဋ္ဌိ ဒုက္ခသဓာနာသိဟူသော ပါဠိတော်၌ ဆဋ္ဌီဝိဘတ်၏ ကရိဏ်းအနက်, ကံအနက်, ဉာဓာတ်၏ အနုဘဝန အနက် သရဏာအနက် ဖြစ်ခြင်းကို ပြဆိုတော်မူအပ်၏။ကိဋ္ဌိဟူသော ရှေ့ပုဒ်၌ အဘယ်သို့သော ဝိဘတ်ကျေခြင်းကို မှတ်သားအပ်ပါသနည်း။**နိပါတတ္တာ သိ လောပေါ ဟူသောပရိဘာသာအရ**-ပထမာဝိဘတ်ကျေခြင်းကို မှတ်သားအပ်ပါသ လော။စုဒ်ကြောင့် (စ) မိန့်။

**အဓိပ္ပါယ်ကား။** ။ပထမာဝိဘတ် ကျေခြင်းကို မမှတ်သားအပ်။ ဒုတိယ တတိယ ဝိကပ် နှစ်ပါးအပေါင်း၌ ကိဋ္ဌိဟူသော ရှေ့ပုဒ်၌ ဒုက္ခသဟူသော နောက်ပုဒ်နှင့် တူသော ဆဋ္ဌီဝိဘတ်ကျေခြင်းကို မှတ်သားအပ်၏ဟူလို။

**(ဆ)သို့။** ။ဆရာသည် (ခ)စသော ဝါကျတို့ဖြင့် ဆဋ္ဌီဝိဘတ်၏ ကရိဏ်း အနက် ကံအနက်-၌ဖြစ်ခြင်း ဉာဓာတ်၏ အနုဘဝနအနက် သရဏာအနက်၌ ဖြစ်ခြင်းနှင့် ဒုတိယဝိကပ် တတိယဝိကပ် နှစ်ပါးအပေါင်း၌ ကိဋ္ဌိဟူသော ရှေ့ပုဒ်၌ ဒုက္ခသ ဟူသော နောက်ပုဒ်နှင့် တူသော ဝိဘတ်ကျေခြင်းရှိသည်၏ အဖြစ်ကို ဖွင့်ပြတော် မူအပ်၏။ထိုအလုံးစုံကို အဘယ်သို့သိအပ်ပါသနည်း။သဒ္ဒါကျမ်းမှတစ်ပါး အခြားသောကျမ်းတို့၌ သိအပ်ပါသလော။ စုဒ်ကြောင့် (ဆ) မိန့်။

နံပါတ် (၃)

(ခ)နယန္တရ ပက္ခန္တရ။ ဒုက္ခသ န ဓာနာသိပုဒ်တို့၏ အဖွင့်အဖို့ နည်းတစ် ပါးကို ပြသောကြောင့်။

(ဂ)ဝါကျာရမ္ဘ၊ (တစ်နည်း) ဒဋ္ဌီကရဏာ။ ဒုက္ခေန နာနုဘောသိ ဖွင့်ဆိုနိုင် ခြင်း အကြောင်းယုတ္တိပြ။တစ်နည်း ကာရဏာ- **[တေနာဟ 'ကရဏာတ္ထေ သာမိဝစနံ၊ အနုဘဝနတ္ထေစ ဓာနနာ' တိ။ သာရတ္ထ ၂။ ၄။]**

(ဃ) နယန္တရပက္ခန္တရ။ (င) ဝါကျာရမ္ဘ (တစ်နည်း) ဒဋ္ဌီကရဏာ။
(စ) ဝါကျာရမ္ဘ။ (ဆ) ဝါကျာရမ္ဘ (တစ်နည်း) ယုတ္တိဒဋ္ဌီ။

အထက်ပါ မိမိဖွင့်ဆိုချက်များကို သဒ္ဒါကျမ်းဖြင့် ထောက်ခံပြသော ကြောင့်။

နံပါတ် (၄)

**အတ္ထော။** ။**အဓိယတိ ဉာယတီတိ အတ္ထော။**

http://www.dhammadownload.com



**ကရဏ္ဍော**။ ။ကရဏ္ဍမေဝ အဏ္ဍော ကရဏ္ဍော။

ကရဏ္ဍဟူသော ဝိသေသနပုဒ်အရ ကရိဏ်း၏ အဖြစ်ဟူသော အဝတရ ဏ္ဍဘောဂဏ်သည် မုချ။ထို၏ အနက်နှင့် ဂုဏ်+ဂုဏေးစပ် ဌာနူ။ပုဒ်လုံးအရထို- သော ကရိဏ်းအနက်ရ၏။

**သာမိ** ။ ။သံ အဿ အတ္ထီတိ သာမိ။(သာမိ)

**ဝစနံ** ။ ။ဝုစ္စတိ ဧတေနာတိ ဝစနံ။

**သာမိဝစနံ**။ ။သာမိယော ဝစနံ သာမိဝစနံ။

သာမိနော ဒီပကံ ဝစနံ သာမိဝစနံ။

**ဒွယံ** ။ ။ဒွိန္နံ သမူဟော ဒွယံ။

**ဝိကပ္ပဒွယံ**။ ။ဝိကပ္ပါနံ ဒွယံ ဝိကပ္ပဒွယံ။

ဝိကပ္ပဟူသော ဝိသေသနပုဒ်အရ ဒုတိယဝိကပ် တတိယဝိကပ်တို့သည် မုချ။ထို-၏ နှစ်ပါးအပေါင်းနှင့် သမူဟီ+သမူဟစပ် ဌာနူ။ပုဒ်လုံးအရ ဒုတိယ, တတိယဝိကပ်တို့၏ နှစ်ပါးအပေါင်းရ၏။

**ပုရိမံ** ။ ။ပုရေ ဘဝံ ပုရိမံ။

**ပုရိမပဒံ** ။ ။ပုရိမဉ္စ တံ ပဒဉ္စာတိ ပုရိမပဒံ။

**သမာနဝိဘတ္တိ**။ ။သမာနာစ သာ ဝိဘတ္တိစာတိ သမာနဝိဘတ္တိ။

**သမာနဝိဘတ္တိလောပေါ**။ ။သမာနဝိဘတ္တိယာ လောပေါ သမာနဝိဘတ္တိလော ပေါ။

**သဒ္ဒေါ** ။ ။သဒ္ဒီယတိ အတ္ထော ဧတေနာတိ သဒ္ဒေါ။

**သတ္ထံ** ။ ။သဒ္ဒေစ အတ္ထေစ သာသတိ အာစိက္ခတိ ဧတေနာတိ သတ္ထံ။

**သဒ္ဒသတ္ထံ**။ ။သဒ္ဒဿ ဒီပကံ သတ္ထံ သဒ္ဒသတ္ထံ။

**သဒ္ဒသတ္ထာနုသာရော**။ ။သဒ္ဒသတ္ထဿ အနုသာရော သဒ္ဒသတ္ထာနုသာရော။

သဒ္ဒသတ္ထ ဝိသေသနပုဒ်အရ သဒ္ဒါကျမ်းသည် မုချ။ထို၏ အစဉ်လျှောက် ခြင်းနှင့် ကမ္မ+ကမ္မီစပ် ဌာနူ။ပုဒ်လုံးအရ သဒ္ဒါကျမ်းသို့ အစဉ်လျှောက်ခြင်းရ၏။

နံပါတ် (၅)

**အပ္ပ** ။ ။အလ+ပ။(အပ+ပ)

**ဉပယောဂေါ**။ ။ဉပရှေးရှိသော ယုဇ+ဏ။

**ဝိကပ္ပ** ။ ။ဝိရှေးရှိသော ကပ္ပ+အ။

**ဉတ္တရ** ။ ။ဉရှေးရှိသော တရ+အ။

**ဝိဘတ္တိ** ။ ။ဝိ+ဘဇ+တိ။

**လောပေါ**။ ။လုပ+ဏ။

**သဒ္ဒ** ။ ။သဒ+ဝ။

**သတ္ထာ** ။ ။သာသ+ထ၊

http://www.dhammadownload.com



နိယံ ။ ။ကျမ်းနဲ့ လက်နက်၊ ဉ်နှစ်ချက်၊ မိန့်မြွက် စိတ္တာဒိ။
ဘုရား,ဆရာ ဟောသောခါ ဝိုထ်းမှာ သတ္တာဒိ။
ကုန်သည်ဟောရာ ပုရိသာ မှတ်ပါလေကုန်ဘိ။

နံပါတ် (၆)

(က)အပ္ပမတ္တကမ္ဘိဖြင့်–ကိဋ္ဌိသဒ္ဒါ အပ္ပမတ္တကဝါစီနိပါတ်ဖြစ်သည်ကို (ဝါ)အနည်း၀ယ်ဟူသောအနက်၌ဖြစ်သည်ကိုသိစေသည်။နဇာနာသိဖြင့်–န–သဒ္ဒါကို ဇာနာသိ–ကြိယာနှင့်စပ်၍ အနက်သမ္ဗန်ရ မည်ကို သိစေသည်။

(ခ)ဒုက္ခေနဖြင့်–ဒုက္ခသ–၌ ဆဋ္ဌီသဝိဘတ်သည် သမ္ဗန်အနက်၌မဖြစ်၊ ကရိုဏ်းအနက်၌ ဖြစ်သည်ကို သိစေသည်။နာနုဘောသိဖြင့်–ဇာနာသိ–၌ ဉာဓာတ်သည် အဝဗောဓနေအနက်၌မဖြစ်၊အနုဘဝန အနက်၌ဖြစ်သည်ကို သိစေသည်။

(ဃ)ဝါကျ– (ခ) နှင့် နည်းတူဖော်။

နံပါတ် (၇)

**မနဝဟုနကော/မနောဝဟုနကော…**

သသရေဝါဂမော–သုတ်၌ ဝါ–သဒ္ဒါသည် သီဟဂတိကနည်းအားဖြင့် လိုက်လာလျက် ဩ–လာခြင်း အစီအရင်ကို တားမြစ်အပ်သောကြောင့် သမာသ် အလယ် မနောဂိုဏ်းဖြစ်သော်လည်း ဩ–မလာနိုင်ရကား မနဝဟုနကော ပါဌ်သာသင့်။

**သာမိဝစနံ/သာမီဝစနံ…**

သမာသ်အလယ်ရောက်သော ပုလ္လိင် ဣတ္ထိလိင် ဤ–ဦတို့ကို ရဿပြု အပ်သောကြောင့် သာမိဝစနံဟု ရဿဖြင့် ရှိသောပါဌ်သာသင့်။

**နဿရတိ/နသရတိ…**

သရဓာတ်၏ အာဒိဗျည်းသည် ဒွေဘော်ဌာနဖြစ်သောကြောင့် နဿရတိ ပါဌ်သာသင့်။

နိယံ။ ။ပ, ပဋိနှင့် ပတိ, ကမု, ကုသ, ကုဓ , ကီ ဂဟဟု ဓ တ ဉ သိ, သု သူ သမ္ဘု, သရ, သသ သောဠသတို့ အစဗျည်းမှာ ဒွေဘော်လာ။

နံပါတ် (၈)

(ခ–ဃ)ဝါကျနည်း။ ။ဒုက္ခဿဟူသော ဆဋ္ဌီဝိဘတ်သည် ဒုက္ခေန, ဒုက္ခံ ဟု တတိယာ ဒုတိယာဝိဘတ် ဖောက်ပြန်သောကြောင့် ဝိဘတ္တိဝိပလ္လာသ နည်း။ [ဒုက္ခဿ–မေးလျှင်လည်း အတူတူပင်]

**ဇာနာတိ** ။ ။အနုဘဝနအနက် သရဏအနက် ဟူသောလွန်သော အနက်နှင့် ယှဉ်သောကြောင့် အတ္တာတိသယနည်း။

**ကရဏတ္ထေ**။ ။အကြောင်း ကရိုဏ်းအနက်၏အမည်ကို အကျိုး ဒုက္ခဿ–သဒ္ဒါ၌တင် နာနန္တရိကနည်း။

http://www.dhammadownload.com



**ဥတ္တရပဒေန။** ။အပေါင်း ဒုက္ခသ-ဟူသော တစ်ပုဒ်လုံး၏ အမည်ကို အစိတ် ဆင်္ခါဝိဘတ်၌တင် ဧကဒေသူ-ရှုဆို။

**တစ်နည်း-ဌာန** ဒုက္ခသပုဒ်၏ ဥတ္တရပဒေနဟူသော အမည်ကို ဌာနီ ဖြစ်သော ဆင်္ခါဝိဘတ်၌တင် ဌာနူပစာ။

**သဒ္ဒသတ္တ။** ။ဌာနသဒ္ဒါကျမ်းကိုဆိုသဖြင့် ဌာနီ သုတ်,ဥဒါရဏ်, ကိုလည်း ရသောကြောင့် နာနန္တရိကနည်း။

**တစ်နည်း-**သဒ္ဒါကျမ်းတည်းဟူသော ဌာန၏အမည်ကို ဌာနီ သုတ်,ဥဒါ ရဏ်၌တင် ဌာနူ။

## နံပါတ် (၁၀)

ဉာတဖွံ့၌ ဓာတ်အရ-ဉာဏ်ပြဋ္ဌာန်းသော ကုသိုလ်ကြိယာစိတ္တုပ္ပါဒ်။

**************

## ဝါကျစဉ် (၁၀)

(က) **မရဏေနပိ မယံ တေ အကာမကာ ဝိနာ ဘဝိဿာမာတိ** သစေပိ တဝ အမှေသု ဇီဝမာနေသု မရဏံ ဘဝေယျ၊တေန တေ မရဏေနပိ မယံ အကာမကာ အနိစ္ဆကာ န အတ္တနော ရုစိယာ ဝိနာ ဘဝိဿာမ။

(ခ) တယာ ဝိယောဂံ ဝါ ပါပုဏိဿာမာတိ အတ္ထော။

(ဂ) **ကိံ ပန မယံ တံ ဇီဝန္တံ** ဝဝံ သန္တေ ကိံပန ကိံနာမ တံ ကာရဏံ၊ယေန မယံ တံ ဇီဝန္တံ အနုဇာနိဿာမ။

(ဃ) အထ ဝါ **ကိံ ပန မယံ တံ ဇီဝန္တံ** ကေန ပန ကာရဏေန မယံ တံ ဇီဝန္တံ အနုဇာနိဿာမာတိ ဧဝမေတ္ထ အတ္ထော ဒဋ္ဌဗ္ဗော။[ဝိ၊ ဋ္ဌ၊ ၁၊ ၁၇၁။]

*************

## နံပါတ် (၁)

**(က)သံဝဏ္ဏနာ ရှု၍ သံဝဏ္ဏေတဗ္ဗ အနက်။**

တေ၊ ၏။ မရဏေနပိ၊ ကြောင့်လည်း။ မယံ၊ တို့သည်။ အကာမကာ၊ ခွဲခွာခြင်း၌ အလိုမရှိကုန်သည်[သဒ္ဒတ္ထ]ဝါ၊ မိမိ၏ အလိုကျမဟုတ်ပါဘဲ ခွဲခွာ၍ ဖြစ်ကြရကုန်သည်။ [အဓိပ္ပါယတ္ထ]ဝါ၊သေကွဲ ကွဲကြရကုန်သည်။ [ဝေါဟာရတ္ထ]

**(ခ)ရှု..** တေ၊ ၏။ မရဏေနပိ၊ ကြောင့်လည်း။ မယံ၊ တေ၊ သင်နှင့် အကာမကာ၊ ကုန်သည်။(ဟုတ္ဘာ) ဝိနာ၊ ကွေကွင်းခြင်းသို့။ဘဝိဿာမ၊ ဖြစ်ကြရပါ ကုန်၏။ (သဒ္ဒတ္ထ) ဝါ၊ရောက်ကြရပါကုန်၏။ (အဓိပ္ပါယတ္ထ)

**(ဂ)ရှု-ကိံ ပန မယံ တံ ဇီဝန္တံ အနုဇာနိဿာမ အနက်။**

ယေန၊ အကြင်အကြောင်းကြောင့်။မယံ၊ တို့သည်။ တံ။ သင့်ကို။ ဇီဝန္တံ၊ အသက်ရှင်ဆဲကို။ အနုဇာနိဿာမ၊ ခွင့်ပြုကြရကုန်လိမ့်အံ့။ တံ။ ထိုအကြောင်းသည်။ ကိံပန၊ အဘယ်မည်သည့်အကြောင်းတဲ့နည်း။

http://www.dhammadownload.com



(ဃ)ရှု..ကိ ပန၊ အဘယ့်ကြောင့်။မယံတို့သည် တံ၊ကို။ ဇိဝန္တံ၊ အသက်ရှင်ဆဲကို။ အနုဓာန်သာမ၊ ခွင့်ပြုနိုင်ကုန်အံ့နည်း။

## နံပါတ် (၂)

**(ခ)သို့ ပုစ္ဆာ။** ။ဆရာသည် (က)ဖြင့် မယံ ထေ-၌ တေ-သဒ္ဒါသည် တုမှ သဒ္ဒါ၏ ကာရိယ-ဖြစ်၍ သမ္ပန်အနက်၌ ဖြစ်သည်ကိုလည်းကောင်း၊မရဏာနုဝိပုဒ်ကို ပြန်စပ်၍ အနက်သမ္ပန်အပ်သည်ကိုလည်းကောင်း ဖွင့်ပြအပ်၏။ထိုတေသဒ္ဒါသည် သမ္ပန်အနက်၌သာဖြစ်၍ မရဏာနုဝိ ပုဒ်၌သာ စပ်အပ်ပါသလော။အဘယ်အနက်၌ဖြစ်၍ အဘယ်ပုဒ်၌လည်း စပ်အပ်ပါသေးသနည်း။စုဒ်ကြောင့် (ခ) မိန့်။

**ကား။** ။သဟတ္ထ အနက်၌လည်းဖြစ်၍ ဝိနာပုဒ်၌လည်းစပ်၍ အနက်သမ္ပန်အပ်သေး၏ ဟူလို။

**(ဃ)သို့ ။** ။ဆရာသည် (ဂ) ဖြင့် ကိံ ပန-၌ ပန-သဒ္ဒါသည် ဂရဟာဓော တက/ကိံ-သည် ဂရဟတ္ထနှင့်တကွ ယေန ဟူသော အနိယမ ပါဌသေသထည့်စွက်၍ အနက်သမ္ပန်အပ်သည်ကို ဖွင့်ပြတော်မူအပ်၏။ထို ကိံ သဒ္ဒါသည် ဂရဟတ္ထသာဖြစ်၍ ယေန ဟူသော အနိယမ ပါဌသေသ စွက်၍သာအနက်ကို မှတ်သားအပ်ပါသလော။ကိံသဒ္ဒါသည် အဘယ်အနက်၌ ဖြစ်၍ ထိုဝါကျ၏အနက်ကို မည်သို့လည်း မှတ်သားနိုင်ပါသေးသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

**ကား။** ။ကိံသည် ကာရဏတ္ထ၌ဖြစ်၍ ယင်းဝါကျကို အနိယမပါဌသေသ မထည့်စွက်မူ၍ ယထာရုတ ပါဠိအားလျော်စွာ အနက်ကိုလည်း မှတ်သားရသေး၏ ဟူလို။

## နံပါတ် (၃)

(က)ပက္ခန္တရ (ခ) နယန္တရပက္ခန္တရ။(ဂ) (ဃ) နယန္တရက္ခန္တရ။

**စာစပ်။** ။တေ-ကား ၏-ပေးသောကြောင့်၊မရဏာနုဝိ-၌ သမ္ပန်+ သမ္ပန္ဓိစပ်။

**တစ်နည်း=** တေ-ကား နှင့်-ပေးသောကြောင့် ဝိနာ၌ သဟာဒိယောဂ+သဟာဒိယောဂဝန္တ စပ်။

## နံပါတ် (၄)

**မရဏာ။** ။မရိယတေ မရဏံ။

ဘာဝသာဓန တို့သဘောသည် ဓာတ်အရ ပစ္စည်းအရတူသောကြောင့် ပျက်စီးခြင်း ကြိယာရ၏။

ကြိယာတို့ မည်သည် ပရမတ္ထဒြဗ်နှင့် မကင်းကောင်းသောကြောင့် နိပ္ပန္န ရုပ် အဇ္ဈာရသတို့၏ ပျက်စီးခြင်းရ၏။

**ဇီဝမာန။** ။ဇီဝါမာတိ ဇီဝမာနာ။ [တေသု]

ဇီဝဓာတ်အရ- ရုပ်ဇီဝိတ နာမ်ဇီဝိတတို့၏ ဥပါဒ်သည်-မှချ။ ထိုရုပ်နာမ်တို့၌ ရှိသော ရုပ်အာဟာရ နာမ်အာဟာရတို့၏ အာဟာရပစ္စယသတ္တိသည် ဖလ္လ။

http://www.dhammadownload.com



မာန ပစ္စည်းအရ ဥပ္ပါဒဝန္တ ဖြစ်သော အမိ-အဖဟု သမုတ်အပ်သော သူတို့ရ၏။

**အကာမကာ။** ။နတ္ထိ ကာမော ဧတေသန္တိ အကာမကာ။

နဲ-ကာမ-ဗဟုဗ္ဗီဟိ-အရ အလိုမရှိခြင်းဟူသော အဘာဝဗောဂုဏ် မှချ။ ထို-၏ ဧတေ-အညပုဒ်အရ မိဘတို့နှင့် ဂုဏ်+ဂုဏီးစပ် ဌာန။ ဧတေ-အညပုဒ်အရ မိဘတို့ ရ၏။

**အနိစ္ဆကာ။** ။နတ္ထိ ဣစ္ဆာ ယေသန္တိ အနိစ္ဆကာ။

**ဓီဝန္တ ။** ။ဓီဝသီတိ ဓီဝန္တော။

နံပါတ် (၅)

| | |
|---|---|
| **ဣစ္ဆာ။** | ။ဣသု+အ+အာပစ္စည်း |
| **အတ္တ။** | ။အတ+တ။ [တစ်နည်း] အဒ+မာန်ပစ္စည်း။ |
| **(တစ်နည်း)။** | ။အာပုဗ္ဗ ဒါ+တ။ [တစ်နည်း] အတ္တ+အ |
| **ရှစိ။** | ။ရုစ+ဣ။ |
| **ဝိယောဂ ။** | ။ဝိ-ယုဇ+ဏ။ |
| **သန္တေ။** | ။အသ+အန္တ။ သတ္တမီဝိဘတ်။ |
| (ဂ)ကို။ | ။တိလိင်၊ သဗ္ဗနာမ်ဂိုဏ်း [တစ်နည်း] နပုလ္လိင် |
| (ဃ)ကို ။ | ။အလိင်၊ နိပါတ်ပုဒ်။ ကာရဏတ္ထ။ |

နံပါတ် (၆)

(က)တေ မရဏေနပိဖြင့် တေ-သဒ္ဒါသည် နောက်ဖြစ်သော အကာမကာပုဒ်နှင့်စပ်၍ အနက်မသမ္မန်အပ်၊ ရှေးဖြစ်သော မရဏေနပိ-ပုဒ်နှင့်စပ်၍ အနက်သမ္မန် အပ်သည်ကိုလည်းကောင်း၊တုမှသဒ္ဒါ၏ ကာရိယအဖြစ်ကို လည်းကောင်း၊ မယံနှင့် [ထောမယံ -ထိုငါတို့သည်] စပ်ရမည်ကို လည်းကောင်း သိစေ။ **အနိစ္ဆကာဖြင့်** အကာမကာကို နတ္ထိ ကာမော ယေသန္တိ အကာမကာ ဟု ဝစနတ္ထပြု၍ အ-သည် နဲ-၏ ကာရိယ ဖြစ်သည်ကိုလည်းကောင်း၊ ကာမသဒ္ဒါသည် ဝတ္ထုကာမ စသည်ကို မဟော၊ ဣစ္ဆာအနက် ဟောသည် ကိုလည်းကောင်း သိစေ။နံ အတ္တနော ရုစိယာဖြင့် အလိုမရှိဟူသည် မိမိသဘော အတိုင်း မဖြစ်ခြင်းပင် ဖြစ်၏ဟူသော အတ္တာပန္နအနက်ကို သိစေ။သစေပိ တဝ-စသည်ဖြင့် တေ-သည် တုမှ-သဒ္ဒါနှင့် တကွ ဆဋ္ဌီသဝိဘတ်၏ ကာရိယ ဖြစ်သည်ကိုလည်းကောင်း၊သင်ချစ်သားသေခြင်း ကြောင့်လည်း ငါတို့ မိဘတို့ သည် အသက်ရှင်လျက် သေခြင်းပင်ဖြစ်၏ဟုခွဲခွာ၍ ဖြစ်ရခြင်း၏ အဓိပ္ပာယ်ကို လည်းကောင်း သိစေ။

(ခ)တယာဖြင့် တေ-သည် တုမှ-သဒ္ဒါနှင့်တကွ တတိယာနာဝိဘတ်၏ ကာရိယဖြစ်သည်ကို-လည်းကောင်း၊ သမ္ဗန်အနက်၌မဖြစ် သဟာဒိယောဂအနက်၌ ဖြစ်သည်ကိုလည်းကောင်း၊ ဝိနာနှင့်ယှဉ်၍ စပ်အပ်သည်ကို လည်းကောင်း သိစေ။ **ဝိယောဂံဖြင့်** ဝိနာ-နိပါတ်သည် ဝိယောဂတ္ထ၌ ဖြစ်သည်ကို သိစေ။[ဝိမတိရှု]

http://www.dhammadownload.com



ပါပုဏိဿာမဖြင့် ဘဝိဿာမ၌ ဘူတာတ်သည် ပါပုဏာန အနက်၌ဖြစ်သည်ကို သိစေ။[တစ်နည်း] ကွေကွင်း၍ ဖြစ်ရခြင်းဟူသည် ကွေကွင်းခြင်းသို့ ရောက်ခြင်းပင် ဖြစ်၏ဟူသော အဓိပ္ပာယ်ကို သိစေ။

(ဂ)ကိံ နာမဖြင့် ကိံ ပန-၌ ပန သဒ္ဒါသည် ပဒပူရဏာဖြစ်၍ ကိံသဒ္ဒါသည် ဂရဟ အနက်ကို ဟောသော နိပါတ်ပုဒ်အဖြစ်ကို လည်းကောင်း၊ ယင်းနောင် ပဋ္ဌမာဝိဘတ်ကျေသည်ကို လည်းကောင်း သိစေ။ကာရဏံဖြင့်တံ-၌ တသဗ္ဗနာမ်သည် ကာရဏာအနက်ကို စွဲယူသုံးသပ်အပ်သည်ကို သိစေ။တံ စိဝန္တိ-ဖြင့် တံ-သဒ္ဒါသည် အကြောင်းဟူသော အနက်၊သင်-ဟူသောအနက် နှစ်-နက်ကို ဟော၍၊ ကိံ-ပုဒ်၊ စိဝန္တိ ပုဒ်တို့ကို ငဲ့လျက် အနက်သမ္ဗန်အပ်သည်ကို သိစေ။ ဇဝံ သန္တေယေန-ဖြင့် တ-သဒ္ဒါ၏ အနိယမထည့်စွက်၍ အနက်သမ္ဗန်အပ်သည်ကို သိစေ။

(ဃ)ကေန ကာရဏေန-ဖြင့် ကိံပန-၌ကိံသဒ္ဒါသည် ကာရဏာတ္ထအနက်၌ ဖြစ်သော နိပါတ်ပုဒ် ဖြစ်သည်ကို လည်းကောင်း၊ ယင်းနောင် တတိယာဝိဘတ်ကျေသည်ကိုလည်းကောင်း၊[တစ်နည်း]ပဋ္ဌမာဝိဘတ်သည်, ဟိတ်အနက်၌ ဖြစ်သည်ကို လည်းကောင်း၊ (ဝါ) ကရဏာအနက်၌ ဖြစ်သည်ကို လည်းကောင်း သိစေသည်။

**ကိံ ပနာတိဒ္ဓေ ကိန္တိ ကရဏတ္ထေ ပစ္စတ္တဝစနန္တိ ဒဿေန္တော အာဟ 'ကေန ပန ကာရဏေနာ' တိ။ (သာရတ္ထ၊ ၂။ ၅။)**

နံပါတ် (၇)

**ဝိယောဂံဝါ ပါပုဏိဿာမ/ဝိယောဂံ ပါပုဏိဿာမ...**

**တေတိ ပဒဿ သဟာတ္ထေ ကရဏဝသေနာပိ အတ္တံ ဒဿေတုံ ဝိယောဂံ** ဝါ ပါပုဏိဿာမာတိ အတ္ထန္တရံ ဝုတ္တံ-ဟူသော ဝိမတိဋီကာကို ထောက်၍ ဝိယောဂံဝါဟု ဝါ-သဒ္ဒါ ပါသော ပါဌ်သင့်။

မှတ်ချက်။ ။[ဘာဋီ-၌ ကရဏာဝသေနာပိ ဝယ် ပိ-ဖြင့် သမ္ပိန်အနက်ကို ပေါင်းစည်းပြီး ဖြစ်သောကြောင့် နယန္တရ ဝါ မလိုအပ်ဟု ယူဆလျက် ဝါ-မပါသော ပါဌ်သင့်၏ဟု ဆို၏]

**ဝေမေတ္တ/ဝေမွေတ္တ...**

အထဝါ-ဖြင့် ရှေ့အနက်ကို ပေါင်းစည်းပြီး ဖြစ်ရကား အပိ-အတွက် ပေါင်းစည်းစရာ အနက်မရှိသောကြောင့် ဝေမေတ္တပါဌ်သာသင့်။

နံပါတ် (၈)

**ကိံ ပန မယံ တံ။** ။တ-သည် တစ်ပုဒ်တည်းဖြစ်လျက် ထိုအကြောင်း ဟူသောအနက်၊ သင်ချစ်သား ဟူသောအနက် ဤသို့ သတ္တိပြားသဖြင့် နှစ်-နက်ရသောကြောင့် ဘိန္နသတ္တိသမဝေတနည်း။

http://www.dhammadownload.com



**ရေဏေနုပိ ဓယိ တော။** ။တော-သည် မရဏေနုပိသဒ္ဒါနှင့်လည်းကောင်း၊ဝိနာ သဒ္ဒါနှင့်လည်းကောင်း နှစ်-ပုဒ်လုံးကို ငဲ့သောကြောင့် ကာရကောလောကနနည်း။

**ကိံ ပန မယိ တံ။** ။အကြောင်းဖြစ်သော အသက်ရှင်ဆဲ ခွင့်ပြုကြောင်း ကို ကဲ့ရဲ့ခြင်းကိုဆိုသဖြင့် အကျိုးဖြစ်သော ရှင်ရဟာန်းပြုခွင့် လုံးဝမရှိခြင်းဟူသော အနက်ကိုလည်း ရသောကြောင့် ကာရဏူပစာ၊ နာနန္တရိကနည်း။

**မှတ်ချက်။** ။ကိံ ပန-ဖြင့် အကြောင်းကိုပယ်၏ဟူသော ပါရာဇိကာဏ် ဂဏ္ဌိကိုထောက်။

နံပါတ် (၁၀)

**ဒဠှဝွာ-၌ ဒိသဓာတ်အရ။** ။အနက်ကို မှတ်သားကြောင်း အခြင်းအရာအားဖြင့်ဖြစ်သော ကုသိုလ် ကြိယာစိတ္တုပ္ပါဒ်။

ဇီဝန္တ်အရ-အသက်ရှင်ဆဲဖြစ်သော သုဒိန်၏ ခန္ဓာပဥ္စကဒြဗ်။

(တစ်နည်း) ရုပ်ဇီဝိတ နာမ်ဇီဝိတ။

*************

ဝါကျစဉ် (၁၁)

(က) **ပရိစာရေဟီတိ** ဂန္ဓဗ္ဗနစ္စနာဋကာဒီနိ ပစ္စုပဋ္ဌာပေတွာ တတ္ထ သဟာယ ကေဟိ သဒ္ဓိံ ယထာသုခံ ဣန္ဒြိယာနိ စာရေဟိ သဉ္စာရေဟိ။

**တစ်နည်း။** ။ဝ႑ာဝပုတ္တိ ကမ္မဓာရည်းသမာသ်တို့၏ သဘောသည် ရှေးပုဒ် နောက်ပုဒ် အရ အထူးမရှိသောကြောင့် ဂေါ-အရလည်းကောင်း၊ရူပ-အရလည်း ကောင်း နွားရှိ၏။

**အပရိဘောဂါရဟာ။** ။ပရိဘောဂံ န အရဟာတီတိ အပရိဘောဂါရဟော။ [အဲယုတ္တသမာသ်]
န ပရိဘောဂေါ အပရိဘောဂေါ။အပရိဘောဂံ အရဟာတီတိ အပရိဘောဂါရဟော။ [ယုတ္တသမာသ်]

**ကစဝရ။** ။နာနာဝိဓေ သင်္ကာရေ ရာသီကရဏဝသေန ကစတိ ဗန္ဓတိ ဓောနာတိ ကစော။ ကစော ဧတ္ထ ဝရိတဗ္ဗော ဣစ္ဆိတဗ္ဗောတိ ကစဝရော။
(ကစဝရော - တံမြက်စည်းကို အလိုရှိအပ်ရာ အမှိုက်။)

**ဆဒ္ဒန္တိယ။** ။ဆဒ္ဒေတဗ္ဗောတိ ဆဒ္ဒန္တိယော။

ဆဒ္ဒဓာတ် ကတ္တုဋ္ဌ-စွန့်ပစ်တတ်သော ကျွန်မ၏ကာယဝိညတ္တိ သမုဋ္ဌာ ပက စိတ္တုပ္ပါဒ် မှုချ။ကမ္မဋ္ဌ-စွန့်ပစ်အပ်သော မယောမှုန့်၏ ပကတူပနိဿယတ္တိဖလူ အနီယ ပစ္စည်း-စွန့်ပစ်အပ်သော မယောမှုန့်ရှိ၏။

**ဆဒ္ဒနီယဓမ္မ။** ။ဆဒ္ဒနီယော ဓမ္မော ယဿာတိ ဆဒ္ဒနီယဓမ္မော။

ဆဒ္ဒနီယဓမ္မ-ဗဟုဗ္ဗီအရ စွန့်ပစ်ထိုက်သည်၏အဖြစ်ဟူသော ပုပ်သိုးနေ ခြင်းသဘော-မှုချ။ထို၏ ယ-အညအရ ကုမ္မာသ နှင့် နိဿိတ + နိဿယဌာန။ ယ-အညအရ စွန့်ပစ်ထိုက်သည်၏အဖြစ်ဟူသော ပုပ်သိုးခြင်းသို့ သက်ရောက်သော ကုမ္မာသ ရှိ၏။(ဓေတ်နှင့်အရတူ၍ သာမန်ဆက်ဆံသောကြောင့် နပုံလိင်ချသည်)

**နိဿဋ္ဌပရိဂ္ဂဟ။** ။နိဿဋ္ဌော ပရိဂ္ဂဟော ယဿာတိ နိဿဋ္ဌပရိဂ္ဂဟံ။

## နံပါတ် (၅)

**အန္တ။** ။အမ + တ။
**အန္တမသော။** ။အန္တပုဒ်၊ ဣမ + နာဝိဘတ်-သောပြု။
**ကစ။** ။ကစ + အ။
**ဘဂိနီ။** ။ဘဇ + အ။ [ဘဇိတဗ္ဗံ သေဝိတဗ္ဗန္တိဘာဂံ=အင်္ဂဓာတံ။]
[ဘဂံ အဿ အတ္ထီတိ ဘဂိနီ။]
**အရိယ။** ။အရ + ယ။ တစ်နည်း-န သဒ္ဒ+ဣရိယ+အ။
**နိဿဋ္ဌ။** ။နိ+သဇ + တ။

http://www.dhammadownload.com



ပတ္တ။ ။ပတ + တ။ တစ်နည်း။ ပ+တာ + တ။

နံပါတ် (၆)

(ခ)သစေ့ ဓတဲ ဖြင့် သစေတ် ကို သစေ+ဓတဲ ဟုပဒစ္ဆေဒပြုအပ်သည်ကို သိစေ။

(ဂ)အာလပတိဖြင့် ဘဂိနိ္ဒ ပဌမာဝိဘတ်သည် လိင်္ဂတ္တဒ္ဓိမသက်၊ အာလုပ်အနက်၌ သက်သည်ကိုသိစေ။ယင်းအာလုပ်သည်လည်း သဇီဝအာလုပ်ဖြစ်သည်ကိုသိစေ။အရိယဝေါဟာရေန- ဉာတိဒါသိဖြင့် ယင်းသို့ခေါ်ဝေါ်ခြင်းသည်လည်း အရိယာဝေါဟာရဖြင့် ချွေမျိုးတို့၏ ကျွန်မကို ခေါ်ဝေါ်ခြင်းပင်ဖြစ်၏ဟူသော အဓိပ္ပာယ်ကိုသိစေ။

(ဃ)ဆဒ္ဓေတဗ္ဗသဘာဝံ-ဖြင့် ဆဒ္ဓနိယံ၌ အနိယပစ္စည်းသည် ကတ္တားအနက်၌ ဖြစ်သည် မဟုတ်။ကံအနက်၌ ဖြစ်သည်ကိုလည်းကောင်း၊ဆဒ္ဓေတဗ္ဗောတိ ဆဒ္ဓနိယော-ဟု ဝဇနတ္ထပြုအပ်သည်ကိုလည်းကောင်း၊ ဓမ္မသဒ္ဒါသည် ပရိယတ္တိစသော အနက်၌ဖြစ်သည် မဟုတ်၊သဘာဝအနက်၌၊ ဖြစ်သည်ကိုလည်းကောင်း သိစေ၊သာမတ္တိယအားဖြင့် ဆဒ္ဓနိယော ဓမ္မော ယဿာတိ ဆဒ္ဓနိယဓမ္မောဟုဗဟုဗ္ဗိသမာသ် ဝဇနတ္ထပြုအပ်သည်ကိုလည်း သိစေ။

နံပါတ် (၇)

ဆဒ္ဓေတုကာမာ/ဆဋ္ဌေတုကာမာ/ ဆဒ္ဓနိယဓမ္မံ/ ဆဋ္ဌနိယဓမ္မံ···

ဆဒ္ဓော၊ ဆဋ္ဌော၊ ဆဒ္ဓေန စု ဟု ဓာတွတ္ထ၌ ဆိုသောကြောင့် ဆဒ္ဓဓာတ် ဆဋ္ဌဓာတ် နှစ်မျိုးလုံးသည်ပင် စွန့်ပစ်ခြင်းအနက်ကိုဟော၍ ၂-ပါဌ်လုံးသင့်။

နိဿဋ္ဌပရိဂ္ဂဟံ/ နိသဋ္ဌပရိဂ္ဂဟံ။

ဓာတွတ္ထဗာဓက နိ ဥပသာရနှောင် ရောက်၍ သဓာတ်၏ အာဒိဗျည်းသည် ဒွေတော် ဌာနဖြစ်ရကား နိဿဋ္ဌပရိဂ္ဂဟံ ဟု ဒွေတော်ဖြင့်ရှိသောပါဌ်သာ သင့်။

နံပါတ် (၈)

ဂေါရူပ။ ။အစိတ်ဖြစ်သော နွားကိုမှတ်၍ ဆိုသဖြင့် အပေါင်းဖြစ်သော အခြားသော သတ္တဝါတို့လည်း ရသောကြောင့် ဥပလက္ခဏနည်း၊ ကေဒေသူ။တစ်နည်း=ဂေါနှင့်ရူပ မကွဲပြားသော်လည်း ကွဲပြားသကဲ့သို့ ဆိုသောကြောင့် အဘေဒဘေဒူ။

ဘဂိနီ။ ။အတူဖြစ်သော ညီမငယ်၏ဘဂိနိ-အမည်ကို အတူရှိသော ဉာတိဒါသီ၌ တင်စား သဒိသူပစာ။

နံပါတ် (၁၀)

ကစာဝရံ။ ။ဝေဝစနာဟာရနေတ္တိ။

ကစဝရော ကွာပေါ် သင်္ကာရောစ ကသမ္ဗုပိ။

http://www.dhammadownload.com



## ဝါကျစဉ် (၁၉)

(က) ကိံ ပန စေ ဝဏ္ဏံ လဗ္ဘတိ၊ ဝိညတ္တိ ဝါ ပယုတ္တဝါစာ ဝါ နဟောတီတိ?။

(ခ) န ဟောတိ။

(ဂ) ကသ္မာ? နိဿဋ္ဌပရိဂ္ဂဟတ္တာ။

(ဃ) ယဉ္ဟိ ဆဍ္ဍိနီယဓမ္မံ နိဿဋ္ဌပရိဂ္ဂဟံ၊ယတ္ထ သာမိကာ အနာလယာ ဟောန္တိ၊ တံ သဗ္ဗံ "ဒေထ, အာဟရထ, ဣစ္စ အာကိရထ" တိဝတ္တုံ ဝဋ္ဋတိ။

(င) တထာ ဟိ အဂ္ဂအရိယဝံသိကော အာယသ္မာ ရဋ္ဌပါလောပိ ဆဍ္ဍိနီယဓမ္မံ ကုမ္မာသံ "ဣစ္စ မေ ပတ္တေ အာကိရာ"တိအဝစ။

(စ) တသ္မာ ယံ ဇေဝရူပံ ဆဍ္ဍိနီယဓမ္မံ၊ အညံ ဝါ အပရိဂ္ဂဟိတံ ဝနမူလဖလ ဘေသဇ္ဇာဒိကံ၊တံ သဗ္ဗံ ယထာသုခံ အာဟရာပေတွာ ပရိဘုဉ္ဇိတဗ္ဗံ၊ န ကုက္ကုစ္စာယိတဗ္ဗံ။ [ပါ၊ ဋ္ဌ၊ ၁၊ ၁၇၄။]

****************

### နံပါတ် (၁)

(ခ)ဝိညတ္တိဝါ၊တိုက်ရိုက်တောင်းခြင်းသည်သော်လည်းကောင်း။ပယုတ္တ ဝါစာဝါပစ္စည်းနှင့်စပ်သော ပရိယာယ်စကားသည်သော်လည်းကောင်း။နဟောတိ၊ ဣတိ၊တည်း။ (က)ဝါကျမှလိုက်။

(ဃ)ဟိ၊ ချဲ့။တစ်နည်း-ဟိ၊ မှန်။ယံ၊ အကြင်ဥစ္စာသည်။ယတ္ထ၊အကြင် ဥစ္စာ၌။အနာလယာ၊ တွယ်တာခြင်းမရှိကုန်သည်။ ဣစ္စ၊ ဤသပိတ်၌။

(င)တထာဟိ၊ထိုစကားမှန်။ အဂ္ဂအရိယဝံသိကော၊မြတ်သောအကျင့်ကို ဖြည့်ကျင့်သူတို့တွင် အမြတ်ဆုံးဖြစ်သော။ အာယသ္မာရဋ္ဌပါလောပိ၊သော်မှလည်း ကောင်း။

(စ)ယံ၊အကြင်ဝတ္ထုသည်။ဝနမူလဘေသဇ္ဇာဒိကံ၊တော၌ဖြစ်သောသစ်မြစ်, သစ်သီး, ဆေးအစရှိသော။ယံဝါ၊ သည်လည်း။[အတ္ထိ] နကုက္ကုစ္စာယိတဗ္ဗံ၊ ကုက္ကုစ္စ ကို မပြုထိုက်။

### နံပါတ် (၂)

(ဂ)သို့။ ။ဆရာ ခ-ဖြင့် ဝိညတ်သည်လည်းကောင်း၊ ပယုတ္တဝါစာသည်လည်း ကောင်း မဖြစ်ဟု ဖွင့်ပြအပ်၏။အဘယ့်ကြောင့် ဝိညတ်သည်လည်းကောင်း၊ပယုတ္တ ဝါစာသည်လည်းကောင်း မဖြစ်ပါသနည်း။အာကိရဟူ၍ တိုက်ရိုက်တောင်းသည် မဟုတ်ပါလော။သစေ ဆဍ္ဍိနီယဓမ္မံဟူ၍ ပရိယာယ်အားဖြင့် မတောင်းသည်မဟုတ် ပါလော။ဟုဒ်ကြောင့် [ဂ] မိန့်။

(ဃ)သို့။ ။ဆရာ ဂ-ဖြင့် စွန့်လွှတ်အပ်သော သိမ်းပိုက်ခြင်းရှိသည်၏အဖြစ်ကြောင့် ဝိညတ်သည်လည်းကောင်း၊ပယုတ္တဝါစာသည်လည်းကောင်း မဖြစ်ဟု အကျိုး၏ အကြောင်းကို အကျဉ်းအားဖြင့် ဖွင့်ပြအပ်၏။ထိုအကြောင်းကို အဘယ့်သို့လျှင်

http://www.dhammadownload.com



အကျယ်အားဖြင့် သိနိုင်ပါသနည်း။ အကြောင်း၏ အကျယ်ကို မပြဆိုပြီလော (ဃ) မိန့်။

(င)သို့။ ။အာဘောဂါယုတ္တစောဒနာ။ဆရာ ဃ-ဖြင့် ဆဒ္ဒနီယမေ့ နိဿဋ္ဌပရိဂ္ဂ ဟဖြစ်သော ဝတ္ထုအားလုံးကို ဒေထ, အာဟရထ, ဣမ အာကိရထ-ဟူ၍ ပြောဆိုခြင်းမှာ ရအပ်သည်၏အဖြစ်ကို ဖွင့်ပြအပ်၏။ရဟန်းတို့အား ဝစီဝိညတ်ဖြင့် တောင်းခြင်းသည်လည်းကောင်း ပစ္စည်းနှင့်စပ်သော စကားသည်လည်းကောင်း ပြောဆိုခြင်းမှာ မအပ်သည် မဟုတ်ပါလော။ ယင်းသို့ဖြစ်လျက် ဆဒ္ဒနီယမေ့,နိဿဋ္ဌ ပရိဂ္ဂဟဖြစ်သော ဝတ္ထုကို ဒေထ အာဟရထ ဣမ အာကိရထ-ဟုဆိုခြင်းမှာ အသို့သင့်နိုင်ပါအံ့နည်း [င] မိန့်။

ကား။ ။ရဟန်းတို့အား ဝစီဝိညတ်ဖြင့် တောင်းခြင်းသည်လည်းကောင်း ပစ္စည်းနှင့်စပ်သော စကားသည်လည်းကောင်း ပြောဆိုခြင်းမှာ မအပ်ငြားသော်လည်း အဂ္ဂအရိယဝံသဖြစ်သော ပဋိပတ်ကို ဖြည့်ကျင့်သော ပုဂ္ဂိုလ်တို့ထက် မြတ်သော အရှင်ရဋ္ဌပါလသည်လည်း စွန့်ပစ်အပ်သော သဘောရှိသော မုယောမုန့်ကို ဣမေ ပတ္တေ အာကိရဟူ၍ ဆိုဖူးပြီး။ထိုပုံကို ထောက်ဆသောအားဖြင့် ထိုစကားသင့် ပါ၏ ဟူလို။

## နံပါတ် (၃)

(က)စောဒနာဝါကျ။ (ခ)ပရိဟာရ။ (ဂ) ကာရဏ။

(ဃ)ဝိတ္ထာရ။ တစ်နည်း-ကာရဏ [ဘာဒ္ဒိ] (င)ယုတ္တိဒဋ္ဌိ တစ်နည်း - ဉာပကဒဋ္ဌိ (စ)လဒ္ဓဂုဏ။

## နံပါတ် (၄)

အဂ္ဂအရိယဝံသိက။ ။ပကဋ္ဌဘာဝံ အဇတိ ဂစ္ဆတီတိ အဂ္ဂေါ။ [အဇ + အ]

ဝနောတိ ပတ္ထရတီတိ ဝံသော။ အရိယာနံ ဝံသော အရိယဝံသော။

အရိယဝံသံ ပူရေန္တီတိ အရိယဝံသိကာ။

အရိယဝံသိကာနံ အဂ္ဂေါ အဂ္ဂအရိယဝံသိကော။

အရိယဝံသိက ဝိသေ အရ - အရိယဝံသ ပဋိပတ်ကို ဖြည့်ကျင့်တတ်သော အရိယပုဂ္ဂိုလ်တို့သည် မုချ။ထို-၏ မြတ်သော အရှင်ရဋ္ဌပါလနှင့် ဟီန + ဥက္ကဋ္ဌ (ဝါ) အပေါင်း/အစိတ် စပ် ဌာန။ပုဒ်လုံး - အရိယဝံသိကပုဂ္ဂိုလ်တို့ထက်မြတ်သော အရှင်ရဋ္ဌပါလဒြပ်ကို အပဓာန-အားဖြင့် ရ၏။ဝိသေသနဖြစ်၍ အရိယာဝံသ ပုဂ္ဂိုလ်တို့ထက် မြတ်သည်၏ အဖြစ်တည်းဟူသော ဂုဏ်သည်သာ ပဓာနအားဖြင့် ရ၏။

ပယုတ္တဝါစာ။ ။ဝုစ္စတေတိ ဝါစာ။ ပယောဇီယတေတိ ပယုတ္တာ။

ပယုတ္တာ စသာ ဝါစာ စာတိ ပယုတ္တဝါစာ။

http://www.dhammadownload.com



ပယုတ္တ ဝိသေ-စပ်ယှဉ်အပ်သည်၏ အဖြစ်ဟူသော ဂုဏ် မုချ။ထို၏ စကားနှင့်ဂုဏ်/ဂုဏေး စပ် ဌာန။ပုဒ်လုံး-စပ်ယှဉ်သောပရိယာယ်စကား ရ၏။

**နိဿင္ဒပရိဂ္ဂဟတ္တံ။** ။**နိဿင္ဒပရိဂ္ဂဟဿ ဘာဝေါ နိဿင္ဒပရိဂ္ဂဟတ္တံ။**

နိဿင္ဒပရိဂ္ဂဟ တဒ္ဓိတ်အရ = သိမ်းပိုက်အပ်သော စွန့်လွှတ်ခြင်းရှိသူ မုချ။ထို-၏ တ္တပစ္စည်း သိမ်းပိုက်အပ်သော စွန့်လွှတ်ခြင်းရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ စွန့်လွှတ်ခြင်း ကြိယာနှင့် နိသျ/နိဿိတ-ဌာန။တ္တ ပစ္စည်းသိမ်းပိုက်အပ်သော စွန့်လွှတ်ခြင်းရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ စွန့်လွှတ်ခြင်းကြိယာ ရ၏။

**ဘေသဇ္ဇ။** ။**ဘိသက္ကဿ ဣဒံ ဘေသဇ္ဇံ။**

**မူလဥ္စ ဖလဥ္စ ဘေသဇ္ဇဉ္စ မူလဖလဘေသဇ္ဇံ။**

**ဝနမူလဖလဘေသဇ္ဇာဒိ။**။**ဝနေ ပဝတ္တံ မူလဖလဘေသဇ္ဇံ ဝနမူလဖလဘေသဇ္ဇံ။**

**တံ အာဒိ ယဿာတိ ဝနမူလဖလဘေသဇ္ဇာဒိ။**

**သာမိကာ။** ။**သံ အဿ အတ္ထီတိ သာမီ။ သာမိယေဝ သာမိကာ။**

နံပါတ် (၅)

**ဝိညတ္တိ။** ။ဝိ+ ဉာ + တိ။

**သာမိ။** ။သံ ပုဒ် + ဧ ပစ္စည်း။ မလာ

**အာလယာ။** ။အာ+ လီ + ဏ။

တံသဗ္ဗံ-ဝတ္တုံ၌စပ်ခိုက် ဒုတိယာဝိဘတ် ကံ-အနက်၊ ဝဒ္ဓတိ၌ စပ်ခိုက် လိင်အနက် ပဌမာဝိဘတ်။

**ဝတ္တုံ။** ။ဝစ + တုံ။ တစ်နည်း။ ဝဒ + တုံ။ စတုတ္ထီသဝိဘတ် သမ္ပဒါန်အနက်။ (တစ်နည်း)ပဌမာဝိဘတ် လိင်အနက်။[ဝတ္တုံ ဝစနံ-ပြောဆိုခြင်းသည်ဟု ပေး]

**ဝံသ။**။ဝန + သ။

**ဝန။** ။ဝန + အ။ [ကောလိလာဒီဟိ ဝနီယတေ ဘဇီယတေတိ ဝနံ]

**မူလ။**။မူလ + အ။ [မူလတိ ပတိဋ္ဌဟတိ ဧတ္ထာတိ မူလံ]

**ကုက္ကုစ္စာယိတဗ္ဗံ။** ။ကုက္ကုစ္စဟူသော နာမ ဓာတ်နောင် အာ်စာရ အနက်၌ အာယပစ္စည်း သက်။

နံပါတ် (၆)

**ဟတ္ထာနန္တိ ဘိက္ခာဂ္ဂဟဏတ္ထံ ပတ္တံ ဥပနာမယတော မဏိဗန္ဓတော ပဘုတိ ဒွိန္နမ္ပိ ဟတ္ထာနံ။ ဋ္ဌ။ ၁၇၅။**

**မဏိဗန္ဓတော ပဘုတိ ဒွိန္နမ္ပိဟတ္ထာနံ** ဖြင့် ဟတ္ထာနံ အရလက်ကောက် ဝတ်မှစ၍ လက်ဖျား တိုင်အောင် လက်အစိတ်အပိုင်းကို ဟတ္ထအရ ကောက်ယူ အပ်သည်ကို သိစေ။**ဘိက္ခာဂ္ဂဟဏတ္ထံပတ္တံ ဥပနာမယတော**ဖြင့် ၎င်းလက်တို့သည် သာမန်ပုဂ္ဂိုလ်၏လက်မဟုတ် ဆွမ်းခံခြင်း၌ သပိတ်ကိုညွတ်စေသော အရှင်သုဒိန်

http://www.dhammadownload.com



၏လက်တို့ပင်ဖြစ်၏ ဟူသော အဓိပ္ပာယ်ကို သိစေ။

နံပါတ် (၇)

**ဝိညတ္တိ ဝါ ပယုတ္တဝါစာ ဝါ/ဝိညတ္တိသမ္ပယုတ္တဝါစာ...**

"အာကိရာ တိ ဝုတ္တတ္တာ ဝိညတ္တိ ဝါ တိ ဝုတ္တံ သစေတံ ဆဠနိယ ဓမ္မံ တိ ပရိယာယံ အမုဥ္စိတွာ ဝုတ္တတ္တာ ပယုတ္တဝါစာတိ ဝုတ္တံ ပစ္စယပဋိသံယုတ္တာ ဝါစာ ပယုတ္တဝါစာ" ဟု သာရတ္ထ၌ ဖွင့်ဆိုသောကြောင့် "ဝိညတ္တိဝါ ပယုတ္တဝါစာဝါ" သာသင့်။

**ဝနမူလဖလဘေသဇ္ဇာဒိကံ/ဝနမူလဖလဘေသဇ္ဇာဒိ/ဝနမူလဖလ ဘေသဇ္ဇာဒီနံ...**

ဝနမူလဖလဘေသဇ္ဇာဒိကံ / ဝနမူလဖလဘေသဇ္ဇာဒီနံ- ရှိ၏။ မသင့်ဟု ဂဏ္ဌိဆရာ ဆို၏။ဘာဋီ-၌ ဝနမူလဖလဘေသဇ္ဇာဒိကံ-ကို အနက်ယောဇနာ၏။

နံပါတ် (၈)

**အဂ္ဂအရိယဝံသိကော။** ။အရိယဝံသ အကျင့်ဟူသော ဌာနီဖြင့် အရှင်ရှေ့ပါလ ဟူသော ဌာနကိုမှတ်၍ အရိယဝံသ အကျင့်ဟူသော မှန်မှန်မြတ်မြတ် ဖြည့်ကျင့်ခြင်း ဟူသော အများကို ဆိုသဖြင့် အခြားသောအကျင့်တို့လည်း ကျင့်၏ဟူသောအနည်း ငယ်ကိုလည်း ရသောကြောင့် ယေဘုယျနည်း။

**ဆဠနိယဓမ္မံ။** ။အစိတ်ဖြစ်သော စွန့်ပစ်ထိုက်သော သဘောရှိသော ပစ္စည်း ဝတ္ထုကို မှတ်၍ဆိုသဖြင့် အပေါင်းဖြစ်သော ဆဠနိယဓမ္မ၊အပရိဂ္ဂဟိတဝနမူလ စသည်ကိုလည်း ရသောကြောင့် ဥပလက္ခဏာနည်း။ ဧကဒေသူပစာ။

**ဝိညတ္တိ။** ။အပေါင်းဖြစ်သော တောင်းခြင်းအားလုံးတို့၏ ဝိညတ္တိအမည်ကို အစိတ်ဖြစ်သော တိုက်ရိုက်တောင်းခြင်း၌ တင်စား-ဧကဒေသူပစာ။

ဆိုအပ်လတ္တံ့သော ပယုတ္တဝါစာအရ ပရိယာယ်အားဖြင့် တောင်းခြင်းမှ ကြွင်းသော တိုက်ရိုက် တောင်းခြင်းကို ယူအပ်သောကြောင့် ပါရိသေသနည်း။

နံပါတ် (၁၀)

**န ကုက္ကုစ္စာယိတဗ္ဗံ ၌ ကုက္ကုစ္စ အရ။** ။မဟာကုသိုလ် မဟာကြိယာ ဉာဏသမ္ပယုတ်၌ရှိသော ဉာဏ်ဟူသော ဝိနယကုက္ကုစ္စ။

**ဝိပ္ပဋိသာရကုက္ကုစ္စ** အရ - ဒေါသမူ စိတ္တုပ္ပါဒ်

**အသံယတ ကုက္ကုစ္စ** အရ - မောဟ ပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်

*********

ဝါကျစဉ် (၂၀)

(က) ဟတ္ထာနတ္တိ ဘိက္ခာဂ္ဂဟဏတ္တံ ပတ္တံ ဥပနာမယတော မဏိဗန္ဓတော ပဘုတိ ဒ္ဒိန္နမ္ပိ ဟတ္ထာနံ။

http://www.dhammadownload.com



(ခ) ပါဒါနုဋ္ဌိ နိဝါသနန္တတော ပဋ္ဌာယ ဒ္ဒိန္နမ္ဗိ ပါဒါနံ။

(ဂ) သရသာတိ "သစေတံ ဘဂိနီ" တိ ဝါစံ နိစ္ဆာရယတော သရသဥ္စ။

(ဃ) နိမိတ္တံ အဂ္ဂဟေသီတိ ဂိဟိကာလေ သလ္လက္ခိတပုဗ္ဗံ အာကာရံ အဂ္ဂဟေသိ။ သဥ္ဇာနိ သလ္လက္ခေသိ။

(င) သုဒိန္နော ဟိ ဘဂဝတော ဒ္ဒါဒသမေ ဝဿေ ပဗ္ဗဇိတော၊ ဝီသတိမေ ဝဿေ ဉာတိကုလံ ပိဏ္ဍာယ ပဝိဋ္ဌော သယံ ပဗ္ဗဇ္ဇာယ အဋ္ဌဝဿိကော ဟုတ္တာ။ (ဝိ၊ဋ္ဌ၊၁။၁၇၄/၅)

************

နံပါတ် (၁)

(က)ဥပနာမယတော-ကပ်၍ ညွှတ်စေစဉ်။ ဝါ-စေသော။အာယသ္မတော သုဒိန္နဿ-၏။ မဏိဗန္ဓတော-လက်ကောက်ဝတ်မှ။[က]ဘိက္ခာဂ္ဂဟဏတ္တံ၊ဆွမ်းကိုယူခြင်းငှာ။ [သဒ္ဒတ္တ] ဝါ။ ဆွမ်းခံခြင်းငှာ။ [အဓိ]။

[ဂ]နိစ္ဆာရယတော-မြွက်ဆိုသော။ အာယသ္မတော သုဒိန္နဿ-၏။

[င]ဟိ-မှန်။ [တစ်နည်း] ဟိ ယသ္မာ။ ပဗ္ဗဇ္ဇာယ - ရှင်ရဟန်းအဖြစ်ဖြင့်။.

[စ]နံ-ထို သုဒိန်ကို။နိမိတ္တံ ပန-ရှေး၌ မှတ်သားအပ်သောအခြင်းအရာတို့ကား။ အဂ္ဂဟေသိ-ယူပြီ။ [သဒ္ဒတ္တ] ဝါ-ကောင်းစွာသိပြီ။ဝါ-မှတ်မိပြီး [ဝေါ]

နံပါတ် (၂)

**(ခ)အနုသန္ဓေ။** ။ဤသို့က-ဖြင့် သမုဒ္ဒေါ မယာ ဒိဋ္ဌောကဲ့သို့ ကေဒေသျူပစာအားဖြင့် ဟတ္ထ-သဒ္ဒါသည် လက်ကောက်ဝတ်မှစ၍ လက်ဖျားတိုင်အောင် လက်အစိတ်ကို ဟောသည်၏အဖြစ်ကို ပြပြီး၍။ယခုအခါ၌ ပါဒ-သဒ္ဒါသည်လည်း ငှင်းဥပစာဖြင့်ပင် သက်နန်းပိုင်စွန်းမှစ၍ ခြေဖျားတိုင်အောင် ခြေအစိတ်ကို ဟောသည်၏အဖြစ်ကို ပြခြင်းငှာ [မိန့်]။

**(င)သို့ ယုတ္တာဘောဂ စောဒနာ။** ။ဆရာ ဃ-ဖြင့် နိမိတ္တဟူသည် ရှေး၌ မှတ်သားဖူးသော သဏ္ဌာန်၊ အမှတ်အသားပင်ဖြစ်၏။ ထိုပုံသဏ္ဌာန် အမှတ်သားကိုသာ မှတ်မိပြီဟု ဖွင့်ပြအပ်၏။အဘယ့်ကြောင့် ဆွေမျိုးတို့၏ကျွန်မသည် အရှင်သုဒိန်ကို ပုံသဏ္ဌာန်အမှတ်အသားကိုသာ မှတ်မိပါသနည်း။ဝါ-မြင်လျှင်မြင်ခြင်းကောင်းစွာ မသိပါသနည်း။ အရှင်သုဒိန်သည် ကြာမြင့်စွာသော ကာလပတ်လုံး မိမိလုပ်ကျွေးဖူးသော အရှင့်သားဖြစ်သည် မဟုတ်ပါလော။တစ်နည်း ရဟန်းဖြစ်သောကြောင့်လော။ [ဂဏ္ဌိ] စုဒ်ကြောင့် [င] မိန့်။

**(စ)နိမိတ္တံ ပန အဂ္ဂဟေသိသို့။** ။ဆရာ တေန စသည်ဖြင့် ထိုကျွန်မသည် အရှင်သုဒိန်ကို ကောင်းစွာမသိဟု ဖွင့်ပြအပ်၏။ လုံးဝမမှတ်သားမိဟူ၍ မှတ်သားအပ်ပါသလော။အဘယ်သို့ မှတ်သားအပ်ပါသနည်း။စုဒ်ကြောင့် နိမိတ္တံ ပန အဂ္ဂဟေသိ-မိန့်။

http://www.dhammadownload.com



နံပါတ် (၃)

[ခ]ပကၠန္တရ။[ဂ]ပကၠန္တရ။[ဃ]ပကၠန္တရ။[င]ယုတ္တိဒဋ္ဌိကရဏ။တစ်နည်း-ကာရဏ။[စ]ဖလ။ ထိုတွင် တေန စသည် ဗျတိရေက။ နိမိတ္တံ စသည် အန္ဓယ။
**တစေဝ်။** ။သယံ ကား ကိုယ်တိုင်ဟူ၍ အနက်ပေးသောကြောင့်၊ဟုတွာ-၌ စဉ်းငယ်စပ်၍ ပဝိဋ္ဌော၌ တတိယာဝိသေသန/ဝိသေသျ စပ်။တစ်နည်း ကတ္တား/ကတ္တိ စပ်။

သုဒိန္နော-သည် ပေးသောကြောင့် ပဗ္ဗဇိတော၌ ကတ္တား + ကတ္တိစပ်။ တစ်နည်း ဟုတွာ ပဝိဋ္ဌော၌ ကတ္တား + ကတ္တိ။

နံပါတ် (၄)

**မထိဗန္ဓ။ ။ဗန္ဓတိ ဧတ္ထာတိ ဗန္ဓော။ မထိ ဝိကတိယာ ဗန္ဓော မထိဗန္ဓော။**

ဗန္ဓ-ဓာတ် ကတ္တုဋ္ဌ-ပတ္တမြားတန်ဆာအထူးကို ဖွဲ့ချည်သော အခြင်းအရာအားဖြင့်ဖြစ်သော လောဘမူစိတ္တုပ္ပါဒ်-မုချ။အဓိကရဏတ္တ လက်ကောက်ဝတ်တို့၏ ပကတူပနိဿယတ္တိ-ဖလူ။အ-ပစ္စည်း လက်ကောက်ဝတ် ရ၏။

မထိ ဝိသေသန-အရ ပတ္တမြားတန်ဆာအထူး မုချ။ထို-၏ လက်ကောက်ဝတ်နှင့် ဌာနီ + ဌာနစပ် ဌာနူ။ပုဒ်လုံး - လက်ကောက်ဝတ်ရ၏။

**နိမိတ္တ။ ။နိမီယတိ သညာယတီတိ နိမိတ္တံ။**

နိ-မိ ဓာတ် ကတ္တုဋ္ဌ-မှတ်သောအခြင်းအရာအားဖြင့်ဖြစ်သော သညာပြဋ္ဌာန်းသောစိတ္တုပ္ပါဒ် မုချ။ကမ္မဋ္ဌ-လက်ခြေနေပုံ စကားပြောပုံ အခြင်းအရာ၏ အာရမ္မဏပစ္စယသတ္တိ ဖလူ။တ ပစ္စည်း-လက်ခြေနေပုံ စကားပြောပုံ အခြင်းအရာ ရ၏။

**အဋ္ဌဝသိက။ ။အဋ္ဌဝဿာနိ ယဿ အတ္ထီတိ အဋ္ဌဝသိကော။**

အဋ္ဌဝဿ ဗဟုဗ္ဗီ-အရ ရှစ်ဝါသည် မုချ။ထို ၏ ယအညပုဒ်အရအရှင်သုဒိန်နှင့် ဝုတ်+ဝုတ္တား၊ ကာလ+ကာလဝန္တ စပ်ဌာနူ။ယ-အညပုဒ်အရရှစ်ဝါရှိသော အရှင်သုဒိန်ရ၏။

**သလ္လက္ခိတပုဗ္ဗ။ ။ပုဗ္ဗေ သလ္လက္ခိတော သလ္လက္ခိတပုဗ္ဗော [အာကာရော]**

ပုဗ္ဗ ဝိသေသအရ ရှေးကာလ မုချ။ထို ၏ မှတ်သားအပ်ဖူးသော အခြင်းအရာနှင့် ကာလ+ကာလဝန္တစပ် ဌာနူ။ပုဒ်လုံးအရ ရှေး၌မှတ်သားအပ်ဖူးသော အခြင်းအရာ ရ၏။

နံပါတ် (၅)

**ဥပဿယ၊ ဗောဓ။** ။ဥပ-နမု+ဏယ+အန္တ+ဆဋ္ဌီ သဝိဘတ်။
**မထိ။** ။မန+ဣ။
**ဟတ္ထ** ။ ။ဟံသ+ထ။တစ်နည်း ဟရ+ထ။[ဟရန္တိ တေနာတိ ဟတ္ထော]

http://www.dhammadownload.com



ပါဒ ။ ။ပဒ+ဏ။ [ပဇ္ဇတိ ဓာဝေဟီတိ ပါဒါ]
နိစ္စာရယတော။ ။နိ-ဆရ+တစ်နည်း သရ+ဏယ+အန္တ+ဆဋ္ဌီသ ဝိဘတ်။
သလ္လက္ခိတ။ ။သံ-လက္ခ+တ။
ဝဿ ။ ။ဝသ+ဏျ။
ဒ္ဒါဒသမ ။ ။ဒ္ဒါဒသာနံ ပူရဏံ ဒ္ဒါဒသမံ။

နံပါတ် (၆)

(ခ)နိဝါသနန္တတော ပဋ္ဌာယ ဒ္ဒိန္နမ္ပိ ပါဒါနံ-ဖြင့် ပါဒသဒ္ဒါသည် ဤခြံ အလုံးစုံသော ခြေဟူသောအနက်ကို ဟောသည်မဟုတ်၊ ကေဒေသျူပစာအား ဖြင့် သင်းပိုင်အစွန်းမှစ၍ ခြေဖျားတိုင်အောင် ခြေအစိတ်ကို ဟောသည်ကိုသိစေ၏။

(ဂ)သစေတံ ဘဂိနီ-စသည်ဖြင့် သရီယတေ ဥစ္စာရီယတေတိ သရော ဟု ဝစနတ္ထပြု၍ သရ-ဟူ သည် သစေ တံ ဘဂိနီ-ဟူသော စကားသံပင်တည်း။ ယင်းစကားသံသည် သာမန်ပုဂ္ဂိုလ်၏စကားသံမဟုတ်၊ သစေ တံ ဘဂိနီ-ဟူ၍ ရွတ်ဆိုသော အရှင်သုဒိန်၏စကားသံပင်တည်းဟု သိစေ။

[တစ်နည်း - ပရိယာယတ္ထသံဝဏ္ဏနာ ထုတ်။]

နံပါတ် (၇)

ပဗ္ဗဇိတော/ပဗ္ဗာဇိတော…

မတ္တဝသေနပိ ဟိ ပဒါနိ သဝိသေသတ္ထာနိ ဘဝန္တိ တံ ယထာ "သာသနေ ပဗ္ဗဇိတော၊ရဋ္ဌာ ပဗ္ဗာဇိတော" တိ နီတိ ဓာတုမာလာထောက်၍ ပဗ္ဗဇိတောပါဠ်သင့်။

[ရှေ့ပုဒ်သည် အာခါရဖြစ်သော် ပဗ္ဗဇိတော၊ အပါဒါန်ဖြစ်က ပဗ္ဗာဇိတော]

နံပါတ် (၈)

ပါဒါနံ။ ။အပေါင်းဖြစ်သော ခြေ၏ ပါဒ-အမည်ကို အစိတ်ဖြစ်သော သင်းပိုင် အစွန်းမှစ၍ ခြေဖျားတိုင်အောင်သောခြေအစိတ်၌တင်စားကေဒေသျူပစာ။ ရှဋ္ဌီနည်း။ သရဿ။ ။"သစေတံ ဘဂိနီ" ဟူသော အစိတ်ကိုမှတ်၍ ဆိုသဖြင့် "ဆဋ္ဌနီယမ္ပိ ဣဓ မေ ပတ္တေ အာကိရ" ဟူသော အပေါင်းကိုလည်း ရသောကြောင့် ဥပလက္ခဏ နည်း။ ကေဒေသူပစာ။

တစ်နည်း။ ။အသံအားလုံး၏အမည်ကို အစိတ်ဖြစ်သော သစေ တံ ဘဂိနီ-စသော အရှင်သုဒိန်၏ စကားသံ၌ တင်စား - ကေဒေသျူပစာ။

နံပါတ် (၁၀)

ဝိဇ္ဇာာယ ပဝိဋ္ဌော အရ ဒေသနာဟာရနေတ္တိ…

ဝီရိယပြဋ္ဌာန်းသော မဟာကြိယာစိတ္တုပ္ပါဒ်ကို ယူအပ်၏။

ထိုမဟာကြိယာစိတ္တုပ္ပါဒ်-သည် အကျိုးဖြစ်၍ အကြောင်းဖြစ်သော

http://www.dhammadownload.com



လောဘမူ စိတ္တုပ္ပါဒ် ဟူသော သမုဒယသစ္စာကိုလည်း ယူအပ်၏။ ထိုတရားတို့သည် လောကီတရားဖြစ်၍ လောကုတ္တရာဖြစ်သော မဂ္ဂသစ္စာကိုလည်း ယူအပ်၏။ ထိုမဂ္ဂသစ္စာသည် အကြောင်းဖြစ်၍ အကျိုးဖြစ်သော ဖိုလ်စိတ္တုပ္ပါဒ်ကိုလည်း ကောက်ယူအပ်၏။ ထိုလောကုတ္တရာ စိတ္တုပ္ပါဒ်သည် အကျိုးအာရမ္မဏိကဖြစ်၍ အကြောင်းအာရုံနှင့်မကင်းရကား။ အကြောင်းဖြစ်သော နိဗ္ဗာန်လည်း ကောက်ယူအပ်၏။

ထိုတရားအပေါင်းတို့တွင် အကျုံးဝင်သော လောကီစိတ္တုပ္ပါဒ်အပေါင်းသည် သာယာအပ် သောကြောင့် အဿာဒမည်၏။ ထိုလောကီတရားအပေါင်းသည်ပင် သင်္ခါရဒုက္ခဖြစ်၍ အာဒီနဝ မည်၏။ မဂ် နိဗ္ဗာန်သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်တတ်သောကြောင့် နိဿရဏမည်၏။ ဖိုလ်စိတ္တုပ္ပါဒ်သည်လည်းကောင်း၊ ဆွမ်းခံသဖြင့်ရအပ်သော မိမိဥ္စာဖြစ်သော ပီတိ, သောမနဿ သည်လည်းကောင်း၊ ဒါယကာမတို့အားဖြစ်သော ပဋိလာဘ-စသောအကျိုးသည်လည်းကောင်း ဖလမည်၏။ ထိုအကျိုးတရား၏ ရခြင်းအကြောင်းဖြစ်သော ပိဏ္ဍပါတိက ပဋိပတ်အကျင့်မြတ်သည် ဥပါယမည်၏။ ထိုအကျိုးတို့ကို အလိုရှိကြကုန်သော အမျိုးသားတို့သည် ဥဒ္ဒိဿေ နပမဒ္ဒေယျ အစရှိသော ဒေသနာလာသည့်အတိုင်း ဤကဲ့သို့ ပိဏ္ဍပါတိက ပဋိပတ် အကျင့်မြတ်ကို ကျင့်ကြံပွားများ အားထုတ်ကြလေဟု ဒေသနာရှင်ဖြစ်သော မြတ်စွာဘုရားသည် မတိုက်တွန်းသော်လည်း တိုက်တွန်းသကဲ့သို့ဖြစ်သော အစီအရင်သည် အာဏတ္တိ-မည်၏။

ထိုခြောက်ပါးတို့တွင် အာဒီနဝ, ဖလ, သည် ဒုက္ခသစ္စာမည်၏။ အဿာဒသည် သမုဒယသစ္စာ မည်၏။ နိဿရဏသည် နိရောဓသစ္စာ-မည်၏။ ဥပါယ အာဏတ္တိနှစ်ပါးသည် မဂ္ဂသစ္စာမည်၏။

ဤသို့လျှင် ... ဒေသနာဟာရမည်၏ ဟူလိုသော်။

*********

## ဝါကျစဉ် (၂၁)

(က) **ယဿေတိ** အာရောစနတ္တေ နိပါတော။

(ခ) **သစေ စေ သစ္စန္တိ** အာလပနေ နိပါတော။

(ဂ) ဝေဠိ တသ္မိံဒေသေ ဒါသိဇနံ အာလပန္တိ။

(ဃ) တသ္မာ "တွံ ဘောတိ ဒါသိ သစေ သစ္စံ ဘဏာသိ" တိ ဝေမေတ္ထ အတ္ထော ဒဋ္ဌဗ္ဗော။

(င) အညထရံ ကုဋ္ဋမူလန္တိ တသ္မိံ ကိရ ဒေသေ ဒါနပတီနံ ဃရေသု သာလာ ဟောန္တိ။

(စ) အာသနာနိ စေတ္ထ ပညတ္တာနိ ဟောန္တိ၊ ဥပဋ္ဌာပိတံ ဥဒကကဉ္ဇိယံ။

(ဆ) တတ္ထ ပဗ္ဗဇိတာ ပိဏ္ဍာယ စရိတွာ နိသီဒိတွာ ဘုဉ္ဇန္တိ၊ သစေ

http://www.dhammadownload.com



ဣစ္ဆန္တိ၊ဒါနပတီနမ္ပိ သန္တကံ ဂဏှန္တိ၊တသ္မာ တမ္ပိ အညတရဿ ကုလဿ ဤဒိသာယ သလာယ အညတရံ ထုဇ္ဇမူလန္တိ ဝေဒိတဗ္ဗံ။

(ဇ) န ဟိ ပဗ္ဗဇိတာ ကပဏာမနုဿာ ဝိယ အသာရုပ္ပေ ဌာနေ နိသီဒိတွာ ဘုဥ္ဇန္တိတိ။ (ပါ၊ ဋ္ဌ၊ ၁၊ ၁၇၅)

*********

နံပါတ် (၁)

(ဂ)ဟိ၊ မှန်။ တစ်နည်း ဟိ-ယသ္မာ။ ဇဝံ၊ ဤသို့ဇေဟူ၍။ ဒါသိဇနံ ကျွန်မဖြစ်သူကို။

(ဃ)စေ္ဆ၊ ဤ သစေ ဇေ သစ္စံ-ဟူသော ပါဠ်၌။

(င) ကိရ ယသ္မာ။

(စ)စ၊ဆက်။စေ္ဆ၊ဤဆွမ်းစားဇရပ်၌။ ပညတ္တာနိ၊ ခင်းထားအပ်ပြီးကုန်သည်။ ဥဒကကဥ္စိယံ၊ သောက်ရေ သုံးရေ ပအုန်းရည်ကို။

ယာနိ အာသနာနိ သန္တိ၊ တာနိ ပညတ္တာနိ။

ယံ ဥဒကကဥ္စိယံ အတ္ထိ၊ တံ ဥပဋ္ဌာပိတံ။(နိယမာနိယမ အနက်ပေး)

(ဆ)တတ္ထ၊ ထိုဇရပ်တို့၌။ ပဗ္ဗဇိတာ၊ ရဟန်းရဟန်းတို့သည်။ ဘုဥ္ဇန္တိ။

(ဒါနပတီနံ၊ သန္တကံ၊ ဂဏှိတုံ) သစေ ဣစ္ဆန္တိ။ တမ္ပိ၊ ထိုနံရံခြေရင်းကိုလည်း။ အညတရဿ၊ မထင်မရှားတစ်ဦးသော။ ကုဋ္ဌမူလန္တိ၊ နံရံခြေရင်းဟူ၍။

(ဇ)ဟိ၊ မှန်။ တစ်နည်း။ ဟိ ယသ္မာ။ ကပဏာမနုဿာဝိယ၊ အထီးကျန်မွဲ လူဆင်းရဲကိုကဲ့သို့။

နံပါတ် (၂)

**(ဂ)သို့ အာဘောဂါယုတ္တစောဒနာ။** ။ဆရာ ခ-ဖြင့် ဇေ-နိပါတ်သည် ကျွန်မကို ရှေးရှုခေါ်ခြင်းအနက်၌ဖြစ်သည်ဟု ဖွင့်ပြအပ်၏။ဇေ-နိပါတ်ဖြင့် ကျွန်မကို ရှေးရှု ခေါ်ခြင်းအနက်၌ဖြစ်ခြင်းကို အဘယ်ကြောင့် သိအပ်ပါသနည်း။ပါဠိတော်၌ ဇေ-ဟူ၍ သာမညအားဖြင့် ဆိုထားအပ်သောကြောင့် ကျွန်မမှ အခြား ပုဂ္ဂိုလ်ကိုလည်း ခေါ်နိုင်ကောင်းရာသည်မဟုတ်လော။ စုဒ်ကြောင့် (ဂ) မိန့်။

**ကား။** ။ပါဠိတော်၌ သာမညအားဖြင့် ဇေ-ဟူ၍ ဟောအပ်ငြားသော်လည်း ဤသို့ ဇေ-ဟူ၍ ထိုအရပ်၌ ကျွန်မဖြစ်သောလူကို အရှင်တို့သည် ခေါ်ဝေါ်သုံးစွဲကြကုန်၏။ ထို့ကြောင့် ဇေ-ဟူသော နိပါတ်ပုဒ်၏ ကျွန်မကို ရှေးရှုခေါ်ဝေါ်ခြင်း အနက်၌ဖြစ်သည်၏အဖြစ်ကို သိအပ်ပါ၏ ဟူလို။(ဉီနစောဒနာနည်း)

**(စ)သို့။** ။ဆရာ (င)-ဖြင့် ထိုဒေသ၌ အလှူရှင်တို့၏ အိမ်ဝင်းတို့၌ ဇရပ်တို့သည် ရှိကုန်၏ဟု ဖွင့်ပြအပ်၏။ ထိုဇရပ်တို့၌ နေရာတို့ကိုသာ ခင်းထား အပ်ပါသလော။ အဘယ်သို့ မှတ်သားအပ်ပါသနည်း။ (စ) မိန့်။

http://www.dhammadownload.com



ကား။ ။နေရာမျှသာ ခင်းထားအပ်သည်မဟုတ်၊ သောက်ရေ သုံးရေ ပအုန်းရည်တို့ကိုလည်း တည်ခင်းထားအပ်၏ ဟူလို။

(ဆ)သို့။ ။ဆရာ တသ္မာ-စသည်ဖြင့် တစ်ဦးတည်းသောအမျိုး၏ ဤသို့ နေရာထိုင်ခင်း ခင်းထားခြင်း သောက်ရေသုံးရေ ပအုန်းရေတည်ထားခြင်းရှိသော ဇရပ်တစ်ဆောင်၏ နံရံခြေကို ဤ၌ ကုဋ္ဋမူလ-ဟူ၍ သိအပ်၏ဟု ဖွင့်ပြအပ်၏။ ပါဠိတော်၌ အညတရံ ကုဋ္ဋမူလံ-ဟု အထူးမမ သာမညအားဖြင့် ဟောတော်မူအပ်သောကြောင့် အမှတ်မထား တစ်ပါးပါးသော နံရံခြေကိုလည်း သိအပ်သည် မဟုတ်ပါလော။ ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် တစ်ဦးတည်းသောအမျိုး၏ ဤသို့သဘောရှိသောဇရပ်တစ်ဆောင်၏ နံရံခြေဟူသော အနက်ဝိသေသကို ဖွင့်ဆိုအပ်ပါသနည်း။ သာမညဝိသေသ ဆန့်ကျင်သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။ စုဒ်ကြောင့် (ဓ) မိန့်။

နံပါတ် (၃)

(ခ)ပက္ခန္တရ (ဂ)ဒဋ္ဌိကရဏ။ တစ်နည်း - ကာရဏ။

(ဃ)လဒ္ဓဂုဏ (င)စသည် - ပက္ခန္တရ၊ ထိုတွင် (စ) ဝါကျာရမ္ဘ။

(ဆ)ဝါကျာရမ္ဘ။ ။တသ္မိံကိရ၊ ဂဏ္ဌိသည် ကာရဏ။

တသ္မာတမ္ပိ။ပ။ ဝေဒိတဗ္ဗံ-သည် မလ။

(ဓ) ယုတ္တိဒဋ္ဌိကရဏ။ တစ်နည်း - ကာရဏ။

စာစပ်။ ။သာလာယ ၌ ပေးသောကြောင့် ကုဋ္ဋမူလ၌ အာဓာရ + အာဓေယ်စပ်။

(သာလာယာတိ ပဒံ ကုဋ္ဋမူလန္တိ ဧတ္ထ အာဓာရော) ယောဇနာ။

နံပါတ် (၄)

**အာရောစနတ္ထ။** ။**အာရောစနမေဝ အတ္ထော အာရောစနတ္ထော။**

အာရောစန ဝိသေ-အရ ပြောကြားခြင်း၏အဖြစ်ဟူသော အဝဓာရဏ ဘောဂုဏ် မုချ။ထို-၏ အနက်နှင့် ဂုဏ်+ဂုဏေးစပ် ဌာန္။ပုဒ်လုံးအရ ပြောကြားခြင်းအနက်ရ၏။

**ဒါသိဓနေ။** ။**ဒါသီစ သာ ဓနောစာတိ ဒါသိဓနော။**

ဒါသီ-ဝိသေအရ ကျွန်မ၏အပြစ်ဟူသော ဂုဏ်သည် မုချ။ထို-၏ လူနှင့် ဂုဏ်+ဂုဏေးစပ် ဌာန္။ပုဒ်လုံးအရ - ကျွန်မဖြစ်သောလူရ၏။

**ဒါနပတိ ။** ။**ဒါနဿ ပတိ ဒါနပတိ။**

**ဥဒကကဉ္စိယ။** ။**ဥဒကဉ္စ ကဉ္စိယဉ္စ ဥဒကကဉ္စိယံ။**

ဥဒက ရှေ့ပုဒ်အရ သောက်ရေသုံးရေ မုချ။ထို-၏ ပအုန်းရည်နှင့် တည်ထားခြင်းကြိယာကို အကြောင်းပြု၍ အချင်းချင်း ငဲ့သကဲ့သို့ဖြစ်သော အညမညပေက္ခသမ္ဗန် ဌာနူပစာ။ပုဒ်လုံးအရ-သောက်ရေ သုံးရေ ပအုန်းရည်ရ၏။

**ကပဏ ။** ။**ကုစ္ဆိတော ပဏော ယေသန္တိ ကပဏာ။**

http://www.dhammadownload.com



**ကဝိယန္တိတိ ကပဏာ။**

ကပ-ခေတ် ကတ္တာ၌ သနားတတ်သော ပုဂ္ဂိုလ်တို့၏ကရုဏာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် မုချ။ကမ္မ၌-အထီးကျန်မွဲ လူဆင်းရဲ၏ အာရမ္မဏပစ္စယသတ္တိ။ယု ပစ္စည်း အရ-အထီးကျန်မွဲ လူဆင်းရဲရ၏။

**ကပဏမနုဿာ။** ။**ကပဏာစ တေ မနုဿာစာတိ ကပဏမနုဿာ။**

အညတရ။ ။**အညမေဝ အညတရံ။ (အည-ပုဒ်+တရ-ပစ္စည်း)**

နံပါတ် (၅)

**သစ္စံ။** ။သတ + ယ။

**ဒေသ။** ။ဒိသ + ဏ (**ဒိဿတိ အပဒိဿတီတိ ဒေသော။**)

**သာလာ ။** ။သလ + ဏ + အာ။ တစ်နည်း - သရခေတ်။

**ပညတ္တ ။** ။ပ - ဉပ + တ။

**ဥဒက ။** ။ဥဒိ + ဏွု။ **ဥန္ဒတိ ဒြဝံ ကရောတီတိ ဥဒကံ။**

**ကဠိယ ။** ။က - သဒ္ဒါ + အဠ (အဠ) ဏျ။

**ပဗ္ဗဇိတာ ။** ။ပ-ဝဇ + တ။ (**သေဋ္ဌတ္တံ ဝဇန္တီတိ ပဗ္ဗဇိတာ။**)

နံပါတ် (၆)

(က)**အာရောစနတ္ထေ နိပါတော**-ဖြင့် ယှဉ်သည် နိပါတ်ပုဒ်ဖြစ်၍ အနက် အများဟောနိုင်သော်လည်း ဤ၌ အာရောစန အနက်ဟောသည်ကို သိစေ။

(ခ)**အာလပနေနိပါတော**-ဖြင့် ဧ-နိပါတ်သည် တစ်ပါးသောအနက်၌ မဖြစ်၊ အာလုပ် အနက်၌ ဖြစ်သည်ကိုလည်းကောင်း။ ယင်းနောင်ပဋ္ဌမာဝိဘတ်သည် လိင်္ဂတ္တ၌ မသတ်၊ အာလုပ်အနက်၌ သက်သည်ကိုလည်းကောင်း သိစေ။

နံပါတ် (၇)

**(ဃ)ဘောတိဒါသိ/ဘောတိဒါသီ...**

ဈလပါရဿ သုတ်ကိုထောက်၍ အာလုပ်သိ ကြောင့်ရဿပြု၍ပြီးရကား ဘောတိဒါသိ-ဟု ရဿဖြင့်ရှိသော ပါဠ်သင့်။

**ဥဒကကဠိယံ / ဥဒကကဠိယံ...**

သော ဝီရိ ကဠိယံ ဝုတ္တံ၊ ခန် - ၄၆၀ နှင့် ကေန ဧလေန အဠိယံ အဘိဇ္ဇတ္တံ အဿာတိ ကဠိယံ၊ ၎င်းဋီကာထောက်၍ ဥဒကကဠိယ-ဟု ဧ-ဖြင့် ရှိသောပါဠ်သင့်။

နံပါတ် (၈)

**ဃရေသု ။** ။အနီးရှိသောအိမ်၏ ဃရေသုအမည်ကို အနီးဖြစ်သော သင့် လျော်လျောက်ပတ်သော အိမ်အနီးအရပ်၌ တင်စားသမီပူ။ ရှဋ္ဌီ (သမီပျူ)။

**(ဆ)ဂဏ္ဍာန္တိ။** ။အကြောင်းဖြစ်သော ယူခြင်း ကြိယာ၏ ဂဏ္ဍာန္တိ-အမည်ကို အကျိုးဖြစ်သော စားသောက်ခြင်းကြိယာ၌ တင်စား ကာရဏူ။

http://www.dhammadownload.com



မကင်းရာဖြစ်သော တောင်းခြင်းကိုဆိုသဖြင့် မကင်းတတ်သော စားသောက်ခြင်း ကိုလည်းရသောကြောင့် နာနန္တရိကနည်း။

**ဒါသိဇနေ**။ ။လူအားလုံးတည်းဟူသော ဆက်ဆံသဖြင့် မမှတ်မူ၍ ကျွန်မတည်းဟူသော မဆက်ဆံသဖြင့် မှတ်အပ်သောကြောင့် အသာဓာရဏနည်း။

*************

## ဝါကျစဉ် (၂၂)

(က) **အတ္ထိနာမ တာတာတိ ဧတ္ထ အတ္ထီတိ ဝိဇ္ဇမာနတ္ထေ။ နာမာတိ ပုစ္ဆနတ္ထေ မညနတ္ထေ စ နိပါတော။**

(ခ) ဣဒဥ္စ ဝုတ္တံ ဟောတိ။

(ဂ) 'အတ္ထိ နု ခေါ တာတ သုဒိန္န အမှာကံ ဓနံ၊ န မယံ နိဒ္ဓနာတိဝတ္တဗ္ဗာ၊ ယေသံ နော တွံ ဣဒိသေ ဌာနေ နိသီဒိတွာ အာဘိဒေါသိကံ ကုမ္မာသံ ပရိဘုဉ္ဇိဿသိ။

(ဃ) တထာ အတ္ထိ နု ခေါ တာတ သုဒိန္န တဝ အဇ္ဈတ္တရေ သာသနံ နိဿာယ ပဋိလဒ္ဓေါ သမဏဂုဏော၊ ယံ တွံ သုဘောဇနရသသံဝဍ္ဎိတောပိ ဣမံ ဇိဂုစ္ဆနေယျံ အာဘိဒေါသိကံ ကုမ္မာသံ အမတမိဝ နိဗ္ဗိကာရော ပရိဘုဉ္ဇိဿသိ''တိ။ (ပါ၊ဋ္ဌ။၁။၁၇၅/၆)

*************

### နံပါတ် (၁)

**သံဝဏ္ဏနာ ရှု၍ သံဝဏ္ဏေတဗ္ဗ အနက်…အတ္ထိ နာမ တာတ သုဒိန္န…**

(ဂ)အတ္ထိနာမ - ငါတို့မှာ ဥစ္စာထင်ရှား ရှိသည်မဟုတ်လော။ (သဒ္ဒတ္ထ)

(ဝါ) ငါတို့ မဆင်းရဲကုန်သေးပါ။ (အဓိပ္ပါယတ္ထ)

(ဃ)အတ္ထိနာမ-ငါတို့ အသက်ထင်ရှား ရှိနေသေးသည် မဟုတ်လော။

(ဝါ) ငါတို့ မသေသေးသည် မဟုတ်ပါလော။

(င)အတ္ထိနာမ -သင့်သန္တာန် ရဟန်းတရား ထင်ရှားရှိ၏ဟု ငါမှတ်ထင်၏။

(ခ)ဟိ-ထင်ရှားအောင် ပြဦးအံ့။ တစ်နည်း ဟိ-ချဲ့။

(ဃ)တထာ-သည်သာမကသေး။

(င)သုဘောဇနရသသံဝဍ္ဎိတော၊ ကောင်းသော ဘောဇဉ်အရသာတို့ဖြင့် ကြီးပွားစေအပ်သည်။ (သမာနော်ပိ) ဇိဂုစ္ဆေနေယျံ၊ စက်ဆုပ်ခြင်းကိုထိုက်သော။ အမတမိဝ၊အမြိုက်သုဓာကိုကဲ့သို့။ နိဗ္ဗိကာရော၊ ဖောက်ပြန်ခြင်းမရှိသည်။(ဝါ)ရွံရှာခြင်းမရှိသည် (ဟုတ္တာ)။

### နံပါတ် (၂)

**(ခ)စသည်သို့ အနုသန္ဓေ**။ ။ဤသို့ က-ဖြင့် အတ္ထိ နိပါတ်၏ဝိဇ္ဇမာန အနက်၊ နာမ နိပါတ်၏ ပုစ္ဆနအနက် မညနအနက်ဖြစ်သည်ကို ဖွင့်ပြအပ်၏။ နာမ် အတ္ထိ၊

http://www.dhammadownload.com



အာချာတ် အတ္တိတို့လည်း ရှိသည်မဟုတ်ပါလော။ နာမသဒ္ဒါသည်လည်း ဂရဟာ, ပသံသန, သညာ-အနက်တို့၌လည်း ဖြစ်သည်မဟုတ်ပါလော။ယင်းသို့ဖြစ်လျက် အတ္တိသဒ္ဒါ နာမသဒ္ဒါတို့၏နိပါတ်အဖြစ်ကို ပြဆိုသော စကားနှင့် ဝိဒ္ဓမာန,ပုစ္ဆန, မညနအနက်တို့၌သာ ဖြစ်၏ဟူသော ထိုစကားအသို့လျှင် သင့်နိုင်ပါအံ့နည်း။ စုဒ်ကြောင့် ခ-စသည်မိန့်။

(ဃ)သို့ ။ ။ဆရာ ဂ-ဖြင့် အတ္တိ သဒ္ဒါ၏ဝိဒ္ဓမာနအနက်၊ နာမသဒ္ဒါ၏ ပုစ္ဆနအနက် ဖြစ်သည်ကိုဖွင့်ပြအပ်၏။ငါတို့အား ဉစ္စာထင်ရှားရှိသေး၏၊ ငါတို့ မဆင်းရဲကုန်ဟူသော ဝိဒ္ဓမာနအနက်နှင့် ပုစ္ဆနအနက်ကိုသာ မှတ်သားအပ်ပါသလော။ အဘယ်သို့သော ဝိဒ္ဓမာနအနက်နှင့် ပုစ္ဆနအနက်ကိုလည်း မှတ်သားအပ်ပါသေးသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

(င)သို့ အနုသန္ဓေ။ ။ဤသို့ (ဂ-ဃ) တို့ဖြင့် သဒ္ဒါ၏ ပုစ္ဆနအနက်ကို ဖွင့်ပြတော်မူပြီး၍။ ယခုအခါ၌ နာမသဒ္ဒါ၏ မညန-အနက်ကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည် (င) မိန့်။

နံပါတ် (၃)

(ခ)စသည် ဝိတ္ထာရ။ တစ်နည်း ယုတ္တိဒဋ္ဌီကနေ့ထာ။

ထိုတွင် (ခ) စကားပျိုး သခေ်ပ။ (ဂ) စသည်စကားရိုး ဝိတ္ထာရ။

ထိုတွင် အတ္တိနခေါ။ပ။ ဝတ္တဗ္ဗာ တိုင်အောင်သည် နိယမ၊ ယေသံ နော။ပ။ ပရိဘုဥ္ဇိဿသိသည် အနိယမ။

(ဃ)ပဂ္ဂဏ္ဍရ။ တစ်နည်း။ ဝါကျာရမ္ဘ။ထိုတွင် တထာ။ပ။ ဝတ္တဗ္ဗာ တိုင်အောင်သည် နိယမ။

(င)ပဂ္ဂဏ္ဍရ။ ထိုတွင် တထာ စသည်နိယမ။ယံ တွံ စသည် အနိယမ။

နံပါတ် (၄)

**နိဒ္ဒနာ။** ။**နတ္ထိ ဓနံ ယေသန္တိ နိဒ္ဓနာ။**

**သာသန။** ။**ဗုဒ္ဓေန သတ္တာ သာသီယန္တေ ဧတေနာတိ သာသနံ။**

သာသ-ဓာတ် ကတ္တုဋ္ဌ၊ ဆုံးမတတ်သော မြတ်စွာဘုရား၏ ဒေသနာဉာဏ် အဘိဉာဉ် ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်မှချ။ကရဏတ္ထ-သိက္ခာသုံးပါးဖြင့် ရေတွက်အပ်သော ဘုရားအဆုံးအမတော်၏ ပကတူပနိဿယသတ္တိ ပလူ။ ယုပစ္စည်း၊သိက္ခာသုံးပါးဖြင့် ရေတွက်အပ်သော ဘုရားအဆုံးအမကော် ရ၏။

**သုဘောဇနရသ။** ။**သုန္ဒရံ ဘောဇနံ. သုဘောဇနံ။**

**သုဘောဇနဿ ရသော သုဘောဇနရသော။**

**တစ်နည်း။** ။**သုဘောဇနေ ရသော စ သုဘောဇနရသာ။ (ဘာဋီ)**

**သုဘောဇနရသေဟိ သံဝဍ္ဎိတော သုဘောဇနရသသံဝဍ္ဎိတော။**

**ဗိဝုဋ္ဌနေယျ။** ။**ဗိဝုဋ္ဌိယတေ ဗိဝုဋ္ဌနံ။**

http://www.dhammadownload.com



**ဓိဂုစ္ဆန် အရဟာတိတိ ဓိဂုစ္ဆနေယျော။**

ဓိဂုစ္ဆန-တဒ္ဓိတ်အရ စက်ဆုပ်ခြင်း မှုျ။ထို-၏ မုယောမုန့်နှင့် ဌာနီ/ဌာနစပ် ဌာန။ ဏေယျ-ပစ္စည်း ပုပ်သိုးသော မုယောမုန့်ရ၏။

**တစ်နည်း။ ။ဓိဂုစ္ဆိယတေတိ ဓိဂုစ္ဆနိယံ။**

ဂုပ-ဓာတ် ကတ္တုဋ္ဌ၊စက်ဆုပ်သော ပုဂ္ဂိုလ်၏ဒွေါသပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်၊ မုချ။ကမ္မဋ္ဌ-မုယောမုန့်၏ အာရမ္မဏပစ္စယ သတ္တိဖလူ။ဆပစ္စည်းအရ- ရူပသိဒ္ဓိ မတ္တ ပဒသိလိဋ္ဌတာဘောဂဏ် ရ၏။အနီယ-ပစ္စည်းအရ မုယောမုန့် ရ၏။

**အမတာ။ ။န မညတေသီ အမတာ။**

**နိဗ္ဗိကာရ ။ ။နတ္ထိ ဝိကာရော ယဿာတိ နိဗ္ဗိကာရော။**(အရှင်သုဒ္ဓိန်ရ၏)

နံပါတ် (၅)

| | |
|---|---|
| **ဝိဇ္ဇမာန** ။ | ။ ဝိဒ + ဒိဝါဒိ ယ + မာန။ |
| **မညန** ။ | ။ မန + ယ + ယု။ |
| **တာတ** ။ | ။ တာ + တ။ |
| **ဤဒိသ** ။ | ။ ဣမပုဗ္ဗ + ဒိသ + ဏ၊ (အ) |
| **ဓိဝိတ** ။ | ။ ဓိဝ + တ။ (**ဓိဝတ္တိ သတ္တာ ဓောနာတိ ဓိဝိတံ**) |
| အမတာ ။ | ။ န + မရ + တ။ တစ်နည်း န + မန + တ။ |
| **အစ္ဆရိယ** ။ | ။ အဘိ၊ အတိ + အရ။ |
| **နိဿာယ**။ | ။ နိ၊ သိ + တွာ။ |

နံပါတ် (၆)

(က) **ဝိဇ္ဇမာနတ္တေ နိပါတော**-ဖြင့် အတ္ထိ-သဒ္ဒါသည်။နာမ်အတ္ထိ၊ အာချာတ် အတ္ထိ မဟုတ်။နိပါတ်-အတ္ထိတည်း။၎င်းသည် တစ်ပါးသော အနက်ကိုမဟောဝိဇ္ဇာ မာန အနက်ဟောသည်ကို သိစေ။**ပုစ္ဆနတ္တေ၊ မညနတ္တေ** စ နိပါတောဖြင့် နာမ-သဒ္ဒါသည် နိပါတ်ဖြစ်၍ ဂရဟာ၊သညာ စသော အနက်တို့၌ မဖြစ်။ ပုစ္ဆန၊မညန အနက်၌ ဖြစ်သည်ကို သိစေ။

(င)**အတ္ထိ မညေဖြင့်** နာမသဒ္ဒါ၏မညန အနက်၌ ဖြစ်သည်ကို သိစေ။ (ကြွင်း၊ ဘာဝတ္ထဖော်လေ။)

နံပါတ် (၇)

**(ဂ)န မယံ/ နနုမယံ...**

**'တာတ သုဒိန္န တေ မယံ နိဒ္ဒနာတိ နဝတ္တဗ္ဗာတိ သမ္ဗန္ဓော'** ယောဇနာကို ထောက်၍ န မယံ ပါဌ်သင့်။

**ယံတွံ/ယောတွံ...**

နိဿယ များအလို တွံနှင့်စပ်၍ အနက်ပေးအပ်သောကြောင့် ယော တွံ ပါဌ်သင့်။ ယောဇနာ၌ကား တာတ သုဒိန္န တွံ ·· ယံ ပရိဘုဉ္ဇိဿသိ၊ တသ္မာ

http://www.dhammadownload.com



ပရိဘုဥ္ဇနတော-ဟု ဖွင့်သောကြောင့် 'ယံ တွံ' ပါဌ်သင့်။ ယင်းအလို ယံ ပရိဘုဥ္ဇိဿတိ၊ အကြင်သုံးဆောင် စားသောက်ဘိ၏။ တသ္မာ၊ ပရိဘုဥ္ဇနတော၊ ထိုသို့ သုံးဆောင်စားသောက်ခြင်းကြောင့်။ ဤသို့ အနက်ပေးလေ။

နံပါတ် (၉)

**ဓိဝိတံ**။ ။ပြင်္ဘာန်းသော ဓိဝိတိန္ဒြေကို ဆိုသဖြင့် မပြဋ္ဌာန်းသော ကမ္မဇရုပ်၊ ဝိပါက် ဝိညာဉ်-တို့ကိုလည်း ရသောကြောင့် ပဓာနနည်း ကေဒေသူပစာ။

**နိဗ္ဗိကာရော**။ ။အကျိုးဖြစ်သော နိဗ္ဗိကာရကို ဆိုသဖြင့် အကြောင်းဖြစ်သောသလ္လေ ခ-ပဋိပတ်ကိုလည်း ရသောကြောင့် အဝိနာဘာဝနည်း။

အကျိုးဖြစ်သော ဖောက်ပြန်မှုမရှိခြင်း၏အမည်ကို အကြောင်းဖြစ်သော သလ္လေခ ပဋိပတ်အကျင့်မြတ်၌တင်စား ဖလူပစာ။

နံပါတ် (၁၀)

**ပရိဘုဥ္ဇိဿသိအရ**။ ။ဉာဏ်၊ဝီရိယ၊ခန္တီ ပြဋ္ဌာန်းသော ကုသိုလ်စိတ္တုပ္ပါဒ်။

************

ဝါကျစဉ် (၂၃)

(က) သော ပန ဂဟပတိ ဒုက္ခာဘိတုန္နတာယ စောမတ္တံ ပရိပုဏ္ဏံ ကတွာ ဝတ္တုမသက္ကောန္တော 'အတ္ထိ နာမ တာတ သုဒိန္န အာဘိဒေါသိကံ ကုမ္မာသံ ပရိဘုဥ္ဇိဿသိ' တိ ဧတ္တကမေဝ အဝေါစ။

(ခ) အက္ခရစိန္တကာ ပနေတ္ထ ဣမံ လက္ခဏံ ဝဒန္တိ။

(ဂ) အနောကပ္ပနာမရိသပ္ပနတ္ထဝသေန ဧတံ အတ္ထိနာမသဒ္ဒေဥပပဒေ 'ပရိဘုဥ္ဇိဿသိ' တိ အနာဂတဝစနံ ကတံ။

(ဃ) တဿာယမတ္ထော အတ္ထိ နာမ။ပ။ ပရိဘုဥ္ဇိဿသိ၊ ဣဒံ ပစ္စက္ခမ္ပိ အဟံ န သဒ္ဒဟာမိ န မရိသယာမိတိ။ပါ။ (ဋ္ဌ။ ၁။ ၁၇၆)

*************

နံပါတ် (၁)

(က)ပန၊ထိုသို့ပင် ဤအနက်ကျယ်ကို ဆိုလိုပါသော်လည်း။ယောဂဟပတိ၊သည်။ဒုက္ခာဘိတုန္နတာယ၊စိတ်ဆင်းရဲခြင်းသည် နှိပ်စက်အပ်သည်၏အဖြစ်ကြောင့်။

(ဂ)ရှု၊ အတ္ထိ နာမ၊ ဟုတ်မှ ဟုတ်ရဲ့လား။ [အနောကပ္ပနအနက်]။ ။ပ။ ပရိဘုဥ္ဇိဿသိ၊ သုံးဆောင်နေဘိ၏။တစ်နည်း အတ္ထိ နာမ၊ ဖြစ်မှ ဖြစ်ရပလေ။ [အမရိသနအနက်] ပရိဘုဥ္ဇိဿသိ၊ ၏။ [သဒ္ဒါဆရာများအလို]။

(ခ)ပန၊ ဝါဒန္တရကား။ဧတ္ထ၊ဤအတ္ထိနာမ အစရှိသော ဝါကျ၌။

(ဂ)အနောကပ္ပနာမရိသနတ္ထဝသေန၊ မယုံကြည်ခြင်းအနက် သည်းမခံနိုင်ခြင်းအနက်၏ အစွမ်းဖြင့်။ဥပပဒေ၊အနီးပုဒ်သည်။ [သတိ-ဖြစ်လတ်သော်]။

http://www.dhammadownload.com



(ဃ)တဿ၊ထို အတ္တိနာမ အစရှိသော ဝါကျ၏။ဣဒံ ပစ္စက္ခမှို၊ ထိုသို့ သုံးဆောင်ခြင်းကို ဖြစ်ပါသော်လည်း။ ဝါ၊ ကိုယ်တွေ့ ဖြစ်ပါသော်လည်း။

နံပါတ် (၂)

**(က)သို့ အယုတ္တာဘောဂဓောဒနာတက်။** ။ဆရာ ဆိုအပ်ခဲ့ပြီးသော စကားရပ်တို့ဖြင့် အတ္တိနာမ တာတသုဒိန္နံ အတ္တိ နှ ခေါ် တာတ သုဒိန္န အမှာက် ခန့်စသည်ဖြင့် သူဌေး၏ ဆိုလိုရင်စကားတို့ကို ဖွင့်ဆိုတော်မူအပ်၏။ထိုသို့ပင်ဖွင့်ဆိုအပ်ပါလျက် ပါဠိတော်၌ အဘယ်ကြောင့် အတ္တိနာမ တာတ သုဒိန္န အာဘိဓေါသိက် ကုမ္မာသံ ပရိဘုဉ္ဇိဿသိ ဟူ၍ ဤမျှလောက်ကိုသာ မိန့်ဆိုအပ်ပါသနည်း။ပါဠိတော်အတိုင်းသာ ဖွင့်ဆိုအပ်သည် မဟုတ်ပါလော။ စုဒ်ကြောင့် (က) မိန့်။

**(ခ)သို့ အနုသန္ဓေ။** ။ဤသို့ ဆိုအပ်ခဲ့ပြီးသော စကားရပ်တို့ဖြင့် အတ္တိနာမတာတ သုဒိန္နံ သဒ္ဒတ္ထ အဓိပ္ပါယတ္ထကို မိမိအဋ္ဌကထာဝါဒအားလျော်စွာဖွင့်ပြတော်မူပြီး၍။ယခုအခါ၌ သဒ္ဒါဆရာတို့၏ ဝါဒကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည် (ခ) မိန့်။

**(ဃ)သို့။** ။ဆရာ (ဂ) ဖြင့် မယုံကြည်ခြင်း၊ သည်းမခံနိုင်ခြင်း အနက်တို့၏အစွမ်းဖြင့် အတ္တိနာမသဒ္ဒါ အနီးပုဒ်ရှိသောကြောင့် ပရိဘုဉ္ဇိဿသိ၌ အနာဂတ်ဝိဘတ်ကို ပြုအပ်၏ဟု ဖွင့်ပြအပ်၏။ထို၌အနာဂတ်ဝိဘတ်သည် ရှီးရာအနာဂတ်ကာလ၌ ဖြစ်ပါသလော။အဘယ်ကာလ၌ ဖြစ်ပါသနည်း။ စုဒ်ကြောင့် (ဃ) မိန့်။

နံပါတ် (၃)

(က)ဝါကျာရမ္ဘ။ (ခ) စသည့် ပက္ခန္တရ-ထိုတွင် (ခ) ပါဒက သန်ဗေ။
(ဂ-ဃ) ဝိတ္ထာရ။ထိုတွင် (ဃ) ဝါကျာရမ္ဘ။

**ဒုက္ခာဘိတုန္နတာယ-**ကြောင့် ပေးသောကြောင့်၊ **အသဏ္ဍောန္တော၌** အကြောင်းဟိတ်၊ အကျိုးဖိုလ်စပ်။

နံပါတ် (၄)

**ဒုက္ခာဘိတုန္နတာ။ ။တုဒီယတေတိ တုန္နော။အဘိ အတိရေက် တုန္နော**
**အဘိတုန္နော။ ဒုက္ခေန အဘိတုန္နော ဒုက္ခာဘိတုန္နော။**
**ဒုက္ခာဘိတုန္နဿ ဘာဝေါ ဒုက္ခာဘိတုန္နတာ။**

ဒုက္ခာဘိတုန္နတဒ္ဒိတ်အရ စိတ်ဆင်းရဲခြင်းသည် အလွန်ထိုးဆွအပ်သော သူဌေးသည် မျချ။ထို-၏ တာ-ပစ္စည်းအရ ထိုးဆွခံရခြင်း၊ စိတ်ဆင်းရဲခြင်းကြိယာနှင့် နိသျှ+နိဿိတစပ် ဌာန။တာ-ပစ္စည်းအရ စိတ်ဆင်းရဲခြင်းသည် အလွန်ထိုးဆွအပ်သော သူဌေး၏ ဖြစ်ကြောင်းဖြစ်ရာ ထိုးဆွခံရခြင်း၊ စိတ်ဆင်းရဲခြင်း ကြိယာရ၏။

တုဒ-ဓာတ်ကတ္တုဗ္ဗ-ထိုးဆွနှိပ်စက်တတ်သော မာနသိကဒုက္ခမုချ။ကမ္မဋ္ဌ သူဌေး၏ ပကတူပနိဿယသတ္တိ ဖလူ။ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်ခြင်းဟူသော သဟာဓာတပစ္စယသတ္တိ ကာရဏူ။တ-ပစ္စည်းသူဌေးရ၏။

http://www.dhammadownload.com



**အကွဲ့ရစိန္တကာ။ ။အက္ခရံ စိန္တေန္တီတိ အက္ခရစိန္တကာ။**

အက္ခရံ ဝိသေ-အရ အက္ခရာပုဒ်ပါဠိ မုချ။ထို-၏ သိတတ်သော သဒ္ဒါဆရာနှင့် ဂုဏ်+ဂုဏေး စပ် ဌာနူ။စိန္တတတ်အရ အက္ခရာပုဒ်ပါဠိကို သိတတ်သော သဒ္ဒါဆရာ၏ ဉာဏ်ဝီရိယ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် မုချ။ယောနိသောမနသိကာရ စသော ရှေးရှေးစိတ္တုပ္ပါဒ် ဖလူ။အတ္ထသံဝဏ္ဏနာကို သိခြင်းစသောနောက်နောက်သော စိတ္တုပ္ပါဒ် ကာရဏူ။သမာသ်ပုဒ်လုံးနှင့် ဏွု-အရ အက္ခရာပုဒ်ပါဠိကိုသိသော သဒ္ဒါဆရာတို့ရ၏။

**ဥပပဒ။ ။ပဒဿ သမီပံ ဥပပဒံ**

ပဒ ဝိသေ-အရ ပရိဘုဉ္ဇိဿသိဟူသော အာချာတ်ပုဒ် မုချ။ထို၏အနီးဖြစ်သော အတ္တိနာမသဒ္ဒါနှင့် သမီပိ+သမီပစပ် ဌာနူ။ပုဒ်လုံးအရ ပရိဘုဉ္ဇိဿသိဟူသော အာချာတ်ပုဒ်၏ အနီးဖြစ်သော အတ္တိနာမသဒ္ဒါ ရ၏။

**အနာဂတဝစန။ ။န အာဂစ္ဆိဿတီတိ အနာဂတံ။**

**အနာဂတဿ တံ ဝစနဉ္စာတိ အနာဂတဝစနံ။**

**ပစ္စက္ခ။ ။အက္ခဿ ပတိဂတံ ပစ္စက္ခံ။**

နံပါတ် (၅)

| | |
|---|---|
| **ပရိပုဏ္ဏ။** | ။ပရိ-ပူရ+တ။ |
| **သင်္ကေ္ဘာန္တော။** | ။သကျ+ဩ+အန္တ။ |
| **အက္ခရ။** | ။န-ခရ+အ။ |
| **ကပ္ပန။** | ။ကပ္ပ+ယု။ |
| **ပစ္စက္ခ ။** | ။[ပတိ+အက္ခ]။ အက္ခ။ ။ဥခ+အ။[အသ]<br>[ဥခတိ ဂစ္ဆတိ ဝိသယေတိ အက္ခံ] |

နံပါတ် (၆)

(ဂ)သံဝဏ္ဏနာ-ဖြင့် ပရိဘုဉ္ဇိဿသိ၌ အနောကပ္ပန, မရိသနအနက်ကို ဟောသော အတ္တိနာမသဒ္ဒါဖြင့် ယှဉ်သောကြောင့် **အနောကပ္ပန မရိသော** အက်ိ ဝုတ္တေ-သုတ်ဖြင့် အနာဂတ်ဝိဘတ်သက်ထားသည်ကို သိစေ။

(ဃ)ဣဒ် **ပစ္စက္ခာမိ-ဖြင့်** အနာဂတ်ဝိဘတ်သည် အနာဂတ်အနက်၌မဖြစ်၊ ပစ္စုပ္ပန်အနက်၌ဖြစ်သည်ကို သိစေ။**နသဒ္ဒဟာမိ နမရိသယာမိ-ဖြင့်** အတ္တိနာမသဒ္ဒါသည် သဒ္ဒဟနတ္ထ မရိသယတ္ထ အနက်ဟောသည်ကို သိစေ။

နံပါတ် (၇)

**အနောကပ္ပနမရိသနတ္ထဝသေန/ အနောကပ္ပနမရိသဟနတ္ထဝသေန...**

အနောကပ္ပန မရိသေတု အက်ိ ဝုတ္တေဝ [ပါဏိနိ ၊၃။၁၄၅]သုတ်ထောက်၍ မရိသတတ်သည် သည်းခံခြင်းအနက်ကို ဟောရကား အနောကပ္ပန မရိသနတ္ထဝသေန ပါဌ်သာသင့်။ [အနောကပ္ပနံ အသဒ္ဒဟနံ အမရိသနံ အသဟနံ။ [သာရတ္ထ]

http://www.dhammadownload.com



**နမရိသယာမိ/နပရိသယာမိ** [နည်းတူသိလေ။]

မှတ်ချက်။ ။သဒ္ဒနီတိ ဓာတုမာလာ၌ သဟ-ပရိသဟနေ ပရိသဟနံ, ခန္တိ စသည်ဖြင့် သဟဓာတ်၏ သည်းခံခြင်းအနက် ဟောနိုင်သောကြောင့်လည်းကောင်း၊ ပါရာဇိကဏ် ဂဏ္ဌိသစ်၌ ပရိသဟနတ္ထကိုပင် ယောဇနာသောကြောင့်လည်းကောင်း၊ ယင်းတို့ အလို ပရိသဟနတ္ထဝသေန/ပရိသဟာမိ ပါဠ်တို့လည်း သင့်မည်ပင်။

**အတ္တိနာမသဒ္ဒေ/ အတ္တိသဒ္ဒေ...**

သံဝဏ္ဏေတဗ္ဗပါဠိ၌ "အတ္တိနာမ တာတသုဒိန္န"ဟု ရှိသောကြောင့်လည်းကောင်း၊ ထိုကိုစီရင်သော ပါဏိနိသုတ်သည် ကိံသဒ္ဒါမဟုတ်သော အတ္တိနာမစသော သဒ္ဒယှဉ်ရာ၌ ပဇ္ဇုပ္ပန်အနက်ဝယ် အနာဂတ်ဝိဘတ် စီရင်သောကြောင့်လည်းကောင်း အတ္တိနာမပါဌ်သာသင့်။

**နံပါတ် (၈)**

**ဒုက္ခာဘိတုန္နတာယ။** ။အပေါင်းဖြစ်သော ကာယိကဒုက္ခစေတသိကဒုက္ခ တို့၏အမည်ကို အစိတ်ဖြစ်သော စေတသိကဒုက္ခ၌ တင် ဧကဒေသျူပစာ။

**အက္ခရစိန္တကာ။** ။အကြောင်းဖြစ်သော အက္ခရာကိုဆိုသဖြင့် အကျိုးဖြစ်သော ပုဒ်တို့ကိုလည်းရသောကြောင့် နာနန္တရိကနည်း ကာရဏူပစာ။

တစ်နည်း - အစိတ်ဖြစ်သော အက္ခရာ၏အက္ခရစိန္တကာ အမည်ကို အပေါင်းဖြစ်သော အက္ခရာနှင့်တကွ ထိုအက္ခရာလျှင် မူလရှိသောပုဒ်၌ တင်စား ဧကဒေသူပစာ ဥပလက္ခဏာနည်း။

***************

## ဝါကျစဉ် (၂၄)

(က) **တတာယံ အာဘိဒေါသိကောတိ** ဇာတော တဝ ဂေဟတော အယံအာဘိဒေါသိကော ကုမ္မာသော လဒ္ဓေါတိ အတ္ထော။

(ခ) **တတောယန္တိပိ** ပါဌော။

(ဂ) **တဒါယန္တိပိ** ပဌန္တိ။

(ဃ) တံ နု သုန္ဒရံ။

(င) **ယေန သကပိတု နိဝေသနန္တိ** ယေန သကဿ ပိတု အတ္တနော ပိတု နိဝေသနန္တိ အတ္ထော။

(စ) ထေရော ပိတရိ ပေမေနေဝ သုဗ္ဗစော ဟုတွာ အဂမာသိ။

(ဆ) **အဓိဝါသေသီတိ** ထေရော ဥက္ကဋ္ဌပိဏ္ဍပါတိကောပိ သမာနော သစေ ကောဘတ္တမ္ပိ နဂဟေဿမိ အတိဝိယ နေသံ ဒေါမနဿံ ဘဝိဿတီတိ ဉာတီနံ အနုကမ္ပာယ အဓိဝါသေသိ။

(ဝိ၊ဋ္ဌ၊၁။ ၁၇၆။)

***********

http://www.dhammadownload.com



နံပါတ် (၁)

(က)တဝ၊ သင်၏။တတော ဂေဟတော၊ထိုအိမ်မှ။အာဘိဒေါသိကော၊ သော။ အယံကုမ္ဘာသော၊ ကို။ လဒ္ဓေါ။

(င)ယေန၊ ဌ။သကာသ၊ မိမိ၏။ ပိတု၊ ခမည်းတော်၏။အတ္တနော၏။ ပိတုံ၊၏။ နိဝေသနံ၊ အိမ်သည်။ အတ္ထိ၊ ရှိ၏။

(စ)ပိတရိ၊အဖဌ။ပေမေနေဝ၊ချစ်ခြင်းကြောင့်သာလျှင်။သုဗ္ဗစော၊လွယ်ကူစွာ ပြောဆိုအပ်သော စကားရှိသည်။

(ဆ)ကောဘတ္တမ္ပိ၊ တစ်ထပ်သော ဆွမ်းကိုလည်း။ သစေနဂဟေဿာမိ၊ အကယ်၍ မခံယူအံ့။(ဇဝံသတိ-သော်) အတိဝိယ၊လျှင်။နေသံ၊ထိုမယ်တော်ခမည်းတော်တို့အား။ဒေါမနဿံ၊ စိတ်မချမ်းသာခြင်းသည်။ဝါ၊မကောင်းသောစိတ် ရှိသူ၏ အဖြစ်သည်။ဘဝိဿတိ၊ ဣတိ၊ ကြံ၍၊ ဉာတိနံ၊ ဆွေမျိုးတို့၏အပေါ်၌။အနုကမ္ပာယ၊သနားစောင့်ရှောက်ခြင်းကရုဏာကြောင့်။အဓိဝါသေသိ၊လက်ခံပြီ။(ဝေါ) ဝါ၊ မိမိအထက်၌ရှိနေစေပြီ။(သဒ္ဒတ္ထ)

နံပါတ် (၂)

(ခ)သို့။ ။ဆရာ ဆရာသည် (က) ဝါကျဖြင့် တတာယံကို တတော+အယံဟု ပဒစ္ဆေဒပြု၍ တတောဖြင့် တဝဂေဟတောကို စွဲယူသုံးသပ်အပ်သည်၏အဖြစ်နှင့် ကုမ္ဘာသောကို လဒ္ဓေါ ဟူသော ပါဠိသေသ၌ ထည့်စွက်၍ အနက်သမ္ဗန်အပ်သည်ကို ဖွင့်ပြအပ်၏။တတာယံဟူ၍သာ ပါဠ်ရှိပါသလော။အဘာယံပါဠ်လည်း ရှိနိုင်ပါသေးသနည်း။ စုဒ်ကြောင့် (ခ) မိန့်။

(ဃ)သို့။ ။ဆရာ ဆရာသည် (ဂ) ဖြင့် အချို့ဆရာတို့သည် တဒါယံဟူ၍လည်း ရွတ်ဆိုကြကုန်၏ဟု ဖွင့်ပြအပ်၏။ထိုတဒါယံ-ဟူသော ပါဠ်သည် ယူအပ်,စွန့်အပ်သော ပါဠ်တို့တွင် အဘာယံပါဠ်ပါနည်း။ယူအပ်သောပါဠ်ဖြစ်ကောင်းအံ့လော။ စုဒ်ကြောင့် (ဃ) မိန့်။

နိယံ ။နှ,မရှိလျှင်းက နှ, ကိုသွင်း၊ နှ,ရှိလျှင်းက နှ, ကိုပယ်။

(စ)သို့။ ။ဆရာ ဆရာသည် (င) ဖြင့် သကပိတုပုဒ်၏ ဆဋ္ဌီတပ္ပုရိသ် သမာသ်ဝစနတ္ထ ပြုအပ်သည်ကိုလည်းကောင်း၊သကသဒ္ဒါ၏မိမိဟူသော အနက်၌ ဖြစ်သည်ကိုလည်းကောင်း ဖွင့်ပြအပ်၏။အဘယ့်ကြောင့် အရှင်သုဒိန်သည်ဖခင်၏အိမ်သို့ လိုက်သွားရပါသနည်း။ဖခင်အိမ်၌ဆွမ်းခံဝင်အပ်ပြီးသည်မဟုတ်ပါလော။ (ဝါ)ဆွမ်းဘုဉ်းပေးပြီးပြီမဟုတ်လော။ စုဒ်ကြောင့် (စ) မိန့်။

**(ယေနသကပိတု နိဝေသနံ တေနုပသင်္ကမိကိုလည်း ဌာပနာထားနိုင်သည်)။**

**(ဆ)သို့ စတုက္ကထုတ်ပုံ...**

၁။နနု ထေရော ဥက္ကဋ္ဌပိဏ္ဍပါတိကော ဟောတိ။

http://www.dhammadownload.com



၂။အထ ကသ္မာ ပါဠိယံ နိမန္တနဘတ္တံ အဓိဝါသေတီတိ ဝုတ္တံ။
၃။သစေ ကေဘတ္တမ္ပိ နဂဟေဿာမိ အတိဝိယ နေသံ ဒေါမနဿံ ဘဝိဿတီတိ ဉာတ်ိနံ အနုကမ္ပာယ။
၄။ပါဠိယံ နိမန္တနဘတ္တံ အဓိဝါသေသီတိ ဝုတ္တံ။

(ဆ)သို့။ ။ဆရာ သင်္ဂါယနာတင် မထေရ်တို့သည် သံဝဏ္ဏောတမ္ပပါဠိ၌ အဓိဝါသေသိဟု ဟောတော်မူအပ်၏။အရှင်သုဒိန်သည် ဉက္ကဋ္ဌပိဏ္ဍပါတ်စုတင်ဆောက်တည်သည်မဟုတ်ပါလော။ယင်းသို့ဖြစ်လျက် အဘယ့်ကြောင့် နိမန္တနဘတ်ကို သာယာဘိသနည်း။စုဒ်ကြောင့် (ဆ) မိန့်။

နံပါတ် (၃)

(ခ)ပက္ခန္တရ။ (တစ်နည်း) ဝါကျာရမ္ဘ။ (ဂ) ပက္ခန္တရ။ (တစ်နည်း) ဝါကျာရမ္ဘ။ (ဃ) ဝါကျာရမ္ဘ။ (င) ပက္ခန္တရ။ (စ) ဝါကျာရမ္ဘ။ (ဆ)ပက္ခန္တရ။ (တစ်နည်း) ဝါကျာရမ္ဘ။

နံပါတ် (၄)

ဂေဟံ။ ။ဒဗ္ဗသမ္ဘာရံ ဂဏှာတီတိ ဂေဟံ။

ဂဟဓာတ်အရ ဉတုဇ အဝိနိဗ္ဘောဂရုပ်တို့၏ဉပါဒ်သည် မုချ။ဏာ ပစ္စည်းအရ ဉပ္ပါဒဝန္တဖြစ်သော အိမ်ရ၏။

နိဝေသနံ။ ။ဧတ္ထ နိဝိသန္တိ ယတ္တောတိ နိဝေသနံ။

ဝိသဓာတ်အရ ကတ္တုဋ္ဌကြိယာ လူတို့၏သန္တာန်၌ ဝင်သောအခြင်းအရာအားဖြင့် ဖြစ်သော ကာယဝိညတ္တိ သမုဋ္ဌာပက စိတ္တုပ္ပါဒ်သည် မုချ။အဓိကရဏတ္တကြိယာကား - အိမ်၏ပကတူ ပနိဿယသတ္တိသည် ဖလ။ယု ပစ္စည်းအရ အိမ်ရ၏။

ဝဓော။ ။ဝုစ္စတေတိ ဝဓော။

သုဗ္ဗစော ။ ။သုခံ ဝစော တေသုန္တိ သုဗ္ဗစော။

သုဝစ ပုဒ်လုံးအရ လွယ်ကူစွာ ပြောဆိုအပ်သော စကားသည်မုချ။ ထို၏-တေအရ သုဒိန်နှင့်ဂုဏ်+ဂုဏေး စပ် ဌာနူ။တေအညပုဒ်အရ-အရှင်သုဒိန်ရ၏။

ဉက္ကဋ္ဌော ။ ။ဉဒ္ဓံ ကသတိ ဂစ္ဆတီတိ ဉက္ကဋ္ဌော။ (ဉ + ကသ + တ)
ပိဏ္ဍော ။ ။ပိဏ္ဍိတဗ္ဗော သယံ်ဠိတဗ္ဗောတိ ပိဏ္ဍော။
ပါတော ။ ။ပတနံ ပါတော။
ပိဏ္ဍပါတော။ ။ပိဏ္ဍာနံ ပါတော ပိဏ္ဍပါတော။
ပိဏ္ဍပါတိကော။ ။ပိဏ္ဍပါတံ ဉဉ္ဆတိ ဂဝေသတီတိ ပိဏ္ဍပါတိကော။
ဉက္ကဋ္ဌပိဏ္ဍပါတိကော။ ။ဉက္ကဋ္ဌော စ သော ပိဏ္ဍပါတိကော စာတိ ဉက္ကဋ္ဌပိဏ္ဍပါတိကော။

http://www.dhammadownload.com



ဥက္ကဋ္ဌ ဝိသေသနပုဒ်အရ ကြီးကဲလွန်မြတ်သော ဂုဏ်သည် မုချ။ထို၏ ဝိဏ္ဍပါတ်ခုတင်ဆောင် မထေရ်နှင့် ဂုဏ်+ဂုဏေးစပ် ဌာန။ပုဒ်လုံးအရ-မြတ်သော ဝိဏ္ဍပါတ် ခုတင်ဆောင် မထေရ် ရ၏။

**ဒုမနော။** ။ဒုဋ္ဌော မနော ယဿာတိ ဒုမနော။

**ဒေါမနဿံ။** ။ဒုမနဿ ဘာဝေါ ဒေါမနဿံ။

ဒု မန-တဒ္ဓိတ် ပုဒ်အရ မကောင်းသောစိတ်ရှိသူသည် မုချ။ထို၏မကောင်းသောစိတ်ရှိသူ၏ဖြစ်ကြောင်းဖြစ်ရာ မကောင်းသောစိတ်နှင့် နိဿယ+ နိဿိတ အဖြစ်ဖြင့် စပ်ခြင်း သမ္ဗန်သည် ဌာန။ဏျပစ္စည်းအရ မကောင်းသောစိတ်ရှိသူ၏ ဖြစ်ကြောင်းဖြစ်ရာ မကောင်းသော စိတ်ရ၏။

နံပါတ် (၅)

**ပါဠော။** ။ပဠ + ဏ။ **ပဠီယတေ ဥစ္စာရီယတေတိ ပါဠော။**

**သုန္ဒရ။** ။သု + ဒရ + အ။ **သုဋ္ဌု ဒရီယတေတိ သုန္ဒရံ။**

**ထေရော။** ။ထိရ + ဏ / ဌာ + ဣရ။

**ပေမ။** ။ပီ + မန်။

**အနုကမ္ပ။** ။အနု + ကပိ + အ။

နံပါတ် (၆)

(က) **တတော တဝ ဂေဟတော အယံ**-ဖြင့် တတာယံကို တတော + အယံဟု ပဒစ္ဆေဒ ပြုအပ်သည်ကိုလည်းကောင်း၊တတော၌ တ-ဖြင့် တဝဂေဟကို စွဲယူသုံးသပ်အပ်သည်ကိုလည်းကောင်း သိစေသည်။**လဒ္ဓါဖြင့်** ကုမ္မာသော နောင် လဒ္ဓါ ပါဌသေသဆောင်၍အနက်သမ္ဗန်အပ် သည်ကိုလည်းကောင်း၊ကုမ္မာသော၌ သိဝိဘတ်သည် ဝုတ္တကံအနက်၌ ဖြစ်သည်ကိုလည်းကောင်း သိစေသည်။

(ခ) **သကဿပိတု**-ဖြင့် သကပိတုကို သကဿ ပိတု သကပိတု ဟု ဆဋ္ဌီတပ္ပုရိသ်သမာသ်ဝစနတ္ထပြုအပ်သည်ကို သိစေသည်။**အတ္တနောဖြင့်** သကပိတု၌ သကသဒ္ဒါသည် မိမိဟူသော အနက်ဟောသည်ကို သိစေသည်။**တစ်နည်း**-သကသဒ္ဒါသည် အတ္တသဒ္ဒါ၏ကာရိယအဖြစ်ကို သိစေသည်။(**အတ္တန္တော ဟိသို မာနတ္တံ သုတ်အဖွင့် ရှု**)တစ်နည်း-သက၌ သ သည် အတ္တအနက်ကိုဟော၍ ကပစ္စည်း သွတ္တ အနက်၌ သက်သည်ကိုလည်းကောင်း၊သောယေဝသကောဟု ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း သိစေသည်။

နံပါတ် (၇)

တဒါယံပါဌ်သည် တဝဂေဟကို စွဲယူသုံးသပ်၍ မရနိုင်သောကြောင့် နသုန္ဒရံဟုဆို။

**သကပိတုနိဝေသနံနှင့် ပတ်သက်၍ မှတ်ဖွယ်။** ။ သကပိတုနိဝေသနံ ပုဒ်သည် ပြဟွဏာဿ နိဝေသနံ ကဲ့သို့ ဝါကျသာဖြစ်၏။ဥဿဒ္ဓိသလောပေါစ သုတ်ဖြင့်

http://www.dhammadownload.com



သ-ကို ချေထားသည်။သကပိတု နိဝေသနံ ပုဒ်သည် ရာဇပုတ္တဒါသနေ ပုဒ်ကဲ့သို့ ဒုတ္တရမဂ္ဂဆင္ဃီသမာသ် ပုဒ်တည်း။ (ပါရာဇိကဏ် ဂဏ္ဌိ)

**ဩပုဉ္ဆာပေတွာ/ဩပုဉ္ဆာပေတွာ**

အဝရှေ့ရှိသော ပုဉ္ဆဓာတ်သည် သောဇနေ သုတ်သင်ခြင်းအနက်ကို ဟော၍ ဤ၌ အလိုမရှိအပ်သောကြောင့် စဝဂ် ဒုတိယအက္ခရာဖြင့်ရှိသော ဩပုဉ္ဆာပေတွာ မသင့်။အဝရှေ့ရှိသောပုဇိဓာတ်သည် လိမ္ပန၊လိမ်းကျံခြင်းအနက်ကိုဟော၍ ဤ၌အလိုရှိအပ်သောကြောင့် လည်းကောင်း၊ ဉပလိမ္ပာပေတွာဟူသော သံဝဏ္ဏနာကိုထောက်၍လည်းကောင်း၊ စဝဂ် တတိယက္ခရာဖြင့်ရှိသော ဩပုဉ္ဇာပေတွာ ပါဌ်သာသင့်။

နံပါတ် (၈)

**တံ နသုန္တရံ...**

**နိယံ။** ။**အန္တယကိုဆို၊ ဗျတိကိုသိ၊ ဗျတိကိုပြ၊ အန္တယ၊ သိရအတ္ထာပယ်။**

တဒါယံဟူသော ပါဌ်မကောင်းဟုဆိုသဖြင့် တတာယံ, တတောယံ ဟူသော ပါဌ် (၂) မျိုးကောင်း၏ဟု အနက်ရောက်သောအားဖြင့် သိရသောကြောင့် အတ္ထာပန္နနည်း။ (ဝါ) လိုအပ်သောအနက်ပြီးသောကြောင့် အဝုတ္တသိဒ္ဓိနည်း။

**(က)တဝဂေဟာတော။** ။ဌာနအိမ်၏အမည်ကို ဌာနီအိမ်နေသူ ကျွန်မဌ်တင် ဌာနူပစာ။(တစ်နည်း) အိမ်နှင့်အိမ်နေသူ ကျွန်မကို အပြားမဲ့အားဖြင့် ဆိုသောကြောင့် အဘေဒဘေဒူပစာ။

**(ခ)ဉက္ကဋ္ဌပိဏ္ဍပါတိကော။** ။အစိတ်ဖြစ်သော ဉက္ကဋ္ဌပိဏ္ဍပါတိကောကိုဆိုသဖြင့် အပေါင်းဖြစ်သော ဉက္ကဋ္ဌသပဒါနစာရိကကိုလည်း ရသောကြောင့် နိဒဿနနည်း ဉပလက္ခဏနနည်း ဧကဒေသူပစာ။

**(ဉက္ကဋ္ဌ ပိဏ္ဍပါတိကောပိ သမာနောတိ နိဒဿနမတ္တမိဒံ၊ ထေရော သပဒါနစာရိကောသုပိ ဉက္ကဋ္ဌောယေဝ)။ သာရတ္ထ၊ ၂။ ၉။**

နံပါတ်(၁၀)

**(ဆ)ဒေါမနဿံ။** ။ဒေါမနဿဝေဒနာကောက်။

************

ဖြည့်စွက်နံပါတ်

နံပါတ် (၆)

**ဇက် ဟိရညသာတိ ဣတ္တ ဟိရညံ ကဟာပဏော ဝေဒိတဗ္ဗော။**

**(ဝိ၊ ဋ္ဌ၊ ၁၊ ၁၇၆)**

ဇက် သုဝဏ္ဏသည်၌ ရွှေကိုယူလတ္တံ့ဖြစ်သောကြောင့် ဤ၌ဟိရညသအရ ဂေါဗလိဗဒ္ဒနည်း, ပုညာဏသမ္ဘာရနည်းအားဖြင့် ငွေဒင်္ဂါးတို့ကို (ဝါ)ငွေအသပြာတို့ကို ယူအပ်သည်ကို သိစေသည်။

http://www.dhammadownload.com



ကရိသေန ပဏော ဝေါဟာရိတောတိ ကဟာပဏော။
(ကရိသပုဒ် + ပဏပုဒ်=ရိသ-ကို ဟာ-ပြု၍ ပြီးသည်)

****************

## ဝါကျစဉ် (၂၅)

(က) **တိရောကရဏီယန္တိ** ကရဏွေ ဘုမ္မံ။
(ခ) သာဏိပါကာရေန ပရိက္ခိပိတွာတိ အတ္ထော။
(ဂ) အထ ဝါ တိရော ကရေန္တိ ဧတေနာတိ **တိရောကရဏီယံ**၊ တံ ပရိက္ခိပိတွာ။
(ဃ) **သမန္တတော ကတွာတိ** အတ္ထော။
(င) **တေနဟီတိ** ယသ္မာ အဇ္ဇ သုဒိန္နော အာဂမိဿတိ တေန ကာရဏေန။
(စ) ဟိ ဣတိ ပဒပူရဏမတ္တေ နိပါတော။
(ဆ) **တေနာတိ** အယမ္ပိ ဝါ ဥယျောဇနတ္ထေ နိပါတော။
(ဇ) **ပုဗ္ဗဏှသမယန္တိ** ဧတ္ထ ကိဉ္စာပိ ပါဠိယံ ကာလာရောစနံ န ဝုတ္တံ၊ အထ ခေါ အာရောစိတေယေဝ ကာလေ အဂမာသီတိ ဝေဒိတဗ္ဗော။ (ဝိ၊ဋ္ဌ၊၁။၁၇၆။)

************

### နံပါတ် (၁)

တိရောကရဏီယံ၊ တင်းတိမ်ကန့်လန့်ကာဖြင့်။ ပရိက္ခိပိတွာ၊ ကာရံ၍။ (က-ဝါကျအလိုဣတ္ထိလိင်, ကရိဏ်းအနက်, သတ္တမီဝိဘတ်)

တိရောကရဏီယံ၊ ကို။ပရိက္ခိပိတွာ၊ ထက်ဝန်းကျင်ပတ်ရစ်၍။(ဂ-ဝါကျအလို နပုလ္လိင်, ဒုတိယာအနက်, ဒုတိယာဝိဘတ်။)

တေန-ယနေ့ သုဒိန်လာလွှဲ့ဟူသော အကြောင်းကြောင့်။(တေန-နာမ်ပုဒ်၊ ဟိ-နိပါတ်ပုဒ်)

### နံပါတ် (၂)

(ခ)သို့ ပုစ္ဆာ။ ။ဆရာ ဆရာသည် (က) ဖြင့် တိရောကရဏီယံ၌ သတ္တမီဝိဘတ်သည် ကရိဏ်းအနက်၌ဖြစ်၏ဟု ဖွင့်ပြတော်မူအပ်၏။အတ္ထယုတ္တိ မရှိခဲ့သော် ဆရာ့စကားအသို့လျှင် သင့်အံ့နည်း။ အတ္ထယုတ္တိ အတ္ထယောဇနာကို မပြဆိုပြီလော။ စုဒ်ကြောင့် (ခ) မိန့်။

(ဂ)သို့။ ။ဆရာသည် (က)ဖြင့် တိရောကရဏီယံပုဒ်၏ ဣတ္ထိလိင်အဖြစ်ကိုလည်းကောင်း၊ယင်း၌ သ္မိံဝိဘတ်သည် ကရိဏ်းအနက်၌ဖြစ်သည်ကိုလည်းကောင်း၊ ဖွင့်ပြအပ်၏။ထိုတိရောကရဏီယံပုဒ်သည် ဣတ္ထိလိင်ယောပုဒ်သာဖြစ်ပြီး ကရိဏ်းအနက်၌ သတ္တမီဝိဘတ်သာ သက်၍ ပြီးကောင်းပါသလော။အဘယ်လိင်ပုဒ်,

http://www.dhammadownload.com



အဘာယ်ဝိဘတ်တို့ဖြင့်လည်း ပြီးနိုင်ကောင်းရာပါသနည်း။ စုဒ်ကြောင့် (ဂ) မိန့်။

(ဆ)သို့။ ။ဆရာသည်(စ)ဖြင့် ဟိ-သဒ္ဒါသည် ပဒပူရဏတ္ထနိပါတ်ဖြစ်၏ဟု ဖွင့်ပြအပ်၏။ဟိသဒ္ဒါကိုသာ နိပါတ်ဟူ၍ မှတ်သားအပ်ပါသလော။ အဘာယ်သဒ္ဒါကိုလည်း နိပါတ်ဟူ၍ မှတ်သားအပ်ပါသေးသနည်း။ စုဒ်ကြောင့် (ဆ) မိန့်။

(အယမ္ပိ-၌ ပိ-ကိုရှုသည်)

**တစ်နည်း။** ။ဆရာသည် (င) ဝါကျဖြင့် တေန၌ တ-သည် သဗ္ဗနာမ်ပုဒ်ဖြစ်၍ ကာရဏာကို စွဲယူသုံးသပ်အပ်သည်ကိုလည်းကောင်း၊နာဝိဘတ်သည် ဟိတ်အနက်၌ သက်သည်ကိုလည်းကောင်း ဖွင့်ပြတော်မူအပ်၏။ထိုတေနသဒ္ဒါကို သဗ္ဗနာမ်ပုဒ်၏အဖြစ်ဖြင့်သာ မှတ်သားအပ်ပါသလော။အဘာယ်ပုဒ်၏အဖြစ်ကိုလည်း မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (ဆ) မိန့်။ (ဝါ-ကို ရှုသည်)

(ဈ)ဝါကျစတုက္က…

(က) နနု ပါဠိယံ ကာလာရောစနံ န ဝုတ္တံ။

(ခ) အထ ကသ္မာ ပုဗ္ဗဏှသမယံ နိဝါသေတွာသိ အာဒိနာ ဝုတ္တံ။

(ဂ) နနု အာရောစိတေယေဝ ကာလေ အဂမာသီတိ ဝေဒိတဗ္ဗော တသ္မာ။

(တစ်နည်း)အာရောစိတကာလေယေဝ ဂမနသ္သ သမဏာမ္မတာ။

(မစိုးရိမ်ပါရာဇိကဏ် အဖြေ)

(ဃ)ပုဗ္ဗဏှ သမယံ နိဝါသေတွာတိ အာဒိနာ ဝုတ္တံ။

**(ဈ)သို့။** ။ဆရာ ပါဠိတော်၌ သင်္ဂါယနာတင် မထေရ်တို့သည် ပုဗ္ဗဏှသမယံ နိဝါသေတွာ စသောစကားကို မိန့်ဆိုအပ်၏။ပါဠိတော်၌ ကာလော ဘာတ သုဒိန္န နိဋ္ဌိတံ ဘတ္တံဟူ၍ ကာလကို လျှောက်ထားကြောင်းစကား မဆိုအပ်သည် မဟုတ်ပါလော။ (ဋီကာ)ထိုသို့ဖြစ်ပါလျက် အဘာယ့်ကြောင့် ပုဗ္ဗဏှသမယံ နိဝါသေတွာ စသောစကားကို ပါဠိတော်၌ ဆိုအပ်ပါသနည်း။ စုဒ်ကြောင့် (ဈ) မိန့်။

နံပါတ် (၃)

(ခ)ဒဋ္ဌီ=အတ္ထယုတ္တိအားဖြင့် ထောက်ခံသောကြောင့်။တစ်နည်း ဝါကျာရမ္ဘ၊ ဝိတ္ထာရ။ **နိယံ။** ။**အဓိပ္ပါယော၊ အတ္ထောရှိကာ၊ ဝဋ္ဋတ်ဖော်ပြ ဝိတ္ထာရ။**

(ဂ)နယန္တရ ပက္ခန္တရ။ (ဃ) ဒဋ္ဌီ၊ ဝါကျာရမ္ဘ၊ ဝိတ္ထာရ။(င)ပက္ခန္တရ။ (စ) ပက္ခန္တရ၊ ဝါကျာရမ္ဘ။တေန ဟိ ၌ တေနကို ဖွင့်ပြီးနောက် ဟိ-ကို ဆက်၍ဖွင့်သောကြောင့်။

(ဆ)နယန္တရ ပက္ခန္တရ (ဝါ-ကိုရှု)တစ်နည်း-ဝါကျာရမ္ဘ (အယမ္ပိ-ကိုရှု) ဟိ-သာနိပါတ်လော ဟူသော စောဒနာကိုပယ်လို၍ ဆက်လက်အားထုတ်။

(ဈ)ပက္ခန္တရ။တစ်နည်း-ဝါကျာရမ္ဘ။

**တာစပ်။** ။ပုဗ္ဗဏှသမယံ၌ပေး၊ဝေဒိတဗ္ဗော၌ အာဓာရ၊အာဓာယစပ်။ **(နိဿယ)**

http://www.dhammadownload.com



**တစ်နည်း။**။ပုဗ္ဗဏှသမယံ ၌ ပေး၊ နု ဝုတ္တံ-၌ အာဓာရ, အာဓေယ်။

နံပါတ် (၄)

**တိရောကရဏီ။ ။တိရော ကရောန္တိ တေယာတိ တိရောကရဏီ။** (က-ရှု)

တိရော နိပါတ်ပုဒ်အရ ဖီလာကန့်လန့် ဟူသော ဓာတွတ္ထ ဝိသေသက ဘော်ဂုဏ်သည် မုချ။ကရဓာတ်အရ ကန့်လန့်ကာကို ကာရံသောပုဂ္ဂိုလ်တို့၏ ကာယဝိညတ်၌ သမုဋ္ဌာပက ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်သည် မုချ။ကာရဏတ္ထ ကြိယာ-ကန့်လန့်ကာ၏ အာရုဗ္ဘဏ,ပကတူပနိဿယသတ္တိသည် ဖလူ။ယု-ပစ္စည်းအရ ကန့်လန့်ကာရ၏။

**သာဏီ။ ။သာတိ ဒုက္ခံ တနံ့ ကရောတီတိ သာဏီ။**

**ပါကာရော။ ။သမန္တတော ကရီယတေတိ ပါကာရော။**

**သာဏိပါကာရော။**။**သာဏီစ သာ ပါကာရောစာတိ သာဏိပါကာရော။**

ပါကာရ-ဝိသေသနပုဒ်အရ ကာရံအပ်သည်၏အဖြစ် ဟူသောဂုဏ်သည် မုချ။ထို၏ သာဏီအရ အဝတ်နှင့်ဂုဏ် + ဂုဏေးစပ် ဌာန္။သမာသ်ပုဒ်လုံးအရ ကာရံအပ်သော အဝတ်ရ၏။

**ပုဗ္ဗဏှော ။ ။အဟဿ ပုဗ္ဗော ပုဗ္ဗဏှော။**

**ပုဗ္ဗဏှသမယော။ ။ပုဗ္ဗဏှော စ သော သမယောစာတိ ပုဗ္ဗဏှသမယော။**

ပုဗ္ဗဏှ ဝိသေသနပုဒ်အရ နေ့၏ရှေ့အဖို့အဖြစ်ဟူသော ဂုဏ်သည် မုချ။ ထို၏ သမယအရ ကာလနှင့် ဂုဏ် + ဂုဏေး / ကာလ + ကာလဝန္တစပ်ဌာန္။ ပုဒ်လုံးအရ နေ့၏ရှေ့အဖို့ဖြစ်သော ကာလရ၏။

**အာရောစနံ။ ။အာရောစေန္တိ တေနာတိ အာရောစနံ။**

**ကာလာရောစနံ။ ။ကာလဿ အာရောစနံ ကာလာရောစနံ။**

**နိုယ်။ ။ကရဏသာဓ်, အဓိကရဏသာဓ် နောက်ပုဒ်ပြ၊ရှေ့ပါဌ်ဆင့်တွဲမြဲတည်း။**

**အာရောစိတော။ ။အာရောစီယတေတိ အာရောစိတော။**

ရုစဓာတ် ကတ္တုဋ္ဌကြိယာ - ပြောကြားသောဖခင်၏သန္တာန်၌ ဝစီဝိညတ္တိ သမုဋ္ဌာပကစိတ္တုပ္ပါဒ်သည် မုချ။ကမ္မဋ္ဌကြိယာ-အချိန်ကာလ၏ ပကတူပနိဿယ သတ္တိသည် ဖလူ။တ-ပစ္စည်းအရ အချိန်ကာလရ၏။

နံပါတ် (၅)

| | |
|---|---|
| သာဏီ ။ | ။ သာ + ဏီ။ |
| အနွ ။ | ။ ဣမပုဒ် + ဒွပစ္စည်း။ |
| ဥယျောဇနေ | ။ ဥ + ယုဇ + ယု။ |
| အ ဟ ။ | ။ န + ဟာ + အ - နပုလ္လိင်၊ ရှုအလို - ပုလ္လိင်၊ န ဟောတီ အစ္စာဂမနန္တိ အဟံ။ |
| သမယ ။ | ။ သံ + ဣ + ဏ။ |

http://www.dhammadownload.com



**ပါဠိယံ** ။ ။ ပါ + ဠိ။

**ကာလ** ။ ။ ကရ/ကလ+ဏ။

**ဘုမ္မ**။ ။ ။ ဘူ+ မိ - ဏျ။(ဘူမိ+ဏျ။ဘူမိဝိယာတိ ဘုမ္မံ)

နံပါတ် (၆)

(က)**ကရဏတ္ထေဘုမ္မံဖြင့်** - တိရောကရဏီယံ၌ ယံ-သည် သတ္တမီဝိဘတ်၏ ကာရိယဖြစ်၍ ယင်းသတ္တမီဝိဘတ်သည် ကရိဏ်းအနက်၌ဖြစ်သည်ကို သိစေသည်။

(ခ)**သာဓိပါကာရေဖြင့်** -တိရောကရဏီသဒ္ဒါသည် သာဓိပါကာရ သဒ္ဒါ၏ ပရိယာယ်ဖြစ်သည်ကိုလည်းကောင်း၊သတ္တမီဘတ် ကရိဏ်းအနက်၌သက် သည်ကိုလည်းကောင်း သိစေသည်။

(ဂ)**တိရောကရေတိ့ တေနာတိဖြင့်**-တိရောကရဏီယံ၌ တိရော သဒ္ဒါ ပုဗ္ဗ+ကရဓာတ် အနီယပစ္စည်း၊ ယင်းအနီယပစ္စည်း၏ကရဏသာဓန၌ သက်သည် ကို သိစေသည်။

**မှတ်ချက်**။ ။(က) ဝါကျအလို·တိရောကရဏီယသည် ဣတ္ထိလိင်၊တိရော ကရဏီပုဒ်၊ဤကာရန္တ၊နဒါဒိဂိုဏ်း။(ဂ) ဝါကျအလို-တိရောကရဏီယပုဒ်နပုလ္လိင်၊ စိတ္တာဒိဂိုဏ်း။

**တံဖြင့်** - တိရောကရဏီယံ၌ သတ္တမီဝိဘတ်မဟုတ်၊ဒုတိယာဝိဘတ်၏ အဖြစ်ကို သိစေသည်။(ဒုတိယာဝိဘတ္တိပဒ)

(ဃ)**သမန္တတောကတ္တာဖြင့်** - ပရိက္ခိပိတ္တာ၌ ပရိဥပသာရ၏ သမန္တအနက် ဟောသည်ကိုလည်းကောင်း၊ပတ်ဝန်းကျင်ပစ်ချ၏ဟူသည် ပတ်ဝန်းကျင်၌ အကာ အရံပြုခြင်းပင် ဖြစ်၏ဟူသော အဓိပ္ပာယ်ကိုလည်းကောင်း သိစေသည်။

(င)**တေန ကာရဏေနဖြင့်**-တေန-၌ တ-သည် သဗ္ဗနာမ်ပုဒ်ဖြစ်၍ ကာရဏသဒ္ဒါကို စွဲယူသုံးသပ်အပ်သည်ကိုလည်းကောင်း၊ ယင်း၌ နာဝိဘတ်သည် ဟိတ်အနက်၌ ဖြစ်သည်ကိုလည်းကောင်း သိစေသည်။

**ယသ္မာအဓ္ဓစသည်ဖြင့်** အကြောင်းဟူသည် အရှင်သုဒိန် ယနေ့လာမည် ဟူသော အကြောင်းပင်တည်းဟု သိစေသည်။

**တစ်နည်း**-တေန နိယမအရ ယသ္မာ အဓ္ဓစသော အနိယမဝါကျကိုထည့် ၍ အနက်သဗ္ဗန်အပ်သည်ကို သိစေသည်။

နံပါတ် (၇)

**တိရောကရဏီယံ / တိရောကရဏီယံ**···

(ဂ)ဝါကျအလို တိရောသဒ္ဒါပုဗ္ဗ+ကရဓာတ်+အနီယပစ္စည်း ဒုတိယာအံဝိ ဘတ် န-ကို ဏ-ပြန်၍ ပြီးသောကြောင့် ကရဏီယံဟု ဒီဃဖြင့်ရှိသော ပါဠိသင့်။

(က)ဝါကျအလို-တိရောကရဏီပုဒ်+သတ္တမီဝိဘတ် သ္မိ-ကို ယံ-ပြု၊ကေဝုစ် ဝိဘတ် နှောင်းသောကြောင့် ဤ-ကို ရဿ-ပြု၍ ပြီးရကား တိရောကရဏီယံဟု

http://www.dhammadownload.com



ရသဖြင့်ရှိသော ပါဠိလည်းသင့်။

**ပဒပူရဏမတ္တ/ပဒပူရဏမတ္တ...**

ဝိသေသနိဝတ္တိ အနက်ရှိသော မတ္တသဒ္ဒါဖြင့် ဟိ-နိပါတ်၏ပဒပူရဏ အနက်မှတစ်ပါး အခြားအနက်ဖြစ်ခြင်း၌တားမြစ်အပ်သောကြောင့်ပဒပူရဏ မတ္တေသင့်။

ပဒပူရဏမတ္တေတိ ပဒပူရဏတ္တေ မကာရော အာဂမော-ဟူသော ယောဇနာကို ထောက်၍ ပဒပူရဏမတ္တေ-လည်းသင့်။

နံပါတ် (၈)

**ကရဏတ္တေ။** ။အကြောင်းဖြစ်သော ကရိုဏ်းအနက်၏အမည်ကို အကျိုးဖြစ်သော တိရောကရဏီယံ သဒ္ဒါ၌တင်ကာရဏူပစာနောနုန္တရိကနည်း၊ဝိဘတ္တိဝိပလ္လာသနည်း။

**သာဏိပါကာရေန။** ။အတူဖြစ်သော တံတိုင်း၏ သာဏိပါကာရအမည်ကို အတူရှိသော ကန့်လန့်ကာအဝတ်၌ တင်စား၍ဆို သဒိသူပစာ။

**ဘုမ္မံ။** ။အတူဖြစ်သော မြေကြီး၏ဘုမ္မအမည်ကို အတူရှိသော အာဓာရအနက်၌ တင် သဒိသူပစာ။

**ပုဗ္ဗဏှသမယံ။** ။ပုဗ္ဗဏှအရ နံနက်နှင့် သမယအရအခါတို့ကို မကွဲပြားသော် လည်း ကွဲပြားသကဲ့သို့ ဆိုသောကြောင့် အဘေဒဘေဒူပစာ။

**တစ်နည်း။** ။အပေါင်းအခါအားလုံး၏ သမယအမည်ကို အစိတ်ဖြစ်သော နံနက်အခါ၌တင် ဧကဒေသူပစာ။

**************

## ဝါကျစဉ် (၂၆)

(က) **မတ္တိကန္တိ** မာတိတော အာဂယံ။

(ခ) ဣဒံ တေ မာတာမဟိယာ မာတု ဣမံ ဂေဟံ အာဂစ္ဆန္တိယာ ဒိန္နနေန္တိ အတ္ထော။

(ဂ) **ဣတ္ထိကာယ ဣတ္ထိဓနန္တိ** ဟိဒ္ဓေန္တော အာဟ။

(ဃ) ဣတ္ထိကာယ နာမ ဣတ္ထိပရိဘောဂါနံယေဝ နှာနစုဏ္ဏာဒီနံ အတ္ထာယ လဒ္ဓံ ဓနံ ကိတ္တကံ ဘဝေယျ၊ တသ္မာပိ တာဝ ပရိမာဏံ ပဿ။

(င) အထ ဝါ ဣဒံ တေ တာတ သုဒိန္န မာတု ဓနံ၊ တဉ္စ ခေါ မတ္တိကံ။

(စ) န မယာဒိန္နံ၊ တဝ မာတုယေဝ သန္တကန္တိ ဝုတ္တံ ဟောတိ။

(ဆ) တံ ပနေတံ န ကာသိယာ န ဝဏိဇ္ဇာယ သမ္ဘုတံ၊ အပိစ ခေါ ဣတ္ထိကာယ ဣတ္ထိဓနံ။

(ဇ) ယံ ဣတ္ထိကာယ ဉာတိကုလတော သာမိကကုလံ ဂစ္ဆန္တိယာ လဒ္ဓဗ္ဗံ

http://www.dhammadownload.com



နာနစုဏ္ဏာဒီနံ အတ္တာယ ဣုတ္တိခနံ၊တံ တာဝ ဗွေကတ္တိ ဓဝမေတ္တ အတ္တော ဒဋ္ဌဗ္ဗော။ (ပါ၊ဋ္ဌ၊၁။၁၇၇)

*************

နံပါတ် (၁)

ဣုဒံ တေ တာတ သုဒိန္န မာတုမတ္တိကံ ဣုတ္တိကာယ ဣုတ္တိခနံ။ (ပါဠိတော်)

တာတာသုဒိန္န-ဒိန်။ ဣုဒံ၊ ဤရွှေ-ငွေ ဥစ္စာသည်။ တေ၊ ၏။ မာတု၊ မွေးအမေ၏။ မတ္တိကံ၊ အမိမှလာသော ဥစ္စာတည်း။ ဣုတ္တိကာယ၊ ယောက်ျားတို့ကို ထောက်ဆ၍ အောက်ကျသော မိန်းမတို့၏ အသုံးအဆောင် ရေချိုးကြောင်း ဆပ်ပြာ မှုန့်စသည်အကျိုးငှာ။(လဒ္ဓံ-သော) ဣုတ္တိခနံ။ မိန်းမတို့၏ဥစ္စာတည်း။

တစ်နည်း။ ။ တာတ သုဒိန္န။ ဣုဒံ-သည်။ တေ-၏။ မာတု-၏။မတ္တိကံ-အမိ၏ဥစ္စာတည်း။ဣုတ္တိကာယ၊မိန်းမသားသည်။(လဒ္ဓဗ္ဗံ-ရေချိုးကြောင်း ဆပ်ပြာမှုန့် အကျိုးငှာရအပ်သော) ဣုတ္တိခနံ-တည်း။

နံပါတ် (၂)

(ခ)သို့ ပုစ္ဆာ။ ။ဆရာ(က)ဖြင့် မတ္တိကဟူသည် အမိမှလာသော ဥစ္စာတည်းဟု ဖွင့်ပြအပ်၏။ ထိုအမိမှလာသော ဥစ္စာဟူသည် အဘယ်ပါနည်း။အမိကိုယ်တိုင် ရောင်းဝယ်ကူးသန်း၍ ရအပ်သော ဥစ္စာပါလော။ စုဒ်ကြောင့် (ခ) မိန့်။

(ဂ)သို့ စောဒနာ။ ။ဆရာပါဠိတော်၌ ဥပါလိထေရ်သည် ဣုတ္တိကာယ ဣုတ္တိခနံ-ဟု မိန့်ဆိုအပ်၏။မာတုမတ္တိကံ-ဟူသော ပုဒ်ဖြင့်ပင် ရွှေပုံ,ငွေပုံတို့သည် အမိမှ လာသောဥစ္စာ အမိပိုင်ဥစ္စာအဖြစ်ကို ပြဆိုအပ်ပြီးမဟုတ်ပါလော။ထိုသို့ဖြစ်ပါလျက် အဘယ့်ကြောင့် ဣုတ္တိကာယ ဣုတ္တိခနံဟု ထပ်၍ ဆိုအပ်ပါသနည်း။စုဒ်ကြောင့် (ဂ) မိန့်။

ကား ။ ။ ဥစ္စာကို ရှုတ်ချလိုသောကြောင့် ပါဠိတော်၌ ဣုတ္တိကာယ ဣုတ္တိခနံ-ဟု ထပ်၍ ဆိုအပ်၏ ဟူလို။

(ဃ)သို့ ပုစ္ဆာ။ ။ဆရာ(ဂ)ဖြင့် ဣုတ္တိကာယ ဣုတ္တိခနံဟု ဆိုခြင်းသည် ဥစ္စာ၏မကြီးကျယ်ကြောင်းကို ရှုတ်ချကြောင်း စကားဖြစ်၏ဟု ဖွင့်ပြကော်မူ၏။ အဘယ်သို့လျှင် ဥစ္စာ၏မကြီးကျယ်ကြောင်း ရှုတ်ချပြောဆိုပါသနည်း။ကဲ့ရဲ့ရှုတ်ချပုံကို အကျယ်အားဖြင့် မပြဆိုပြီလော။ စုဒ်ကြောင့် (ဃ) မိန့်။

(င)သို့။ ။ဆရာသည် က-ဖြင့် မတ္တိကံကို မာတိတော အာဂတံ.မတ္တိကံ ဟု ဝစနတ္ထပြု၍ ဏိက-ပစ္စည်း အာဂတ-အနက်၌ သက်သည်ကိုလည်းကောင်း၊ မတ္တိကဟူသည် အမိဘက်မှပါလာသော ဥစ္စာဖြစ်သည်ကိုလည်းကောင်း ဖွင့်ပြ အပ်၏။ ထိုဝစနတ္ထနှင့် ထိုအမိဘက်မှ ပါလာသော ဥစ္စာကိုသာ မတ္တိကဟူ၍ ဆိုအပ်ပါသလော။အဘယ်ဝစနတ္ထနှင့် အဘယ် ဥစ္စာကိုလည်း မတ္တိကဟူ၍ ဆို

http://www.dhammadownload.com



နိုင်ပါသေးသနည်း။ စုဒ်ကြောင့် (င) မိန့်။

**(စ)သို့**။ ။ဆရာ (င) ဖြင့် မတ္တိကဟူသည် အမိပိုင်ဥစ္စာ အမိ၏ဥစ္စာဖြစ်၏-ဟု ဖွင့်ပြအပ်၏။ထိုအမိပိုင်ဥစ္စာဟူသည် အဘယ်ပါသနည်း။ အရှင်သုဒိန်၏ဖခင်က ပေးထားသော ဥစ္စာလော။ စုဒ်ကြောင့် (စ)မိန့်။

**(ဆ)သို့**။ ။ဆရာ (စ)ဖြင့် မတ္တိကဟူသည် ဖခင်ပေးထားအပ်သော ဥစ္စာမဟုတ်၊ အမိ၏သာ ဥစ္စာဖြစ်၏ဟု ဖွင့်ပြအပ်၏။အမိသည် ထိုဥစ္စာတို့ကို အဘယ်သို့ ရရှိအပ်ပါသနည်း။ လယ်ထွန်ခြင်း၊ ကုန်သွယ်ခြင်းဖြင့် ရအပ်ပါသလော။ စုဒ်ကြောင့် (ဆ) မိန့်။

**(ဇ)သို့**။ ။ဆရာ (ဆ)ဖြင့် အမိပိုင်ဥစ္စာဟူသည် လယ်ထွန်ခြင်း၊ ကုန်သွယ်ခြင်း ကြောင့် ရအပ်သည်မဟုတ်၊ စင်စစ်ကား မိန်းမသား၏ပိုင်ဆိုင်ခွင့်ရှိသော ဥစ္စာမျှဖြစ်၏ဟု ဖွင့်ပြအပ်၏။ထိုဥစ္စာများကို မိန်းမသားတို့သည် အသို့ပိုင်ဆိုင်ခွင့် ရနိုင်ပါသနည်း။ မိန်းမသားတို့ ဥစ္စာကို ပိုင်ဆိုင်နိုင်ပုံအကျယ်ကို မပြဆိုပြီလော။ စုဒ်ကြောင့် (ဇ) မိန့်။

## နံပါတ် (၃)

(ခ) ဝိတ္ထာရ။ တစ်နည်း-ပက္ခန္တရ။ ဝိဂ္ဂဟတ္ထမှတစ်ပါး ဘာဝတ္ထအဖို့ တစ်ပါးပြ။

(ဂ) ပက္ခန္တရ။ (ဃ) ဝိတ္ထာရ။ (င) နယန္တရ၊ ပက္ခန္တရ။

(စ) ဝိတ္ထာရ။ ဥဇုကတ္ထကို ချဲ့ပြ။ (ဆ)ဝါကျာရမ္ဘ။

(ဇ) ဝိတ္ထာရ။တစ်နည်း-ပက္ခန္တရ။ (ဈ)ဝိတ္ထာရ။

**စာစပ်**။ ။(ဇ) ဣတ္ထိကာယ-၏ ပေးသောကြောင့်၊ ဓနံ-၌ သမ္ဗန် + သမ္ဗန္ဓီစပ်။ ဣတ္ထိကာယ သည်-ကြောင့်၊ လဒ္ဓဗ္ဗံ-၌ အဝုတ္တကတ္တား+ကတ္တိစပ်။

## နံပါတ် (၄)

**မာတာမဟီ**။ ။မာတု မာတာ မာတာမဟီ။(မာတု+အာမဟ+ဣတ္ထီ-ဤ)

မာတု တဒ္ဓိတ်အရ အမေသည် မုချ။ထို-၏ အာမဟပစ္စည်းအရ အမေ၏ အမေနှင့် ဝါ-အဘွားနှင့် ဧည+ဇနက စပ် ဌာနူ။အာမဟ-ပစ္စည်းအရ အမေ၏အမေ ဝါ-အဖွားရ၏။

**ဒိန္နဓနံ**။ ။ဒိန္နဥ္စ တံ ဓနဥ္စာတိ ဒိန္နဓနံ။

**ဣတ္ထိကာ**။ ။ဟီနာ ဣတ္ထီ ဣတ္ထိကာ။ (မဒ္ဒု + ဘာဋီ)
ဣန္ထိတာ ဣတ္ထီ ဣတ္ထိကာ။ (ရူပသိဒ္ဓိ)
ဣတ္ထီ ဧဝ ဣတ္ထိကာ။ (ဂဏ္ဌိ)

က-ပစ္စည်းအရ ယုတ်ညံ့ခြင်း ဟီနဂုဏ် မုချ။ထို-၏ မိန်းမနှင့် ဂုဏ်+ဂုဏီ စပ် ဌာနူ။ဣတ္ထီ-အရ ယောကျ်ားကိုထောက်ဆ၍ အောက်ကျသော မိန်းမရ၏။

http://www.dhammadownload.com



**နှာနစုဏ္ဏာဒီနိ။** ။နှာယန္တိ တေနာတိ နှာနံ။
**(ဃ)သို့ အပရာနုသန္ဓေ။** ။ယခု အခါ၌ ကျင့်ပြီး ကျင့်လတ္တံ့ နှစ်မျိုးတို့တွင် ကျင့်ပြီးကို ပြတော်မူလိုသော အဋ္ဌကထာ ဆရာသည် [ဃ] မိန့်။

## နံပါတ် (၃)

(ခ)ဝါကျာရမ္ဘ။**တစ်နည်း**-ပက္ခန္တရ။(ဂ)ပက္ခန္တရ။(ဃ)ဝါကျာရမ္ဘ။

တေသု-တို့တွင်ပေးသောကြောင့်၊ ယောကောစိ၌ နိဒ္ဒါရဏသမုဒါယ

ယောကောစိကား-နိဒ္ဒါရဏီယ စပ်။

## နံပါတ် (၄)

**အရိယာ။** ။**အရီယန္တေ ဥပဂန္တဗ္ဗန္တေတိ အရိယာ။**

အရ ဓာတ် ကတ္တုဣ-အရိယာတို့ကို ဆည်းကပ်တတ်သော သဒ္ဓါ စေတနာ ပညာ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် မုချ။ကမ္မဋ္ဌ-အရိယာပုဂ္ဂိုလ်တို့၏ အာရမ္မဏပစ္စယ သတ္တိ ဖလူ။ဓျာ ပစ္စည်း-အာရိယာပုဂ္ဂိုလ် (၇) တို့ယောက်ရ၏။

**သေက္ခဓမ္မေ။** ။**သေက္ခာနံ ဓမ္မာ သေက္ခဓမ္မာ။**

**တစ်နည်း။** ။**သေက္ခာ စ တေ ဓမ္မာ စာတိ သေက္ခဓမ္မာ။**

**အဂ္ဂဖလ ။** ။**အဂ္ဂေါ စ သော ဖလဉ္စာတိ အဂ္ဂဖလံ။**

**ပုထုဇ္ဇနကလျာဏက။** ။ **ကလျာဏော ပုထုဇ္ဇနော ပုထုဇ္ဇနကလျာဏကော။**

(ဝိသေသန ပရပဒကမ္မဓာရည်း)ကလျာဏအရ ကောင်းခြင်းကလျာဏ သောဂုဏ် မုချ။ထို၏ ပုထုဇဉ် ပုဂ္ဂိုလ်နှင့် ဂုဏ်/ဂုဏေးစပ် ဌာနူ။ပုဒ်လုံး ကလျာ

http://www.dhammadownload.com



ဏာပုထုဇဉ် ရ၏။

နံပါတ် (၅)

**ဒီဃ** ။ ။ဒီ+ဃ။

**အာသဝ** ။ ။အာ-သု+ဏ။

**အဂ္ဂ** ။ ။အဇ+ဂက်။ **အဇတိ သေဋ္ဌဘာဝံ ဂစ္ဆတီတိ အဂ္ဂေါ**။

**ဖလ** ။ ။ဖလ+အ။

နံပါတ် (၆)

(က)**သိက္ခန္တိ**-ဖြင့် သိက္ခာတော် အပစ္စည်း သိက္ခ-၌ က-ကျေသည်ကို သိစေ။**တီသော သိက္ခာ**-ဖြင့် တစ်စုံတစ်ခုသော တရားတို့ကို ကျင့်သည်မဟုတ်၊ သိက္ခာသုံးပါးကို ကျင့်သည်၏ အဖြစ်ကို သိစေ။**ပုထုဇ္ဇနကလျာဏကေန- စသည်**ဖြင့် သိက္ခာအရ ကလျာဏပုထုဇဉ်နှင့်တကွ အရိယာပုဂ္ဂိုလ် ခုနစ်ယောက်တို့ကို အရကောက်ယူအပ်သည်ကို သိစေ။

နံပါတ် (၇)

**သေခေါ/သေက္ခော…**

**သိက္ခ-ဝိဓ္မောပါဒါနေ- သေက္ခော၊ အသေက္ခော၊က-ကာရလောပေ'သေခေါ အသေခေါတိ'** ရူပါနိ ဘဝန္တိ [ဓာတုမာလာ] ကို ထောက်၍ ကကျေ၊ မကျေမှုသော ထူးသောကြောင့် ၂-ပါဠိလုံးမှန်။

နံပါတ် (၈)

**သေခ**။ ။အနီးရှိသော သေက္ခပုဂ္ဂိုလ် ခုနစ်ယောက်တို့၏ သေခအမည်ကို အနီးဖြစ်သော ကလျာဏပုထုဇဉ်၌တင် သမီပူပစာ။ ရဋ္ဌိနည်း။

**အသေခ**။ ။အပေါင်းဖြစ်သော လောကီစိတ်, နိဗ္ဗာန်, အရဟတ္တဖိုလ်တို့၏ အသေခ အမည်ကို အစိတ်ဖြစ်သော အရဟတ္တဖိုလ်၌ တင်စား ဧကဒေသူပစာ။

**တစ်နည်း**။ ။အပေါင်းဖြစ်သော အန္ဓပုထုဇဉ် ရဟန္တာတို့၏အမည်ကို အစိတ်ဖြစ်သော ရဟန္တာ၌ တင်စား ဧကဒေသူပစာ။ရဟန္တာ ပုဂ္ဂိုလ်ကို အလွန်အားဖြင့် ယူအပ်သောကြောင့် အဓိသယနည်း

**တစ်နည်း**။ ။အသေခ၌ အ-သဒ္ဒါ ဝုဒ္ဓိ အနက်ကိုဟောခိုက်။အတူဖြစ်သော အရဟတ္တမဂ္ဂဋ္ဌာန် ပုဂ္ဂိုလ်၏ အမည်ကို အတူရှိသော ရဟန္တာပုဂ္ဂိုလ်၌ တင်စား၊ သဒိသူပစာ။

***************

ဝါကျစဉ်(၇၅)

(က) ဥပသမ္ပန္နော နာမ ဥပရိဘာဝံ သမာပန္နော၊ ပတ္တောတိ အတ္ထော။

(ခ) ဘိက္ခုဘာဝေါ ဟိ ဥပရိဘာဝေါ။

http://www.dhammadownload.com



(ဂ) တခ္ခေသ ယထာဝုတ္တေန ကမ္မေန သမာပန္နတ္တာ ဥပသမ္ပန္နော တိဝုစ္စတိ။
(ဃ) တေ့ စ ဉတ္တိစတုတ္ထကမ္မံ ကေမေဝ အာဂတံ။[ပါ။ ၄၊၁။၂၀၈။]

**************

နံပါတ် (၁)

(ခဟိ-မှန်။

(ဂ)တခ္ခ-ထိုမြင့်မြတ်သူ၏ အဖြစ်သို့လည်း။သေ-ဤ ပုဂ္ဂိုလ်ကို။ကမ္မေန ဝိနည်းကံဖြင့်။ —

(ဃ)စ-ဆက်။တေ့-ဤ ပဌမပါရာဇိကသိက္ခာပုဒ်၏ ပဒဘာဇနီ၌။ဉတ္တိစတုတ္ထကမ္မံ၊ဉတ္တိစတုတ္ထကံဟူသော။ ကေမေဝ-ကံ တစ်မျိုးတည်းသာ။

နံပါတ် (၂)

(ခ)သို့။ ။ဆရာ (က) ဖြင့်အထက်တန်း၏ အဖြစ်သို့ ရောက်သော ပုဂ္ဂိုလ်သည်၊ ဥပသမ္ပန္နမည်သော ဟု ဥပ-၏ ဥပရိဘာဝ အနက်ကို ဖွင့်ဆိုတော်မူအပ်၏။ ထို စကား အသို့လျှင် သင့်နိုင်ပါအံ့နည်း။ဥပ-သဒ္ဒါသည် အခြားသော သမီပ,ဘုသ စသောအနက်တို့၌လည်း ဖြစ်သည်မဟုတ်ပါလော။ စုဒ်ကြောင့် [ခ] မိန့်။

တား။ ။ဥပ-သဒ္ဒါသည် သမီပ, ဘုသစသော အနက်တို့၌ ဖြစ်သော်လည်း ရဟန်းအဖြစ်သည် အထက်တန်း၏ အဖြစ်မည်သောကြောင့် ဥပ-သဒ္ဒါ၏ ဥပရိ ဘာဝ အနက်ကိုဟော၏ဟု ဖွင့်ဆိုသော ငါ့စကား သင့်၏ ဟူလို။

နံပါတ် (၃)

(ခ)ဒဋ္ဌိကရဏ။(ဂ)ဝါကျာရမ္ဘ။တစ်နည်း-ပက္ခန္တရ။(ဃ) ဝါကျာရမ္ဘ။

နံပါတ် (၄)

ဉတ္တိစတုတ္ထကမ္မ။ ။စတုန္နံ ပူရဏီ စတုတ္ထီ။ ဉတ္တိမေဝ စတုတ္ထီ ယဿာတိ ဉတ္တိစတုတ္ထံ။ ဉတ္တိစတုတ္ထဉ္စ တံ ကမ္မဉ္စာတိ ဉတ္တိစတုတ္ထကမ္မံ။

ဉတ္တိစတုတ္ထ-ဝိသေသအရ-ဥတ်လျှင် လေးခုမြောက်ရှိခြင်းဂုဏ်-မုချ။ထို-၏ ဝိနည်းကံနှင့် ဂုဏ်+ဂုဏီးစပ် ဌာန။ပုဒ်လုံးအရ-ဥတ်လျှင် လေးခုမြောက် ရှိသော ဝိနည်းကံရ၏။

ဥပသမ္ပန္န။ ။ဥပရိဘာဝံ အမ္ပန္နောတိ ဥပသမ္ပန္နော။ သမာပန္နဿ ဘာဝေါ သမာပန္နတ္တံ။

သမာပန္န တဒ္ဓိတ်အရ ဘိက္ခုဘာဝသို့ ရောက်သူသည် မုချ။ ထို-၏ တ္တအရ ရောက်ခြင်း ကြိယာနှင့် နိဿယ+ နိဿိတ စပ်-ဌာန။တ္တအရ ရောက်ခြင်း ကြိယာ ရ၏။

နံပါတ် (၅)

သမာပန္န ။ ။သံ-အာ-ပဒ+တ။

http://www.dhammadownload.com



ပတ္တ ॥ ॥ပ-အပ+တ॥

ဥတ္တိ ॥ ॥ဉာ+တိ॥ ဣတ္ထိလိင်၊ ရတ္တာဒိဝုဏ်း॥

နံပါတ် (၆)

(က)ဥပရိဘာဝံ-ဖြင့် ဥပ-သဒ္ဒါ၏ ဥပရိဘာဝ အနက် ဟောသည်ကိုသိစေ။သမာပန္နော-ဖြင့် သံ-အာ-ဥပသာရ ပုဒ်တို့၏ အနက်ထူး မရှိသည်၏အဖြစ်ကိုလည်းကောင်း၊တ-ပစ္စည်းကို အန္န-ပြု၍ ပြီးသည်ကိုလည်းကောင်း သိစေ။

အပေါင်းသံဝဏ္ဏနာ-ဖြင့် သမာပန္နော၌ တပစ္စည်း ကတ္တုသာဓန၌သက်၍ သမ္ပဒ္ဒတီတိ သမ္ပန္နောဟု ဝစနတ္ထ ပြုအပ်သည်ကို လည်းကောင်း၊ ဥပရိဘာဝံ သမ္ပန္နော ဥပသမ္ပန္နော- ဒုတိယာတပ္ပုရိသ် သမာသ် ဝစနတ္ထပြုရမည်ကို လည်းကောင်း သိစေ။

(ခ) ဘိက္ခုဘာဝေါ- ဖြင့် ဥပရိဘာဝအရ ဘိက္ခုဘာဝကို အရကောက်ယူရမည်ကို သိစေ။

နံပါတ် (၇)

ဥပရိဘာဝံ / ဥပရိဘာဂံ…

'ဥပရိဘာဂေ ဥပသမ္ပန္နော'ဟုသဒ္ဒနီတိ၌ ဆို၍ ထိုအလို ဥပရိဘာဂံ ဟု ဖြစ်သင့်ငြားသော်လည်း၊အဘိဓာန် ဂယှာကာရော ပရိတ္တေသု-ဟုဖွင့်ဆိုသောကြောင့် ဥပသဒ္ဒါသည် ဥပရိဘာဂ အနက်ကိုမဟော ဥပရိတ္တ(ဥပရိဘာဝ) အနက်ဟောသည်ကိုသာ ဤ၌ အလိုရှိအပ်သည်ကြောင့် ' ဥပရိဘာဝံ ' သင့်॥

နံပါတ် (၈)

ဥပသမ္ပန္န॥ ॥အပေါင်းဖြစ်သော ဗောဓိကျသမ္ပန္န စသော ရဟန်းတို့၏အမည်ကို အစိတ်ဖြစ်သော ဉတ္တိစတုတ္ထ ကမ္မုပသမ္ပဒ ရဟန်း၌တင်စာ ဧကဒေသူပစာ॥

ဉတ္တိစတုတ္ထ ကမ္မုပသမ္ပဒ ရဟန်းတည်းဟူသော အများကိုဆိုသဖြင့်-ဗောဓိကျ စသော နည်းသောရဟန်းကိုလည်း ရကြောင့် ယေဘုယျနည်း॥

**************

## ဝါကျစဉ် ( ၇၅ )

(က) ပဋ္ဌဂ်ဒသင်္ဂသီလံ တာဝ သီလမေဝ။

(ခ) တဉ္စ ဗုဒ္ဓေ ဥပ္ပန္နေပိ အနုပ္ပန္နေပိ လောကေ ပဝတ္တတိ။

(ဂ) ဥပ္ပန္နေ ဗုဒ္ဓေ တသ္မိံ သီလေ ဗုဒ္ဓါပိ သာဝကာပိ မဟာဇနံ သမာဒပေန္တိ။

(ဃ) အနုပ္ပန္နေ ဗုဒ္ဓေ ပစ္စေကဗုဒ္ဓါ စ ကမ္မဝါဒိနော စ ဓမ္မိကာ သမဏဗြာဟ္မဏာ စက္ကဝတ္တီ စ မဟာရာဇာနော မဟာဗောဓိသတ္တာ စ သမာဒပေန္တိ။

(င) သာမမ္ပိ ပဏ္ဍိတာ သမဏဗြာဟ္မဏာ သမာဒိယန္တိ။

http://www.dhammadownload.com



(စ) တေ တံကုသလံ ဓမ္မံ ပရိပူရေတွာ ဒေဝေသု စ မနုဿေသု စ သမ္ပတ္တိံ အနုဘောန္တိ။ [ပါ၊ ဋ္ဌ၊ ၁။၂၀၉။]

**************

နံပါတ် (၁)

(က)တာဝ၊ အဓိသီလ စသည်တို့မှ ရှေးဦးစွာ။

(ခ)ဟိ၊ မှန်။တံ၊ထိုငါးပါးသီလ ဆယ်ပါးသီလကို။ဝါ၊သည်။ဗုဒ္ဓေ၊သည်။ ဥပ္ပန္နေပိ၊ သော်လည်းကောင်း။

(ဃ)ကမ္မဝါဒိနော၊ကံဟူ၍ဆိုခြင်းအလေ့ ရှိကြကုန်သော။ဝါ၊ကံဟူ၍ အလေ့အားဖြင့် ဆိုကြကုန်သော။ဓမ္မိကာ၊တရားကိုစောင့်ကြကုန်သော။စက္ကဝတ္တိ၊ စကြာရတနာကို လည်စေတတ်ကုန်သော။မဟာရာဇာနော စ၊တို့သည်လည်းကောင်း။[မဟာဇနကံ] သမာဒပေန္တိ။

(စ)တေ၊ ထိုပညာရှိ ရဟန်းပုဏ္ဏားတို့သည်။

နံပါတ် (၂)

**(ခ)သို့ အာဘောဂါယုတ္တစောဒနာ။** ။ဆရာ (က)ဖြင့် ပဉ္စင်္ဂသီလ ဒသင်္ဂသီလ၏ သီလသာမညမည်သည်၏ အဖြစ်ကို ပြဆိုတော်မူ၏။ပဉ္စင်္ဂ ဒသင်္ဂ သီလသည်လည်း သုံးပါးအပြားရှိသော သမ္ပတ္တိကို ဆောင်တတ်သည်ဖြစ်၍ အဓိသီလမည်ရာသည် မဟုတ်ပါလော။ယင်းသို့ဖြစ်လျက် 'ပဉ္စင်္ဂဒသင်္ဂသီလံ တာဝ သီလမေဝ' ဟူသော သန္နိဋ္ဌာန်ကျ ဆရာ့စကားသည် အသို့သင့်ရာပါအံ့နည်း။ (ခ) မိန့်။

**(ဂ)စသည် အနုသန္ဓေ။** ။ဤသို့ (ခ)ဖြင့် ပဉ္စင်္ဂ ဒသင်္ဂသီလ၏ ဘုရားပွင့်တော်မူသော်လည်းကောင်း၊မပွင့်သော်လည်းကောင်း ဖြစ်သည်၏အဖြစ်ကို ပြပြီး၍ယခုအခါ၌ဆိုအပ်ပြီးသော အနက်ကိုပင် ဝေဖန်၍ပြခြင်းငှာ။ဝါ-ချဲ့ခြင်းငှာ(ဂ)စသည် မိန့်။

**(ဃ) သို့ ပုစ္ဆာ။** ။ဆရာ (ဂ)ဖြင့် ဘုရားပွင့်တော်မူသောအခါ၌ ပဉ္စင်္ဂဒသင်္ဂသီလ၌ မြတ်စွာဘုရားနှင့်တပည့်သားတို့သည် များစွာသော လူအပေါင်းတို့ကို ဆောက်တည်စေကြကုန်၏ ဆိုတော်မူ၏။ဘုရားမပွင့်သောအခါ ၎င်းသီလ၌ အဘယ်ပုဂ္ဂိုလ်တို့သည် လူအများကို ဆောက်တည်စေကြပါကုန်သနည်း။လူအများကိုဆောက်တည် စေနိုင်သော ပုဂ္ဂိုလ်မရှိ ဟူ၍ မှတ်သားအပ်ပါသလော စုဒ်ကြောင့် (ဃ)မိန့်။

**(င)အနုသန္ဓေ။** ။ဤသို့(ဂ+ဃ) ဖြင့် ဘုရားပွင့်သော်လည်းကောင်း၊မပွင့်သော်လည်းကောင်း၊ ယင်းပဉ္စင်္ဂဒသင်္ဂသီလ၌ သဗ္ဗညုမြတ်စွာဘုရား၊ ပစ္စေကဗုဒ္ဓါ စသော အရှင်မြတ်တို့သည် လူအများကို ယထာရဟဆောက်တည်စေကြသည်၏ အဖြစ်ကိုပြပြီး၍၊ ယခုအခါ၌ ဘုရားပွင့်တော်မူသော်လည်းကောင်း၊ မပွင့်သော်လည်းကောင်း ဆောက်တည်ကြသည်၏အဖြစ်ကို ပြခြင်းငှာ (င) မိန့်။

http://www.dhammadownload.com



**(စ) အနုသန္ဓေ။** ။ဤသို့ (ဂ-ဃ-င) တို့ဖြင့် ဘုရားပွင့်သောလည်းကောင်း၊ မပွင့်သော်လည်းကောင်း ပဉ္စင်္ဂ ဒသင်္ဂသီလ၏ ဖြစ်ခြင်းကို အကျယ်ပြပြီး၍ယခုအခါ၌ ၄င်းသီလ၏အကျိုးကို ပုဂ္ဂလာဓိဋ္ဌာန်အားဖြင့် ပြခြင်းငှာ (စ)မိန့်။

နံပါတ် (၃)

(ခ)ယုတ္တိဒဋ္ဌီကရဏ။( ဂ-ဃ-င) ဝိတ္ထာရ။ထိုတွင် (ဃ) ပက္ခန္တရ။ (င) ပက္ခန္တရ။ (စ) ဖလ။

နံပါတ် (၄)

**ဥပွန္န။** ။ **ဥပ္ပန္နတီတိ ဥပ္ပန္နော။**

ပဒဓာတ်- အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ် သဗ္ဗညုတဉာဏ် မုချ။အောက်မဂ် အောက်ဖိုလ်စသော ရှေးရှေးဉာဏ် ဖလူ။နောက်နောက်သောဉာဏ်တို့သည် ကာရဏူ။တ-ပစ္စည်း အနုတ္တရဝိမောက္ခဂုဏ်တို့ဖြင့် ထုံအပ်သော ခန္ဓပဉ္စကကိုစွဲ၍ ဘုရားဟုခေါ်ဝေါ်ပညတ် သမုတ်အပ်သော သတ္တသန္တာနပညတ် ဒြဗ် ဝိသေသ ရ၏။

**သာဝက။** ။**ဘဂဝတော ဝစနံ သုဏန္တီတိ သာဝကာ။**

သု ဓာတ် ဘုရားစကားကို လိုက်နာကျင့်သုံးသော အခြင်းအရာအားဖြင့် ဖြစ်သော သဒ္ဓါ,သတိ,ဝီရိယ,ဉာဏ်ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် မုချ။ယောနိသောမနသိကာရ စသော ရှေးရှေးစိတ္တုပ္ပါဒ် ဖလူ။ပီတိပါမောဇ္ဇ စသည်ပြဋ္ဌာန်းသော နောက်နောက်စိတ္တုပ္ပါဒ် ဖလူ။ဏွု-ဘုရားတပည့်သား သာဝက ရ၏။

**ပဥ္စင်္ဂ။** ။**ပဥ္စ အင်္ဂါနိ ဧတဿာတိ ပဥ္စင်္ဂံ။ပဥ္စင်္ဂဉ္စ ဒသင်္ဂဉ္စ ပဥ္စင်္ဂဒသင်္ဂံ။**

**ပဥ္စင်္ဂဒသင်္ဂဉ္စ တံ သီလဉ္စာတိ ပဥ္စင်္ဂဒသင်္ဂသီလံ။**

**မဟာဓနေ ။** ။ **ဓနာနံ သမူဟော ဓနော။**

**မဟန္တော စ သော ဓနောစာတိ မဟာဓနော။**

**ကမ္မဝါဒိနော။** ။ **ဝဒန္တိ သီလေနာတိ ဝါဒိနော။ ကမ္မန္တိ ဝါဒိနော ကမ္မဝါဒိနော။**

**ခမ္ဘိကာ ။** ။ **ခမ္ဘံ ရက္ခန္တီတိ ခမ္ဘိကာ။**

**စက္ကဝတ္တီ။** ။ **စက္ကံ ဝတ္တေန္တီတိ စက္ကဝတ္တီ။**

နံပါတ် (၅)

**သီလ** ။ ။ သီလ+အ။ တစ်နည်း- သီ+လ။

**လောက** ။ ။ လုဇ+ဏ။

**မဟာ** ။ ။ မဟ+အန္တ။

**ဓန** ။ ။ ဓန+အ။

**စက္က** ။ ။ စက္က+အ။

http://www.dhammadownload.com



နံပါတ် (၆)

**တိဿောတိ** ဂဏနပရိစ္ဆေဒေါ။ **အဓိသီလသိက္ခာတိ** အဓိကံ ဥတ္တမံ-သီလန္တိ အဓိသီလံ၊ အဓိသီလဉ္စ တံ သိက္ခိတဗ္ဗတော သိက္ခာစာတိ အဓိသီလသိက္ခာ။

[ ဋ-၂၀၉။ ]

**ဂဏနပရိစ္ဆေဒေါဖြင့်** တိဿော ဟူသောသဒ္ဒါသည် အရေအတွက်ကို ပိုင်းခြားကြောင်း သဒ္ဒါတည်းဟု သိစေ။(တစ်နည်း) တိဿောသဒ္ဒါသည် အရေအတွက် ပိုင်းခြားကြောင်းသဒ္ဒါကို အဦးမူ၍ တိ-သဒ္ဒါသည် အရေအတွက်သချ်ာကို ဟောသည်ကိုသိစေ။

**သိက္ခိတဗ္ဗတော-ဖြင့်** သိက္ခိတဗ္ဗာတိ သိက္ခာ ဟု ဝစနတ္ထပြု၍ အပစ္စည်းကံအနက်၌ဖြစ်သည်ကို သိစေ။**ကွင်းပါဠိဖြင့်** အဓိသီလသိက္ခာဟူသောပုဒ်ကို ဒွန်သမာသ် စသည်တွဲအပ်သည်မဟုတ်။အဓိသီလဉ္စ တံ သိက္ခာစာတိ အဓိသီလသိက္ခာဟု ကမ္မဓာရည်းသမာသ် တွဲစပ်အပ်သည်ကိုလည်းကောင်း၊ယင်းသမာသ်၏ တုလျာဒိကရဏအနက် ဟောသည်ကိုလည်းကောင်း သိစေ။

နံပါတ် (၇)

**သမာဒိယန္တိ / သမာဒီယန္တိ**...

ဒါ အာဒါနေ သံအာပုဗ္ဗော ' ကွစိဓာတူ'တိ အာဒိနာ ယမှိ ဓာတွန္တဿ ဤကာရာ ဟူသော ရူပသိဒ္ဓိကိုထောက်၍ ကတ္တားဟောဖြစ်ရကား 'သမာဒိယန္တိ' ဟူသောပါဌ်သာသင့်။

နံပါတ် (၈)

**မဟာဇနံ**။ ။လူများဟူသော အစိတ်ကိုမှတ်၍ဆိုသဖြင့် နဂါး,ဂဠုန် စသော အပေါင်းကိုလည်း ရသောကြောင့် ဥပလက္ခဏ / နိဒဿနနည်း။

**သမဏဗြာဟ္မဏာ**။ ။အစိတ်ဖြစ်သော ရဟန်း, ပုဏ္ဏားတို့၏အမည်ကို အပေါင်းဖြစ်သောရဟန်း, ပုဏ္ဏား,သာမန်လူ,နဂါး,ဂဠုန်တို့၌တင်စား ကေဒေသူပစာ။ ဝဓာနနည်း၊ ဥပလက္ခဏနည်း။

**ဒေဝေသု စ မနုဿေသု စ သမ္ဘတ္တိ**။ ။အစိတ်ဖြစ်သောဒေဝသမ္ဘတ္တိမနုဿသမ္ဘတ္တိ တို့၏အမည်ကို အပေါင်းဖြစ်သော ဒေဝ,မနုဿ,နိဗ္ဗာနသမ္ဘတ္တိတို့၌တင်စား ကေဒေသူပစာ။ ပဓာန/ ဥပလက္ခဏ/နိဒဿန။

နံပါတ် (၁၀)

**ပဉ္စင်္ဂသမန္နာဂတံ သီလံ** အင်္ဂါ-ဝိရတီစေတနာယူ၍ လက္ခဏာဟာရနေတ္တိ။

***********

ဝါကျစဉ် ( ၇၆ )

(က) ပါတိမောက္ခသံဝရသီလံ ပန ' အဓိသီလံ 'န္တိ ဝုစ္စတိ။

http://www.dhammadownload.com



(ခ) တဥ္စိ သူရိယော ဝိယ ပဇ္ဇောတာနံ သိနေရု ဝိယ ပဗ္ဗတာနံ သဗ္ဗလောကိသီလာနံ အဓိကဥ္စေဝ ဥတ္တမဥ္စ။

(ဂ) ဗုဒ္ဓုပ္ပါဒေယေဝ စ ပဝတ္တတိ၊ န ဝိနာ ဗုဒ္ဓုပ္ပါဒါ။

(ဃ) န ဟိ တံ ပညတ္တိံ ဥဒ္ဓရိတွာ အညော သတ္တော ဌပေတုံ သက္ကောတိ၊ ဗုဒ္ဓါယေဝ ပန သဗ္ဗသော ကာယဝစီဒွါရအဇ္ဈာစာရသောတံ ဆိန္ဒိတွာ တဿ တဿ ဝီတိက္ကမဿ အနုစ္ဆဝိကံ တံ သီလသံဝရံ ပညပေန္တိ။

(င) ပါတိမောက္ခသံဝရတောပိ စ မဂ္ဂဖလသမ္ပယုတ္တမေဝ သီလံ အဓိသီလံ။

(စ) တံ ပန ဣဓ အနဓိပ္ပေတံ။

(ဆ) န ဟိ တံ သမာပန္နော ဘိက္ခု မေထုနံ ပဋိသေဝတိ။ [ပါ၊ဋ္ဌ၊၁။၂၀၉။]

*************

## နံပါတ် (၁)

(ခ)ဟိ၊မှန်။တံ၊ထိုပါတိမောက္ခသံဝရသီလသည်။သူရိယော၊သည်။ပဇ္ဇောတာနံ၊တောက်ပကုန်သော လ,နက္ခတ်,တာရာတို့ထက်။အဓိကောဝိယ စ၊ ဥတ္တမောဝိယစ၊ သိနေရု- မြင်းမိုရ်တောင်သည်။ပဗ္ဗတာနံ၊တို့ထက်။ အဓိကောဝိယစ၊ ဥတ္တမောဝိယစ၊ တထာ-တူ။

(ဂ)စ-ဆက်။

(ဃ)ဟိ-ယသ္မာ။[မအူ]ဟိ-မှန်။ [ဘာဋီ]တံ-ထိုပါတိမောက္ခသံဝရသီလကို။အညော၊ မြတ်စွာဘုရားမှ တစ်ပါးသော။ပန-အဗ္ဗယကား။ကာယဝစီဒွါရအဇ္ဈာစာရသောတံ၊ ကာယဒွါရ, ဝစီဒွါရတို့၌ လွန်ကျူး၍ ကျင့်ခြင်းတည်းဟူသော အယဉ်ကို။ တံ သီလသံဝရံ၊ ထိုပါတိမောက္ခသံဝရသီလကို စောင့်ရှောက်ခြင်းကို။

(င)စ-ဆက်။

(စ)ပန၊သော်လည်း။တံ၊ထိုမဂ်ဖိုလ်နှင့် ယှဉ်သောသီလကို။ဣဓ၊ဤသိက္ခာပုဒ်အရာ၌။

(ဆ)ဟိ၊မှန်။[တစ်နည်း]ဟိ-ယသ္မာ။တံ၊ထိုမဂ်ဖိုလ်နှင့် ယှဉ်သောသီလသို့။

## နံပါတ် (၂)

**(ဂ)သို့ စောဒနာ။** ။ဆရာ (ခ)ဖြင့် ပါတိမောက္ခသံဝရသီလ၏ အလုံးစုံသောလောကီသီလတို့ထက် လွန်ကဲသည်၏အဖြစ်၊ မြတ်သည်၏ အဖြစ်ကို ဥပမာနှင့်တကွ ပြဆိုတော်မူ၏။ငင်းပါတိမောက္ခသံဝရသီလသည် အဘယ်အခါ ဖြစ်ပါသနည်း။ ဗုဒ္ဓုပ္ပါဒကာလမှ တစ်ပါးသောကာလ၌ ဖြစ်ကောင်း အံ့လော။ (ဂ)မိန့်။

**(ဃ)သို့အာဘောဂါယုတ္တစောဒနာ။** ။ဆရာ (ဂ)ဖြင့် ပါတိမောက္ခသံဝရသီလသည် ဘုရားပွင့်တော်မူရာ အခါ၌သာဖြစ်၏။ဘုရားပွင့်တော်မူရာအခါကိုကြဉ်၍ မဖြစ်ဟု ဆိုတော်မူ၏။ပစ္စေကဗုဒ္ဓါတို့သည် ဓမ္မတာ၏အစွမ်းဖြင့် ပါတိမောက္ခ

http://www.dhammadownload.com



သံဝရသီလနှင့် ပြည့်စုံကြသည် မဟုတ်ပါလော။ ယင်းသို့ဖြစ်လျက် အဘယ်ကြောင့် ဗုဒ္ဓုပ္ပါဒါယေဝ ပဝတ္တတိ၊ န ဝိနာ ဗုဒ္ဓုပ္ပါဒါ-ဟု ပါတိမောက္ခသီလသံဝရ ဖြစ်ရာ ကာလကို မှတ်၍ ဆိုရပါသည်- (ဃ)မိန့်။

**(ဃ)ဗုဒ္ဓါယေဝ သို့ အနုသန္ဓေ။** ။ဤသို့(ဃ)၌ န ဟိ-စသည်ဖြင့် ၄င်းပါတိမောက္ခသီလကို ပညတ်ကိုထုတ်၍ ဘုရားမှတစ်ပါးသော သတ္တဝါသည် ထားခြင်းငှာ မတတ်ကောင်းသည်၏ အဖြစ်ကိုပြပြီး၍။ယခုအခါ၌ ဤမည်သောဝတ္ထုကြောင့်၊ ဤမည်သော ဝီတိက္ကမကြောင့် ဤမည်သော အာပတ်ဖြစ်၏ဟု ပညတ်ခြင်းသည် တစ်ပါးသောသူတို့၏ အရာမဟုတ်၊သဗ္ဗညုဘုရားရှင်တို့၏ အစွမ်းသာဟုပြလိုသော အဋ္ဌကထာဆရာသည် ဗုဒ္ဓါယေဝ-စသည်မိန့်။

နံပါတ် (၃)

(ခ)ဒဠှီကရဏ။**တစ်နည်း**-တပ္ပါကဋီကရဏ။(ဂ)ဝါကျာရမ္ဘ-ဥပန္ယာသ။ (ဃ)ယုတ္တိဒဠှီကရဏ။**တစ်နည်း**-ကာရဏ။ထိုတွင် ဗုဒ္ဓါယေဝပန အန္ဓယ၊ န ဟိ တံ-ဗျတိရေက။(င) ပက္ခန္တရ။**တစ်နည်း** ဝါကျာရမ္ဘ။ (စ) ဝါကျာရမ္ဘ-ဥပါန္ယာသ။ (ဆ) ကာရဏ။**တစ်နည်း**-ဒဠှီကရဏ။

နံပါတ် (၄)

**အဓိသီလ။** ။**ကုသလေသု ကာယဝစီကမ္မာနိ သီလတိ သမာဒပေတီတိ သီလံ။တစ်နည်း-ကုသလာနံ အဓိဋ္ဌာနဘာဝေန သီလေတိ ဥပဓာရေတိ ဝါ သီလံ။သီလန္တိ ပတိဋ္ဌဟန္တိ ကုသလာ ဓမ္မာ ဧတ္ထ ဓောတိ ဝါ သီလံ။**

သီလ ဓာတ်အရ ကတ္တုဒြ ကုသိုလ်တရားတို့၏ ဥပါဒ်မှုချ။အဓိကရဏတ္ထ ဝိရတိစေတနာစသော တရားတို့၏ ဥပါဒ် ဖလူ။အ-ပစ္စည်း သီလ ရ၏။

**အဓိကံ သီလံ အဓိသီလံ။**

အဓိ ဝိသေသန လွန်ကဲ ထူးမြတ်သော ဂုဏ်မှုချ။ထို၏ သီလနှင့်ဂုဏ ဂုဏေး အစပ် သမ္ဗန် ဌာနူ။ပုဒ်လုံး လွန်ကဲထူးမြတ်သော သီလ ရ၏။

**ဗုဒ္ဓုပ္ပါဒ။** ။**ဥပ္ပဇ္ဇန္တိ ဧတ္ထာတိ ဥပ္ပါဒေါ။ဗုဒ္ဓဿ ဥပ္ပါဒေါ ဗုဒ္ဓုပ္ပါဒေါ။**

ဗုဒ္ဓ ဝိသေ ဘုရားဒြဗ် မှုချ။ထို ၏ ပွင့်တော်မူရာကာလနှင့်ကာလ/ကာလဝန္တစပ် ဌာနူ။ပုဒ်လုံး ဘုရားပွင့်ရာ ကာလ ရ၏။

**လောကိယသီလာနိ။** ။**လောကိယာနိ စ တာနိ သီလာနိ စာတိ လောကိယသီလာနိ။သဗ္ဗာနိ စ တာနိ လောကိယသီလာနိစာတိ သဗ္ဗလောကိယသီလာနိ။**

**ကာယဝစီဒွါရအဇ္ဈာစာရသောတ။** ။**ကာယော စ ဝစီ စ ကာယဝစီ။ တာ ဧဝ ဒွါရာနိ ကာယဝစီဒွါရာနိ။တေသု အဇ္ဈာစာရော ကာယဝစီဒွါရအဇ္ဈာစာရော။ကာယဝစီဒွါရအဇ္ဈာစာရောစ သော သောတော စာတိ**

http://www.dhammadownload.com



**ကာယဝစီဒွါရအစ္စျာစာရသောတော။**

**သမာပန္နော။** **။သုဋ္ဌု အာပန္နော သမာပန္နော။**

နံပါတ် (၅)

**သူရိယ။** ။သု+ဏ္ဍသ။တစ်နည်း-သရ+ယ။

**ပဓ္တောတ။** ။ပ+ဇုတ+ဏ။

**သိနေရု။** ။သိနာ+ရေု။**သိနာတိ သုစိ ကရောတီတိ သိနေရု။**

**ပဗ္ဗတ။** ။ပဗ္ဗ+တ။ကတ္တုတ္ထ။တစ်နည်း-ပဗ္ဗပုဒ်+တပစ္စည်း။

နံပါတ် (၆)

**ဌာနာရဟောနာတိ** ကာရဏာရဟေန သတ္ထုသာသနာရဟေန။(ဋ္ဌ၊၂၀၈)

**ကာရဏာရဟေနဖြင့်** ဌာနာရဟေန၌ ဌာနသဒ္ဒါသည် အကြောင်းအနက်ဟောသည်ကို သိစေ။တစ်နည်း-တိဋ္ဌတိ ဖလံ ဧတ္ထ တဒါယတ္တဝုတ္တိတာယာတိ ဌာနံ ဟု ဝိဂ္ဂဟပြု၍ ဌာနဟူသည် အကြောင်းပင်တည်း ဟုသိစေ။**သတ္ထုသာသနာရဟေနဖြင့်** ကာရဏာဟူသည် အကြောင်းသာမာန်မဟုတ်၊မြတ်စွာဘုရား၏ ဥပသမ္ပဒ အရာ၌ ဆုံးမအပ်သော ဉတ္တိစတုတ္ထကမ္မဝါစာပင်တည်း။**တစ်နည်း-**မြတ်စွာဘုရား၏ သိက္ခာသုံးပါးဖြင့် ရေတွက်အပ်သော သာသနာတော်ပင်တည်းဟု သိစေ။

နံပါတ် (၇)

**ဝိနာ ဗုဒ္ဓုပ္ပါဒါ/ ဗုဒ္ဓုပ္ပါဒံ/ ဗုဒ္ဓုပ္ပါဒေန...**

"ရိတေ ဝိနာ၊ အညတြာဘိတို့၊ ယှဉ်ရာမှန်လှ၊ယင်းပဒဝယ်၊ဒု,တ,ပဉ္စမီ သက်မြဲတည်း။ ဟူသော နိယံ အရ (၃)ပါဌ်လုံးသင့်။

**တံ သမာပန္နော/ သမာသ်/ ဝါကျ...**

**"တံ သမာပန္နောတိ တေန မဂ္ဂဖလသမ္ပယုတ္တသီလေန သမာပန္နော"**-ဟု ယောဇနာဖွင့်ရကား သမာသ်ပုဒ် အဖြစ်သာသင့်။

**န ဟိ တံ သမာပန္နော ဘိက္ခု မေထုနံ ဓမ္မံ ပဋိသေဝတီတိ စ လောကိယအဓိစိတ္တသမာပန္နော မေထုနံ ဓမ္မံ ပဋိသေဝတီတိ အာပန္နံ** ဟု အလားတူ ဌာန၌ သာရတ္ထ-ဖွင့်သောကြောင့် သမာသ်/ဝါကျ (၂)ပါဌ်လုံးသင့်။

နံပါတ် (၈)

**(က)ဗုဒ္ဓုပ္ပါဒေ။** ။ဗုဒ္ဓုပ္ပါဒ ကာလတည်း ဟူသော ဌာနဖြင့် ပါတိမောက္ခသံဝရသီလ တည်းဟူသော ဌာနီကိုမှတ်၍ ဗုဒ္ဓုပ္ပါဒကာလတည်း ဟူသော အများကို ဆိုသဖြင့် ပစ္စေကဗုဒ္ဓုပ္ပါဒကာလတည်းဟူသော အနည်းကိုလည်းရသောကြောင့် တဗ္ဗဟုလ္လနည်း။

**(ခ)ရှုနည်း။** ။ပဌမပါရာဇိက အရာဝယ် အလိုရှိအပ်သော အဓိသီလနှင့်-မကင်းရာသည် ဖြစ်၍ ပါတိမောက္ခ သံဝရလည်းဟူသော လောကီသီလကိုလည်း အလိုရှိအပ်၏ဟု အနက်ရောက်သောအားဖြင့် ယူရသောကြောင့် အတ္ထာပန္နနည်း။

http://www.dhammadownload.com



**(ဆ)နည်း။** ။မေထုန်အကျင့်ကို မှီဝဲခြင်းနှင့် မကင်းရာသည် ဖြစ်၍ ပါတိမောက္ခသံဝရဟုဆိုအပ်သော လောကီသီလသို့ရောက်သော ရဟန်းသည် မေထုန်အကျင့်ကိုမှီဝဲ၏ဟု အနက်ရောက်သောအားဖြင့် ယူရသောကြောင့် အတ္ထာပနည်း။

**(က)အဓိသီလံ။** ။အကျိုးဖြစ်သော လောကုတ္တရာ သီလ၏အမည်ကို အကြောင်းဖြစ်သော ပါတိမောက္ခသံဝရသီလ၌ တင်စား ဖလူပစာ။

ပြဋ္ဌာန်းသော ပါတိမောက္ခသံဝရာသီလကို ဆိုသဖြင့် မပြဋ္ဌာန်းသောဝိဝဋ္ဋနိဿိတသီလ,ပဋ္ဌက်သီလ,ဒသက်သီလတို့ကိုလည်း ရသောကြောင့် ပဓာနနည်း။ အဘေဒနည်း။အဝိနာဘာဝနည်းလည်းရ၏။ [ဝိမတိအလို ပဓာနနည်း]

နံပါတ် (၁၀)

(ဆ) **ဘိက္ခုအရ။** ။ခန္ဓာငါးပါးကောက်။

*************

## ဝါကျစဉ် (၇၇)

(က) ကာမာဝစရာနိ ပန အဋ္ဌ ကုသလစိတ္တာနိ, လောကိယအဋ္ဌသမာပတ္တိစိတ္တာနိ စ ဧကေချံ ကတ္တာ စိတ္တမေဝါတိ ဝေဒိတဗ္ဗာနိ။

(ခ) ဗုဒ္ဓုပ္ပါဒါနုပ္ပါဒေ စသာ ပဝတ္တိ၊သမာဒပနံ,သမာဒါနဉ္စ သီလေ ဝုတ္တနယေနေဝ ဝေဒိတဗ္ဗံ။

(ဂ) ဝိပဿနာပါဒကံ အဋ္ဌသမာပတ္တိစိတ္တံ ပန 'အဓိစိတ္တ' န္တိ ဝုစ္စတိ။

(ဃ) တဒ္ဒိ အဓိသီလံ ဝိယ သီလာနံ သဗ္ဗလောကိယစိတ္တာနံ အဓိကဉ္စေဝ ဥတ္တမဉ္စ။

(င) ဗုဒ္ဓုပ္ပါဒေယေဝ စ ဟောတိ, န ဝိနာ ဗုဒ္ဓုပ္ပါဒါ။

(စ) တတောပိ စ မဂ္ဂဖလစိတ္တမေဝ အဓိစိတ္တံ။

(ဆ) တံ ပန ဣဓ အနဓိပ္ပေတံ။

(ဇ) န ဟိ တံ သမာပန္နော ဘိက္ခု မေထုနံ ဓမ္မံ ပဋိသေဝတိ။

[ပါ၊ဋ္ဌ၊၁၊၂၀၉။]

************

နံပါတ် (၁)

(က)ပနအဓိသီလမှတစ်ပါး အဓိစိတ္တကိုဆိုအံ့။ ဧကေချံတစ်ပေါင်းတည်း။ ဝါ-တူကုန်သည်တို့၏အဖြစ်ကို။

(ခ)စ ဆက်။[ဘာဒ္ဓိ]တစ်နည်း၊စ-ဂန္တဂရှုကို ပယ်ဦးအံ့။ [မဒ္ဓ]အဿ၊ ထိုစိတ်၏။ဝါ၊ကို။ဗုဒ္ဓုပ္ပါဒါနုပ္ပါဒေ၊ဘုရားပွင့်တော်မူရာအခါပွင့်တော်မမူရာအခါ၌။ ပဝတ္တိ၊ ဖြစ်ခြင်းကိုလည်းကောင်း။သမာဒပနဉ္စ၊များးစွာသော လူတို့၏အပေါင်းကို ကောင်းစွာယူစေခြင်းကိုလည်းကောင်း။သမာဒါနဉ္စ၊ ကိုယ်တိုင်ကောင်းစွာယူခြင်းကို

http://www.dhammadownload.com



လည်းကောင်း။

(ဂ)ပန၊ စိတ္တမှတစ်ပါး အဓိစိတ္တကိုဆိုဦးအံ့။

(ဃ)ဟိ၊ မှန်။တံ၊ထိုဝိပဿနာပါဒက အဋ္ဌသမာပတ္တိစိတ်သည်။အဓိသီလံ၊ သည်။သီလာနံ၊အလုံးစုံကုန်သော လောကီဖြစ်ကုန်သော သီလတို့ထက်။ အဓိကံ ဝိယစေဝ၊ ကဲ့သို့လည်းကောင်း။ဥတ္တမဥ္စဝိယ ၊သဗ္ဗလောကိယစိတ္တာနံ၊တို့ထက်။ အဓိကဉ္စေဝ ဥတ္တမဥ္စ ဟောတိ။

(င)စ၊ ဆက်။

(စ)စ၊ဆက်။ တတောပိ၊ ထိုဝိပဿနာပါဒက အဋ္ဌသမာပတ္တိစိတ်ထက် လည်း။မဂ္ဂဖလစိတ္တမေဝ၊မဂ်နှင့်ယှဉ်သောစိတ်သည် သာလျှင်။

(ဆ)ပန၊သော်လည်း။တံ၊ထိုမဂ်ဖိုလ်နှင့်ယှဉ်သော စိတ်ကို။ဣဓ၊ ဤသိက္ခာ ပုဒ် အရာ၌။

(ဇ)ဟိ၊ မှန်။**တစ်နည်း**-ဟိ ယသ္မာ။တံ၊သို့။

## နံပါတ် (၂)

**(ခ)အနုသန္ဓေ။** ။ဤသို့ (က)ဖြင့် ၈-ပါးသော ကာမာဝစရ ကုသိုလ်စိတ်၊ လောကီဖြစ်သော ၈-ပါးသော သမာပတ်စိတ်တို့၏ စိတ်သာမည်သည်၏ အဖြစ်ကို ပြပြီး၍၊ယခုအခါ၌ မြတ်စွာဘုရားပွင့်တော်မူရာ ဖြစ်သောအခါ၊မပွင့်တော်မူရာအ ခါ၌ ထိုစိတ်၏ ဖြစ်ခြင်းကိုလည်းကောင်း၊ သူတစ်ပါးကို ဆောက်တည်စေခြင်းကို လည်းကောင်း၊မိမိဆောက်တည်ခြင်းကို လည်းကောင်း၊သီလ၌ဆိုအပ်ပြီးသောနည်း ဖြင့် သိအပ်၏ဟု ညွှန်ပြခြင်းငှာ (ခ)မိန့်။

**(င)စောဒနာ။** ။ဆရာ (ဃ)ဖြင့် ၈-ပါးသော သမာပတ်စိတ်၏ အလုံးစုံသော လောကီစိတ်တို့ထက် လွန်ကဲသည်၏အဖြစ် မြတ်သည်အဖြစ်ကို ဥပမာနှင့်တကွ ပြတော်မူ၏။ထို ၈-ပါးသော သမာပတ်စိတ်သည် အဘယ်အခါ၌ ဖြစ်ပါသနည်း။ ဗုဒ္ဓုပ္ပါဒကာလမှ တစ်ပါးသော ကာလ၌ ဖြစ်ကောင်းအံ့လော။ (င) မိန့်။

**(ဆ)စောဒနာ။** ။ဆရာ(စ)ဖြင့် မဂ်ဖိုလ်နှင့် သမ္ပယုတ်ဖြစ်သော စိတ်သည်အဓိ စိတ္တမည်၏ဟု ဆိုတော်မူ၏။အကယ်၍ မဂ်ဖိုလ်နှင့် သမ္ပယုတ်ဖြစ်သော စိတ်သာ အဓိစိတ္တမည်ငြားအံ့၊ယင်းသို့ မည်သည်ရှိသော် ၄င်းမဂ်ဖိုလ်နှင့် သမ္ပယုတ်ဖြစ်သော စိတ်ကို ဤပထမပါရာဇိကအရာ၌ အလိုရှိအပ်၏တု မှတ်သားအပ်ပါသလော။ အဘယ်သို့ မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (ဆ)မိန့်။

**(ဇ)အယုတ္တာဘောဂစောဒနာ။** ။ဆရာ(ဆ)ဖြင့် မဂ်ဖိုလ်နှင့် သမ္ပယုတ်ဖြစ်သောစိတ် ကို ဤပထမပါရာဇိကဋ္ဌ အလိုမရှိအပ်ဟု ဆိုတော်မူ၏။အဘယ်ကြောင့် မဂ်ဖိုလ် နှင့် သမ္ပယုတ်ဖြစ်သော စိတ်ကို ဤပထမပါရာဇိကဋ္ဌ အလိုမရှိအပ်ပါသနည်း။ မဂ်ဖိုလ်နှင့်သမ္ပယုတ်ဖြစ်သောစိတ်သည် ဥပစာမဟုတ်၊မုချအားဖြင့် အဓိစိတ္တမည် သည်မဟုတ်ပါလော။ စုဒ်ကြောင့် (ဇ) မိန့်။

http://www.dhammadownload.com



နံပါတ် (၃)

(ခ)ဝါကျာရမ္ဘ၊ ဥပန္ယာသ။(ဂ)ပက္ခန္တရ။(ဃ)တပ္ပါကဋီကရဏ။
တစ်နည်း ဒဋ္ဌီကရဏ။(င)ဝါကျာရမ္ဘ၊ဥပန္ယာသ။(စ)ဝါကျာရမ္ဘ။
တစ်နည်း ပက္ခန္တရ။(ဆ)ဝါကျာရမ္ဘ။(ဇ)ဒဋ္ဌီကရဏ။တစ်နည်းကာရဏ။

နံပါတ် (၄)

**ကာမာဝစရ။** **။ကာမေတီတိ ကာမော။ကာမဿ အဝစရာနိ ကာမာဝစရာနိ။**

ကာမ-ဝိသေ အရ ကာမတဏှာ မှချ။ထို၏ မဟာကုသိုလ်နှင့် အာရမ္မဏိက+အာရမ္မဏ စပ် ဌာန။ပုဒ်လုံးအရ မဟာကုသိုလ်စိတ်ရ၏။

**ကာမီယတီတိ ဝါ ကာမော။ အဝစရန္တီတိ အဝစရာနိ။**
**ကာမေ အဝစရာနိ ကာမာဝစရာနိ။**

ကာမ ဝိသေအရ ကာမ ၁၁ ဘုံ မှချ။ထို၏ မဟာကုသိုလ်စိတ်နှင့်ဌာန+ဌာနီစပ်- ဌာန။ပုဒ်လုံးအရ မဟာကုသိုလ်စိတ်ရ၏။

**တစ်နည်း။** **။ကာမေတီတိ ကာမော။ကိလေသေ ကာမီယတီတိ ဝါ-ကာမော။ကာမော စ ကာမော စ ကာမာ။ အဝစရန္တိ ဧတ္ထာတိ အဝစရာနိ။ကာမာနံ အဝစရာနိ ကာမာဝစရာနိ။**

**ဝိပဿနာပါဒက။** **။အနိစ္စာဒိဝိဝိဓေနာကာရေန ပဿတီတိ ဝိပဿနာ။ ပဇ္ဇတိ ပါပုဏီယတီ ဧတေနာတိ ပါဒေါ၊ ပါဒေါ ဧဝ ပါဒကံ။ ဝိပဿနာယ ပါဒကံ ဝိပဿနာပါဒကံ။**
**သမာပဇ္ဇိယန္တီတိ သမာပတ္တိယော။**
**အဋ္ဌသမာပတ္တီဟိ သမ္ပယုတ္တံ စိတ္တံ အဋ္ဌသမာပတ္တိစိတ္တံ။**

အဋ္ဌ သမာပတ္တိ ဝိသေ အရ ၈-ပါးသောသမာပတ် မှချ။ထို၏စိတ်နှင့်+နိဿိတ+နိဿျစပ်ဌာန။ပုဒ်လုံးအရ ၈-ရှစ်ပါးသော သမာပတ်နှင့်ယှဉ်သောစိတ် ရ၏။

**ကောဋ္ဌ ။** **။ကောနံ ဘာဝေါ ကောဋ္ဌံ။**

**မဂ္ဂဖလစိတ္တ။** **။မဂ္ဂေန သမ္ပယုတ္တံ စိတ္တံ။ ဖလဉ္စ တံ စိတ္တဉ္စာတိ ဖလစိတ္တံ။ မဂ္ဂစိတ္တဉ္စ ဖလစိတ္တဉ္စ မဂ္ဂဖလစိတ္တံ။**

နံပါတ် (၅)

**စိတ္တ** ။ ။စိတ်+တ။တစ်နည်း။စိန္တ+တ။ ကတ္တုသ္ထ။ ကာရဏာတ္ထ။

**သမာဒပန။** ။သံ-အာ-ဒါ+ယု။ ဘာဝတ္ထ။

နံပါတ် (၆)

**ဥပသမ္ပန္နော နာမ ဥပရိဘာဝံ သမာပန္နော၊ ပတ္တောတိ အတ္ထော။** [ဋ္ဌ၊၂၀၈။]

ဥပရိဘာဝံ သမာပန္နော-ဖြင့် ဥပရိဘာဝံ သမာပန္နော ဥပသမ္ပန္နောဟု

http://www.dhammadownload.com



ဝစနတ္ထပြု၍ ဥပ-သဒ္ဒါ၏ ဥပရိဘာဝ အနက်၌ဖြစ်ခြင်း၊ဥပသမ္ပန္နောကား ဒုတိယာ တပ္ပုရိသ်သမာသ်ပုဒ်ဖြစ်၍ ကံအနက်ကိုဟောသည်ကိုလည်းကောင်း ဥပသမ္ပန္န တီတိ ဥပသမ္ပန္နော ဟု ဝစနတ္ထပြု၍ တပစ္စည်း ကံအနက်၌သက်သည်ကိုလည်း ကောင်း သိစေ။

ပဌ္ဌာဖြင့် သမာပန္နော-၌ သံ-အာ ပုဗ္ဗ ပဒဓာတ်၏ ဤ၌ပါပုဏာန အနက်၌ဖြစ်သည်ကိုသိစေ။

နံပါတ် (၇)

**သူရိယော/ သုရိယော…**

'သုရိယော'ဟု သီသျှာ မူတို့၌ ပါဠ်ရှိတတ်ရာ ကစ္စည်းကျမ်းဝယ်မနုပူရ စသော သုတ်၏ ဝုတ္တိ၌ 'မနု,ပူရ,သုဏ,ကု, သု, ဣလ, အလ, မဟ,သိက္ခစ္စေဝ မာဒီဟိ စသည်ပါဠ်ရှိခြင်း ဥဒါဟရဏ်၌ သုရိယောတိ သု-ဟိံသာယံ၊သု-အ ဘိသဝေ၊သု-ဂတိမှိ။သု-သံဝနေ၊သု-ပါဏဂဗ္ဘဝိမောစနေသူတိ၊ပဋ္ဌနံ့ မညတရဿ ရူပံ'ဟု ပါဠ်ရှိခြင်း၊ ၎င်းအဖွင့်ရူပသိဒ္ဓိ၌လည်း သု-ဟိံသာယံ၊အန္ဓကာရဝိမနေန သတ္တာနံ ဘယံ ဟိံသာတီတိ သုရိယော' ရ-ကာရာဂမော၊ သကာရဿယတ္တဥ္စ' ဟု ပါဠ်ရှိခြင်း ဤအကြောင်းများကြောင့် 'သုရိယော' ဟူသော ပါဠ်သာသင့်ဖွယ် ရှိ၏။

သို့ရာတွင် ကစ္စည်းကျမ်းဝယ် 'သဝုနမူသာန မတောထော၈ သုတ်ရှိ ဝုတ္တိ၌လည်း 'သဝုအဿ ဣစ္စေတောသံ ဦ-ဥ အသာနံ'ဟု သီဟိုဠ်မူမြန်မာမူ အားလုံး၌ ဒီဃဖြင့် ပါဠ်ရှိခြင်း၊၎င်းအဖွင့် အချို့ ဉာသ်ဝယ် 'သု'ဟုရဿဖြင့်ရှိသော် လည်း ၎င်းအဖွင့် ရူပသိဒ္ဓိဝယ် သုတ် ဝုတ္တိ ၂-ရပ်လုံး၌ ဒီဃနှင့်ပါဠ်ရှိသည့်အပြင် 'သူ-ဟိံသာယံ'ဟု ပါဠ်ရှိခြင်း ဤအကြောင်းများကြောင့် မနုပူရစသော သုတ်၏ ဝုတ္တိ ဥဒါဟရဏ်တို့နှင့်၎င်းအဖွင့်ဉာသ်,ရူတို့၌ 'သူ-ဟိံသာယံ'ဟု ပါဠ်ရှိသင့်ပါ သည်။ထိုသို့ရှိသောပါဠ်သည်သာ 'လောကာနံ သူရဘာဝံ ဇနေတီတိ သူရိယော' ဟုဖွင့်သော အဘိဓာန်ဋီကာ ၆၂နှင့်လည်း ညီညွတ်ပါသည်။ထို့ကြောင့် 'သူရိယော' ဟု ဒီဃဖြင့်ရှိသော ပါဠ်သာသင့်။

နံပါတ် (၈)

**(ဆ)ရှုနည်း။** ။အဓိပ္ပေတဖြစ်သောစိတ်နှင့် မကင်းရာသည်ဖြစ်၍ဝိပဿနာ ပါဒကဖြစ်သော ၈-ပါးသော သမာပတ်နှင့်ယှဉ်သော လောကီစိတ်ကိုလည်းအ လိုရှိအပ်၏ဟု အနက်ရောက်သောအားဖြင့် ယူရသောကြောင့် အတ္ထာပန္နနည်း။

**(ဓ)ရှုနည်း။** ။လောကီအဓိစိတ္တသို့ရောက်သော ရဟန်းသည်မေထုနသေဝန မှုနှင့် မကင်းရာသည်ဖြစ်၍ မေထုန်အကျင့်ကို မှီဝဲ၏ဟု အနက်ရောက်သောအားဖြင့် ယူရသောကြောင့် အတ္ထာပန္နနည်း။

**ကာမာဝစရာနိ။** ။ဌာနဖြစ်သောကာမဘုံဖြင့် ဌာနီဖြစ်သောစိတ်ကိုမှတ်၍ ကာ

http://www.dhammadownload.com



မဘုံ၌ ဖြစ်ခြင်းတည်းဟူသောအများကိုဆိုသဖြင့်ရူပ,အရူပဘုံတို့၌ဖြစ်ခြင်းအနည်းကိုလည်းရသောကြောင့်တဗ္ဗဟုလ္လနည်း။

ဌာနဖြစ်သော ကာမ ၁၁-ဘုံ၏ကာမာဝစရ အမည်ကို ဌာနီဖြစ်သော စိတ်၌ တင်စားဌာနူပစာ။ (အဘေဒနည်း)

**(ဂ)အဓိစိတ္တံ**။ ။အကျိုးဖြစ်သော မဂ်ဖိုလ်နှင့်သမ္ပယုတ်ဖြစ်သော စိတ်၏အမည်ကို အကြောင်းဖြစ်သော ဝိပဿနာပါဒကဖြစ်သော ၈-ပါးသော လောကီစိတ်၌ တင်စား ဖလူပစာ။ အဝိနာဘာဝနည်း။

**တစ်နည်း**။ ။ပြဋ္ဌာန်းသော ဝိပဿနာပါဒက လောကီစိတ်ကိုဆိုသဖြင့် မပြဋ္ဌာန်းသော ဝိဝဋ္ဋနိဿိတဖြစ်သော လောကီမဟာကုသိုလ်စိတ်ကိုလည်း ရသောကြောင့် **ပဓာန**နည်း။

*************

## ဝါကျစဉ် (၃၈)

(က) 'အတ္ထိ ဒိန္နံ အတ္ထိ ယိဋ္ဌံ'န္တိ အာဒိနယပ္ပဝတ္တံ ပန ကမ္မဿကတညာဏံ ပညာ။

(ခ) သာ ဟိ ဗုဒ္ဓေ ဥပ္ပန္နေပိ အနုပ္ပန္နေပိ လောကေ ပဝတ္တတိ။

(ဂ) ဥပ္ပန္နေ ဗုဒ္ဓေ ပစ္စေကဗုဒ္ဓါစ ကမ္မဝါဒိနော စ ခဏ္ဍိကာ သမဏဗြာဟ္မဏာ စက္ကဝတ္တီစ မဟာရာဇာနော မဟာဗောဓိသတ္တာ စ သမာဒပေန္တိ။

(င) သာမမ္ပိ ပဏ္ဍိတာ သတ္တာ သမာဒိယန္တိ။

(စ) တထာ ဟိ အင်္ကုရော ဒသဝဿသဟဿာနိ မဟာဒါနံ အဒါသိ။ ဝေလာမော,ဝေဿန္တရော ,အညေ စ ဗဟူ ပဏ္ဍိတမနုဿာ မဟာဒါနာနိ အဒံသု။

(ဆ) တေ တံ ကုသလံ ဓမ္မံ ပရိပူရေတွာ ဒေဝေသုစ မနုဿေသု စ သမ္ပတ္တိံ အနုဘဝိံသု။ [ပါ၊ ဋ္ဌ၊၁၊၂၁၀။]

**************

## နံပါတ် (၁)

(က)ဒိန္နံ-ပေးလှူအပ်သော ပစ္စည်းဝတ္ထုကို ပေးလှူကြောင်းစေတနာသည်။ [အတ္ထိ]။ယိဋ္ဌံ၊ပူဇော်အပ်ကုန်သော ယဇ်ကြီးကို ပူဇော်ကြောင်း စေတနာသည်။ဣတိ အာဒိနယပ္ပဝတ္တံ၊ဤသို့ အစရှိသောနည်းဖြင့် ဖြစ်သော။

(ခ)ဟိ၊မှန်။သာ၊ထိုကမ္မဿကတပညာသည်။

(စ)တထာ-ထိုဝစနံ၊သည်။ဟိ-သစ္စံ။အင်္ကုရော-အင်္ကုရမင်းသားသည်။ ဝေလာမော၊သော။[ဗြာဟ္မဏော စ]အညေ၊ဝေလာမအမည်ရှိသောပုဏ္ဏား, ဝေဿန္တရာ အမည်ရှိသော မင်းမှ တစ်ပါးကုန်သော။

http://www.dhammadownload.com



(ဆ)တော မနုဿာ၊ တံ ခမ္ဘံ၊ ထို ဒါနတရားကို။

နံပါတ် (၂)

**(ခ)သို့ အာဘောဂါယုတ္တစောဒနာ။** ။ဆရာ (က)ဖြင့် ကမ္မဿကတဉာဏ်၏ ပညာသာမန် မည်သည်၏ အဖြစ်ကို ပြဆိုတော်မူ၏။ကမ္မဿကတဉာဏ်သည် လည်း သုံးပါးသော သမ္မတ္တိကိုဆောင်တတ်သည်ဖြစ်၍ အဓိပညာ မည်ရာသည် မဟုတ်ပါလော။ယင်းသို့ဖြစ်လျှက် ကမ္မဿကတဉာဏ်သည် ပညာသာမန်မည်၏ ဟုဆိုသော ဆရာ့စကား အသို့သင့်ရာပါအံ့နည်း။ စုဒ်ကြောင့် (ခ)မိန့်။

**(ဃ)ပုစ္ဆာ။** ။ဆရာ(ဂ)ဖြင့် ဘုရားပွင့်တော်မူသောအခါ ကမ္မဿကတဉာဏ် **ပညာ၌** မြတ်စွာဘုရားတို့သည်လည်းကောင်း၊ဘုရားတပည့်သားတို့သည်လည်း ကောင်းလူအပေါင်းတို့ကို ဆောက်တည်စေ၏ဟုဆိုကော်မူ၏။ဘုရားမပွင့်သောအခါ ကမ္မဿကတဉာဏ်၌ အဘယ်ပုဂ္ဂိုလ်တို့သည် လူများအပေါင်းကို ဆောက်တည်စေ ပါသနည်း။ ဓမ္မတာအားဖြင့် လူအပေါင်းသည် ကမ္မဿတဉာဏ်၌ ဆောက်တည် ကြပါကုန်သလော။စုဒ်ကြောင့် (ဃ)မိန့်။

**(စ)သို့စောဒနာ။** ။ဆရာ(င)ဖြင့်ပညာရှိတို့သည် ဘုရားပွင့်သော်လည်းကောင်း၊ မပွင့်သော်လည်းကောင်း၊ငင်းဉာဏ်ကို ကိုယ်တိုင်လည်းဆောက်တည်ကြကုန်သည် ၏အဖြစ်ကို ပြဆိုတော်မူ၏။အဘယ်ကြောင့် ၎င်းတို့ကို သိအပ်ပါသနည်း။ပစ္စက္ခ အားဖြင့် သိပါသလော။စုဒ်ကြောင့် (စ)မိန့်။

နံပါတ် (၃)

(ခ)ဒဋ္ဌီကရဏ။(ဂ)ဝါကျာရမ္ဘ။(ဃ)ဝါကျာရမ္ဘ။(င)ဝါကျာရမ္ဘ။

(စ)ဉာပကဒဋ္ဌီကရဏ။(ဆ)ဝါကျာရမ္ဘ။

နံပါတ် (၄)

**သမထာ။** ။**ပါပေ သမေတီတိ သမထော။**

သမဓာတ် သုဒ္ဓကတ္တုဋ္ဌ မကောင်းမှုအကုသိုလ်တရားတို့၏ အာဘာဝ- မုချ။ဟေတုကတ္တုဋ္ဌ-ရဟန်းတို့၏ ပကတူပနိသျသတ္တိဖလူ။ကာမကုသိုလ်၏ တဒင်္ဂ မဟဂ္ဂုတ်ကုသိုလ်၏ ဝိက္ခမ္ဘန၊မဂ်ကုသိုလ်၏ သမုစ္ဆေဒ၊ဖိုလ်ကုသိုလ်၏ ပဋိပဿ မ္ဘနသတ္တိ ဖလူ။ယုပစ္စည်း- ရဟန်းဒြဗ်ရ၏။

**သမ္မတိ သန္တစိတ္တော ဘဝတီတိ သမထော။**

သမဓာတ်-ငြိမ်သက်သော အခြင်းအရာအားဖြင့် ဖြစ်သောသတိပညာ ပြဋ္ဌာန်းသောစိတ္တုပ္ပါဒ် မုချ။ယောနိသောမနသိကာရစသောရှေးရှေးသော စိတ္တုပ္ပါဒ် ဖလူ။ပီတိပါမောဇ္ဇ စသည်ပြဋ္ဌာန်းသော နောက်နောက်သော စိတ္တုပ္ပါဒ်ကာရဏူ။ ယု-ရဟန်းဒြဗ် ရ၏။

**ဗြာဟ္မဏ ။** ။ **ဗြဟ္မံ အဏတီတိ ဗြာဟ္မဏော။**

http://www.dhammadownload.com



ဗြဟ္မ ပုဒ်အရ ဗေဒ မုချ။ထို-၏ရွတ်ဆိုခြင်း ကြိယာနှင့်ကမ္မ + ကမ္မိစပ် ဌာန္။အဏ ဓာတ် ဝီရိယပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် မုချ။ရှေးရှေးသော စိတ္တုပ္ပါဒ် ဖလူ။နောက်နောက်သော စိတ္တုပ္ပါဒ် ကာရဏူ။အ-ပစ္စည်းနှင့် သမာသ်ပုဒ်အရ ပုဏ္ဏားဒြဗ်ရ၏။

**ဗြဟ္မုနော အပစ္စံ ဗြဟ္မဏော။**

ဗြဟ္မ တဒ္ဓိတ်အရ ဗြဟ္မာမင်းရ၏။ထို-၏ ပုဏ္ဏားနှင့် ဇနက+ဇညစပ် ဌာန္။ဏ ပစ္စည်း ပုဏ္ဏားဒြဗ်ရ၏။

**စက္ကဝတ္တိ။ ။ စက္ကံ ဝတ္တေတီတိ စက္ကဝတ္တိ။**

စက္က ပုဒ်အရ စကြာရတနာသည် မုချ။ထို ၏ လည်စေခြင်း ကြိယာနှင့် ကမ္မ+ကမ္မိစပ် ဌာန္။**တစ်နည်း**ထို ၏ မင်းဒြဗ်နှင့်သံ+သာမိစပ် ဌာန္။ဝတု ဓာတ် သုဒ္ဓကတ္တုဋ္ဌ စကြာရတနာ၏ ဒေသန္တရုပ္ပတ္တိဘောဂုဏ် မုချ။ဟေတုကတ္တုဋ္ဌ မြတ်သောမင်း (ဝါ) စကြာဝတေးမင်း၏ ပကတူပနိဿယသတ္တိ ဖလူ။သမာသ်ပုဒ်လုံးနှင့် ဏီ ပစ္စည်းအရ စကြာဝတေးမင်းသည် အပဓာန၊စကြာရတနာကိုလည်စေသည်၏ အဖြစ်ဟူသော ဂုဏ်သည်သာ ပဓာနအားဖြင့် ရ၏။

**ယိဋ္ဌန္တိအာဒိနယော။ ။ယိဋ္ဌံ ဣတိ အာဒိ ဧတဿာတိ ယိဋ္ဌန္တိအာဒိ။**

**ယိဋ္ဌန္တိအာဒိ စ သော နယော စာတိ ယိဋ္ဌန္တိအာဒိနယော။**

**ကမ္မဿကတဉာဏံ။ ။သဿ ဣဒံ သကံ။ ကမ္မမေဝ သကံ ဧတဿာတိ**

**ကမ္မဿကံ။ ကမ္မဿကဿ ဘာဝေါ ကမ္မဿကတာ။**

**တံ ဇာနာတီတိ ကမ္မဿကတဉာဏံ။**

**ဝဿသဟဿာနိ။ ။ ဝဿာနံ သဟဿာနိ ဝဿသဟဿာနိ။**

**ဒသဝဿသဟဿာနိ။ ။ ဒသဟိ ဂုဏိတာနိ ဝဿသဟဿာနိ**

**ဒသဝဿသဟဿာနိ။**

**မဟာဒါနံ။ ။ မဟန္တဉ္စ တံ ဒါနဉ္စာတိ မဟာဒါနံ။**

**ပဏ္ဍိတမနုဿာ။ ။ ပဏ္ဍိတာ စ တေ မနုဿာ စာတိ ပဏ္ဍိတမနုဿာ။**

နံပါတ် (၅)

| | | |
|---|---|---|
| **ယိဋ္ဌ** | ။ | ။ ယဇ+တ |
| **ဒေဝ** | ။ | ။ ဒိဝု + ဏ။ ကတ္တုဋ္ဌ၊ ကမ္မဋ္ဌဒွ် ယထာရဟာဖြစ်၏။ |
| **မနုဿ** | ။ | ။ မနု + ဥဿ။ ကတ္တုဋ္ဌ။ |
| **စက္က** | ။ | ။ စက္က + အ။ စက္ကတိ အပရာပရံ ပရိဝတ္တတီတိ စက္ကံ။ |
| | | စရ + က။ စဇ + က။ ကရ +ရ။ |

နံပါတ်စဉ် (၆)

နံ သိက္ခတီတိ အသေခေါ၊ သေက္ခဓမ္မေ အတိက္ကမ္မ အဂ္ဂဖလေ ဋ္ဌိတော၊ တတော ဥတ္တရိ သိက္ခိတဗ္ဗာဘာဝတော ခီဏာသဝေါ 'အသေခေါ' တိ ဝုစ္စတိ။

http://www.dhammadownload.com



(၄၊၂၀၈။)နှ **သိက္ခတိ** ဖြင့် သိက္ခတီတိ သေခေါ၊ န သေခေါ အသေက္ခော ဟု ဝစနတ္ထပြု၍ ထ-ပစ္စည်း ကတ္တားအနက်၌ သက်သည်ကိုလည်းကောင်း၊အ-သဒ္ဒါန ၏ ကာရိယ အဖြစ်ကိုလည်းကောင်း၊အသေခေါကား ကမ္မဓာရယမိဿက တပ္ပုရိသ်သမာသ်ဖြစ်၍ တုလျတ် အနက်ဟောသည်ကိုလည်းကောင်း သိစေ။

**ခီဏာသဝေါဖြင့်** အသေခအရ ကုန်ပြီးသော အာသဝေါရှိသော ရဟန္တာ ပုဂ္ဂိုလ်ကို အရကောက်အပ်သည်ကို သိစေ။

**တတော ဥတ္တရိ သိက္ခိတဗ္ဗာဘာဝတောဖြင့်** ရဟန္တာဟူသည် သေက္ခပုဂ္ဂိုလ်နှင့် ဆန့်ကျင်ဘက်ဖြစ်၍ အသေက္ခမည်သည်မဟုတ်၊အရဟတ္တဖိုလ်မှ အထက်၌ ကျင့်ကြံအားထုတ်ဖွယ် မရှိသည်၏အဖြစ်ကြောင့် အသေက္ခမည်သတည်း ဟု သိစေ။

**သေက္ခဓမ္မေ အတိက္ကမ္မ အဂ္ဂဖလေ ဌိတော** ဖြင့် အသေက္ခ ဟူသည် သေက္ခတို့၏တရားတို့ကို လွန်၍မြတ်သော အရဟတ္တဖိုလ်၌တည်သော ခီဏာသဝ ပုဂ္ဂိုလ်ပင်ဖြစ်၏ဟူသော အဓိပ္ပါယ်ကို သိစေ။

နံပါတ် (၇)

**ကမ္မဿကတညာဏံ/ကမ္မဿကတာညာဏံ....**

သံယောဂေ ပရေ ရဿတ္တံဟု ဆိုသောကြောင့် သံယုဂ်နောင်းရာ၌တာ၌ ရဿပြုဟု(ဂဏ္ဌိသစ်-၄၉၃)၌ ဆိုသောကြောင့် ရဿ သံယုတ်နှင့် ကမ္မဿကတ ညာဏံ ဟူသော ပါဌ်သာသင့်။

နံပါတ် (၈)

**(က)အတ္တံဒီနံ့ အတ္တံယိနံ့ အာဒိနယပ္ပဝတ္တံ။** ။အတ္တံဒီနံ့ အတ္တံယိနံ့ဟူသော အစိတ်ကို မှတ်၍ဆိုသဖြင့် အတ္တံဟုတ် အစရှိသော အပေါင်းကိုလည်းရသောကြောင့် ဥပလက္ခဏနည်း၊ ဧကဒေသူပစာ။

**(ဂ)မဟာဇနံ။** ။များစွာသော လူအပေါင်းတည်းဟူသော အစိတ်ကိုမှတ်၍ ဆိုသဖြင့် လူ၊ နတ်၊ ဗြဟ္မာတည်းဟူသော အပေါင်းကိုလည်း ရသောကြောင့် ဥပလက္ခဏနည်း။ ဧကဒေသူပစာ။

**(က)ကမ္မဿကတညာဏံ။** ။အစိတ်ဖြစ်သော ကမ္မဿကတညာဏ်၏အမည်ကို အပေါင်းဖြစ်သော သာသနိကသီတ ဝဋ္ဋဂါမိနီ ပညာအားလုံး၌တင်စား ဧကဒေသူ။ ဥပလက္ခဏနည်း။(**ဥပလက္ခဏမတ္တမေတံ။သာသနိကသီတာ ပန သဗ္ဗာပိ ဝဋ္ဋဂါမိနီ ကုသလပညာ ကမ္မဿကတညာဏေ ပဝိဋ္ဌာ။**) ဝိမတိ၊ ၁။ ၁၃၂။

နံပါတ် (၁၀)

**သမာဒိယန္တီ အရ။** ။ကမ္မဿကတညာဏ်ကို ဆောက်တည်သောအားဖြင့် ဖြစ်သော ကာယဝိညတ် ဝစီဝိညတ် ကောက်။

*************

http://www.dhammadownload.com



## ဝါကျစဉ် (၇၉)

(က) တိလက္ခဏာကာရပရိစ္ဆေဒကံ ပန ဝိပဿနာဉာဏံ 'အဓိပညာ' တိဝုစ္စတိ။
(ခ) ယာ ဟိ အဓိသီလအဓိစိတ္တာနိ ဝိယ သီလစိတ္တာနံ သဗ္ဗလောကိယပညာနံ အဓိကာ စေဝ ဥတ္တမာစ။
(ဂ) န စ ဝိနာ ဗုဒ္ဓုပ္ပါဒါ လောကေ ပဝတ္တတိ။
(ဃ) တတော ဝိ စ မဂ္ဂဖလပညာဝ အဓိပညာ။
(င) သာ ပန ဣဓ အနဓိပ္ပေတာ။
(စ) န ဟိ တံ သမာပန္နော ဘိက္ခု မေထုနံ ဓမ္မံ ပဋိသေဝတီတိ။

(ပါ၊ ဋ္ဌ၊၁။၂၁၀။)

*************

## နံပါတ် (၁)

(က)ပန၊ပညာမှတစ်ပါး အဓိပညာကိုဆိုအံ့။တိလက္ခဏာကာရပရိစ္ဆေဒကံ၊ အနိစ္စ ဒုက္ခ အနတ္တတို့၏အစွမ်းအဖြင့် သုံးပါးသောလက္ခဏာ ဟုတ္တာ အဘာဝအစ ရှိသော အခြင်းအရာကို ပိုင်းခြားတတ်သော။

(ခ)ဟိ၊မှန်။သာ-ထိုဝိပဿနာ ပညာသည်။အဓိသီလအဓိစိတ္တာနိ၊တို့သည်။ သီလစိတ္တာနံ၊တို့တွင်။ဝါ-တို့ထက်။အဓိကာနိ ဝိယ၊စေဝ၊ကုန်သကဲ့သို့လည်းကောင်း။ ဥတ္တမာနိစ၊လည်းကောင်း။သဗ္ဗလောကိယပညာနံ၊တို့တွင်။ဝါ-တို့ထက်။အဓိကာစေဝ ဥတ္တမာစ။ (ဟောတိ)

(ဂ)စ၊ဆက်။ဗုဒ္ဓုပ္ပါဒါ၊မြတ်စွာဘုရား၏ဖြစ်တော်မူရာ ဖြစ်သောအခါကို။ ဝိနာ၊၍။

(ဃ)စ၊ဆက်။ တတော ဝိ၊ထိုဝိပဿနာပညာထက်လည်း။

(င)ပန၊သော်လည်း။သာ၊ထိုမဂ်ပညာ ဖိုလ်ပညာကို။ ဣဓ၊၌အဓိပညာ သိက္ခာ၌။

(စ)ဟိ၊မှန်။**တစ်နည်း**။ဟိ၊ယသ္မာ၊တံ၊ထိုမဂ်ဖိုလ်ပညာသို့။သမာပန္နော၊ရောက် ပြီးသော။

## နံပါတ် (၂)

**(က)သို့ စသော**။ ။ဆရာ (က) ဖြင့် လက္ခဏာသုံးပါး၏အခြင်းအရာကို ပိုင်းဖြတ်တတ်သော ဝိပဿနာဉာဏ်ကို အဓိပညာဟူ၍ဆိုအပ်သည်ကို ဖွင့်ပြအပ်၏။ငင်း ဝိပဿနာဉာဏ်ဟု ဆိုအပ်သော အဓိပညာသည် အဘယ်အခါ၌ဖြစ်ပါသနည်း။ ဗုဒ္ဓုပ္ပါဒကာလမှ တစ်ပါးသောကာလ၌ ဖြစ်ကောင်းအံ့လော။ဟုဒ်ကြောင့် (ဂ) မိန့်။ **(ဃ)သို့**။ ။ဆရာ (က-ခ) တို့ဖြင့် အလုံးစုံသော လောကီပညာတို့ထက် ပိုလွန်မြင့် မြတ်သောကြောင့် ဝိပဿနာဉာဏ်သည် အဓိပညာမည်၏ဟု ဖွင့်ပြအပ်၏။အဘယ် သည်မူရှ အဓိပညာမည်ပါသနည်း အဘိဉာဉ်စသော မဟဂ္ဂုတ်ပညာသည်လည်း

http://www.dhammadownload.com



အဓိပညာမည်ပါသလော။စုဒ်ကြောင့် (ဃ) မိန့်။

(င)သို့။ ။ဆရာ (ဃ) ဖြင့် မဂ်ဖိုလ်ပညာသည်သာ မုချအားဖြင့် အဓိပညာမည်၏ဟုဖွင့်ပြအပ်၏။အကယ်၍ မဂ်ဖိုလ်ပညာသည်သည်မုချအဓိပညာမည်ငြားအံ့။ ယင်းသို့ မည်သော် ယင်းပညာကို ဤ၌အလိုရှိအပ်ပါသလော။အဘယ်သို့မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (င) မိန့်။

(စ)သို့။ ။ဆရာ (င) ဖြင့် မဂ် ဖိုလ်နှင့်ယှဉ်သောပညာကို ဤ၌ အဓိပညာအရ အလိုမရှိအပ်ဟု ဖွင့်ပြအပ်၏။မဂ် ဖိုလ်နှင့်သမ္ပယုတ်ဖြစ်သော ပညာသည်သာ မုချအားဖြင့် အဓိပညာမည်သည် မဟုတ်ပါလော။ယင်းသို့ဖြစ်လျက်အဘယ့်ကြောင့် မဂ် ဖိုလ်နှင့်သမ္ပယုတ်ဖြစ်သော ပညာကို ပထမပါရာဇိကဌ် အလိုမရှိအပ်ပါသနည်း။ စုဒ်ကြောင့် (စ) မိန့်။

နံပါတ် (၃)

(ခ)တပ္ပါကဋ္ဌိကရဏ။**တစ်နည်း**-ဒဋ္ဌိကရဏ။(ဂ)ဝါကျာရမ္ဘ။

(ဃ)ဝါကျာရမ္ဘ။**တစ်နည်း**-ပက္ခန္တရ။(င)ဝါကျာရမ္ဘ။(စ)ဒဋ္ဌိကရဏ။

**တစ်နည်း**-ကာရဏ။

နံပါတ် (၄)

**ပညာ။ ။ ပဇာနာတီတိ ပညာ။ ပညာပေတီတိ ပညာ။**

ပ-ပုဗ္ဗ ဉာဓာတ် သုဒ္ဓကတ္တုရုပ္ပ အမောဟနှင့်သမ္ပယုတ်ဖြစ်သော နာမက္ခန္ဓာတို့၏ ဥပါဒ် မုချ။ဟေတုကတ္တုရုပ္ပ-အမောဟ၏ သဘာဝတပစ္စယညတ္တိ ဖလူ။အ-ပစ္စည်း ပညိန္ဒြေစေတသိက်ရ၏။

**တေန တေန အနိစ္စာဒိနာ ပကာရေန ဇာနာတီတိ ပညာ။**

ပ-ဥပသာရ အနိစ္စစသော အပြားသည် မုချ။ထို-၏ သိခြင်းကြိယာနှင့် ဝိသေသန+သျှ စပ် ဌာန။ဉာဓာတ် သိတတ်သော သတ္တိရ၏။အ- သတ္တိမန္တဖြစ်သော ပညိန္ဒြေစေတသိက်ရ၏။

**အဓိပညာ။ ။ အဓိကာ ပညာ အဓိပညာ။**

အဓိ ဥပသာရ လွန်ကဲထူးမြတ်သောဂုဏ် မုချ။ထို ၏ ပညာနှင့် ဂုဏ်+ဂုဏေးစပ် ဌာန။ပုဒ်လုံးအရ မဂ် ဖိုလ်နှင့်သမ္ပယုတ်ဖြစ်သော ပညာမုချ။ အကြောင်းဖြစ်သော ဝိပဿနာဉာဏ် ဖလူ။

**ဘိက္ခူ။ ။ ဘိက္ခကောတိ ဘိက္ခူ။**

ဘိက္ခ ဓာတ်အရ သဒ္ဒါ သတိ မုချ။ရူ-ပစ္စည်း ပုထုဇဉ် အရိယာရဟန်း သာမန်ရ၏။တံသမာပန္နော ထောက်၍ ဤအရာ၌ကား မဂ်ဖိုလ်နှင့် သမ္ပယုတ်ဖြစ်သောပညာသို့ ရောက်သော အရိယာရဟန်းရ၏။

**တိလက္ခဏာကာရ။ ။တိဏ္ဏံ လက္ခဏာနံ တိလက္ခဏံ။**

**တိလက္ခဏဿ အာကာရော တိလက္ခဏာကာရော။**

http://www.dhammadownload.com



တံ ပရိစ္ဆေဒတီတိ တီလက္ခဏာကာရပရိစ္ဆေဒံ။

တိလက္ခဏာအရ အနိစ္စတာအစရှိသော လက္ခဏာယဉ်သုံးပါး မုချ။ထို၏ အာကာရ အရ ဟုတ္တာ အဘာဝ စသောအခြင်းအရာနှင့် နိသျ+နိဿိတ စပ်ဥာနူ။ပုဒ်လုံးအရ လက္ခဏာယာဉ်သုံးပါး၏ ဟုတ္တာ အဘာဝ စသောအခြင်းအရာ ရ၏။

**ဝိပဿနာဉာဏံ။** ။ဝိပဿနာ စ တံ ဉာဏံ စာတိ ဝိပဿနာဉာဏံ။

**မဂ္ဂဖလာနိ။** ။မဂ္ဂါ စ ဖလာနိ စာတိ မဂ္ဂဖလာနိ။

**မဂ္ဂဖလပညာ။** ။မဂ္ဂဖလေဟိ သမ္ပယုတ္တာ ပညာ မဂ္ဂဖလပညာ။

နံပါတ် (၅)

**ဗုဒ္ဓုပ္ပါဒ အဆုံးအဖြတ်**

"အဝိဂ္ဂဟဏေန နိပါတယောဂေပိ ပဥ္စမီဝိဘတ္တိ ဟောတိ ဒုတိယာစ တတိယာစ" ဟူသော ကစ္စည်းဝုတ္တိကို ထောက်၍ ဝိနာ နိပါတ် ပုဒ်၏ အယှဉ် ပဥ္စမီဝိဘတ် ဖြစ်ပါသည်။ ၎င်းပဥ္စမီဝိဘတ်သည် အပါဒါနသညာရသော ကံ-အနက်၌ ဖြစ်ပါသည်။

နံပါတ် (၆)

(က)**ဝိပဿနာ ဉာဏံ ဝုစ္စတိ**-ဖြင့် အဓိပ္ပာအရ ဝိပဿနာဉာဏ်ကို အရကောက်ယူအပ်သည်ကို သိစေ။**တီလက္ခဏာကာရပရိစ္ဆေဒ**က်ဖြင့် ဝိပဿနာဉာဏ် ဟူသည် အနိစ္စစသော လက္ခဏာယာဉ်သုံးပါး၏ ဟုတ္တာ အဘာဝ အစရှိသောအခြင်းအရာကို ပိုင်းခြားတတ်သော ဝိပဿနာဉာဏ်၏ သဘာဝကို သိစေ။

နံပါတ် (၇)

**သဗ္ဗညုတဉာဏံ/သဗ္ဗညုတညာဏံ...**

ပဥ္စနေယျပဘေဒံ သဗ္ဗံ အညာသီတိ သဗ္ဗညူ။သဗ္ဗညုနော ဘာဝေါ သဗ္ဗညုတာ။သာ ဧဝ ဉာဏံ သဗ္ဗညုတာဉာဏန္တိ ဝတ္တဗ္ဗေ သဗ္ဗညုတညာဏန္တိ ဝုတ္တံ ဟူသော ဓမ္မနိဒေသ အဋ္ဌကထာ (နှာ-၅၀) အလားတူဖွင့်သော ပဋိသမ္ဘိဒါ မဂ္ဂအဋ္ဌကထာ။သခ်ါရဝိကာရလက္ခဏနိဗ္ဗာနပညတ္တိဝသေန ပဥ္စဝိဓံ သဗ္ဗံနေယျံမဗ္ဗံ ဇာနာတိ သီလေနာတိ သဗ္ဗညူ။တဿ ဘာဝေါ သဗ္ဗညုတာ၊တာ ပစ္စယေ ပရေ ရဿတ္တံ၊သာဧဝ ဉာဏံ သဗ္ဗညုတညာဏံ သံယောဂေ ပရေ ရဿတ္တံ-ဟူသော သမ္မာသမ္ဗုဒ္ဓအဖွင့် မဏိမဉ္ဇူဋီကာတို့ကို ထောက်၍ သဗ္ဗညုတညာဏံ ပါဠိသာသင့်။

နံပါတ် (၈)

(ဂ)၌ အတ္တာပန္နနည်း။

(င)၌ အလိုရှိအပ်သော ပညာနှင့်မကင်းရာသည်ဖြစ်၍ ဤပဌမပါရာဇိကအရာ၌ ဝိပဿနာပညာကို အလိုရှိအပ်၏ဟု အနက်ရောက်သောအားဖြင့် ယူရသောကြောင့် အတ္တာပန္န နည်း။

http://www.dhammadownload.com



(စ)မေထုန်အကျင့်ကို မှီဝဲခြင်းနှင့်မကင်းရာသည်ဖြစ်၍ လောကီပညာသို့ ရောက်သော ရဟန်းသည် မေထုန်အကျင့်ကို မှီဝဲ၏ဟု အနက်ရောက်သောအားဖြင့် ယူရသောကြောင့် အတ္ထာပန္နနည်း။

**(က)အဓိပညာ။** ။အကျိုးဖြစ်သော မဂ်ဖိုလ်နှင့် သမ္ပယုတ်ဖြစ်သော ပညာ၏အဓိပညာအမည်ကို အကြောင်းဖြစ်သော ဝိပဿနာပညာ၌တင်စား ဖလူပစာ၊အဝိနာဘာဝနည်း။

(က)ဝိပဿနာဉာဏ်တည်းဟူသော အလွန်ကိုဆိုသဖြင့် ရတနာသုံးပါး ဂုဏ်ကို အောက်မေ့ခြင်းတည်းဟူသော ပညာကိုလည်းရသောကြောင့် ဥက္ကဋ္ဌနည်း။ (နည်းလေးဆယ်အလို-ပဓာနနည်း)

***********

## ဝါကျစဉ် (၈၀)

(က) **တေဝ် သာဓိဝံ နာမာတိ တေဝ်** သဗ္ဗမ္ပိ ဘဂဝတော ဝိနယေ ဠပိတံ သိက္ခာပဒံ, ယသ္မာ တွေ နာနာဒေသဇာတိဂေါတ္တာဒိဘေဒဘိန္နာ ဘိက္ခူ သဟ ဇီဝန္တိ ဧကဇီဝိကာ သဘာဂဇီဝိကာ သဘာဂဝုတ္တိနော ဟောန္တိ၊ တသ္မာ 'သာဇီဝ' န္တိ ဝုစ္စတိ။

(ခ) **တသ္မိံ သိက္ခတီတိ** တံ သိက္ခာပဒံ စိတ္တဿ အဓိကရဏံ ကတွာ ယထာသိက္ခာပဒံ 'န ခေါ သိက္ခာမိ, န သိက္ခာမိ'တိ စိတ္တေန ဩလောကေန္တော သိက္ခတိ။

(ဂ) န ကေဝလဉ္စာယမေတသ္မိံ သာဇီဝသင်္ခါတေ သိက္ခာပဒေယေဝ သိက္ခတိ၊ သိက္ခာယပိ သိက္ခတိ။

(ဃ) 'တေဝ် သာဇီဝံ နာမာ' တိ ဣမဿ ပန အနန္တရဿ ပဒဿ ဝသေန 'တသ္မိံ သိက္ခတိ' တိ ဝုတ္တံ။ (ပါ၊ဋ္ဌ၊ ၁။၂၁၀။)

*************

## နံပါတ် (၁)

(က)တွေ၊ဤသိက္ခာပုဒ်၌။ နာနာဒေသဇာတိဂေါတ္တာဒိဘေဒဘိန္နာ၊အမျိုးမျိုးသောအရပ် အမျိုးမျိုးသောဇာတ် အမျိုးမျိုးသောအနွယ်အစရှိသော အပြားတို့ဖြင့် ပြားကုန်သော။ ဧကဇီဝိကာ၊တူသော အသက်မွေးခြင်းရှိကုန်သည်။သဘာဂဇီဝိကာ၊သဘောတူသော အသက်မွေးခြင်းရှိကုန်သည်။သဘာဂဝုတ္တိနော၊သဘောတူသောဖြစ်ခြင်း ရှိကုန်သည်။

(ခ)ယထာသိက္ခာပဒံ၊သိက္ခာပုဒ်အားလျော်စွာ။ ဝါ-သိက္ခာပုဒ်အတိုင်း။ သိက္ခာမိ နခေါ၊ ကျင့်ရအံ့လော့။ န သိက္ခာမိနခေါ။

(ဂ)စ၊ဆက်။ကေဝလံ၊ သိက္ခာမဖက်သက်သက်။ အယံ၊ ဤရဟန်းသည်။

(ဃ)ပန၊ထိုသို့ပင်သိက္ခာပုဒ်သာမက သိက္ခာ၌ ကျင့်ပါသော်လည်း။အနန္တ

http://www.dhammadownload.com



ရသ၊အခြားမဲ့လွန်လေပြီးသော။တေ် သာဇိဝံနာမာတိ ဣမဿ ပဒဿ၏။ဝါ၊ နှင့်။ဝသေန၊အစွမ်းအားဖြင့်။ဝါ၊ စပ်သဖြင့်။ (ဘဂဝတာ) ဝုတ္တံ။

နံပါတ် (၂)

**(က)သို့ လီနတ္ထုရစောဒနာ။** ။ဆရာ သံဝဏ္ဏေတဗ္ဗပါဠိ၌ တေ် သာဇိဝံနာမ-ဟု ဟောတော်မူ၏။တေ် အရ ဘုရားဟောတော်မူသော သိက္ခာပုဒ်ဟူသည် အဘယ်မျှ အတိုင်းအရှည်ရှိပါသနည်း။တော်၌ ပထမာဝိဘတ်သည် အဘယ်အနက်၌ ဖြစ်ပါသ နည်း။မြတ်စွာဘုရားသည် အဘယ်၌ ထားပါသနည်း။အဘယ့်ကြောင့် သာဇိဝဟု ဆိုအပ်ပါသနည်း။ စုဒ်ကြောင့် (က) မိန့်။ (တော်၌ ပဌမာဝိဘတ်သည်ဗဟုဝုတ္တအများ ဟူသော အနက်၌ဖြစ်၏။)

**(ခ)သို့ ပုစ္ဆာ။** ။ဆရာ (က) ဖြင့် တော်ဂါဝိသယဖြစ်သော သိက္ခာပုဒ်သည်တစ် စိတ်တစ်ဒေသမဟုတ် အလုံးစုံ၏အဖြစ် စသည်နှင့် သာဇိဝမည်ခြင်း၏အကြောင်းကို ပြဆိုတော်မူ၏။တသ္မိံဟူသော အာဓာရသည် အာဓေယျကို ငဲ့သောကြောင့်အဘယ် အာဓေယျကိုငဲ့၍ တသ္မိံဟူသော အာဓာရကို ညွှန်ပြအပ်ပါသနည်း။စုဒ်ကြောင့် (ခ) မိန့်။

**တသ္မိံ သိက္ခတီတိ ဧတ္ထ အာဓေယျာပေက္ခတ္တာ အဓိကရဏဿ ကိမာဓေယျမပေက္ခိတ္တာ 'တသ္မိံ' န္တိ အဓိကရဏံ နိဒ္ဒိဋ္ဌန္တိအာဟ 'တံ သိက္ခာပဒံ စိတ္တဿ အဓိကရဏံ ကတွာ' တိ။** (သာရတ္ထ ၂။ ၆၃။)

**(ဂ-ဃ) သို့။** ။ဆရာ (ခ) ဖြင့် တသ္မိံဟူသော အာဓာရ၏အာဓေယျကို ငဲ့သော ကြောင့် ၎င်းအာဓာရ၏ အာဓေယျကို ပြဆိုတော်မူအပ်၏။သိက္ခာ သာဇိဝသမာ ပန္နော ၏ ဝိဘင်းဖြစ်သောကြောင့် သိက္ခာနှင့်သာဇိဝသည်လည်း ဘိန္နာဒိကရဏဖြစ် ၍ တေသု သိက္ခတိ ဟု ဗဟုဝုစ်ဖြင့် ဟောဆိုသင့်သည် မဟုတ်ပါလော။ထိုသို့ မဟောမူ၍ အဘယ့်ကြောင့် 'တသ္မိံ သိက္ခတိ' ဟူ၍ ဧကဝုစ်ဖြင့် ဟောဆိုအပ် ပါသနည်း။ (ဂ-ဃ) မိန့်။

**နနုစ 'သိက္ခာသာဇိဝသမာပန္နော' တိ ဣမဿ ပဒဘာဇနေ ကရောန္တေန ယံ သိက္ခံ သာဇိဝဉ္စ သမာပန္နော တဒုဘယံ ဒဿေတွာ တေသု သိက္ခတီ။ တေန ဝုစ္စတိ သိက္ခာသာဇိဝသမာပန္နော' တိ ဝတ္တဗ္ဗံ သိယာ။ဝေမဝတ္တာ 'တသ္မိံ သိက္ခတိ တေန ဝုစ္စတိ သာဇိဝသမာပန္နော' တိ ဧတ္တကမေဝ ကသ္မာ ဝုတ္တန္တိ အနုယောလီနစောဒနံ သန္ဓာယာဟ 'န ကေဝလဉ္စာယ မေ တသ္မိံ' န္တိအာဒိ။** (သာရတ္ထ။ ၂၊ ၆၃/၄။)

**တစ်နည်း** ။ဆရာ တသ္မိံစသည်ဖြင့်ဆို၍။ယင်းသို့ဆိုသော် တသ္မိံ သိက္ခတိဟု ဧ ကဝုစ်ဖြင့် ဟောသောကြောင့် သိက္ခာပုဒ်၌သာကျင့်၏ဟူသော အနက်ကိုသိအပ်ပါသ လော။ (သိက္ခာယပိ၌ ပိ-ရှု) အသို့ သိအပ်သနည်း။ (ဂ)မိန့်။

**(ဃ)သို့။** ။ဆရာ (ဂ) ဖြင့် သိက္ခာပုဒ်၌သာ ကျင့်သည်မဟုတ်၊ သိက္ခာ၌

http://www.dhammadownload.com



လည်း ကျင့်၏ဟု ဖွင့်ပြအပ်၏။ထိုသို့ဖြစ်လျက် အဘယ့်ကြောင့် ပါဠိ၌ တသ္မိ သိက္ခတိ တေန ဝုစ္စတိ သာဓိဝသမာပန္နောတိဟူ၍ သိက္ခာပုဒ်၌ ကျင့်ခြင်းကိုသာ ဟောဆိုအပ်ပါသနည်း။သိက္ခာသာဇိဝ နှစ်မျိုးလုံးကို ရည်ရွယ်၍ တေသု သိက္ခတိ၊ တေန ဝုစ္စတိ သိက္ခာသာဇိဝသမာပန္နောတိ ဟူ၍ ဟောတော်မူသင့်သည် မဟုတ်ပါလော။ စုဒ်ကြောင့် (ဃ) မိန့်။

နံပါတ် (၃)

(က)ပက္ခန္တရ။(ခ-ဂ)ပက္ခန္တရ။ထိုတွင် (ဂ) ဝါကျာရမ္ဘ။ (ဃ) ဝါကျာရမ္ဘ။ တသ္မိကို သိက္ခတိ၌ အာရုံမျိုးစပ်။

နံပါတ် (၄)

**အဓိကရဏ။ ॥ အဓိကရောတိ စိတ္တံ ပတိဋ္ဌာတိ ဧတ္ထ သိက္ခာပဒေတိ အဓိကရဏံ။**

အဓိပုဗ္ဗ ကရဓာတ် ကတ္တုဒြ စိတ်၏ဥပါဒ် မှချ။အဓိကရဏတ္တ-သိက္ခာပုဒ်၏ အာရမ္မဏ(ဝါ)ပကတူပနိဿယတ္တ-ဖလူ။ယု ပစ္စည်း သိက္ခာပုဒ်ရ၏။ဝါ-သိက္ခာပုဒ်သည် အပဒေန ရ၏။ဝိသေသနပုဒ်ဖြစ်၍ စိတ်၏တည်ရာဟူသော ဂုဏ်သည် ပဒေန ရ၏။

**သိက္ခာပဒ။ ॥ သိက္ခိတဗ္ဗာတိ သိက္ခာ၊ ပဇ္ဇတေ ဉာယတေတိ ပဒံ။ သိက္ခာယ ဒီပကံ ပဒံ သိက္ခာပဒံ။**

သိက္ခာအရ -ပါတိမောက္ခသံဝရသီလဟု ဆိုအပ်သောအဓိသီလသိက္ခာ မှချ။ထို၏ထွန်းပြခြင်းနှင့် ဓောဒေတဗ္ဗ+စောဒက စပ် သမ္ဗန် ဌာန။ပုဒ်လုံး အဓိသီလသိက္ခာကို ထွန်းပြတတ်သော သိက္ခာပုဒ်ရ၏။

**ယထာသိက္ခာပဒ။ ॥ သိက္ခာပဒဿ အနုရူပံ ယထာသိက္ခာပဒံ။** (ယောဇနာ)

သိက္ခာပဒ အရ သိက္ခာပုဒ်မှချ။ထို၏လျောက်ပတ်ခြင်းနှင့်သမ္ဗဒါန+သမ္ဗဒါနိ စပ် ဌာန။ပုဒ်လုံး-သိက္ခာပုဒ်အား လျောက်ပတ်သော ဂုဏ်ရ၏။

**ဒေသော စ ဇာတိ စ ဂေါတ္တဉ္စ ဒေသဇာတိဂေါတ္တံ။**

**နာနာပကာရံ ဒေသဇာတိဂေါတ္တံ နာနာဒေသဇာတိဂေါတ္တံ။**

**တံ အာဒိ ယေသံ နာမာဒီနန္တိ နာနာဒေသဇာတိဂေါတ္တာဒယော။**

**တေသံ ဘေဒေါ။ တေန ဘိန္နာ။**

**ဧကံ သမာနံ ဘာဂေါ ဧတဿာတိ သဘာဂံ။**

**သဘာဂဇီဝိကာ။ ॥သဘာဂံ ဇီဝံ ဧတေသန္တိ သဘာဂဇီဝိကာ။**

**သမာနော ဘာဂေါ ဧတိဿာတိ သဘာဂါ။**

**သဘာဂဝုတ္တိနော။ ॥သဘာဂါ ဝုတ္တိ ဧတေသန္တိ သဘာဂဝုတ္တိနော။**

**သာဓိဝသခိတ်။॥ သာဓိဝံ ဣတိ သခိတံ သာဓိဝသခိတံ။**

**အနန္တရံ။ ॥ နတ္ထိ အန္တရံ ဧတ္ထမဿာတိ အနန္တရံ။**

http://www.dhammadownload.com



န-အန္တရ အရ အကြားမရှိခြင်းဟူသော အခြားမဲ့ဂုဏ် မုချ။ထို၏ အညပုဒ် အရ တော် သာဇိဝ် နာမဟူသော ပုဒ်နှင့်ဂုဏ်+ဂုဏေး စပ် ဌာန္။ဣမ အညပုဒ်အရ တော် သာဇိဝ် နာမ ဟူသောပုဒ် ရ၏။

နံပါတ် (၅)

ဘဂဝါ ။ ။ ဝိ-ဘန္တ + ဝန္တု။ ဘန္တ-အဝမဒ္ဒနေ။ အတီတကာလ၊ ကတ္တုဋ္ဌ။
တစ်နည်း။ ။ ဝိ-ဘဇ + ဝန္တု။ ဘဇ - သေဝါယံ။
ဒိသ ။ ။ ဒိသ + အ။
ဓာတိ ။ ။ ဓနု + တိ။
ဂေါတ္တ ။ ။ ဂေါ-သဒ္ဒူ။ တာ + တ။
ဝုတ္တိ ။ ။ ဝတု + ဏိ။ အကို - ဥပြု။
အန္တရ ။ ။ အတိ + အရ။

နံပါတ် (၆)

(က)သဗ္ဗိ-စသည်ဖြင့် တေအရ မြတ်စွာဘုရားသည် ဟောထားတော်မူအပ်သော သိက္ခာပုဒ်သည် တစ်ခုတည်းသော သိက္ခာ။ဝါ-ပဌမာဝိဘတ်သည်-ကေတ္တ၌ ဖြစ်သည် မဟုတ်၊ ဗဟွတ္တ၌ ဖြစ်သည်၏အဖြစ်နှင့် မြတ်စွာဘုရားသည် သုတ္တန်၌ ထားအပ်သော သိက္ခာပုဒ်မဟုတ်၊ဝိနည်း၌ ထားအပ်သော သိက္ခာပုဒ်၏ အဖြစ်ကို သိစေ။

**ယသ္မာ သဟာဇိဝန္တိ တသ္မာ-**ဖြင့် သဟ အာဇိဝန္တိ ဧတ္ထာတိ သာဇိဝံဟူသော ဝစနတ္ထနှင့် အညီ သ-သည် သဟာသဒ္ဒါ၏ ကာရိယအဖြစ်ကိုလည်းကောင်း၊အာ ဥပသာရ၏ ဓာတွတ္ထာနုဝတ္တက အဖြစ်ကိုလည်းကောင်း၊ အ-ပစ္စည်း အဓိကရဏာ အနက်၌ ဖြစ်သည်ကိုလည်းကောင်း သိစေ။

**နာနာဒေသဇာတိဂေါတ္တာဒိဘေဒဘိန္နာ ဘိက္ခူ**ဖြင့် ဤဝိနည်း ပိဋကတ်၌လာသော အလုံးစုံသော သိက္ခာပုဒ်၌ ဥပသကာယောက်ျား ဥပသကာမိန်းမ သီတင်းသုံးဖော် ၅-ယောက် တို့နှင့်တကွ ဖြစ်ကြသည်မဟုတ်၊ဝါ-တစ်ခုသော အရပ်၌နေသော ရဟန်းတို့သာ တကွဖြစ်ကြသည်မဟုတ်၊အထူးထူးသော အရပ် အမျိုးအနွယ်စသော အပြားရှိသော ရဟန်းနှင့်တကွ ဖြစ်ကုန်၏ဟု သိစေ။ (ဧကဇီဝိကာ ဘာဝတ္ထ။)

**သဘာဂဇီဝိကာ**ဖြင့် ဧကဇီဝိကာ၌ ဧက-သဒ္ဒါသမာနအနက်၌ ဖြစ်သည်ကို သိစေ။**သဘာဂဝုတ္တိနော**ဖြင့် သဘာဂဇီဝိကာ၌ ဇီဝိကသဒ္ဒါ၏ဝုတ္တိအနက်၌ ဖြစ်သည်ကိုသိစေ။

(ခ) **တံသိက္ခာပဒံ-စသည်ဖြင့်** တသ္မိံအာဓာရသည် အာဓေယျကိုငဲ့သော ကြောင့် ယင်း၏ အာဓေယ်ကို သိစေ။

http://www.dhammadownload.com



## နံပါတ် (၇)

**ကေဇိဝိတာ/သဘာဂဇိဝိတာ/ကေဇိဝိကာ သဘာဂဇိဝိကာ...**

**ကေ် သမာနံ ဇိဝိတံ ပဝတ္တနံ တေသန္တိ ကေဇိဝိတာ၊သဘာဂ။ပ။** ဝုတ္တိနော တိ ဣဒံ ပုရိမဿ ဝိဝရဏံဟူသော ယောဇနာကို ထောက်၍ ကေဇိဝိတာ သဘာဂဇိဝိတာ ပါဌ်သာသင့်။ဇီဝနံ ဝုတ္တိ ဇီဝိကာ-ဟူသော အဘိဓာန်ကို ထောက် က ကေဇိဝိကာ၊သဘာဂဇိဝိကာ ပါဌ်များလည်း သင့်မည်ပင်။

**သဟ ဇိဝန္တိ / သဟ အာဇိဝန္တိ...**

**သဟ အာဇိဝန္တိ တွောတိ သာဇီဝေါတိ သမ္ဗသိက္ခာပဒံ ဝုတ္တန္တိ အာဟ။ သမ္ဗမွိ။ပ။တသ္မာ သာဇိဝန္တိ ဝုစ္စတီတိ** ဟူသော သာရတ္ထကို ထောက်၍ သာဇီဝ ပုဒ်၏ ဝစနတ္ထကို ပြရာဖြစ်၍ သဟ+အာဇီဝ ၂-ပုဒ်စပ်ပြီးသောကြောင့် အာဇီဝန္တိ ပါဌ်သာသင့်။

## နံပါတ် (၈)

**(ခ)စိတ္တဿ / စိတ္တေန။** ။ပြဌာန်းသောစိတ်ကို ဆိုသဖြင့် မပြဌာန်းသော သမ္ပယုတ်ဖြစ်သော စေတသိက်ကိုလည်း ရသောကြောင့် ပဓာနနည်း။ ကေဓဲ သူပစာ။

**(ခ) ၌ ကာကောလောနည်းရ။**

**တသ္မိံ သိက္ခတိ။** ။အစိတ်ဖြစ်သော သာဇီဝသိက္ခာ၏ တသ္မိံသိက္ခတိဟူသော အမည်ကို အပေါင်းဖြစ်သော သိက္ခာ ၃-ပါး၌ တင်စား ကေဒေသူ။ ဥပလက္ခဏာ။

တသ္မိံအရ တရားနှင့်သိက္ခတိအရ တရားသည် မကွဲပြားသော်လည်း ကွဲပြားသကဲ့သို့ ပြ၍ဆိုသောကြောင့် အဘေဒနည်း။

******************

## ဝါကျစဉ် (၈၁)

(က) ကိဉ္စာပိ တံ ဓေ၀ံ ဝုတ္တံ၊ အထ ခေါ အယမေတ္ထ အတ္ထော ဒဋ္ဌဗ္ဗော- တဿာ စ သိက္ခာယ သိက္ခံ ပရိပူရေန္တော သိက္ခတိ၊ တသ္မိံ့ သိက္ခာပဒေ အဝီတိက္ကမန္တော သိက္ခတီတိ။

(ခ) **တေန ဝုစ္စတိ သာဇီဝသမာပန္နောတိဣဒမ္ပိ အနန္တရဿ သာဇီဝပဒဿဝ ဝသေန ဝုတ္တံ။**

(ဂ) ယသ္မာ ပန သော သိက္ခမ္ပိ သမာပန္နော၊တသ္မာ သိက္ခာသမာပန္နောတိပိ အတ္ထတော ဝေဒိတဗ္ဗော။

(ဃ) ဝေဠိ သတိ 'သိက္ခာသာဇီဝသမာပန္နော'တိ တေသံ ပဒသံ ပဒဘာဇနေမ္ပိ ပရိပုဏ္ဏံ ဟောတိ။ **(ဝိဋ္ဌ၁၊၂၁၀/၂၁၁။)**

****************

http://www.dhammadownload.com



နံပါတ် (၁)

(က)တံ၊ထိုတသ္မိံ သိက္ခတိ ဟူသောပုဒ်ကို။စဝံ၊ဤသို့ အခြားမဲ့၌ လွန်လေပြီးသော ပုဒ်၏အစွမ်းဖြင့်။ကိဥ္စာပိဝုတ္တံ။ ဗွေဿ၊ဤတသ္မိံ သိက္ခတိဟူသောပုဒ်၌။တဿာ စ သိက္ခာယ၊ထိုအဓိသီလဟု ဆိုအပ်သော သိက္ခာ၌လည်း။ပရိပူရဏေ၊ပြည့်ကျင့်လျက်။ဝါ-ပြည့်ကျင့်သောအားဖြင့်။တသ္မိဥ္စသိက္ခာပဒေ၊မြတ်စွာဘုရား၏ စကားဟု ဆိုအပ်သော သိက္ခာပုဒ်၌လည်း။

(ဂ)ပန၊ထိုသို့ပင် အခြားမဲ့လွန်ပြီးသောပုဒ်၏ အစွမ်းဖြင့်ပင် မိန့်တော်မူအပ်ပါသော်လည်း။သော ဘိက္ခု၊ အတ္တတော၊သာမတ္ထိယအားဖြင့်။

(ဃ)ဟိ၊လဒ္ဓဂုဏ်ကို ဆိုဦးအံ့။ဧဝံသတိ၊ဤသို့ သာဇီဝသမာပန္နော ဟူသောပုဒ်ဖြင့် သိက္ခာ သံမာပန္နော ဟူသောအနက်ကိုလည်း သိအပ်သည်ရှိသော်။

နံပါတ် (၂)

**(က)စသည်သို့။** ။ဆရာအကြင်အကြင် ဆိုအပ်ခဲ့ပြီးသော စကားရပ်ဖြင့် အနန္တရပုဒ်၏အစွမ်းဖြင့် "တသ္မိံ သိက္ခတိ"ဟု ဟောအပ်သည်ကို ဖွင့်ပြအပ်၏။ ယင်းသို့ဖွင့်ဆိုအပ်သည်ရှိသော် သိက္ခာပုဒ်၌သာ သိက္ခာကို မလွန်ကျူးသည်ဖြစ်၍ ကျင့်ရာ၏လော။အဘယ်သို့မှတ်သားအပ်ပါသနည်း။ စုဒ်ကြောင့် (က) စသည်မိန့်။

**မှတ်ချက်။** ။**တသ္မိံစ သိက္ခာပဒေစသည်၌ စ သမုစ္စယကို ရှုထားသည်။**

**(ခ)သို့ အန္တောလီန။** ။ဆရာ အကြင်အကြင် ဆိုအပ်ပြီးသော စကားရပ်ဖြင့် တသ္မိံ သိက္ခာပဒေ သိက္ခတိပုဒ်ကို ဟောခြင်း၌ အကြောင်းကို ပြဆိုတော်မူ၏။ သိက္ခာသာဇီဝသမာပန္နောပုဒ်ဖြင့် ဝိဘင်းဖြစ်သော သိက္ခာနှင့်သာဇီဝသည်လည်း ဘိန္နာဓိကရဏဖြစ်သောကြောင့် "တေန ဝုစ္စတိ သိက္ခာသာဇီဝသမာပန္နော" ဟု ဟောသင့်သည် မဟုတ်ပါလော။ ယင်းသို့ဖြစ်လျက် အဘယ့်ကြောင့် တေနဝုစ္စတိ သာဇီဝသမာပန္နောပုဒ်ကို ဟောတော်မူအပ်ပါသနည်း။စုဒ်ကြောင့် (ခ) မိန့်။

**(ဂ)ဗျတိရေက စောဒနာ။** ။ဆရာ (ခ) ဖြင့် တသ္မိံ သိက္ခတိ ပုဒ်ကိုသာမဟုတ်၊ တေနဝုစ္စတိ သာဇီဝသမာပန္နောပုဒ်ကိုလည်း အကြားမရှိသော သာဇီဝပုဒ်နှင့် စပ်ခြင်းကြောင့် ဟောအပ်သည်၏အဖြစ်ကို ပြဆိုတော်မူအပ်၏။အကယ်၍ တေန ဝုစ္စတိ သာဇီဝသမာပန္နောပုဒ်၏အကြားမရှိသော သာဇီဝပုဒ်နှင့် စပ်ခြင်းကြောင့် ဟောတော်မူအပ်သည်ဖြစ်အံ့။ယင်းသို့ဟောအပ်သည်ရှိသော် ၎င်းသာဇီဝ သမာပန္နော ပုဒ်၌ သိက္ခာပုဒ်ဟုဆိုအပ်သော သာဇီဝသို့ရောက်၏ဟူ၍သာ အနက်အားဖြင့် သိအပ်ပါသလော။ အဘယ်အနက်ကိုလည်း သိအပ်နိုင်ပါသေးသနည်း။စုဒ်ကြောင့်(ဂ) မိန့်။

**(ဃ)သို့ အနုသန္ဓေ။** ။ဤသို့ (က-ခ) ဖြင့် တသ္မိံ သိက္ခတိ တေန ဝုစ္စတိ သာဇီဝသမာပန္နောပုဒ်တို့၏ အနက်ကို ယထာရုတအားဖြင့် သိအပ်သည်မဟုတ်၊ ယထာသမ္ဘဝအားဖြင့် အနက်ကိုပြပြီး၍ ယခုအခါ၌ ရအပ်သောအကျိုးကို ပြခြင်းငှာ (ဃ) မိန့်။

http://www.dhammadownload.com



နံပါတ် (၃)

(က)ဝါကျာရမ္ဘ။ ထိုတွင် အထခေါ စသည် သမ္ဘာဝနာ။ကိစ္စာပိ စသည် ဂရဟာ။(ခ)ပက္ခန္တရ။(ဂ)ဝါကျာရမ္ဘ။(ဃ)လဒ္ဓဂုဏ။

တစ်နည်း။ ဒဠီကရဏ။

နံပါတ် (၄)

**ဒဠ္ဟဗ္ဗော။ ။ ပဿိတဗ္ဗောတိ ဒဠ္ဟဗ္ဗော။**

ဒိသ-ကတ္တုဋ္ဌ ဉာဏ်သည် မုချ။ကမ္မဋ္ဌ အနက်၏အာရမ္မဏပစ္စယသတ္တိ ဖလူ။တဗ္ဗ-အနက်ဒြပ်သည် အပဓာန။ရှုအပ်သည်၏အဖြစ်ဟု ဆိုအပ်သော ကြိယာ သည်သာ ပဓာန။

**သမာပန္နော။ ။ သမာပဇ္ဇတီတိ သမာပန္နော။**

ပဒ-ဓာတ် ပါတိမောက္ခသံဝရသီလသိက္ခာ၊ဝါ- အဓိသီလသိက္ခာဟုဆို အပ်သော ဝိရတီ စေတနာပြဋ္ဌာန်းသောစိတ္တုပ္ပါဒ် မုချ။နောက်နောက်သော စိတ္တုပ္ပါဒ် ကာရဏူ။တ-ပစ္စည်း ရဟန်းဒြပ်သည် အပဓာနအားဖြင့် ရ၏။သမာပန္နောကား ကြိယာပုဒ်ဖြစ်၍ ဆိုအပ်ခဲ့ပြီးသော ဓာတွတ္ထကြိယာသည်သာ ပဓာနအားဖြင့် ရ၏။

**ဝီတိက္ကမန္တော။ ။ ဝီတိက္ကမတီတိ ဝီတိက္ကမန္တော။**

**န ဝီတိက္ကမန္တော အဝီတိက္ကမန္တော။**

ဝိ-အတိ-ကမုဓာတ်အရ လွန်ကျူးသောပုဂ္ဂိုလ်၏ ဝီတိက္ကမစေတနာပြဋ္ဌာန်း သော အကုသိုလ်စိတ္တုပ္ပါဒ် မုချ။အယောနိသောမနသိကာရ စသော ရှေးရှေးသော စိတ္တုပ္ပါဒ် ဖလူ။ဝိပ္ပဋိသာရစသော နောက်နောက်သော စိတ္တုပ္ပါဒ်ကာရဏူ။တ- ပစ္စည်း လွန်ကျူးသော ပုဂ္ဂိုလ်ရ၏။ထိုထိုရငြားသော်လည်း ဤ၌ န-နိပါတ်နှင့် ယှဉ်သောကြောင့် လွန်ကျူးသော ပုဂ္ဂိုလ်၏ဆန့်ကျင်ဘက် မလွန်ကျူးသော ပုဂ္ဂိုလ် သည်သာ ပဓာနအားဖြင့် ရ၏။

**ပဒဘာဇနံ။ ။ပဒဿ ဘာဇနံ ပဒဘာဇနံ။**

နံပါတ် (၅)

**တဿာ စ သိက္ခာယ** ၌ သမ္ဗိုဝိဘတ် အာဓာရအနက်။

**ပရိပုဏ္ဏာ ။ ။ ပရိ - ပူရ + တ။**

နံပါတ် (၆)

**တတြာတိ** တာသု တီသု သိက္ခာသု။**ယာယံ အဓိသီလသိက္ခာတိ** ယာ အယံ ပါတိမောက္ခသီလသင်္ခါတာ အဓိသီလသိက္ခာ။

**တာသု တီသု သိက္ခာသု**-ဖြင့် တတြ၌ တပုဒ် တြ-ပစ္စည်း၊ တ-ပုဒ် သည် သိက္ခာ သုံးပါးဟူသော အနက်ကို စွဲယူသုံးသပ်၍၊တြ-ပစ္စည်း သတ္တမီဗဟု ဝုစ်အနက်၌ ဖြစ်သည်ကို သိစေ။**ယာ အယံ**-ဖြင့် ယာယံကို ယာ+အယံဟုပဒစ္ဆေဒ ပြုအပ်သည်ကိုသိစေ။**ပါတိမောက္ခသီလသင်္ခါတာ**-ဖြင့် အဓိသီလသိက္ခာအရ ပါတိ

http://www.dhammadownload.com



မောက္ခသီလကို အရကောက်ယူအပ်သည်ကို သိစေ။

**(က)သံဝဏ္ဏနာဖြင့်** သိက္ခတိအရ ဤ၌ ကျင့်၏ဟူသည် သံဝရသီလကိုဖြည့်ခြင်း၊ သာဓိဝကို မလွန်ကျူးခြင်းဟူသော အဓိပ္ပာယ်ကို သိစေ။

နံပါတ် (၇)

**အယမေတ္ထ / ဝေမေတ္ထ...**

**ဣတိတိ ပဒံ ဝေန္တိ ပဒသ္သ သရူပံဟု** ယော်ဇနာ၌ ဖွင့်သောကြောင့်လည်းကောင်း၊အယံသဒ္ဒါနှင့် ဇဝံသဒ္ဒါတို့သည် ဤအရာ၌ အနက်တူသောကြောင့်လည်းကောင်း (က) ၌ အယမေတ္ထ၊ ဧဝမေတ္ထ ၂ ပါဌ်လုံးသင့်။

**(ဂ)အတ္ထတော ဝေဒိတဗ္ဗော / အတ္ထတော ဝေဒိတဗ္ဗံ...**

**တသ္မာ ထေယျသံဝါသကော အတ္ထတော ဒဋ္ဌဗ္ဗံ။** (ဝိ၊ဋ္ဌ၊၁။၂၆၂။) အဖွင့်ကို ထောက်၍ လည်းကောင်း၊(က)ဝါကျ အတ္ထော ဒဋ္ဌဗ္ဗော ဟူသော အဖွင့်ကို ထောက်၍လည်းကောင်း၊ဘာဝဝါစကပုဒ် ဖြင့်သင့်ရကား ဝေဒိတဗ္ဗံသင့်။သို့သော်လည်း ယောဇနာ၌ **ဣတိဝိ အတ္ထတော အဓိပ္ပါယတော သောဘိက္ခု ပဏ္ဍိတေန ဝေဒိတဗ္ဗောတိ သမ္ဗန္ဓော-ဟု** ဖွင့်သောကြောင့် ဘာဝဝါစကပုဒ်မဖြစ်သင့်၊သော ဘိက္ခုဟူသော ကံကိုထောက်၍ ဝေဒိတဗ္ဗော ပါဌ်သာသင့်။

နံပါတ် (၈)

**တသ္မိံ သိက္ခတိ။** ။တဿာစ သိက္ခာယ တသ္မိံစ သိက္ခာပဒေဟု ၂-ချက်အနက်ရသောကြောင့် ဘိန္နသတ္တိသမဝေသနည်း။

**တစ်နည်း။** ။သိက္ခာပုဒ်၌ ကျင့်သောရဟန်းသည် အဓိသီလသိက္ခာနှင့် မကင်းရာသည်ဖြစ်၍ အဓိသီလသိက္ခာ၌လည်း ကျင့်၏ဟုအနက်ရောက်သောအားဖြင့် ယူအပ်သောကြောင့် အတ္ထာပန္နနည်း။

**သိက္ခာပဒေ။** ။အကြောင်းဖြစ်သော ယော်ပန ဘိက္ခု စသော ပညတ်၏ မုချသိက္ခာပဒအမည်ကို ထိုပညတ်ဖြင့် ပြအပ်သော အကျိုးဖြစ်သောသီလ၌ တင်စား၍ ဆိုသောကြောင့် ကာရဏူပစာ။

**သာဇီဝသမာပန္နော။** ။သာဇီဝသို့ရောက်သောရဟန်းသည် အဓိသီလသိက္ခာနှင့် မကင်းရာသည်ဖြစ်၍ အဓိသီလ သိက္ခာသို့လည်း ရောက်၏ဟု အနက်ရောက်သောအားဖြင့် ယူအပ်သောကြောင့် အတ္ထာပန္နနည်း။ (နေယျတ္ထနည်း)

နံပါတ် (၁၀)

**သိက္ခံ ပရိပူရေန္တော**- အာဝတ္တာဟာရ....

ဝိရတိသမ္ပယုတ္တစေတနာ။ (ဝါရိတ္တသီလ)

**တစ်နည်း။** ဝိရတိဝိပ္ပယုတ္တစေတနာ။ (စာရိတ္တသီလ) တည်းဟူသော ပုညာတိသယတည်း။ ထိုပုညာတိသယ၏ပဒဋ္ဌာန်ကား၊ ယောနိသောမနသိကာရ သဒ္ဓမ္မသဝန သပ္ပုရိသူပနိဿယသည်တည်း။ယော်နိသောမနသိကာရကို ယူသဖြင့်

http://www.dhammadownload.com



ထိုလျှင် အကြောင်းရှိသော ကုသိုလ်တရားတို့သည် လည်ကုန်၏။ သိက္ခတိ၌ ဝိရတိစေသော ပညာတိသယကို ယူသဖြင့် ထို၏ဆန့်ကျင်ဖက်ဖြစ်သော အကုသလ မ္မေတို့ကိုလည်း ယူအပ်၏။ထို၏ပဒဋ္ဌာန်ကား အယောနိသောမနသိကာရ၊ အသဒ္ဓမ္မ သဝန၊ ဗာလူပသေဝန စသည်တည်း၊ ထိုလျှင်အကြောင်းရှိသော အကုသိုလ်တရား တို့သည် လည်ကုန်၏။ ဤသို့လျှင် -

. ************

ဝါကျစဉ် (၈၂)

(က) **သိက္ခံ အပ္ပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာတိ သိက္ခဥ္စ အပ္ပဋိက္ခိပိတွာ ဒုဗ္ဗလဘာဝဉ္စ အပ္ပကာသေတွာ။**

(ခ) ယသ္မာ စ ဒုဗ္ဗလျေ အာဝိကတေပိ သိက္ခာ အပ္ပစ္စက္ခာတာဝ ဟောတိ။

(ဂ) သိက္ခာယ ပန ပစ္စက္ခာတာယ ဒုဗ္ဗလျံ အာဝိကတမေဝ ဟောတိ။

(ဃ) တသ္မာ 'ဒုဗ္ဗလျံ အနာဝိကတွာ' တိ ဣမိနာ ပဒေန န ကောစိ ဝိသေသတ္ထော လဗ္ဘတိ။

(င) ယထာ ပန 'ဒိရတ္တတိရတ္တံ သဟသေယျံ ကပ္ပေယျာ'တိ ဝုတ္တေ ဒိရတ္တဝစနေန န ကောစိ ဝိသေသတ္ထော လဗ္ဘတိ၊ ကေဝလံ လောက ဝေါဟာရဝသေန ဗျဉ္ဇနသိလိဋ္ဌတာယ မုခါရုဠှတာယ စေတံ ဝုတ္တံ။ ဧဝမိဒမ္ပိ ဝေါဟာရဝသေန ဗျဉ္ဇနသိလိဋ္ဌတာယ မုခါရုဠှတာယ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ (ပါ၊ဋ္ဌ၊ ၁။၂၁၁။)

**************

နံပါတ် (၁)

(က)ဒုဗ္ဗလဘာဝဥ္စ၊အားမရှိသူ၏အဖြစ်ကိုလည်း။အပ္ပကာသေတွာ၊ ထင် ရှားမပြမူ၍။ (မေထုနာဓမ္မံ ပဋိသေဝေယျာ၌ စပ်)

(ခ)ဒုဗ္ဗလျေ၊ အားမရှိသူ၏အဖြစ်ကို။အာဝိကတေပိ၊ထင်စွာပြုအပ်ပြီးပါ သော်လည်း။အပ္ပစ္စက္ခာတာဝ၊မပယ်စွန့်အပ်သေးသည်သာ။ဝါ၊မချအပ်သေးသည် သာ။

(ဂ)သိက္ခာယ၊ ကို။ပစ္စက္ခာတာယပန၊ပယ်စွန့်အပ်ပြီးသော်ကား။

(င)ပန၊ထိုသို့ ထူးသောအနက်ကို မရအပ်ပါသော်လည်း။ဒိရတ္တဝစနေန၊ ဒိရတ္တသဒ္ဒါဖြင့်။လောကဝေါဟာရဝသေန၊လောက၌ ပြောရိုး၏အစွမ်းဖြင့်။ဗျဉ္ဇန သိလိဋ္ဌတာယ၊သဒ္ဒါတို့၏ ပြေပြစ်ညက်သောကုန်သည်၏အဖြစ်ကြောင့်လည်း- ကောင်း။မုခါရုဠှတာယ၊ နှုတ်သို့တက်သည်၏အဖြစ်ကြောင့်လည်းကောင်း။ဧတံ၊ ဤဒိရတ္တံဟူသောသဒ္ဒါကို။ဣဒမ္ပိ၊ ဤဒုဗ္ဗလျံ အနာဝိကတွာဟူသော ပုဒ်ကိုလည်း။

**မှတ်ချက်။** ။လောကဝေါဟာရဝသေန၊ သုံးပုဒ်ကို မအူသျှ၌ 'အားဖြင့်' ဟု တတိယာဝိသေန ပေး။

http://www.dhammadownload.com



## နံပါတ် (၂)

(ခ)သို့။ ။ ဆရာ (က) ဖြင့် သိက္ခံ အပ္ပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာပုဒ်တို့၏ ပဒတ္တကို ဖွင့်ဆိုအပ်၏။သိက္ခံ အပ္ပစ္စက္ခာယ စသည်၌ အားနည်းသည်၏အဖြစ်ကို ပြသော်လည်း သိက္ခာကို စွန့်ချသည်မမည်။သိက္ခာကို စွန့်ချသော်ကား အားနည်းသည်၏အဖြစ်ကို ထင်စွာပြပြီးဖြစ်သောကြောင့် ဒုဗ္ဗလျံ အနာဝိကတွာဖြင့် တစ်စုံတစ်ရာ အနက်အထူးကို မရအပ်သည် မဟုတ်ပါလော။ ယင်းသို့ဖြစ်လျက် အဘယ့်ကြောင့် ယင်းပုဒ်ကို ဟောအပ်လေသနည်း။စုဒ်ကြောင့်(ခ)စသည်မိန့်။(င-ကုန်တိုင်အောင် မျှော်)(ဒုဗ္ဗလျာဝိကမ္မဖြစ်သော် သိက္ခာပစ္စက္ခာနမဖြစ်၊သိက္ခာပစ္စက္ခာနဖြစ်သော်ကား ဒုဗ္ဗလျာ ဝိကမ္မဖြစ်သည်သာ ဖြစ်ရကား သိက္ခံ အပ္ပစ္စက္ခာယနှင့် ဒုဗ္ဗလျံ အနာဝိကတွာ သည် အနက်အားဖြင့် အထူးမရှိသည် မဟုတ်လော။) ဂဏ္ဌိသစ်။

(င)သို့။ ။ဆရာ အနာဝိကတွာ ဟူသောပုဒ်ဖြင့် တစ်စုံတစ်ခုသော အနက်ကိုမရ အပ်ဟု ဖွင့်ပြအပ်၏။တစ်စုံတစ်ခုသော အနက်မရအပ်ပါဘဲလျက် အဘယ့်ကြောင့် ဟောဆိုအပ်ပါသနည်း။သိက္ခံ အပ္ပစ္စက္ခာယဟု ဟောက လိုအပ်သော အနက်ပြီး၍ ဒုဗ္ဗလျံ အနာဝိကတွာကို မဟောသင့်သည် မဟုတ်ပါလော။စုဒ်ကြောင့် (င)မိန့်။

## နံပါတ် (၃)

(ခ)စသည် ဝါကျာရမ္ဘ။ထိုတွင် ခ-ဇုတိရေက။(ဂ)အန္ဒယ။

(ဃ)လဒ္ဓဂုဏ။(င) ဝါကျာရမ္ဘ။ ထိုတွင် ယထာမှ ဇတံ ဝုတ္တံ-ဥပမာ။ ဝေမိဒမ္ပိ ဥပမေယျ။ (ဝုတ္တမတ္တံ ဥပမာယ သာမေဉ္စော ယထာစ ပနာတိ အာဒိမာဟ။) ယောဇနာ။

လောကဝေါဟာရဝသေနစသော သုံးပုဒ်သည် ဝုတ္တံ၌ တတိယာဝိသေသန စပ်။ ဘာဠိ၌ကား ကြောင့် ပေး၍ အကြောင်းဟိတ်၊ အကျိုးဖိုလ်စပ်။

## နံပါတ် (၄)

ဒုဗ္ဗလော။ ။နတ္ထိ ဗလံ အဿာတိ ဒုဗ္ဗလော

ဒုဗ္ဗလဿ ဘာဝေါ ဒုဗ္ဗလျံ။

ဒုဗ္ဗလအရ သိက္ခာပုဒ်ဖြည့်ကျင့်ခြင်း၌ အားမရှိသောရဟန်း မှုချ။ထို ၏အား မရှိသူ၏ဖြစ်ကြောင်းဖြစ်ရာ အားမရှိခြင်း ဂုဏ်နှင့်နိသျ/နိဿိတစပ် ဌာနူ။ ဏျ-ပစ္စည်း-အားမရှိသူ၏ဖြစ်ကြောင်းဖြစ်ရာ အားမရှိခြင်းဂုဏ် ရ၏။

ဒိရတ္တံ။ ။ဒွေ ရတ္တိယော ဒိရတ္တံ။

တိရတ္တံ။ ။တိဿော ရတ္တိယော တိရတ္တံ။

ဒိရတ္တတိရတ္တံ။ ။ဒ္ဒိရတ္တံ ဝါ တိရတ္တံဝါ ဒိရတ္တတိရတ္တံ။ (သင်္ချောဘယဗဟုဗ္ဗိ)

ဒိရတ္တ တိရတ္တံဟူသော ဗဟုဗ္ဗိ-ပုဒ်လုံးအရ နှစ်ညဥ့်သုံးညဥ့်သည် မှုချ။ ထို-၏ ဝါ- အညပုဒ်အရ ဝိကပ္ပနအနက်နှင့်အကြောင်း+အကျိုးစပ် ဌာနူ။ဝါ အညပုဒ်အရ နှစ်ညဥ့်သော်လည်း သုံးညဥ့်သော်လည်းဟူသော ဝိကပ်အနက်ရ၏။

http://www.dhammadownload.com



ဖျူဠနသီလိဋ္ဌတာ။ ။ သီလိဋ္ဌာနံ ဘာဝေါ သီလိဋ္ဌတာ။
ဖျူဠနာနံ သီလိဋ္ဌတာ ဖျူဠနသီလိဋ္ဌတာ။
မုခါရုဠှတာ။ ။ မုခံ အာရုဠှံ မုခါရုဠှံ။ တဿ ဘာဝေါ မုခါရုဠှတာ။
ဒီရဋ္ဌဝစနံ။ ဒီရဋ္ဌံ ဣတိ ဝစနံ ဒီရဋ္ဌဝစနံ။
သေယျံ။ သယန္တိ ဧတ္ထာတိ သေယျံ။ (အိပ်ရာကျောင်း)
သယနံ သေယျံ။ (အိပ်ခြင်း) သေယျံ စ သေယျံ စ သေယျံ။

နံပါတ် (၅)

ဝိသေသ ။ ။ ဝိ-သိသ + ဏ။
ရဋ္ဌိ ။ ။ ရန္ဓ + တိ။ တစ်နည်း။ ရာ + တိ။
သေယျ ။ ။ သိ + ဏျ။
သီလိဋ္ဌ ။ ။ သိလိသ + တ။
မုခ ။ ။ မု + ခ။

နံပါတ် (၆)

(က) စ-သဒ္ဒါနှစ်လုံးဖြင့် ပဒဘာဇနီ၌ သမုစ္စည်းအနက်ရှိသော အတ္ထုပ္ပရဏ စ-သဒ္ဒါဖြစ်သည်ကိုသိစေ။တစ်နည်း လုတ္တနိဒ္ဒိဋ္ဌ ပါဌသေသ ဂမျမာန်ကို သိစေ။အပ္ပဋိက္ခိပိတွာဖြင့် အပ္ပစ္စက္ခာယ၌ န+ပဋိ+အာ+ ခါဓာတ်၏ ကထနအနက် ဟောသည် ကိုလည်းကောင်း၊ဤ၌ ပဋိ-၏ ဓာတွတ္ထဝိသေသကဖြစ်၍ပယ်ခြင်း အနက်ဟော သည်ကိုလည်းကောင်း၊ ယ-၏ တွာ ပစ္စည်းကာရိယဖြစ်သည်ကို လည်းကောင်းသိစေ။

ဒုဗ္ဗလ ဘာဝံ-ဖြင့် ဒုဗ္ဗလျံ၌ ဒုဗ္ဗလပုဒ်+ဏျ ပစ္စည်း၊ယင်းဏျ-ပစ္စည်း၏ ဘာဝတဒ္ဓိတ်၌ သက်၍ ဒုဗ္ဗလဿ ဘာဝေါ ဒုဗ္ဗလျံဟု ဝစနတ္ထပြုအပ်သည်ကို သိစေ။ အပ္ပကာသေတွာဖြင့် အနာဝိကတွာ၌ အာဝိ + ကရဓာတ်၏ပကာသနတ္ထ အနက်ဟောသည်ကို သိစေ။

နံပါတ် (၇)

အပ္ပစ္စက္ခာယ/အပ္ပစ္စက္ခာတာယ...

'အပ္ပစ္စက္ခာယ အပ္ပစ္စက္ခာတာယာ' တိ ဥဘယထာပိ ပါဌော တီသုပိ ဂဏ္ဌိပဒေသု ဝုတ္တောဟု ဂဏ္ဌိ၌ဆိုသောကြောင့် ၂ ပါဌ်လုံးသင့်။

နံပါတ် (၈)

သဟသေယျံ။ ။အစိတ်ဖြစ်သော အိပ်ပျော်ခြင်း၏သေယျအမည်ကို အပေါင်းဖြစ်သော အိပ်ပျော်ခြင်း အိပ်ရာကျောင်း၌ တင်စား ကေဒေသူပစာ။
(ကေသေသနည်း ရသည်ကို ၄-နံပါတ်ရှု)

သိက္ခံအပ္ပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာ။ ။ဤ၌ ဒုဗ္ဗလျံ အနာဝိကတွာ ဟူသောနည်းသည် သိက္ခံ အပ္ပစ္စက္ခာယဟု ဆိုက သိက္ခာကို မချပ္ပ၍ ဟူသောအနက်

http://www.dhammadownload.com



ပြီးပြီးလျက် အလွန်အားဖြင့် ဒုဗ္ဗလျံ အနာဝိကတ္វာဟု ဆိုသောကြောင့်ဥဘတ္ထနည်း။ သိက္ခံ အပ္ပစ္စက္ခာယ ဒုဗ္ဗလျံ အနာဝိကတွာ သဒ္ဒါတို့သည် အနက်အဓိပ္ပါယ် မပြားဘဲ ပြားသကဲ့သို့ ခေါ်ဝေါ်ခြင်းကြောင့် အဘေဒဘေဒူပစာ။

**တစ်နည်း**။။အားနည်းသည့်၏အဖြစ်သည်အကြောင်း သိက္ခာပစ္စက္ခာနကား အကျိုး သိက္ခာ ပစ္စက္ခာန ဟူသောအကျိုးကိုဆိုသဖြင့် ဒုဗ္ဗလျာဝိကမ္မဟူသော အကြောင်းကို လည်း ရသောကြောင့် အဝိနာဘာဝ နည်း။

နံပါတ် (၁၀)

ဒုဗ္ဗလျအရ။ ။ ရဟန်းဘဝ၌ ငြီးငွေ့ခြင်း မပျော်ခြင်းဟူသော အဝီရိယစိတ် ကောက်။**တစ်နည်း** ကောသဇ္ဇ ထိနမိဒ္ဓပြဋ္ဌာန်းသောဟူသော အကုသိုလ်စိတ္တုပ္ပါဒ် ကောက်။

************

## ဝါကျစဉ် (၈၃)

(က) **ဣဓာတိ ဣမသ္မိံ သာသနေ။**

(ခ) **ဥက္ကဏ္ဌိတောတိ** အနဘိရတိယာ ဣမသ္မိံ သာသနေ ကိစ္ဆဇီဝိ ကပ္ပတ္တော။

(ဂ) 'အထ ဝါ အဒ္ဓ ယာမိ, သေ့ ယာမိ, ဣတော ယာမိ, ဧတ္ထ ယာမိ'တိ ဥဒ္ဒံ ကဏ္ဌံ ကတွာ ဝိဟရမာနော၊

(ဃ) ဝိက္ခိတ္တော အနေကဂ္ဂေါတိ ဝုတ္တံ ဟောတိ။

(င) **အနဘိရတောတိ** သာသနေ အဘိရတိဝိရဟိတော။

[ဝိ၊ ဋ္ဌ၊၁။၂၁၂။]

**************

နံပါတ် (၁)

(ခ)အနဘိရတိယာ၊မမွေ့သောပျော်ခြင်းကြောင့်။ကိစ္ဆဇီဝိကပ္ပတ္တော၊ဆင်းရဲ ငြိုငြင်စွာ အသက်ရှင်ရခြင်းသို့ရောက်သည်။

(ဂ)အဒ္ဓ၊ယနေ့။ယာမိ၊သွားတော့အံ့။ဣတော၊ဤအရပ်မှ။ဝါ-ဤကျောင်း တိုက်မှ။(ဣတော ဌာနတော၊ဣတော ဝိဟာရတော ဝါ)ဧတ္ထ၊ဤမည်သော ကျောင်း တိုက်သို့။[ဧတ္ထာတိ ဂန္တုံ ဣစ္ဆိတပဒေသံ ဝဒတိ]ဣတိ၊ ဤသို့ကြံ၍။ဥဒ္ဒံ၊ အထက်၌။ ကဏ္ဌံ၊လည်ပင်းကို။ကတွာ-၍။**တစ်နည်း**။ ဥဒ္ဒံ ကဏ္ဌံ ကတွာ၊လည်တမော့မော့ လုပ်၍။

(ဃ)ဝိက္ခိတ္တော-အထူးထူးပစ်လွှင့်အပ်သော စိတ်ရှိသည်။ဝါ-ပြန့်လွင့် သောစိတ် ရှိသည်။အနေကဂ္ဂေါ၊တစ်ခုတည်းသော အာရုံမရှိသည်။ဝါ-မတည် ကြည်သည်။(ဟုတွာ ဝဒတိ ဝိညာပေတိ)

http://www.dhammadownload.com



နံပါတ် (၂)

(ခ)သို့။ ။ဆရာ(က)ဖြင့် ဥက္ကဏ္ဌိတ ဟူသည် မမွေ့လျော်ခြင်းကြောင့် ဤသာသနာတော်၌ ဆင်းရဲငြီးငြင် အသက်ရှင်ခြင်းသို့ ရောက်ရခြင်းပင်ဖြစ်၏ဟု ဖွင့်ပြတော်မူအပ်၏။ထို့အနက်အဓိပ္ပါယ်သာ မှတ်သားအပ်ပါသလော။အဘယ်အနက်အဓိပ္ပါယ်ကိုလည်း မှတ်သားအပ်ပါသေးသနည်း၊ စုဒ်ကြောင့် (ဂ)ဝါကျမိန့်။

ကား။ ။ထိုအနက်အဓိပ္ပါယ်ကိုသာ မှတ်သားအပ်သည် မဟုတ်။ယနေ့သွားမည်၊ မနက်ဖန်သွားမည်၊ဤအရပ်မှသွားမည်၊ ဤအရပ်သို့သွားမည် ကြံ၍ လည်တမျှော်မျှော် လည်တမော့မော့ ဖြစ်၍ နေထိုင်ရခြင်းဟူသော အနက်အဓိပ္ပါယ်ကိုလည်း မှတ်သားအပ်ပါသေး၏ ဟူလို။

(ဃ)သို့။ ။ဆရာ (ဂ)ဖြင့် ယနေ့ မနက်ဖန်သွားမည်၊ ဤအရပ်မှသွားမည် ဤကျောင်းသို့သွားမည်ဟူ၍ လည်တမော့မော့ပြု၍နေခြင်းသည် ဥက္ကဏ္ဌိတမည်၏ ဟုဖွင့်ပြတော်မူအပ်၏။လည်တမော့မော့နေခြင်းသည် အဘယ်ကြောင့် ဖြစ်ပါသနည်း လည်တမော့မော့ပြု၍ နေရခြင်းအကြောင်းကို မပြဆိုပြီလော။စုဒ်ကြောင့်(ဃ)မိန့်

[အနဘိရတိယာ ပီဠိတော ဝိက္ခိတ္တစိတ္တော သီသံ ဥက္ခိပိတွာ ဥဒ္ဓံမုခေ ဣတော စိတောစ ဩလောကေန္တော အာဟိဏ္ဍတီတိ အာဟ 'ဥဒ္ဓံ ကဏ္ဍံ ကတွာ ဝိဟရမာနာ'တိ ]သာရတ္ထကိုရှုသော် အနဘိရတိယာ ပီဠိတော ဝိက္ခိတ္တစိတ္တောသည် လည်တမော့မော့ ဖြစ်နေရခြင်း၏ အဓိကအကြောင်းဖြစ်သည်၊ ထို့ကြောင့် အထက်ပါအတိုင်း တက်လိုက်သည်။ ဝိမတိ၌လည်း ဤသို့ပင်၊ ရိုးရာတက်လိုသော် ဝုတ္တံဟောတိရှု၍ လည်တမော့မော့ဖြစ်နေရခြင်း ဖြစ်နေရပုံကို သိသာအောင် ဥဇုကတ္တပိဏ္ဍတ္ထပြသည်ဟုပင် ထုံးစံအတိုင်း ကြံပါ။

[ သာစ ဥက္ကဏ္ဌိတော ဝိက္ခေပနေဝါတိ ဝိက္ခိတ္တောတိ အာဒိ ဝုတ္တံ၊ ဝိမတိ၊၁။၁၃၃။]

နံပါတ် (၃)

(ခ) ပက္ခန္တရ၊ (ဂ) နယန္တရပက္ခန္တရ၊ (ဃ)ဝိတ္ထာရ၊ (င) ပက္ခန္တရ။

နံပါတ် (၄)

ဥက္ကဏ္ဌိတော။ ။ ဥက္ကဏ္ဌနံ ဥက္ကဏ္ဌာ (ကိစ္စဝိဂ္ဂဟ)

ဥက္ကဏ္ဌာ ဣတော ပတ္တောတိ ဥက္ကဏ္ဌိတော။(ဂ)ဝါကျအလို

ဥဒ္ဓံ ဂတော ကဏ္ဍော ဧတိဿာတိ ဥက္ကဏ္ဍာ(အနဘိရတိ)

ဥက္ကဏ္ဍံ ဣတော ဂတော ပတ္တောတိ ဥက္ကဏ္ဌိတော။(ဃ)ဝါကျအလို (အမရပူရဆရာတော်)။

တစ်နည်း။ ။ဥဒ္ဓံ ကဏ္ဍော ဥက္ကဏ္ဍော။

ဥက္ကဏ္ဍော သဉ္ဇာတော အဿာတိ ဥက္ကဏ္ဌိတော။(ဘာဋီ)

(ဂ)ဥက္ကဏ္ဌာအရ-ဆင်းရဲငြီးငြင် အသက်ရှင်ရခြင်းမှချ။ထို ၏ ရောက်သော

http://www.dhammadownload.com



ရဟာန်းနှင့် ဌာနီ ဌာနအစပ်သမ္ဗန်ဌာန။ ဥက္ကဏ္ဍိတ ဆင်းရဲငြိုငြင် အသက်ရှင်ရခြင်းသို့ ရောက်သောရဟာန်း ရဏ်။

(ဃ)ဥ+ကဏ္ဍ အရ အထက်၌ဖြစ်သော လည်သည် မုချ၊ထို ၏ တေ အညပုဒ်အရ အနဘိရတိနှင့် ဂုဏ်/ဂုဏေး+ နိဿယ+နိဿိတအစပ်သမ္ဗန် ဌာန။ တေ အညပုဒ်အရ အထက်၌လည်းရှိသော ပျင်းရိခြင်းရဏ်။

ဥက္ကဏ္ဍ-အရ အထက်၌လည်းရှိသော ပျင်းရိခြင်း မုချ။ထို ၏ ရောက်သောရဟာန်းနှင့် ဌာနီဌာန အစပ်သမ္ဗန် ဌာန။သမာသ်ပုဒ်-အထက်၌လည်းရှိသော ပျင်းရိခြင်းသို့ရောက်သောရဟာန်းရဏ်။

**မှတ်ချက်။** ။မစိုးရိမ်၌-မုချ+ဥပစာ ကြံ၍ ကောက်ထားသည်။ထိုဌ် ရှုပါ။

**အနေကဂ္ဂေါ။** ။န ဧက် အနေကာနိ။အနေကာနိ အဂ္ဂါနိ ယဿာတိ အနေကဂ္ဂေါ။

နံပါတ် (၅)

**သာသနံ။** ။သာသ+ယု။

**ကစ္ဆု။** ။ကိရ+ဆ၊ (ကိရတိ သုခန္တိ ကိစ္ဆံ။)

**ကဏ္ဍ။** ။ကဏ္ဍ+အ။**တစ်နည်း**။ကမု+ဍ။ (ဩဒနာဒီနိ ကာမေတီတိ ကဏ္ဍော။)

**အစ္ဆ။** ။ဣမပုဒ်+ဓ္ဓ-ပစ္စည်း။ (ဣမသ္မိံ ဒိဝသေ အစ္ဆ။)

**ဝိကွိတ္တ။** ။ဝိ+ခိပ+တ။

နံပါတ် (၆)

(က)**ဣမသ္မိံ သာသနေဖြင့်** ဣဓ-၌ ဣ-သည် ဣမသဒ္ဒါ၏ ကာရိယဖြစ်သည်ကို လည်းကောင်း၊ ဣမဖြင့် သာသနာကို စွဲယူသုံးသပ်အပ်သည်ကိုလည်းကောင်း၊ဓ-ပစ္စည်း သတ္တမီအနက်၌သက်သည်ကို လည်းကောင်းသိစေ။

(ခ)**ကိစ္ဆဇီဝိကပ္ပတ္တောဖြင့်** ဥက္ကဏ္ဍိတောဌ် ဥက္ကဏ္ဍပုဒ်၊ဣတပုဒ်အဖြစ်ကိုလည်းကောင်း ဥ ပုဒ်၊ ကဏ္ဍဓာတ်၏ ကိစ္ဆဇီဝန အနက်ဟောသည်ကိုလည်းကောင်း၊ အ-ပစ္စည်း ဘာဝသာဓန အနက်၌ ဖြစ်သည်ကိုလည်းကောင်း၊ ဣတောဌ် ဣဓာတ်၊ တ-ပစ္စည်း၊ဣဓာတ်၏ ပါပုဏနဂတိ အနက်၌ ဖြစ်သည်ကို လည်းကောင်း၊-ဥက္ကဏ္ဍနှင့် ဣတကို ဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထ ပြုအပ်သည်ကို လည်းကောင်း သိစေ။

ဣမသ္မိံ သာသနေ- အထက်ပါအတိုင်းဖော်။

**အနဘိရတိယာ-ဖြင့်** ဥက္ကဏ္ဍိတဖြစ်၏ဟူသည် ပစ္စည်းလေးပါးခေါင်းပါးသောကြောင့် ဖြစ်သည်မဟုတ်၊ ပျင်းရိခြင်းကြောင့် ဖြစ်သည်ဟူသော အကြောင်းကို သိစေ။

(ဂ)**ဥဒ္ဓံ ကဏ္ဍံ ကတ္ဘာ ဝိဟရမာနောဖြင့်** ဥက္ကဏ္ဍိတောဌ် ဥက္ကဏ္ဍပုဒ်၊ ဣတပုဒ်၊ဥက္ကဏ္ဍ၌ ဥ ၏ ဥဒ္ဓံအနက်ဖြစ်သည်ကိုလည်းကောင်း၊ဥဒ္ဓံ ဂတော ကဏ္ဍော

http://www.dhammadownload.com



တေိသာတိ ဥက္ကဏ္ဍာ-ဟု ဝစနတ္ထပြု၍ အနဘိရတိကို အရကောက်ယူအပ်သည်ကို လည်းကောင်း၊ ဥက္ကဏ္ဌံ ဣတော ဥက္ကဏ္ဌိတောဟု ဒုတိယာတပ္ပုရိသ်သမာသ်ဝစနတ္ထပြုအပ်သည်ကို လည်းကောင်း သိစေ။**အဓ္ဓယာမိစသည်ဖြင့်** ပျင်းရိခြင်း-ကြောင့် နွားအပေါင်းကဲ့သို့ ထွက်ရာလမ်းကို ရှာမှီးနေသော ပုဂ္ဂိုလ်သည် ဌာနူပစာ-အားဖြင့် ဥက္ကဏ္ဍာမည်သည်ကို လည်းကောင်း၊လည်တမျှော်မျှော်ဖြစ်ပုံ အချင်းအရာကိုလည်းကောင်း သိစေ။ (ဝိမတိရှ)

(င)**အဘိရတိ ဝိရဟိတော-ဖြင့်** အနဘိရတော္ခိ န ၏ ဝိရဟတ္ထဖြစ်သည်ကို လည်းကောင်း၊ နတ္ထိ အဘိရတိ တေသာတိ အနဘိရတောဟု ဗဟုဗ္ဗိဟိ-သမာသ်ဝစနတ္ထ ပြုအပ်သည်ကိုလည်းကောင်း သိစေ။[မစိုးရိမ်၌ တစ်နည်းရှ]

နံပါတ် (၇)

**ကိစ္ဆဇီဝိကပ္ပတ္တော / ကိစ္ဆဇီဝိတပ္ပတ္တော...**

ဥက္ကဏ္ဍာနံ ဥက္ကဏ္ဍာ၊ **ကိစ္ဆဇီဝိကာ**-ဟုသာရတ္ထ၌ ဖွင့်ရကား ဇီဝခေတ်၊ ဗျု-ပစ္စည်း၊အကပြု၊ **ဣတ္ထိလိင်တွင် အကမြင်၊ အလျှင်,ဣဖြစ်မြဲ**-နိယံအရ၊အ-ကိုဣ-ပြု၍ ပြီးရကား၊ကိစ္ဆဇီဝိကပ္ပတ္တောသင့်၊ဇီဝခေတ်၊တပစ္စည်း ဣ-အာဂုံမဟုတ်၍ ကိစ္ဆဇီဝိတပ္ပတ္တော မသင့်။

နံပါတ် (၈)

(ဃ)ဥက္ကဏ္ဍာ-ဌာနပုဂ္ဂိုလ်၏ ဥက္ကဏ္ဍာအမည်ကို ဌာနီ မမွေ့လျော်ခြင်းအနဘိရတိ၌ တင်စား၍ ဌာနီ မမွေ့လျော်ခြင်းကို ဥက္ကဏ္ဍာဟုခေါ်သောကြောင့် ဌာနူပစာ။ နာနန္တရိကနည်း။(မစိုးရိမ်)

နံပါတ် (၁၀)

**ဥက္ကဏ္ဌိတအရ**- ပျံ့လွင့်သော စိတ်သောပုဂ္ဂိုလ်၊ဝါ- ပုဂ္ဂိုလ်၏ဖြစ်ကြောင်းဖြစ်ရာ၊ ဥဒ္ဓစ္စ ပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်။

**************

ဝါကျစဉ် (၈၄)

(က) ဘိက္ခုဘာဝ႘ွ် ဘိက္ခုဘာဝေန။

(ခ) ကရဏတ္ထေ ဥပယောဂဝစနံ။

(ဂ) 'ကဏ္ဍော အာသတ္တေန အဋ္ဋီယေယျာ' တိအာဒီသု ပန ယထာလက္ခဏံ ကရဏဝစနေနေဝ ဝုတ္တံ။

(ဃ) **အဋ္ဋီယမာနောတိ** အဋ္ဋံ ပီဠိတံ ဒုက္ခိတံ ဝိယ အတ္တာနမာစရမာနော။

(င) တေန ဝါ ဘိက္ခုဘာဝေန အဋ္ဋော ကရီယမာနော၊ ပီဠိယမာနောတိ အတ္ထော။

(စ) ဟရာယမာနောတိ လဇ္ဇမာနော။ [ဝိ၊ ဋ္ဌ၊ ၁။ ၂၁၂။]

***********

http://www.dhammadownload.com



နံပါတ် (၁)

(ခ)(ဇတံ-ဤဘိက္ခုဘာဝံသဒ္ဒါသည်။)

(ဂ)ပန-ဆက်။ကင်္ခေါ-လည်ပင်း၌။အာသတ္တေန၊ ငြိကပ်စေအပ်(စွဲချိတ်) အပ်သော အကောင်ပုတ်ဖြင့်။အဋ္ဋီယေယျ၊နှိပ်စက်အပ်သူကိုပြုရာ၏။ယထာလက္ခဏံ၊ သုတ်အားလျော်စွာ။ [ဝုတ္တံ-ကတ္တား။အာယသ္မတာ ဥပါလိတ္ထေရေန] မအူ။

(ဃ)အဋ္ဋံ ပီဠိတံ ဝိယ၊နှိပ်စက်အပ်သူကိုကဲ့သို့။ဒုက္ခိတံ ဝိယ၊ဒုက္ခရောက်သူ ကိုကဲ့သို့။အတ္တာနံ-မိမိကိုယ်ကို။အာစရာမာနော၊ပြုကျင့်သည်။

(င)တေန ဘိက္ခုဘာဝေန၊သည်။အဋ္ဋော-နှိပ်စက်အပ်သူကို။ကရိယမာနော၊ ပြုအပ်သည်။ပီဠိယမာနော-နှိပ်စက်အပ်သည်။

**မှတ်ချက်။** ။သံဝဏ္ဏနာများထောက်ဆ၍။ဘိက္ခုဘာဝံ-ရဟန်းအဖြစ်ဖြင့်။အဋ္ဋီယ မာနော၊နှိပ်စက်အပ်သူကဲ့သို့ မိမိကိုယ်ကို ကျင့်သည်ဖြစ်၍။

**တစ်နည်း။** ။ဘိက္ခုဘာဝံ-ရဟန်းအဖြစ်သည်။အဋ္ဋီယမာနော-နှိပ်စက်အပ်သည် ကို ပြုအပ်သည်ဖြစ်၍။ဤသို့သံဝဏ္ဏေတဗ္ဗပုဒ်ကို အနက်ပေးပါ။

နံပါတ် (၂)

**(ခ)သို့။** ။ဆရာ (က)ဖြင့် ဘိက္ခုဘာဝံကို ဘိက္ခုဘာဝေနဟု ဖွင့်ပြတော်မူအပ်၏။ သံဝဏ္ဏေတဗ္ဗပါဠိ၌ ဘိက္ခုဘာဝံ-ဟု ဒုတိယာဝိဘတ်ဖြင့် ရှိသည်မဟုတ်လော၊ယင်း သို့ဖြစ်လျက် ဘိက္ခုဘာဝေန-ဟု တတိယာဝိဘတ်ဖြင့် ဖွင့်ဆိုခြင်းသည် အသို့သင့်နိုင် ပါအံ့နည်း။သံဝဏ္ဏနာ သံဝဏ္ဏေတဗ္ဗ ဆန့်ကျင်သော ဝိရောဓိဒေါသင့်ရောက်ရာ၏။ စုဒ်ကြောင့် (ခ)မိန့်။ [ဤကဲ့သို့ **အဋ္ဌကထာ ရေးထုံးကို နေရာတိုင်း၌ ဒဋ္ဌီတက် ရသည်ကို အမှတ်ရပါ။**]

**(ဂ)သို့။** ။ဆရာ (ခ)ဖြင့် ဘိက္ခုဘာဝံ၌ ဒုတိယာဝိဘတ်သည် ကရိုဏ်းအနက်၌ ဖြစ်၏ဟုဖွင့်ပြတော်မူအပ်၏။ယင်းသို့ဆိုသော် အဋ္ဋီယအယူဉ် လက္ခဏာ အားလျော်စွာ တတိယာဝိဘတ်ဖြင့် ဟောအပ်သော ပါဠိရှိပါ၏လော၊ရှိကသင့်ရာ၏။မရှိကမသင့် ရာသည် မဟုတ်လော။**တစ်နည်း**-ဘိက္ခုဘာဝေနဖြင့် ဝက်တ္တကိုဖွင့်ခဲ့သည်။ ယင်းသို့ ဝက်တ္တဖွင့်ခြင်းကို အဘယ်ကိုထောက်၍ သိအပ်ပါသနည်း။အထောက်အ ထားမရှိက ဆရာ့စကား သင့်နိုင်မည်လော။ ဤသို့စောဒနာဖွယ်ရှိ၍(ဂ) ဝါကျမိန့်။ [ပန-သစ္စံ၊ မှန်၏။ဟု အနက်ပေးပါ]

**(င)သို့။** ။ဤသို့(က)ဖြင့် ဘိက္ခုဘာဝံ၌ ဒုတိယာဝိဘတ်သည် ကရိုဏ်းအနက်၌ သက်သည်ကို ဖွင့်ပြတော်မူပြီး၍၊ယခုအခါ၌ ယင်းဒုတိယာဝိဘတ်သည် ကရိုဏ်း အနက်၌သာ ဒုတိယာဝိဘတ်သည်မဟုတ်၊ကတ္တားအနက်၌လည်း ဒုတိယာဝိဘတ် သက်သည်ကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည် (င)ဝါကျမိန့်။ [ကတ္တု **အတ္ထေ ဝါ ဥပယောဂဝစနံ အဋ္ဌဗ္ဗန္တိ အာဟ 'တေန ဝါ ဘိက္ခုဘာဝေနာ' တိအာဒိ**] သာရတ္ထ၊ ၂။ ၆၅။

http://www.dhammadownload.com



နံပါတ် (၃)

(ခ)ယုတ္တိဒဋီ။(ဂ)ဉာပကာဒဋီ။တစ်နည်း-ဝါကျာရမ္ဘ။တစ်နည်း ဝိသေသ၊ ဏ္ဍမ ပန။အန္တကထယ် ပန။ အညတ္တ ပန။ ဋီကာယံ ပန။ဤသို့အာ ဓာရနောက်၌ရှိ ပနကို ဝိသေသဝါကျဟူ၍ ဆရာများ ယူဆတော်မူကြ သည်။ဤ၌လည်း 'အာဒိသု' ဟူသော အာဓာရနောက် 'ပန'ရောက်နေ သည်။](ဃ)ပက္ခန္တရ။(င) နယန္တရပက္ခန္တရ၊ (စ)ပက္ခန္တရ။ ကမ္မော-ကား ၌ဟူ၍ ပေးသောကြောင့်၊ အာသတ္တေန-၌ အာဓာရ+ အာဓေယ်စပ်။

နံပါတ် (၄)

**ဥပယောဂစနံ။** ။ **ဝုစ္စတိ ဧတေနာတိ ဝစနံ၊**

**နိဗ္ဗတ္တနိယာဒိကမ္မေန ဥပယုဇ္ဇတီတိ ဥပယောဂေါ။**

**ဥပယောဂဿ ဝစနံ ဥပယောဂစနံ။**

ဥပယောဂအရ ကမ္မ အနက်သည်မှုချ။ထို ၏ ဒုတိယာဝိဘတ်နှင့် ဝါစ္စ/ဝါစက အစပ်သမ္ဗန်သည် ဌာန။ဥပယောဂဝစန အရ ဂ၊အနက်ကို ဟောသော ဒုတိယာဝိဘတ် ရ၏။ [ယောဇနာ]

**ဥပယောဂေါ ဧဝ ဝစနံ ဥပယောဂဝစနံ-မဓိုးရိမ်။**

**အဇ္ဈော။** ။ **အဇ္ဈိယတေတိ အဇ္ဈော။**

အဇ္ဈဓာတ် အရ ကတ္တုဒ္ဓ-ညှင်းဆဲတတ်သော ပုဂ္ဂိုလ်၏သန္တာန် ဒေါသမူ စိတ္တုပ္ပါဒ်(ဝါ)အနဘိရတိသည်မှုချ။ကမ္မဒ္ဓ-ညှင်းဆဲခံရသူ၏ အာရမ္မဏပစ္စယ်သတ္တိ (ဝါ)ကာယိက,စေတသိကဒုက္ခ ဖလူ။အပစ္စည်းအရ ညှင်းဆဲခံရသူ ရ၏။

**အဇ္ဈိယမာနော။** ။ **အတ္တာနံ အဇ္ဈဝိယ အာစရတီတိ အဇ္ဈိယမာနော။**

အဇ္ဈဟူသောနာမဓာတ် အရ နှိပ်စက်ခံရသကဲ့သို့ဖြစ်သော ကိုယ်၏ဝါ- စတုရိယာပုထ်တို့၏ ဖောက်ပြန်ခြင်းဥပါဒ်သည် မှုချ။ဤ+ ယ-ပစ္စည်းအရကား ရူပသိဒ္ဓ မတ္တပဒသိလိဋ္ဌတာဘောဂဏ် ရ၏။မာန-ပစ္စည်းအရကား ဆင်းရဲစွာ ရဟန်းအဖြစ်သို့ရောက်နေသောပုဂ္ဂိုလ် ရ၏။

**မှတ်ချက်။** ။မဓိုးရိမ်၌ အဇ္ဈဓာတ်အရ ရဟန်း၏ အနဘိရတိ ပြဋ္ဌာန်းသော စိတ္တုပ္ပါဒ် မှုချ။အယောနိသော မနိသိကာရစသည် ဖလူ၊ နောက်နောက်၌ ဖြစ်သော ဒုဗ္ဗလျှ သိက္ခာပစ္စက္ခာန စသည်ကာရဏူ။ ကြွင်းတူ၏။

**ပိဠိယမာနော။** ။ **ပိဠိယတေတိ ပိဠိယမာနော။**

ပိဠ-ကတ္တုဒ္ဓ နှိပ်စက်အပ်သကဲ့သို့ဖြစ်သော ဘိက္ခုဘာဝသည်မှုချ။ကမ္မဒ္ဓ ရဟန်း၏ သာသနာတော်၌မမွေ့လျော်ခြင်း အနဘိရတိသည် ဖလူ။မာနပစ္စည်းအရ သာသနာတော်၌ မပျော်ပိုက်သော ရဟန်းရ၏။

**ယထာလက္ခဏံ။** ။ **လက္ခဏဿ အနုရူပံ ယထာလက္ခဏံ။**

http://www.dhammadownload.com



**ဒုက္ခိတော။** ။ ဒုက္ခံ သဉ္ဇာတံ ဧတဿာတိ ဒုက္ခိတော။

နံပါတ် (၅)

**အာသတ္တ။** ။ အာ+သန္ဇ+တ။

**ဝိဋ္ဌိတ။** ။ ဝိဋ္ဌ+တ။ ဝိဋ္ဌ-အဝဂါဟနေ။

နံပါတ် (၆)

(ဃ) **ဝိဋ္ဌိတံ-ဖြင့်** အင္ဂ-ဓာတ်သည် စုရာဒိဂိုဏ်းဖြစ်၍ဝိဋ္ဌတ္တနှ+ဝဓတ္တ ဟောသည်ကို လည်းကောင်း၊အင္ဂ-ဥဏာ(အ)ပစ္စည်း ကမ္မသာဓနဌ် ဖြစ်သည်ကို လည်းကောင်း၊ဒုက္ခိတံ-ဖြင့် ဝိဋ္ဌိတဟူသည် ဆင်းရဲခြင်းသို့ရောက်ခြင်းပင်တည်းဟု လည်းကောင်း၊ဝိယ-ဖြင့် အင္ဂကား ကမ္မုပမာနပုဒ်တည်းဟုအဌ္ဌ၏သဘောကိုသိစေ။

**အတ္တာနမာစရမာနော့ဖြင့်** အင္ဂဓာတ်၏ကံကို အတ္တာနံဟု ယဉ်အပ်သည်ကို လည်းကောင်း၊ဤယ-ပစ္စည်း အာစာရအနက်၌ဖြစ်သည်ကိုလည်းကောင်း၊မာန-ပစ္စည်း ကတ္တားအနက်၌ ဖြစ်သည်ကိုလည်းကောင်း၊အင္ဂဝိယ အတ္တာနံ အာစရတီတိ အဋ္ဋီယမာနောဟု သာမတ္ထိယအားဖြင့် ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်းသိစေ။

(င) **တေန ဘိက္ခုဘာဝေနဖြင့်** ဘိက္ခုဘာဝံ၌ ဒုတိယာဝိဘတ်သည် အ ဝုတ္တကတ္တား အနက်၌ ဖြစ်သည်ကိုသိစေ။**အဋ္ဋော ကရီယမာနော ဝိဋ္ဌိယမာနောဖြင့်** အင္ဂဓာတ်၏ ဝုဓတ္တ အတိက္ကမတ္တ ၂-မျိုးတွင် ဝဓတ္တ ဝိဋ္ဌနတ္တအနက်ဖြစ်သည်ကို လည်းကောင်း၊မာနပစ္စည်း ကမ္မသာဓနဌ် သက်သည်ကိုလည်းကောင်း၊အင္ဂ နာမဓာတ်နောင် ဤယ ပစ္စည်းဖြင့် အဋ္ဋီယရုပ်ပြီးနောက် မာနပစ္စည်းသက်၍ပြီးသည်ကို လည်းကောင်း၊အဋ္ဋီယတေတိ အဋ္ဋီယမာနော-ဟု ဝစနတ္ထပြုအပ်သည်ကို သိစေ။

(စ) **လဇ္ဇမာနော-ဖြင့်** ဟရာယမာနော၌ ဟရေ-ဓာတ်၏ လဇ္ဇနတ္တအနက် ၌ ဖြစ်သည်ကို သိစေ။

နံပါတ် (၇)

ဝိဋ္ဌိယမာနော/ ဝိဋ္ဌိယမာနော....

ဝိဋ္ဌဓာတ်၊ နှိပ်စက်ခြင်း အနက်ဟော၊ကံဟောယပစ္စည်း၊မာနပစ္စည်း၊ ဤ အင်္ဂါတို့ဖြင့် ပြီးသောကြောင့် ဝိဋ္ဌိယမာနောသင့်။

နံပါတ် (၈)

**ဘိက္ခုဘာဝံ။** ။ဘိက္ခုဘာဝံ ဟူသောနည်းသည် ဘိက္ခုဘာဝေန-ဟု တတိယာ ဝိဘတ်ကို ဒုတိယာဝိဘတ်အားဖြင့် ပြန်သောကြောင့် ဝိဘတ္တိ ဝိပလ္လာသနည်း ။ (ဝိဘျတ္တ သံဝဏ္ဏနာတို့၌ နည်းတူသိပါ)

**ကရဏတ္တေ။** ။ကြောင်းဖြစ်သော ကရိုဏ်းအနက်၏ ကရဏတ္တေဟူသော အမည်ကို အကျိုးဖြစ်သော ဘိက္ခုဘာဝသဒ္ဒါ၌ တင်စား၍ဆိုသောကြောင့် ကာရဏူ။

နံပါတ် (၁၀)

**လဇ္ဇမာနော။** ။ဒေါသပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်။

http://www.dhammadownload.com



(ဤ၌ ရှက်ခြင်းဟူသည် ဒုစ္စရိုက်တရားကို လွန်ကျူးရမှာ ရှက်ခြင်း ဟိရီမဟုတ်၊ မိမိရရှိထားသော ရဟန်းဘဝ၌ အလိုလိုသိမ်ငယ် ရှုံ့ရှာခြင်းမျိုးမျှသာ ဖြစ်သည် ထို့ကြောင့် ဤသို့ကောက်)

**တစ်နည်း။** ။အနဘိရတိပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ်။

***************

## ဝါကျစဉ် (၈၅)

(က) **ဥမ္မတ္တကောတိ** ယက္ခုမ္မတ္တကော ဝါ ပိတ္တုမ္မတ္တကော ဝါ ယောကောစိ ဝိပရီတသညော။

(ခ) သော သစေ ပစ္စက္ခာတိ၊ အပ္ပစ္စက္ခာတာ ဟောတိ သိက္ခာ။

(ဂ) **ဥမ္မတ္တကဿာတိ** တာဒိသဿေဝ ဥမ္မတ္တကဿ။

(ဃ) တာဒိသဿ ဟိ သန္တိကေ သစေ ပကတတ္တော သိက္ခံ ပစ္စက္ခာတိ၊ ဥမ္မတ္တကော ဇာနာတိ၊ အပ္ပစ္စက္ခာတာဝ ဟောတိ သိက္ခာ။

(င) **ခိတ္တစိတ္တောတိ** ယက္ခုမ္မတ္တကော ဝုစ္စတိ။

(စ) ပုရိမပဒေ ပန ဥမ္မတ္တကသာမညေန ဝုတ္တံ 'ယက္ခုမ္မတ္တကော ဝါ ပိတ္တုမ္မတ္တကော ဝါ' တိ။ [ဝိ၊ ဋ္ဌ၊ ၁။ ၂၂၀။]

**************

### နံပါတ် (၁)

(က) ယက္ခုမ္မတ္တကောဝါ-ဘီလူးဖမ်းစားခြင်းကြောင့် ရူးသူမှုလည်းဖြစ်သော။ပိတ္တုမ္မတ္တကောဝါ-သည်းခြေပျက်ခြင်းကြောင့် ရူးသူမှုလည်းဖြစ်သော။ဝိပရီတသညော-ဖောက်ပြန်သော သညာရှိသူတည်း။

(ခ)သော၊ထိုသူရူးသည်။အပစ္စက္ခာတာ၊မပယ်စွန့်အပ်သည်။ဝါ-ပယ်စွန့်ရာမရောက်သည်။

(ဂ) ဟိ-မှန်။တာဒိသဿ-ထိုကဲ့သို့ရှုအပ်သော သူရူး၏၊ပကတတ္တော-ပင်ကိုယ်သဘောရှိသော ရဟန်းသည်။

(စ)ပန-ဆက်။ ပုရိမပဒေ၊ရှေ့ဥမ္မတ္တကသာမညေန၊အရူးခြင်းတူသည်၏အဖြစ်ကြောင့်။ (မယာ) ဝုတ္တံ။

### နံပါတ် (၂)

**(ဃ)သို့။** ။ဆရာ(ဂ)ဖြင့် ဥမ္မတ္တကဿအရ ထို ယက္ခုမ္မတ္တက၊ ပိတ္တုမ္မတ္တက ကဲ့သို့ ရှုအပ်သော ဥမ္မတ္တကပင် ဖြစ်၏ဟုဖွင့်ပြတော်မူအပ်၏။ယင်းသို့ဆိုသော်-သိက္ခာပစ္စက္ခာတ ပုဂ္ဂိုလ်ထူးသည်၏ ဖြစ်သောကြောင့် ဥမ္မတ္တကချင်းလည်း ထူးသင့်သည်မဟုတ်ပါလော။ယင်းသို့ဖြစ်လျက် ဥမ္မတ္တကဿအရ ဥမ္မတ္တကော ဟူသော ပုဒ်၌ ဖွင့်ဆိုအပ်ပြီးသော သဘောရှိသော ဥမ္မတ္တကကိုသာ ယူအပ်၏ဟုဖွင့်ဆိုခြင်းသည် အသို့သင့်နိုင်ပါအံ့နည်း။စုဒ်ကြောင့် (ဃ)မိန့်။

http://www.dhammadownload.com



ရှင်းချက်။ ။(က) ပါဠိ ဥမ္မတ္တက သည်-သိက္ခာချမည့်ပုဂ္ဂိုလ်ဖြစ်ပြီး(ဂ)ပါဠိ ဥမ္မတ္တကသည် သိက္ခာချသည်ကို နားထောင်မည့်ပုဂ္ဂိုလ်ဖြစ်၏။ဤသို့သိက္ခာချသူ သိက္ခာချသည်ကို နားထောင်မည့်သူဟူ၍ အရထူးလျက်၊ဥမ္မတ္တကချင်း မထူးဟုဆိုသည်ကို မနှစ်သက်၍ (ဃ) ပါဠိသို့ တက်ရသည်။

(င)သို့။ ။ဆရာ(ဂ)ဖြင့် ဥမ္မတ္တကသာ အရ ယက္ခုမ္မတ္တက ပိတ္တုမ္မတ္တက ၂မျိုးတို့ကို ကောက်ယူအပ်၏ ဟုဖွင့်ပြတော်မူအပ်၏။အဘယ်သို့သော ပုဂ္ဂိုလ်ကို ခိတ္တစိတ္တဟူ၍ ဆိုအပ်ပါသနည်း၊ပိတ္တုမ္မတ္တက ကို ခိတ္တစိတ္တဟုဆိုအပ်ပါသလော၊ စုဒ်ကြောင့် (င)မိန့်။

(စ)သို့။ ။ဆရာ (က)ဖြင့် ဥမ္မတ္တကောတိ-စသည်ဖြင့် ဖွင့်ဆိုအပ်၏။ယင်းသို့ဆိုသော် ပါဠိသေသနည်း အားဖြင့် ပိတ္တုမ္မတ္တကကိုသာ ဥမ္မတ္တက အရယူသင့်သည် မဟုတ်ပါလော။ယင်းသို့ဖြစ်လျက် အဘယ်ကြောင့် ယက္ခုမ္မတ္တကောဝါ ပိတ္တုမ္မတ္တကောဝါ ဟုဖွင့်ဆိုအပ်ပါသနည်း။ အတိဗျာတ္တိဒေါ သင့်ရောက်ရာ၏။စုဒ်ကြောင့် (စ)မိန့်။ [တစ်နည်း- (င)ဖြင့် ခိတ္တစိတ္တအရ ယက္ခုမ္မတ္တကောကိုယူအပ်၏ ဟုဖွင့်ဆို၏။ယင်းသို့ဖြစ်လျက် ရှေး၌ ဥမ္မတ္တကောတိ ယက္ခုမ္မတ္တကော။ဝါ-စသည်ဖြင့် အဘယ်ကြောင့် ဆိုအပ်ပါသနည်း။အထပ်ထပ်မဖြစ်ရာပြီးလော။[ဂဏ္ဌိ] စုဒ်ကြောင့် (စ)မိန့်။

နံပါတ် (၃)

(ခ)ပါဠိကျာရမ္ဘ။(ဂ)ပက္ခန္တရ။(ဃ) ဒဠှီ။(င) ပက္ခန္တရ။(ခ)ပါဠိကျာရမ္ဘ။

နံပါတ် (၄)

ဥမ္မတ္တကော။ ။ဥဒ္ဓံ မတ္တတီတိ ဥမ္မတ္တော၊ ဥမ္မတ္တော ဧဝ ဥမ္မတ္တကော။
[တစ်နည်း-ဥဂ္ဂတေဟိ ဝါတာဒိဒေါသေဟိ မဒယတီတိ ဥမ္မဒေါ။ သော အဿ အတ္ထီတိ ဥမ္မတ္တော၊သောဧဝ ဥမ္မတ္တကော။မဒနံ မဒေါ]မဒနံ။

ဥ-အရ ဥဒ္ဓဘာဂဏ် မှချ၊[ဝါ-ဝေတွတ္တဝိသေသဘောဂဏ်]မဒ-စာတ် အရ-ရူးသွတ်သောပုဂ္ဂိုလ် အသိဉာဏ်ကင်း၍ အလွန်အားကြီးသော မောဟသည် မှချ။ရေးရေးသော စိတ္တုပ္ပါဒ်သည် ဖလူ။နောက်နောက်သော မပြုသင့် မပြောသင့်သည်ကို ပြုမူမိ ပြောမိခြင်းစသည် ကာရဏူ၊တ-ပစ္စည်းအရ ရူးသွပ်သော ပုဂ္ဂိုလ် ရ၏။[သွတ္တ ဆက်ကောက်ပါ]

ယက္ခုမ္မတ္တကော။ ။ ယက္ခေန ဂဟိတော ဥမ္မတ္တကော ယက္ခုမ္မတ္တကော။
ပိတ္တုမ္မတ္တကော။ ။ ပိတ္တဿ ကောပေါ ဥမ္မတ္တကော ပိတ္တုမ္မတ္တကော။
ဝိပရီတသညော။ ။ ဝိပရီတာ သညာ ယဿာတိ ဝိပရီတသညော။
ပကတတ္တော။ ။ ပကတိ အတ္တာ သဘာဝေါ ယဿာတိ ပကတတ္တော။
ခိတ္တစိတ္တော။ ။ ခိပိတာဗ္ဗန္တိ ခိတ္တံ။ ခိတ္တံ စိတ္တံ ဧတဿာတိ ခိတ္တစိတ္တော။

ခိတ္တစိတ္တ-အရ ပြန့်လွင့်သော စိတ်သည် မှချ။ထို၏ ပုဂ္ဂိုလ်နှင့် ဌာနီ/ဌာန

http://www.dhammadownload.com



စပ် သမ္ဗန် ဌာနူ၊တော အညပုဒ်အရ ထိုမုချ ပြန့်လွင့်သော စိတ်ရှိသော ပုဂ္ဂိုလ်ရ၏။ ထိုသို့ ရငြားသော်လည်း ဤ၌ အထင်ရှင်ဦးအားဖြင့် ဆိုရာဖြစ်သောကြောင့် ယက္ခုမ္မတ္တကရ၏။

**ဥမ္မတ္တကသာမည်။** ။သာမည် စ တံ **ဥမ္မတ္တကော စာတိ ဥမ္မတ္တကသာမည်။**

**ဥမ္မတ္တကေန သာမည် ဥမ္မတ္တကသာမည်။**

နံပါတ် (၅)

**ဝိက္ခိတ္တ**။ ။ အဝိ+ ခေ + တ။

**ယက္ခ**။ ။ ယက္ခ+ အ။

**ဝိပရီတ**။ ။ ဝိ+ပရိ+ဣ+တ။

**အပစ္စက္ခာတာ**။ ။န+ ပတိ+ခါ+တ။

နံပါတ် (၆)

(က) ယက္ခုမ္မတ္တကော ဝါ စသည်ဖြင့် ဥမ္မတ္တက အရ အမှတ်မထား တစ်ပါးပါးသော သညာကင်းသော ပုဂ္ဂိုလ်ကို ယူအပ်သည်ကို သိစေ။

(င) ယက္ခုမ္မတ္တကော ဝုစ္စတိဖြင့် ခိတ္တစိတ္တအရ ပျံ့လွင့်သော စိတ်ရှိသူမှန်သမျှကို မယူအပ်၊ ယက္ခုမ္မတ္တမ (ဘီလူးဖမ်းသဖြင့် ရူးနှမ်းသူ)ကို ယူအပ်သည်ကို သိစေ။

နံပါတ် (၇)

**ဒွယံ ဒွယ သမာပတ္တိ/ဒွယံ ဒွယံ သမာပတ္တိ/ဒယံ ဒယံ သမာပတ္တိ**..

ဒွိန္နံ သမူဟော ဒွယံ၊ နာဝိဘတ်သက်၊ ဒွယေန ဖြစ်ပြီးနောက် ဒွယေန ဒွယေန ဟု ဒွိ-ရုပ်ပြု ရှေ့ပုဒ်၏နောက်ချေ၊ဝါစာသိလို၍ နိဂ္ဂဟိတ်လာ။သမာပဇ္ဇိတဗ္ဗာတိ သမာပတ္တိ။ဒွယံ ဒွယေန သမာပတ္တိ ဒွယံ ဒွယသမာပတ္တိ-ပြီး၏။ ထို့ကြောင့် ဒွယံ ဒွယ သမာပတ္တိ ပါ၍သင့်။သမာသ်ပြီး နောက်ဒွယ၌ နိဂ္ဂဟိတ်လာ ပြီးနိုင်သော ကြောင့် ဒွယံဒွယံ သမာပတ္တိ ပါ၍လည်းသင့်။ဒွယံ ဒွယံ သမာပတ္တိန္တိပိ။ပါဌော။ [ဋီ၊ ၁။ ၁၈၆။ရှု]

နံပါတ် (၈)

**ခိတ္တစိတ္တ**။ ။ပေါင်းဖြစ်သော ယက္ခုမ္မတ္တက,ပိတ္တုမ္မတ္တက အမည်ကို အစိတ်ဖြစ်သော ယက္ခုမ္မတ္တက၌တင် ကေဒေသူ-သမုဒါယူ။ရှဦ

**တစ်နည်း**။ ။ဥမ္မတ္တကအရ ပိတ္တုမ္မတ္တကမှကြွင်းသော ယက္ခုမ္မတ္တကကို ယူ အပ်သောကြောင့် ပါရိသေသနည်း။[ဋီ။ ၂၃၄။ရှု]

**ပိတ္တုမ္မတ္တကော**။ ။အပေါင်း ဗဒ္ဓသည်းခြေပျက်သော ဥမ္မတ္တက,အဗဒ္ဓသည်းခြေ ပျက်သော ဥမ္မတ္တက၏အမည်ကို အစိတ်ဖြစ်သောဗဒ္ဓသည်းခြေပျက်သော ဥမ္မတ္တက၌တင်စား၍ ဆိုသောကြောင့် ကေဒေသူ။

**မှတ်ဖွယ်**။ ။ရူးသောရဟန်း သိက္ခာချရာ၌ မည်သူထံတွင်ချ, ချ သိက္ခာမကျ။

http://www.dhammadownload.com



ရှုးသောရဟန်းထံ ပကတတ်ရဟန်း သိက္ခာချရာတွင် အရှုးရဟန်းမသိက သိက္ခာမကျ၊အရှုးရဟန်းက သိက္ခာချမှန်း သိသော် သိက္ခာကျ၏။ဤသို့ဗျတိရေကဖြင့်အနွယကို သိနိုင်၍ အတ္တာပန္နည်း ရနိုင်သည်။

(က) **ဥမ္မတ္တက**။ ။မီး၊ရွှေ၊စန္ဒကူး၊ကျောက်ကြီး မသိအောင်ရှုးသူ အလွန်အကြူးရှုးသူ ဆေးကုသ၍ မရနိုင်သူကို ယူရသောကြောင့် အတိသယနည်း ကြံနိုင်သည်။

[ဠိ။ ၂၃၄။ ၅]

## နံပါတ် (၁၀)

**ဥမ္မတ္တက**။ ။ဟိရိဩတ္တပ္ပမရှိ, အသိကင်းသော အရှုးဟုခေါ်ဝေါ် အပ်သော ပုဂ္ဂိုလ်၏ ခန္ဓာပဉ္စကဒြဗ်။ **တစ်နည်း**-မောဟမှုဟခွေး၍ မောဟကို ဓာတ်အရ ကောက်။

***********

## ဝါကျစဉ် (၈၆)

(က) **ပဋိသေဝတိ နာမ်ာတိ** ဣဒံ ပဋိသေဝေယျာတိ တိဝတ္ထု ဝေယာကာရေန ပဋိသေဝေယျာတိ ဝုတ္တတိ၊တဿာကာရဿ ဒဿနတ္ထံ မာတိကာပဒံ။

(ခ) **ယော နိမိတ္တေန နိမိတ္တန္တိအာဒိသု** ယော ဘိက္ခု ဣတ္ထိယာ နိမိတ္တေန အတ္တနော နိမိတ္တံ ဣတ္ထိယာ အင်္ဂဇာတေန အတ္တနော အင်္ဂဇာတံ သဗ္ဗန္တိမေန ပမာဏေန ဧကတိလဗိဇမတ္တမ္ပိ ဝါတေန အသမ္ဖုဋ္ဌေ အလ္လောကာသေ ပဝေသေတိ၊သော ပဋိသေဝတိနာမ။

(ဂ) ဧတ္တကေန သီလဘေဒံ ပါပုဏာတိ၊ပါရာဇိကော ဟောတိ။

[ဝိ၊ ဋ္ဌ၊ ၁၊၂၂၂။]

************

## နံပါတ် (၁)

[**ယော နိမိတ္တေန နိမိတ္တံ အင်္ဂဇာတေန အင်္ဂဇာတံ အန္တမသော တိလဖလမတ္တမ္ပိ ပဝေသေတိ၊သော ပဋိသေဝတိ နာမ**]ပါဠိတော်။ နိမိတ္တေန-ဣတ္ထိနိမိတ်ဖြင့်။ဝါ-၌။ဝါ-သို့။သဗ္ဗန္တိမေန၊ အလုံးစုံသော ပမာဏတို့၏ အဆုံး၌ဖြစ်သော။ဧကတိလဗိဇမတ္တမ္ပိ၊နှမ်းတစ်စေ့မျှလောက်ကိုလည်း။ဝါတေန၊ပကတိလေသည်။ အသမ္ဖုဋ္ဌေ၊ ကောင်းစွာမတွေ့ထိအပ်သော။အလ္လောကာသေ၊ စိုစိုဖတ်ဖတ် အရပ်၌။ ဧတ္တကေန၊ ဤမျှလောက် မှီဝဲခြင်းဖြင့်။

## နံပါတ် (၂)

(က)သို့။ ။ဆရာ၊ မြတ်စွာဘုရားသည်၊ပဒဘာဇနီ ပါဠိတော်၌ ပဋိသေဝတိနာမ စသည်ဖြင့် ဖွင့်ဆိုတော်မူအပ်၏။ယင်းပဋိသေဝတိနာမပုဒ်သည် မာတိကာ၌ မရှိသည်မဟုတ်လော၊မရှိပါဘဲလျက် အဘယ်ကြောင့်၊ဝါ-အဘယ်ကိုပြခြင်းအကျိုးငှာ ပဋိသေဝတိနာမပုဒ်ကို ထုတ်ဆိုအပ်ပါသနည်း။မာတိကာနှင့် ပဒဘာဇနီ ဆန့်ကျင်

http://www.dhammadownload.com



သော ဝိရောဓိဒေါသ သင့်ရောက်ရာ၏။စုဒ်ကြောင့် (က)မိန့်။
**[ယသ္မာ 'ပဋိသေဝတိနာမာ'တိ ပဒံ မာတိကာယ နတ္ထိ၊ တသ္မာ 'ပဋိသေဝတိ နာမာတိ ကသ္မာ ဥဒ္ဒဋ္ဌ'န္တိ ယော မညတိ၊ တဿ ကာရဏံ ဒဿေန္တော' ပဋိ သေဝေယျာတိ ဧတ္ထ။ပ။မာတိကာပဒ'န္တိအာဟ။ ] သာရတ္ထ။**
**အဓိပ္ပါယ်ကား။** ။သိက္ခာပုဒ်၌ပါသော ပဋိသေဝေယျ၏ ပဋိသေဝနာကာရ ပြလို သောကြောင့် သာမညဖြစ်သော ဝတ္တမာန်ဝိဘတ်ဖြင့် 'ပဋိသေဝတိနာမ'ဟုထုတ်ပြ ရသည်ဟူလို။

နံပါတ် (၃)

(က) ပက္ခန္တရ။ (ခ) ပက္ခန္တရ။ (ဂ) ဝါကျာရမ္ဘ။ မှိဝဲသည်မှတစ်ပါး သီလပျက်ပုံ ပါရာဇိကကျပုံကို ဆက်လက်ပြ။**တစ်နည်း**- ပက္ခန္တရ။

နံပါတ် (၄)

**နိမိတ္တ။** ။ **နိမိဟာတိ ဓောနာတိ နိမိတ္တံ။** နိ+ မိဟ+တ။ (သွန်းလောင်းခြင်းအနက်) (ဖုတေန၊ဤအင်္ဂါဇာတ်ဖြင့်။ရေတောမုတ္တာဒိ၊ သုတ်, ကျင်ငယ်တို့ကို။ နိမိဟတိ၊ သွန်းလောင်းတတ်၏။ဣတိ နိမိတ္တံ]

နိ+မိဟ ဓာတ် ကတ္တုသ္မ-အာပေါဓာတ် လွှမ်းကဲသော အဋ္ဌကလာပ်ရုပ်တို့ ၏ ဥပါဒ်သည် မုချ။ ကရဏတ္တ သမုဋ္ဌာပကဓောစိတ်၏ သဟဇာတာဒိပစ္စယ သတ္တိသည် ကာရဏ။အင်္ဂါဇာတ်၏ ပကတူပနိဿယသတ္တိသည် ဖလူ။တပစ္စည်းအရ အင်္ဂါဇာတ်ရ၏။

**အင်္ဂဇာတ။** ။ **အင်္ဂေ ဇာတံ အင်္ဂဇာတံ**။အင်္ဂေ-ကိုယ်၌၊ ဇာတံ-ဖြစ်သောနိမိတ် တည်း။

**သဗ္ဗန္တိမံ။** ။ **အန္တေ ဇာတံ အန္တိမံ။ သဗ္ဗေသံ အန္တိမံ သဗ္ဗန္တိမံ။**

သဗ္ဗ-အရ အလုံးစုံသော အတိုင်းအရှည် မုချ။ထို၏ အဆုံးစွန်သော ပ မာဏနှင့် ပမာဏ+ပမာဏဝန္တ အစပ်သမ္ဗန်သည် ဌာန။ပုဒ်လုံး အရ အလုံးစုံကုန် သော အတိုင်းအရှည်တို့၏ အဆုံး၌ဖြစ်သော ပမာဏရ၏။

**ကောတိလဗီဇံ။** ။ **တိလဿ ဗီဇံ တိလဗီဇံ။ ကောဋ္ဌ တံ တိလဗီဇဥ္စာတိ ကောတိလဗီဇံ။**

**အလ္လောကာသော။** ။**အလ္လဥ္စ တံ ဩကာသော စာတိ အလ္လောကာသော။**

နံပါတ် (၅)

**တိလ။** ။ တိလ+အ။
**ပမာဏ။** ။ ပပုဗ္ဗ+မာ+ယု။
**ဗီဇ။** ။ ဝိ+ဇနေ+ကွိ။ **(ဝိသေသေန ဇာယတေတိ ဗီဇံ)**
**ဝါတ။** ။ ဝါ+တ။ **(ဝါယတိ ဂစ္ဆတီတိဝါတော)**
**အလ္လ။** ။ အလ+လ [ စိုစွတ်ခြင်း အနက်ဟော]

http://www.dhammadownload.com



နံပါတ် (၆)

(ခ) **ဘိက္ခုဖြင့်** ယောဒ္ဓ ယ-သဗ္ဗနာမ်ဖြင့် ရဟန်းကို စွဲယူသုံးသပ်အပ်သည်ကိုသိစေ။**ဣတ္ထိယာ အင်္ဂဇာတေနဖြင့်** နိမိတ္တေနအရ ဣတ္ထိနိမိတ်ဣတ္ထိအင်္ဂါဇာတ်ကို ယူအပ်သည်ကိုသိစေ။**တစ်နည်း** အင်္ဂဇာတအနက်၌ ဖြစ်သည်ကိုသိစေ။ **အတ္တနောအင်္ဂဇာတံဖြင့်** နိမိတ္တံအရ မိမိ၏(ရဟန်း)၏ နိမိတ်အင်္ဂါဇာတ်ကိုယူအပ်သည်ကိုသိစေ။**သဗ္ဗန္တိမေန ဖြင့်** အန္တမသော၌ အန္တပုဒ်+ဣမပစ္စည်း၊နာဝိဘတ်၊သောဘည် နာဝိဘတ်၏ ကာရိယဲဖြစ်သည်ကိုလည်းကောင်း၊ဣမပစ္စည်းသည် ဇာတအနက်၌ သက်သည်ကိုလည်းကောင်း၊ဣကို အ-ပြု၍ပြီးသည်ကိုလည်းကောင်း၊အဆုံး၌ဖြစ်သည်ဟူသည် အလုံးစုံတို့၏ အဆုံး၌ဖြစ်သည် ဟူသောအဓိပ္ပါယ်ကိုလည်းကောင်း၊ သိစေ။

**ပမာဏေန** ဖြင့် အန္တမသော အရ ပမာဏကို အရကောက်ယူအပ်သည်ကို သိစေ။**ကေတိလဗီဇမတ္တမ္ပိ-ဖြင့်** တိလဖလအရ အအိမ်နှင့်တကွဖြစ်သောနှမ်းသီးတစ်လုံးလုံးကို မယူအပ်၊နှမ်းစေ့တစ်စေ့မျှကိုသာ ယူအပ်သည်ကိုသိစေ။

**ဝါတေနအသမ္ဖုဋ္ဌေ အလ္လောကာသေ** ဖြင့် သွင်းရာဝင်ရာ အရပ်ကိုသိစေ။

နံပါတ် (၇)

**ကေတိလဖလမတ္တမ္ပိ/ ကေတိလဗီဇမတ္တမ္ပိ...**

**တိလဖလန္တိ သာသပမတ္တံ တိလဗီဇံ အဓိပ္ပေတံ၊ န ကောသသဟိတံ ဖလန္တိ အာဟ 'တိလဗီဇမတ္တမ္ပိ'**တိ။ ဝိမတိ ထောက်၍ ပါဠိ၌တိလဖလရှိသော်လည်း သံဝဏ္ဏနာ၌ ကေတိလဗီဇမတ္တမ္ပိ ပါ၌သာသင့် ။(၆)နံပါတ်အာဘော်လည်းရှု

နံပါတ် (၈)

**ယော နိမိတ္တေန နိမိတ္တံ**။ပ။**ပဝေသေတိ**။

ပဝေသေန အမှုတည်းဟူသော ဌာနီဖြင့် ယောကျ်ားတည်းဟူသော ဌာနကို မှတ်၍ ယောကျ်ား၏ ပယောဂတည်းဟူသော အများကိုဆိုသဖြင့် မိန်းမ၏ ပယောဂတည်းဟူသော အနည်းကိုလည်းရသောကြောင့် ယေဘုယျနည်း။ကေဒေသူ။

**[ဣဒဉ္စ ယေဘုယျေန ပုရိသပယောဂဒဿနတ္ထံ ဝုတ္တံ]**သာရတ္ထ၊၂။၈၂။

**နိမိတ္တေန**- ဝိဘတ္တိဝိပလ္လာသနည်း။ နိသျှရှု။

**အလ္လောကာသ**။ ။အစိတ်ဖြစ်သော စိုစွတ်သော အရပ်၏ အလ္လောကာသ အမည်ကို အပေါင်းဖြစ်သော စိုစွတ်ရာအရပ်, ခြောက်သွေ့ရာ အရပ်တို့၌လည်း တင်စား၍ ဆိုသောကြောင့် ကေဒေသူပစာ။ (ဝိမတိ)ရှု။

နံပါတ် (၁၀)

**ပဝေသေတိ**။ ။ကာယဝိညတ်ကို ဖြစ်စေတတ်သော လောဘမူစိတ္တုပ္ပါဒ်ကောက်။

***********

http://www.dhammadownload.com



## နံပါတ်စဉ် (၈၇)

(က) **အန္တမသောတိ** သဗ္ဗန္တိမေန ပရိစ္ဆေဒေန။

(ခ) **တိရစ္ဆာနဂတာယပိတိ** ပဋိသန္ဓိဝသေန တိရစ္ဆာနေသု ဂတာယပိ။

(ဂ) **ပဂေဝ မနုဿိတ္ထိယာတိ** ပဌမတရံ မနုဿဇာတိကာယ ဣတ္ထိယာ။

(ဃ) ပါရာဇိကဝတ္ထုဘူတာ စေဝ ဒေစတ္တ တိရစ္ဆာနဂတိတ္ထီ တိရစ္ဆာနဂတာတိ ဂဟေတဗ္ဗာ၊ န သဗ္ဗာ။

(င) တတြာယံ ပရိစ္ဆေဒေါ။
အပဒါနံ အဟိမစ္ဆာ၊ ဒွိပဒါနဉ္စ ကုက္ကုဋီ။
စတုပ္ပဒါနံ မဇ္ဇာရီ၊ ဝတ္ထု ပါရာဇိကဿိမာတိ။ [ဝိ၊ဋ္ဌ၊ ၁။၂၂၄။]

**************

## နံပါတ် (၁)

(ခ)ပဋိသန္ဓိဝသေန၊ပဋိသန္ဓေ၏အစွမ်းဖြင့်။တိရစ္ဆာနေသု၊တိရစ္ဆာန်တို့၌။ ဂတာယ၊ဖြစ်သော အမဋ္ဌသော်လည်း။

(ဂ)မနုဿဇာတိကာယ၊လူဇာတ်ရှိသော။ဣတ္ထိယာ၊၌။(မေထုနံ ဓမ္မံ ပဋိသေဝိတွာ)ပဌမတရံ၊ ရှေးဦးမဆွ အစကပင်။(အဿမဏော အသကျပုတ္တိယော ဟောတိ)

(ဃ)စ-ဆက်။ဧတ္တ-ဤ အန္တသော တိရစ္ဆာနဂတာယပိ ဟူသော ပါဌ်၌။ ပါရာဇိကဝတ္ထုဘူတာဝေ၊ ပါရာဇိကဝတ္ထု ဖြစ်၍သာလျှင် ဖြစ်သော။ တိရစ္ဆာနဂတိတ္ထီ-တိရစ္ဆာန်မကို။ တိရစ္ဆာနဂတာတိ၊တိရစ္ဆာနဂတာဟူ၍။ဂဟေတဗ္ဗာ၊ယူက်၏။ သဗ္ဗာ-သော။တိရစ္ဆာနဂတိတ္ထီ-ကို။တိရစ္ဆာနဂတာတိ န ဂဟေတဗ္ဗာ။

(င)တတြ၊ထိုပါရာဇိကဝတ္ထုဘူတာဝေ အစရှိသော စကားရပ်၌။ အယံ၊ ဤသို့ဆိုအပ်လတ္တံ့ကား၊ပရိစ္ဆေဒေါ-အောက်ဆုံး အပိုင်းအခြားတည်း။ အပဒါနံ၊ ခြေမရှိသော သတ္တဝါတို့တွင်။အဟိ၊မြွေမသည်လည်းကောင်း။မစ္ဆာ၊ငါးမသည် လည်းကောင်း။ဒွိပဒါနံ၊ ခြေနှစ်ချောင်းရှိသူတို့တွင်။ကုက္ကုဋီစ၊ ကြက်မသည်လည်း ကောင်း။စတုပ္ပဒါနံ၊ခြေလေးချောင်းရှိသူတို့တွင်။မဇ္ဇာရီ၊ကြောင်မသည်လည်းကောင်း။ ဣမာ၊ ဤတိရစ္ဆာန်မသည်။ပါရာဇိကဿ၊၏။ဝတ္ထု၊တည်း။ဣတိအယံပရိစ္ဆေဒေါ။

## နံပါတ် (၂)

**(ဃ)သို့**။။ဆရာ(ခ)ဖြင့် တိရစ္ဆာနဂတာယပိ၌ တိရစ္ဆာန အရ ပဋိသန္ဓေ၏အစွမ်းဖြင့် တိရစ္ဆာန် အမျိုးဇာတ်၌ ဖြစ်သော တိရစ္ဆာန်မကို အရကောက်အပ်၏ဟုဖွင့်ပြအပ်၏။ တိရစ္ဆာန်ဇာတ်အားဖြင့် တူသည်၏ အဖြစ်ကြောင့် အလွန်ငယ် အလွန်ကြီးအားဖြင့် အလုံးစုံလည်းဖြစ်သော တိရစ္ဆာန်မတို့ကိုယူအပ်ပါသလော၊ အဘယ်သို့သဘောရှိ သော တိရစ္ဆာန်မကို အလိုရှိအပ်ပါသနည်း။စုဒ်ကြောင့် (ဃ)မိန့်။[သာရတ္ထရှု]
**မှတ်ချက်**။။စ ဧတ္ထ ပါသောဝါကျ၌ ဧတ္ထအစွဲကိုလည်း ထပနာထားနိုင်သည်။

http://www.dhammadownload.com



(င)သို့။ ။ဆရာ(ဃ)ဖြင့် အလုံးစုံသော တိရစ္ဆာန်မတို့ကို မယူအပ်၊ပါရာဇိက၏ အကြောင်းဖြစ်၍ဖြစ်သော တိရစ္ဆာန်မတို့ကိုယူအပ်၏ဟု ဖွင့်ပြတော်မူအပ်၏။ပါရာဇိက ဝတ္ထုဖြစ်သော တိရစ္ဆာန်မ၏ အပိုင်းအခြားကို အဘယ်သို့ သိပါအပ်သနည်း။ ပါရာဇိကဝတ္ထုတို့၏ အောက်ထစ်ဆုံး အပိုင်းအခြားကို မပြဆိုပြီလော။ဤသို့မေး ဖွယ်ရှိ၍ (င) ဝါကျမိန့်။

နံပါတ် (၃)

(ခ) ပက္ခန္တရ။(ဂ) ပက္ခန္တရ။(ဃ) ဝါကျာရမ္ဘ။(င) ဝါကျာရမ္ဘ။

အပဒါနံ-တို့တွင်၊ပေးသောကြောင့်၊အဟိမစ္ဆာ-၌ နိဒ္ဒါရဏသမုဒါယ+ နိဒ္ဒါရဏီယ စပ်။

နံပါတ် (၄)

**တိရစ္ဆာနာ။** ။**တိရော အဉ္စန္တိ ဂစ္ဆန္တီတိ တိရစ္ဆာနာ။**(တိရောအဉ္စနာဟု ဆိုလိုလျှက် သြကိုအာ၊ဥကိုစ၊ဧကိုဆပြု၍ တိရစ္ဆာနာ ပြီးသည်။)

**တစ်နည်း။** ။**တိရိယံ အဉ္စယတီတိ တိရစ္ဆာနော။သောယေဝ တိရစ္ဆာနဂတံ၊** (အဉ္စကိုစ္ဆ။တိရိယကို တိပြု။ ဏာန်+ဋ္ဌိ။)

တိရောအရ-တိရဘာဝဂုဏ်ရ၏။အဉ္စဓာတ်အရ ဝိညတ္တိသမုဋ္ဌာပကဇော စိတ္တုပ္ပါဒ်သည် မုချ။ထိုထို ဌာနဒေသတို့၏ အာရမ္မဏ ပစ္စယသတ္တိသည် ဖလူ။ ယု-ပစ္စည်းအရ တိရစ္ဆာန် အမရ၏။

**မနုဿဇာတိ။** ။**မနုဿာနံ ဇာတိ မနုဿဇာတိ။**

**မနုဿဇာတိကာ။** ။**မနုဿဇာတိသု ဇာတာ မနုဿဇာတိကာ။**

**ပါရာဇိကဝတ္ထူ။** ။**ပါရာဇိကဿ ဝတ္ထု ပါရာဇိကဝတ္ထူ။တံ ဟုတွာ ဘူတာ။**

**တိရစ္ဆာနဂတိတ္ထီ။** ။**တိရစ္ဆာနဂတာ စ သာ ဣတ္ထီစာတိ တိရစ္ဆာနဂတိတ္ထီ။**

**အပဒါ။** ။**နတ္ထိ ပဒါ ဧတာသန္တိ အပဒါ။**

**အဟိမစ္ဆာ။** ။**အဟိ စ မစ္ဆာ စ အဟိမစ္ဆာ။**

အဟိအရ -မြွေမသည် မုချ။ထို၏ ငါးမနှင့် အခြေမရှိခြင်း ဂုဏ်ကို အ ကြောင်း ပြု၍ အချင်းချင်း ငဲ့သကဲ့သို့ ဖြစ်သော အညမညပေက္ခသမ္ဗန်သည်ဌာန။ သမာသ်ပုဒ်လုံး မြွေမ ငါးမတို့ရ၏။

**ပဌမတရံ။** ။ **ပဌမ မေဝ ပဌမတရံ။**

သုတ္တတဒ္ဓိတ်တို့သဘောသည် ပုဒ်အရ ပစ္စည်းအရ မထူးသောကြောင့် ရှေးဦးစွာဟူသော ပဌမဘောဂုဏ် ရ၏။

နံပါတ် (၅)

**အဟိ။** ။ အံဟ+ဣ။ **အံဟတိ ဂစ္ဆတီတိ အဟိ။**

**မစ္ဆာ။** ။ မသ+ဆ။တစ်နည်း မရ+ဆ။ **မသတိ ဇလန္တိ မစ္ဆော။**

**ကတ္တုဋ္ဌိ။** ။ ကုက+အဋ္ဌ။ **ကုကဋ္ဌတီတိ ကုက္ကုဋ္ဌော(ဋ္ဌိ)**

http://www.dhammadownload.com



**ကုက,=အာဒါနေ ဝါ။ ကုကတိ ဂေါစရံ အာဒဒါတိ ကုက္ကုရွော။**
ကုက,ဝက+ကုဋက်။ မောဂ်။ ၇။ ၅၄။

**ပဂေဝမှတ်ဖွယ်...**

ပါ+ဝေ။ **တစ်နည်း** ပဂေ+ဓဝ။ပဂေသည် နံနက်စောစော အနက်ဟော နိပါတ်၊ ဓဝနှင့် ပေါင်း၍ နိပါတသမုဒါယ ပုဒ်ဟု ပင်မှတ်။

ပါသ္မ စန္တော ရသော သုတ်အလို-ပါ+ဓဝ ဟု ပဒစ္ဆေဒ ပြု၍ပြီး။ပထမာအနက်ဟော နိပါတ်ပုဒ်နှင့် ဓဝနိပါတ် ပေါင်း၍ နိပါတသမုဒါယပုဒ်ဟု ပင်မှတ်ပါ။

နံပါတ် (၆)

(က) **သမ္ဗန္ဓိမေန** ဖြင့် အန္တမသောဠ် အန္တ အရ အဆုံးဟူသည့် ဥပါဒါ ပညတ်ဖြစ်၍ အဝယဝန္တကို မယူအပ်၊ သမ္ဗန္ဓကို ယူအပ်သည်ကို လည်းကောင်း၊ သောသည် နာဝိတတ်၏ ကာရိယဖြစ်၍ အန္တိမသောဟု ဆိုလိုလျက် တေသုဝုဒ္ဓိ သုတ်ကြီးဖြင့် ဣကို အ ပြု၍ပြီးသည်ကိုလည်းကောင်း သိစေ-[ဘာသာဋီကာ၌ အန္တေ နိယုတ္တော အန္တိမော ဟုဆို] **ပရိစ္ဆေဒေန** ဖြင့် အန္တေ ဘဝေါ အန္တိမောဟု ဝစနတ္ထပြု၍ ပရိစ္ဆေဒကို ယူအပ်သည်ကိုသိစေ။

(ခ) **တိရစ္ဆာနေသု ဂတာယပိဖြင့်** တိရစ္ဆာနဂတာ ကို တိရစ္ဆာနေသု ဂတာ တိရစ္ဆာနဂတာ-ဟု သတ္တမီတပ္ပုရိသ်သမာသ်ကို သိစေ။**ပဋိသန္ဓိဝသေနဖြင့်** သဏ္ဍာန်တူသည်၏အစွမ်းဖြင့် တိရစ္ဆာနဂတာဟုမယူအပ်၊ပဋိသန္ဓေ၏အစွမ်းဖြင့် ဖြစ်သော တိရစ္ဆာန်မကိုယူအပ်သည်ကို သိစေ။

(ဂ) **ပဌမတာရံဖြင့်** ပဂေဝ နိပါတ်သည် ရှေးဦးစွာဟူသော အနက်ကို ဟောသည်ကို သိစေ။**မနုဿဇာတိကာယ ဣတ္ထိယာဖြင့်** မနုဿတ္ထိ၌ မနုဿပုဒ် ဣတ္ထိပုဒ် မနုဿာ စသော ဣတ္ထိဇာတိ မနုဿိတ္ထီဟု ကမ္မဓာရည်းသမာသ်ဝစနတ္ထပြု၍ မနုဿတ္ထိအရ လူဇာတ်ရှိသော မိန်းမကို ယူအပ်သည်ကို သိစေ။

(မစိုးရိမ်၌ မနုဿဇာတိ ဓဝ ဣတ္ထီ မနုဿိတ္ထီဟု ကမ္မဓာရည်းသမာသ် ဝစနတ္ထကို သိစေ)။

**တိရစ္ဆာန်နဂတာယပိ၌**။ ပိ-သဒ္ဒါ။ ဂရဟာဇောတက။

မေထုန်မှီဝဲကောင်းသော ပရနိမ္မိတဝသဝတ္တီနတ်မ,နိမ္မာနရတိနတ်မ စသဖြင့် အဆင့်ဆင့် အောက်သို့ ရေတွက်လာလျှင် တိရစ္ဆာန်မသည် အောက်တန်းအကျဆုံးတည်း၊ ထိုတိရစ္ဆာန်မ၌ မှီဝဲသော်မှ ပါရာဇိကကျသေး၏။ (ဂရဟာ)

အထက်တန်းကျသော လူမစသည်၌ မှီဝဲရာဝယ် ဆိုဘွယ်မရှိ ဟု သမ္ဘာဝနာကို ဆည်းသည်။ (ဘာ+ဋီ)

နံပါတ်(၇)

**မဇ္ဈာရီ/မဉ္ဇာရီ...**

မဇ သုဒ္ဓိယံ၊ အာရော၊ နိဂ္ဂဟီတာဂမော။ ဓာန်၊ ဋီ။ ၆၁၅။ ဂါထာကို

http://www.dhammadownload.com



ဖွင့်ထောက်၍၊မဇ ဓာတ်၊အာရပစ္စည်း။နိဂ္ဂဟိတ်လာ၊ ဥ ပြု။ကတ္တိဒေါတက ဤ ပစ္စည်းသက် မဥ္စာရီပါဠိသင့်။ (ဓာန်၊ ဋီ ရှုသည်)

မဇ္ဇဓာတ်၊ အာရပစ္စည်း၊ ကတ္တိဒေါတက ဤပစ္စည်းတို့ဖြင့် ပြီးသောကြောင့် မဇ္ဇာရီ ပါဠိသင့်။ (လီဟာနေန အတ္တနော သရီရံ မဇ္ဇတိ နိမ္မလတ္တံ ကရောတီတိ မဇ္ဇာရော= မိဠာရော။ မောဂ်၊၇။၁၆၄။သုတ်ထောက်။

**အပဒိမဥ္ဇာ/ အပဒိမဥ္ဇာ။**

ဘာဋီဒွိ ဝါကျကြံ၍ အပဒိ ဟု မဥ္ဇာနှင့်ခွဲ၍ ဒီဃဖြင့် အနက် ယောဇနာ၏။ မအူနိသျှဒွိ ဒွန်သမာသ်ကြံ၍ သမာသ်လယ်ရဿဖြင့် 'အပဒိမဥ္ဇာ'ဟုမဥ္ဇာနှင့်တွဲ၍ အနက်ယောဇနာသည်။အဆိုနှစ်မျိုးတို့တွင် ဤဂါထာသည် ပထျာဝတ္တဂါထာ ဖြစ်၍ ယ ဂိုဏ်း ရနိုင်သော 'အပဒိမဥ္ဇာ' ဟု ဘာဋီကြံသောပါဌ်သည် သင့်ဖွယ်ရှိ၏။

**အန္တမသော/အန္တိမသော**…(၆)နံပါတ်ရှု

နံပါတ် (၈)

**တိရစ္ဆာနဂတာယ။** ။ အပေါင်းဖြစ်သော တိရစ္ဆာန်မ အားလုံးကို မယူမူ၍ အစိတ် ဖြစ်သော ပါရာဇိကဝတ္ထုလောက်သော တိရစ္ဆာန်မကိုသာယူအပ်သောကြောင့်ဧက ဒေသူပစာ။

**မနုဿိတ္ထိ။** ။အစိတ်ဖြစ်ဖြစ်သော လူဇာတ်ရှိသော မိန်းမ၏အမည်ကို အပေါင်း ဖြစ်သော လူမ၊လူယောင်ဆောင်ထားသော နဂါးမ နတ်မတို့၌လည်းတင် ဧကဒေသူ။

**တစ်နည်း။** ။ဌာန လူဒြပ်၏ အမည်ကို ဌာနီ လူဇာတ်၌ တင်စား၍ ဆိုသော ကြောင့် ဌာနူပစာ။နာနန္တရိကနည်း။

**အပဒါနံ အပဒိမဥ္ဇာ။** ။ အစိတ်ဖြစ်သော မြွေမ, ငါးမတို့ကို မှတ်၍ဆိုသဖြင့် အပေါင်းဖြစ်သော ကျောရှည်မျိုး၊ လိပ်, ဖား စသော ရေသတ္တဝါ တို့ကို ယူအပ် သောကြောင့် ဧကဒေသူ။ ဥပလက္ခဏာ။

ကုက္ကုဋီ - ဖြင့် ကျီး, ခို စသော ငှက်အပေါင်းယူ။

မဇ္ဇာရီ - ဖြင့် သစ်တက်ခွေး၊ မြွေပါ၊ ဖွတ် စသော အပေါင်းယူ ဧကဒေသူ၊ ဥပလက္ခဏာ တင်ပါ။

နံပါတ် (၁၀)

အဟိ၊ အာသိဝိသ၊ ဘုဇင်္ဂ၊ ဘုဇဂ၊ ဘုဇင်္ဂမ၊ သရီသပ၊ ဖဏီ၊ သပ္ပ၊ အလဂဒ္ဒ၊ ဘောဂီ၊ ပန္နဂ၊ ဒွိဇိဝှ၊ ဥရဂ၊

ကုက္ကုဋ၊ တမ္ဗစူဠ။

မစ္ဆ၊ မီန၊ ဇလစရ၊ ပုထုလောမ၊ အမ္ဗုဇ၊ ဈသ၊

မဥ္ဇာရ(မဇ္ဇာရ) မိဠာရ၊ ဗဗ္ဗု၊ ဤသို့ ဝေဝစနာဟာရကို မှတ်သားထားရန်။

*************

http://www.dhammadownload.com



## ဝါကျစဉ် (၈၈)

(က) ပါရာဇိကောတိ ပရာဇိတော။

(ခ) ပရာဇယံ အာပန္နော။

(ဂ) အယမ္ပိ ပါရာဇိကသဒ္ဒေါ သိက္ခာပဒါပတ္တိပုဂ္ဂလေသု ဝတ္တတိ။

(ဃ) တတ္ထ သိက္ခာပဒံ ယော တံ အတိက္ကမတိ၊ တံ ပရာဇေတိ၊တသ္မာ ပါရာဇိကန္တိ ဝုစ္စတိ။

(င) အာပတ္တိ ပန ယော နံ အဇ္ဈာပဇ္ဇတိ၊ တံ ပရာဇေတိ၊တသ္မာ ပါရာဇိကန္တိ ဝုစ္စတိ။

(စ) ပုဂ္ဂလော ယသ္မာ ပရာဇိတော ပရာဇယမာပန္နော၊ တသ္မာ ပါရာဇိကောတိ ဝုစ္စတိ။ (ဝိ၊ ဋ္ဌ၊ ၁။၂၂၄။)

**************

### နံပါတ် (၁)

(က)ပါရာဇိတော-ဆုံးရှုံးစေအပ်သည်။

(ဂ)ဟိ-ချဲ့။အယံ ပါရာဇိကသဒ္ဒေါ။ ဤပါရာဇိက သဒ္ဒါသည်။

(ဃ)တတ္ထ-ထိုသိက္ခာပုဒ်, အာပတ်, ပုဂ္ဂိုလ်တို့တွင်။သိက္ခာပဒံ၊ ကို။ ယော၊အကြင်ရဟန်းသည်။တံ၊ထိုသိက္ခာပုဒ်ကို။အတိက္ကမတိ၊လွန်ကျူး၏။တံ၊ ထို လွန်ကျူးသောရဟန်းကို။ပရာဇေတိ၊ ဆုံးရှုံးစေတတ်၏။

(င)ပန-ဆက်။အာပတ္တိ၊အာပတ်ကို။နံ၊ထိုအာပတ်သို့။အဇ္ဈာပဇ္ဇတိ၊ လွမ်းမိုး၍ ရောက်တတ်၏။ တံ၊ ရဟန်းကို။

(စ) ပုဂ္ဂလော၊ ကို။ယသ္မာ၊ကြောင့်။ ပါရာဇိတော၊ ရှုံးစေအပ်ပြီ။

### နံပါတ် (၂)

(ခ)သို့။ ။ဆရာ(က)ဖြင့် ပါရာဇိကောကို ပါရာဇိတောဟု ဖွင့်ပြတော်မူအပ်၏။ ပါရာဇိတ အရ ရှုံးခြင်းကြီးယာကို အလိုရှိ၍ ပရာဇိတောဟု ဖွင့်အပ်ပါသလော။ အဘယ်ကိုပါရာဇိကဟူ၍ အလိုရှိအပ်ပါသနည်း။ စုဒ်ကြောင့်(ခ)မိန့်။

ကား။ ။ရှုံးခြင်းသို့ ရောက်သော ပုဂ္ဂိုလ်သည် ပရာဇိတဖြစ်၏ ဟူလို (ဂဏ္ဌိ)

(ဂ)သို့။ ။ဆရာ(ခ)ဖြင့် ပရာဇိကအရ ရှုံးခြင်းသို့ရောက်သော ပုဂ္ဂိုလ်ကိုယူအပ်၏ဟုဖွင့်ပြတော်မူအပ်၏။ပါရာဇိကသဒ္ဒါသည် ပုဂ္ဂိုလ်ကိုဟောဆိုနိုင်ပါ၏လော။ မဟောက မသင့်ရာသည်ဖြစ်၍ (ခ) ဖြင့် ဆိုသောဆရာ့စကား အသို့လျှင်သင့်နိုင် ပါသင့်နိုင့်ပါအံ့နည်း။ စုဒ်ကြောင့် (ဂ)မိန့်။

[ပရာဇယကြီယမာပန္နပုဂ္ဂလော ဝါ အဓိပ္ပေတော။န ပရာဇယကြိယာတိ ဒဿေတုံ ပရာဇယံ အာပန္နော တိ ဝုတ္တံ။ ကခ်ီ၊ယော၊မဟာဋီ။၁။ ၃၂၈။အထဝါ ပါရာဇိကသဒ္ဒဿ ကတ္တုသာဓနေပိ ပဝတ္တနတော တံ နိဝတ္တေတုံ ပရာဇယံ အာပန္နော တိ ဝုတ္တံ။]

http://www.dhammadownload.com



နံပါတ် (၃)

(ခ)ဝါကျာရမ္ဘ(ကျမ်းတက်ရှု) (ဂ)ဝိဂ္ဂဟာရ(တစ်နည်း)ဒဋ္ဌိကရဏာ။
(ဃ)စသည် ဝိဂ္ဂဟာရ၊ ထိုတွင် (င)ပက္ခန္တရ (စ)ပက္ခန္တရ။

နံပါတ် (၄)

(က) **သိက္ခာပဒါတိက္ကန္တံ ပုဂ္ဂလံ သာသနာတော ပရာဇေတီတိ ပါရာဇိကံ ။ (သိက္ခာပဒံ)**

(ခ) **အာပတ္တိအဇ္ဈာပန္နံ ပုဂ္ဂလံ ပရာဇိယတီတိ ပါရာဇိကော။ (အာပတ္တိ)**

(ဂ) **သာသနာတော ပရာဇိယတေတိ ပါရာဇိကော။ (ပုဂ္ဂလော)**

(က)ပရာအရ ဓာတွတ္ထဗာဓကဘောဂဏ်ရ၏။ဇိဓာတ်သုဒ္ဓကတ္တုဒ္ဒကြိယာ သိက္ခာပုဒ်ကို လွန်ကျူးသော ပုဂ္ဂိုလ်၏ ဝီတိက္ကမစေတနာ(ဝါ)လွန်ကျူးသောပုဂ္ဂိုလ် သည်မှချ။ဟေတုကတ္တုဒ္ဒ-ပညတ်တော်မူအပ်သော သိက္ခာပုဒ်ဟုဆိုအပ်သော ဝစီ ဘေဒ သဒ္ဒပဗန္ဓ၏ ပကတူပနိဿယတ္တိဖလူ။တ-ထို··သော ပညတ်တော်မူအပ်သော သိက္ခာပုဒ်ဟုဆိုအပ်သော ဝစီဘေဒသဒ္ဒပဗန္ဓရ၏။

(ခ) ပရာအရတူပြီ။ဇိဓာတ်အရ အာပတ်သို့ရောက်သော ပုဂ္ဂိုလ်၏ သီလပျက်စီး ခြင်း အဘာဝသည် မှချ။ အာပတ်၏ပကတူပနိဿယသတ္တိ ဖလူ။တ-အကုသိုလ် စေတနာပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ် (အာပတ်)ရ၏။**တစ်နည်း**-ဓာတ်အရ- သိက္ခာပုဒ်ကို လွန်ကျူးသောပုဂ္ဂိုလ်၏မေထုနရာဂနှင့် တကွဖြစ်သော ခန္ဓာပဥ္စက၏ ဥပါဒ်သည်မှချ။ **[အကုသလစေတနာ ပဓာနော အကုသလစိတ္တုပ္ပါဒါပတ္တိသင်္ခါတော ဒဿနတ္တော မုချေနု။]**

(ဂ) ပရာအရတူပြီ။ဇိဓာတ်အရ-အကုသိုလ် စေတနာပြဋ္ဌာန်းသော အကုသိုလ် စိတ္တုပ္ပါဒ်အာပတ်သည်မှချ။ဟေတုကမ္မတ္တ သာသနာတော်မှ ရှုံးစေအပ်သော ပုဂ္ဂိုလ်၏။ဝါ-ပါရာဇိကကျသော ပုဂ္ဂိုလ်၏ သဟဇာတာဒိပစ္စယုပန္နဘောဂဏ်ဖလူ။တ- သာသနာတော်မှ ရှုံးစေအပ်သော ပုဂ္ဂိုလ်။ဝါ-ပါရာဇိကကျသောပုဂ္ဂိုလ် ရ၏။

**မှတ်ချက်။** ။ပါရာဇိကပုဒ်ကို ဘာသာဋီကာ၌ ဗျုပ္ပစ္စည်းဟု ဆိုထားပါသည်။

နံပါတ် (၅)

**ပုဂ္ဂလ။** ။ပုတိ+ ဂလ+အ။ **တစ်နည်း။** ပု+ဂမု+အ။

**ပရာဇယ။** ။ပရာ+ဇိ+ဏ။

နံပါတ် (၆)

(က)**ပရာဇိတောဖြင့်** ပါရာဇိကသည် ပုဒ်ရင်းမဟုတ်၊ပရာဇိတဟူလိုလျက် ပ၏မှီရာ အကိုအာပြု၍တကိုကပြု၍ ပါရာဇိကပြီးသည်ကို သိစေ။[ပရာဇိတသဒ္ဒေါ ဥပသဂ္ဂဿ ဝုဒ္ဓိ ကတွာ တကာရဿစ က-ကာရံ ကတွာ ပါရာဇိကောတိနိဒ္ဒိ ဋ္ဌောတိအာဟ ပါရာဇိကောတိ ပရာဇိတောတိ တိ]**တစ်နည်း** ပါရာဇိကော၌ ပါရာ+ ဇိ+တ ပစ္စည်း၊ယင်းတပစ္စည်း၏ ဟေတုကမ္မသာနေ၌ သက်၍ ပရာဇိယတေတိ

http://www.dhammadownload.com



ပါရာဇိကောဟု ဝစနတ္ထပြုအပ်သည်ကိုသိစေ။

(ခ)**ပရာဇိယံ အာပန္နောဖြင့်** ဤ၌ရှုံးခြင်း ကြိယာကို မယူအပ်၊ ရှုံးခြင်းသို့ ရောက်သော ပုဂ္ဂိုလ်ကို အရကောက်ယူအပ်သည်ကို သိစေ။

**မှတ်ချက်။** ။ပရာဇယံ အာပန္နောတိ ပါရာဇိကောဟု အာပန္နတဒ္ဓိတ်ကိုပြသည်ဟု ဂဏ္ဌိနှင့် ဝိနည်းနိသျ၌ ဆို၏ဟုမှာ၏။ထိုအဆိုမသင့်ပါတဲ့။ 'ပုဂ္ဂလော ယသ္မာ ပရာဇိတော ပရာဇယံ မာပန္နော' ဟုသော အဋ္ဌကထာကို ထောက်ရှု၍ သိနိုင်၏။ ရှုံးခြင်းသို့ရောက်စေအပ်- ဟူသည်ရှုံးခြင်းသို့ ရောက်သည်ပင်ဟု ပြသည်။

**[ကာရိတ်ကံကား၊ ဓာတ်ကတ္တား၊ မပြားဝုတ္တ၊အဝုတ္တတည်း။]**

ကာရိတ်ကံသည် ဓိဓာတ်သက်သက်ကိုင့်လျှင် သုဒ္ဓကတ္တား ဖြစ်သော ကြောင့် 'ပရာဇယမာပန္နော' ဟုဖွင့်သည်ဟုမှတ်။

(ဃ)**ယောတံ။ပ။ တသ္မာဖြင့်** ပါရာဇိကံ၌ ပရာ+ဇိ+တ+ပစ္စည်း၊ ယင်းတ ပစ္စည်း၏ ဟေတုကတ္တုသာဓန၌ ဖြစ်သည်ကို လည်းကောင်း၊သိက္ခာပဒံ ဝီတိက္ကန္တံ ပုဂ္ဂလံ ပရာဇေတီတိ ပရာဇိတံ၊ ပရာဇိတမေဝ ပါရာဇိကံဟု ဝစနတ္ထပြုအပ်သည် ကိုလည်းကောင်းသိစေ။**သိက္ခာပဒံ ဝုစ္စတိဖြင့်** ပါရာဇိကံ အရ သိက္ခာပုဒ်ကိုအရ ကောက်ယူအပ်သည်ကို သိစေ။ [ပရာဇယတီတိ ပါရာဇိကံ,ပရာဇိကာတိ ကတ္တု သာဓနေန ပါရာဇိကသဒ္ဒေန သိက္ခာပဒံ အာပတ္တိ စ ဝုစ္စတီတိ ဒဿေန္တော 'အာ ဟ 'ယော တံ အတိက္ကမတီ'တိ အာဒိ။]

(စ)**ပုဂ္ဂလော။ပ။တသ္မာဖြင့်** ပါရာဇိကော၌ ပရာ+ဇိ+တ။(ဏွု)တ- ပစ္စည်း ၏ ကမ္မသာဓန၌ သက်၍ ပရာဇီယတေတိပါရာဇိကောဟု ဝစနတ္ထပြုအပ်သည်ကို လည်းကောင်း၊ပါရာဇိကအရ ပုဂ္ဂိုလ်ကို အရကောက်ယူအပ်သည်ကိုလည်းကောင်း သိစေ။ **[ပုဂ္ဂလော ပန ကမ္မသာဓနေန ပါရာဇိကသဒ္ဒေန ဝုစ္စတီတိ ဒဿေန္တော အာဟ 'ပုဂ္ဂလော ယသ္မာ ပရာဇိတော' တိ အာဒိ]**သာရတ္ထ။

## နံပါတ် (၇)

## သိက္ခာပဒါပတ္တိပုဂ္ဂလဓမ္မေသု/သိက္ခာပဒါပတ္တိပုဂ္ဂလေသု...

"**သိက္ခာပဒါပတ္တိပုဂ္ဂလဓမ္မေသူတိ ပုရာဏပါဠော။သိက္ခာပဒါပတ္တိပုဂ္ဂလေသူတိပိ ပါဠော။** ယောဇနာ၌-သိက္ခာပဒါပတ္တိပုဂ္ဂလဓမ္မေသု/ သိက္ခာပဒါပတ္တိပုဂ္ဂလေသု ဟု ဓမ္မပုဒ် ပါသောပါဠ်၊ မပါသောပါဠ်။ ၂-ပါဠ်ကို ဖွင့်ဆိုသော်လည်း 'ယသ္မာ ပန တတ္ထ ဓမ္မောတိ ကတ္ထစိ အာပတ္တိ,ကတ္ထစိ သိက္ခာပဒမေဝ အဓိပ္ပေတံ၊တသ္မာ သော ဝိသုံ နဝုတ္တော္ဗော'ဟု၍ ဖွင့်ဆိုသောကြောင့် ဓမ္မပုဒ်မပါသော သိက္ခာပဒါပတ္တိ ပုဂ္ဂလေသု ပါဠ်သာသင့်။

## နံပါတ် (၈)

**ပါရာဇိက။** ။အကြောင်းဖြစ်သော အာပတ်၏ ပါရာဇိကအမည်ကို အကျိုးဖြစ် သော ပုဂ္ဂိုလ်၌လည်းတင်စား၍ ဆိုသောကြောင့် ကာရဏူပစာ။ နာနန္တရိကနည်း။

http://www.dhammadownload.com



**တစ်နည်း**။ ။အကျိုးအာပတ်၏ အမည်ကို အကြောင်း သိက္ခာပုဒ်၌တင်စား၍ ဆိုသောကြောင့် ဖလူပစာ။အဝိနာဘာဝနည်း။

**တစ်နည်း**။ ။ဌာနဖြစ်သော ပါရာဇိကကျသော ရဟန်း၏ ပါရာဇိက ဟူသော အမည်ကို ဌာနီဖြစ်သော ပါရာဇိကအာပတ်၌ တင်စား၍ ဆိုသောကြောင့် ဌာနူပစာ။

နံပါတ် (၁၀)

**ပါရာဇိကအရ**။ ပါရာဇိကကျသော ပုဂ္ဂိုလ်၏ ခန္ဓာပဉ္စကဒြဗ်ကောက်။

************

## ဝါကျစဉ် (၈၉)

(က) **သေဝနုစိတ္တံ ဥပဋ္ဌိတေတိ ဘုမ္မတ္ထေ ပစ္စတ္တဝစနံ**။

(ခ) သေဝနစိတ္တေ ပစ္စုပဋ္ဌိတေတိ အတ္ထော။

(ဂ) **ဝစ္စမဂ္ဂံ အင်္ဂဇာတံ ပဝေသေန္တဿာတိ** ယေန မဂ္ဂေန ဝစ္စံ နိက္ခမတိ၊ တံ မဂ္ဂံ အတ္တနော အင်္ဂဇာတံ ပုရိသနိမိတ္တံ တိလဖလမတ္တမ္ပိ ပဝေသေန္တဿ။

(ဃ) **အာပတ္တိ ပါရာဇိကဿာတိ** အာပတ္တိ ပါရာဇိကာ အဿ။

(င) ဟောတီတိ အတ္ထော။

(စ) အထ ဝါ **အာပတ္တီတိ** အာပဇ္ဇနံ ဟောတိ။

(ဆ) **ပါရာဇိကဿာတိ** ပါရာဇိကမ္မေဿ။

(ဇ) သေ နယော သဗ္ဗတ္ထ။ [ဝိ၊ ဋ္ဌ၊၁။၂၂၆။]

* * * * * * * *

နံပါတ် (၁)

(က)ပစ္စတ္တဝစနံ၊ ပဌမာဝိဘတ်တည်း။(သင်္ကေတတ္ထ)ဝါ-ဝါစကတို့သည် ဟောအပ်သော ကတ္တားစသော ဝါစ္စမှ အသီးသီးသော သဘောဖြင့် ပြအပ်သော အနက်ရှိသော ဝိဘတ်တည်း။ဝါ- အသီးသီးသော သဘောဖြင့် ပြအပ်သော အနက်ရှိသော ဝိဘတ်ရှိသော သဒ္ဒါတည်း။[ဆရာတော်ဗုမ်၏ နီတိပဒမာလာ]

**အာပတ္တိ ပါရာဇိကဿ/ သံဝဏ္ဏေတဗ္ဗပါဠိ**..

(ဃ)ပါရာဇိကာ၊ ပါရာဇိကမည်သော။ အာပတ္တိ၊အာပတ်သည်။ အဿ၊ ဖြစ်၏။**တစ်နည်း**-ပါရာဇိကဿ၊ပါရာဇိကအာပတ်သို့။အာပတ္တိ၊သင့်ရောက်ခြင်းသည်။ (ဟောတိ-ဖြစ်၏)။**တစ်နည်း**-အဿ၊ ထိုရဟန်းအား။ပါရာဇိကဿ-သို့။ အာပတ္တိ၊သည်။ (ဟောတိ) ဂဏ္ဍိ။

(ဂ)ယေန မဂ္ဂေ၊ အကြင်လမ်းပေါက်ဖြင့်။ဝစ္စံ၊ ကျင်ကြီးသည်။နိက္ခမတိ၊ ထွက်၏။အင်္ဂဇာတံ၊ အင်္ဂါဇာတ်ဖြစ်သော။ပုရိသနိမတ္တံ၊ပုရိသနိမိတ်ကို။တိလဖလ မတ္တမ္ပိ-နှမ်းသီးမျှလည်း။ ပဝေသေန္တဿ-သွင်းသော ရဟန်းအား။

နံပါတ် (၂)

**(ခ)သို့**။ ။ဆရာ(က)ဖြင့် သေဝနစိတ္တံ၌ ပဌမာဝိဘတ်သည် ဘုမ္မတ္ထ၌ ဖြစ်၏

http://www.dhammadownload.com



ဟုဖွင့်ပြတော်မူ အပ်၏။ယင်းသို့ ဘုမ္မတ္တ၌ ပဋ္ဌမာဝိဘတ်ဖြစ်ခဲ့သော်'သေဝနစိတ္တံ' မှီဝဲကြောင်းစိတ်၌ဟု အနက်ကိုမှတ်သားအပ်ပါသလော၊ အဘယ်အနက်ကိုမှတ်သား အပ်ပါသနည်း။ စုဒ်ကြောင့် (ခ)မိန့်။

**အဓိပ္ပါယ်ကား။** ။'သေဝနစိတ္တံ-မှီဝဲကြောင်းစိတ်သည်။ပစ္စုပဋ္ဌိတေ-ရှေးရှုလတ်သော်'ဟူသော လက္ခဏာဝန္တအနက်ကို မှတ်သားအပ်၏ ဟူလို။

**(င) ဝါကျသို့ အနုသန္ဓေ။အသာဘိအာရျာတိကပဒဏ္ဍိ တသာ အတ္ထံ ဒဿေန္တော 'ဟောတိ' တိအာဟ။ ရှု၍ တက်ပါ။[သာရတ္ထ]**

**(င)သို့။** ။ဆရာ(ဃ)ဖြင့် ပါရာဇိကသူကို ပါရာဇိကာ+ အဿ-ဟု ပဒစ္ဆေဒကို ဖွင့်ပြတော်မူအပ်၏။ အဿပုဒ်၏ အနက်ကို အဘယ်သို့မှတ်သားအပ်ပါသနည်း။ **အဿ-ထိုရဟန်းအား၊** ပါရာဇိက-သော။ အာပတ္တိ-သည်။ ဟောတိ-၏။ ဤသို့ အနက်ကို မှတ်သားအပ်ပါသလော။**(တစ်နည်း)**ပါရာဇိကာ-သော။ အာပတ္တိ၊သည်။ **အဿ-ဖြစ်ရာ၏။** ဤသို့ အနက်ကို မှတ်သားအပ်ပါသလော။စုဒ်ကြောင့် (င)မိန့်။ **ကား။** ။'ပါရာဇိကာ-မည်သော။အာပတ္တိ-သည်။**အဿ-ဖြစ်၏**' ဟူ၍အနက် မှတ်သားအပ်၏ ဟူလို။

နံပါတ် (၃)

(ခ)ဝိတ္ထာရ။**တစ်နည်း**-ဝါကျာရမ္ဘ။ (ဂ)ပက္ခန္တရ။ (ဃ)ပက္ခန္တရ။ (င)ဝါကျာရမ္ဘ။(ကျမ်းတက်ရှု) (စ) နယန္တရ။ (ဒြဗ်အားဖြင့်ပြပြီး၍ ဘော အားဖြင့် ပြခြင်း၄ာမိန့်)(ဆ)ပက္ခန္တရ။(ဇ)ဝါကျာရမ္ဘ၊[ဤနည်းကို ဤအာပတ္တိ ပါရာဇိကဿ ပုဒ်၌သာ မှတ်သားအပ်ပါသလော]။

နံပါတ် (၄)

**သေဝနစိတ္တံ။** ။**သေဝတိ ဧတေနာတိ သေဝနံ။ သေဝနံ စိတ္တံ သေဝနစိတ္တံ။**

သေဝ-ကတ္တုရှု မှီဝဲသော ရဟန်း၏ သန္တာန်။ပ။စတုသမုဋ္ဌာနိကရုပ်တို့၏ ဥပါဒ် မှုချ။ကရဏတ္တ မေထုနရာဂ ပြဋ္ဌာန်းသောစိတ်၏ သဟဇာတာဒိပစ္စယသတ္တိ ဖလူ။ယု-မှီဝဲကြောင်းဖြစ်သော မေထုနရာဂ ပြဋ္ဌာန်းသောစိတ် ရ၏။ဝိသေသန ပုဒ်ဖြစ်၍ ဝိသေသနပုဒ်တို့၏ သဘောသည်··စသည် ဆက်ကောက်။

**ဘုမ္မတ္ထော။** ။ **ဘဝန္တိ ဧတ္ထာတိဘူမိ။ ဘူမိဝိယာတိ ဘူမိ။ဘူမိ ဧဝ ဘုမ္မံ။ ဘုမ္မမေဝ အတ္ထော ဘုမ္မတ္ထော။**

**ဝစ္စမဂ္ဂ။** ။ **မဂ္ဂတိ နိက္ခမတိ ဧတေနာတိ မဂ္ဂေါ။ သုခံ ဝါရေတီတိ ဝစ္စံ။ဝစ္စဿ မဂ္ဂ ဝစ္စမဂ္ဂ။**

**ပုရိသနိမိတ္တံ။** ။**နိမနဟာတိ သိဉ္စတီကိ နိမိတ္တံ။ ပုရိသဿ နိမိတ္တံ ပုရိသနိမိတ္တံ။**

**ပဝေသေန္တော။** ။ **ပဝေသေတီတိ ပဝေသေန္တော။**

ပ+ဝိသ-သုဒ္ဓကတ္တုရှု-ဝင်သောအချင်းအရာအားဖြင့် ဖြစ်သော အင်္ဂါဇာတ် ဟုဆိုအပ်သော စတုသမုဋ္ဌာနိကရုပ်သည် မုချ။ဟေတုကတ္တုရှု-ရဟန်း၏ သေဝန

http://www.dhammadownload.com



စိတ်၊ ထိုစိတ်ကြောင့် ဖြစ်သော ကာယိကဗျာပါဒသည် ဖလူ။ဓောပစ္စည်း ရူပသိဒ္ဓိ မဂ္ဂပဒသိလိင်္ဂတာဘောဂုဏ် ရ၏။အန္တ-ပစ္စည်း ရဟန်းရ၏။

နံပါတ် (၅)

**ဝဇ္ဇ**။ ။ ဝရ+စ။ ဓာတွန် ရကို စပြု။

**အင်္ဂ**။ ။ အင်္ဂ+အ။

**နိမိတ္တ**။ ။ နိ+မိဟ+တ။

နံပါတ် (၆)

(ဂ)**အတ္တနော ပုရိသနိမိတ္တံဖြင့်** အင်္ဂဇာတသည် ယောကျ်ားအင်္ဂါကိုဟော သည်ကိုလည်းကောင်း၊ဝါ-နိမိတ္တ သဒ္ဒါ၏ ပရိယာယ်ဖြစ်သည်ကို ကိုလည်းကောင်း၊ ဝါ-ဣတ္ထိနိမိတ်ကို မယူအပ်၊ယောကျ်ားနိမိတ် ယူအပ်သည်ကိုလည်းကောင်း၊ယင်း နိမိတ်သည်လည်း မိမိ (ရဟန်း)၏ နိမိတ်ဖြစ်သည်ကိုလည်းကောင်း သိစေ။

**ယေန မဂ္ဂေန ဝစ္စံ နိက္ခမတိ၊ တံ မဂ္ဂံ ဖြင့်** မဂ္ဂအရ ပကတိလမ်းပေါက် ကိုမယူအပ်၊ကျင်ကြီးထွက်ရာလမ်းပေါက်ကိုယူအပ်သည်ကို လည်းကောင်း၊ နိက္ခ မတိ ဧတေနာတိ နိက္ခမနံ၊ ဟု ကရဏသာဓန ဝစနတ္ထပြုအပ်သည်ကိုလည်းကောင်း သိစေ။

(ဃ)**ပါရာဇိကာ အသဿဖြင့်** ပါရာဇိကသသည် နာမ်ပုဒ်မဟုတ် သန္ဓိပုဒ် ဖြစ်သည်ကို လည်းကောင်း၊ ပါရာဇိကာ+အသဿဟု ပဒစ္ဆေဒပြုအပ်သည်ကို လည်း ကောင်း၊ "ပါရာဇိကာနှင့်အရတူ၍ အာပဇ္ဇီဓာဗ္ဗာတိ အာပတ္တိ" ဟု ကမ္မသာဓနပြုအပ် သည်ကိုလည်းကောင်း သိစေ။

(င)**ဟောတိဖြင့်** အသဿကားနာမ်ပုဒ်မဟုတ် အာချာတ်ပုဒ်တည်း၊အသ+ ဓာတ်၊တိဘတ်၊ ဓာတွန်နှင့်တကွ တိကို သဿပြု၍ ပြီးသည်ကိုသိစေ၊ ဝါ-သဿသည် ဝေယျဝိဘတ်၏ ကာရိယမဟုတ် တိဝိဘတ်၏ ကာရိယဖြစ်သည်ကိုလည်းကောင်း၊ အသ ဓာတ်သည် ဘက္ခဏတ္ထ မဟုတ် ဘုဝိ-အနက်၌ ဖြစ်သည်ကို လည်းကောင်း သိစေ။

(စ)**အာပဇ္ဇနံဖြင့်** အာပတ္တိ၌ အာ+ပဒ+တိ ပစ္စည်း၊ ယင်းတိပစ္စည်း၏ဘာဝ သာဓနေ၌ သက်၍ အာပဇ္ဇနံ အာပတ္တိဟု ဝစနတ္ထ ပြုအပ်သည်ကိုလည်းကောင်း၊ ဟောတိဟူသော ပါဌ်သေသစွက်၍ အနက်သမ္ဗန်အပ်သည်ကိုလည်းကောင်း သိစေ။

နံပါတ် (၇)

**ပဝေသေန္တဿ/ ပဝေသန္တဿ...**

အတ္တနော အင်္ဂဇာတံ ဟူသောကံပုဒ်ကို ထောက်၍ ပပုဗ္ဗ ဝိသဓာတ် ကာရိတ် ဏေ-ပစ္စည်းဖြင့် ပြီးသောကြောင့် ပဝေသေန္တပါဌ်သာသင့်။

သေနယော သဗ္ဗတ္တ/ သေဝနယော သဗ္ဗတ္တ...

သဗ္ဗတ္တဟူသော အာဓာရပုဒ်နေက်၌ရှိသောကြောင့် ပါဠိဂတိအားဖြင့် အာ

http://www.dhammadownload.com



ရပုဒ် နောက်ရှိလျှင် ဧဝမပါသော သေနယော ပါဋ္ဌ်သာသင့်။

မှတ်ချက်။ ။အာဓာရပုဒ် နောက်ရှိလျှင် သေဝနယော ပါဋ္ဌ်သင့်။

ပုံစံ။ ။ကစ္စပေဝ သေဝ နယော။ (ဝိ၊ဋ္ဌ၊၁၊၂၂၈။)

နိယံ။ ။ ပုဒ်အနေ၊ သေနယောနှင့်၊ သေဝနယောယင်းနှစ်ဖြာ၊ ဤကျမ်း ဂန်တတ်၊ရေးဆရာ၊ရေးစီကာယူထား။

ထိုနှစ်ချက်၊ရေးပြုဟန်၊တွေးရှုဉာဏ်၊သက်တော့အများ။

အာဓာရ နောက်ကခံ၊ထောက်ဆ,ဉာဏ်ရှုစား၊ကောက်ချက်ပြုပြား တော့၊မမှားဘူးတကယ်၊ပုဒ်အနေ သေနယော ရယ်လို့၊ တွေးဆ,သဘော၊ယူတော့အလွယ်။

ရှေ့နားက၊အာဓာဆွယ်လျှင်၊ခါခါကွယ် တွေးလေ,မစောနှင့်၊ သေဝနယော၊ပုဒ်ဖြင့်သာ ရေးစီလျှက်ပါ၊

သည်စာသွား၊ဓိပ္ပါယေကို၊စိတ်မှာလေ သွင်းကြကွယ့် လေ…

(ရှေးနားကအာဓာဆွယ်လျှင်၊ခါခါကွယ်တွေးလေမစောနှင့်၊ သေဝနယော၊ပုဒ်အမှန်၊ရှုတော့ ကေန်။)

၁။ ။သေဝနယော၊ပုဒ်၊အတွေ့လုပ်မလွယ်၊ ကရိဏ်းနှင့်ကမ္မနှစ်သွယ်၊အရကွယ်ခက်သား။

၂။ ။ကမ္မသာခ်ပေးရဖွယ်မှာ၊ရှေးပဒကွယ် နက်မျှပြ၍၊ နောက်နောက်ပဒ၊နယောနှင့်သာ ပြောကြားလျက်ပါ။

၃။ ။ကရဏသာခ်ပေးစေလို့၊ရှေ့ပုဒ်ကို ဝိဂြိုဟ်ကြား၊ နောက်ပုဒ်ကို နယောနှင့်ထားလို့၊ပြောကြားလျက်ရှိတယ်။

၄။ ။သည်စာသွား အဓိပ္ပါယ်ကို၊စိတ်မှာသာ မှတ်ကြကွဲ့လေး။

[ဝါကျသွားအချိုး-အဖြေကျမ်း]

ဝန်ခံချက်။ ။ဤ နိယံများကို ပေါက်မြိုင်ဆရာတော်ထံ စာလိုက်စဉ်က အပြည့် အစုံမရရှိ၍၊ကျမ်းစာရေးသားချိန်၌ ရန်ကုန်တွင် တိပိဋကစာမေးပွဲ ပုစ္ဆက ဆရာတော်အဖြစ် ဆောင်ရွက်ရန်ရောက်ရှိနေသော ဆရာတော်အားမေး လျှောက်ပြီး ရေးသားရခြင်းဖြစ်ပါသည်။ဝါကျသွားအချိုး-အဖြေကျမ်း ကို စာအုပ်ကိုပင် မတွေ့မြင်ဘူးပါ။ဆရာတော်ပြောပြ၍သာ ဤအမည် ကို ကြားဖူးရခြင်း ဖြစ်ပါသည်။

## နံပါတ် (၈)

**ဘုမ္မတ္တေ။** ။အတူဖြစ်သော သတ္တမီအနက်၏ ဘုမ္မတ္တအမည်ကို အတူရှိသော သတ္တမီ ဝိဘတ်သက်ရာခြင်းတူသော လက္ခဏဝန္တ အနက်၌လည်း တင်စား၍ ဆိုသောကြောင့် သဒ္ဒိသူ။

**တိလဖလမတ္တမ္ပိ။** ။ဋ္ဌာနဖြစ်သော တိလဖလ (နှမ်းသီး)၏အမည်ကို ဋ္ဌာနီဖြစ်သော

http://www.dhammadownload.com



တိလဖလဗီဇ(နှမ်းစေ့)၌ တင်စား၍ ဆိုသောကြောင့် ဥပမာ။ [နှမ်းစေ့မျှသွင်းသွင်းသောရဟန်းအား ပါရာဇိကအာပတ်သင့်သေး၏။ အင်္ဂါဇာတ်တစ်ခုလုံးသွင်းသော်ကား ဆိုဖွယ်ရာမရှိ ပါရာဇိက ဖြစ်သည်သာဟု သမ္ဘာဝနာကို ပေါင်းဆည်းသော ဂရဟာဓောတကပိ ပါသင့်မည်။]

**အာပတ္တိပါရာဇိကဿ။** ။ပါရာဇိကာ၊ ပါရာဇိကမည်သော။ အာပတ္တိ၊သည်။ အဿ၊ဖြစ်၏။ဟူ၍လည်းကောင်း။

ပါရာဇိကဿ၊ပါရာဇိကအာပတ်သို့။အာပတ္တိ၊သင့်ရောက်ခြင်းသည်။ (ဟောတိ) ဟူ၍လည်းကောင်း။

ဤသို့သတ္တိပြားသဖြင့် နှစ်နက်ရကောင်းသောကြောင့် ဘိန္နသတ္တိသမဝေတ နည်း။

**အာပတ္တိ။** ။အာပဇ္ဇိတဗ္ဗာတိ အာပတ္တိ။အာပဇ္ဇနံ အာပတ္တိ။နှစ်မျိုးအနက်ပေးနိုင်၍ ပဒီပကနည်း ရနိုင်သည်။

## နံပါတ် (၁၀)

## သေဝနစိတ္တအရ လောဘမူစိတ်ကောက်။

*************

## ပါဠိကျစဉ် (၉၀)

(က) **စုတ္တာတိ** မေထုနပသံဟိတခိဍ္ဍာပသုတာ နာဂရိကကေရာဠိယပုရိသာ။

(ခ) ဣတ္ထိဓုတ္တသုရာဓုတ္တာဒယော ဝါ။

(ဂ) ဓုတ္တာ ဝေပစ္စတ္တိကာ **ဓုတ္တပစ္စတ္တိကာ**။

(ဃ) ဂန္ထိ ဟဒယံ ဝုစ္စတိ၊ တံ ဥပ္ပါဠေန္တီတိ ဥပ္ပလဂန္ဓာ၊ ဥပ္ပလဂန္ဓာ ဝေ ပစ္စတ္တိကာ **ဥပ္ပလဂန္ဓပစ္စတ္တိကာ**။

(င) တေ ကိရ န ကသိဝဏိဇ္ဇာဒိဟိ ဇီဝန္တိ၊ ပန္ထဃာတဂါမဃာတာဒီနိ ကတွာ ပုတ္တဒါရံ ပေါသေန္တိ။ [ဝိ၊ ဋ္ဌ၊ ၁။ ၂၃၂-၃။]

**************

## နံပါတ် (၁)

(က)မေထုနပသံဟိတခိဍ္ဍာပသုတာ၊မေထုန်နှင့်စပ်သော မြူးတူးပျော်ပါးခြင်း၌ လေ့ကျက်ကုန်သော။နာဂရိကကေရာဠိယပုရိသာ၊မြို့၌နေသော စဉ်းလဲလှည့်ပတ်ခြင်းကို ပြုတတ်သော ယောကျ်ားတို့တည်း။

(ခ)ဣတ္ထိဓုတ္တသုရာဓုတ္တာဒယော၊မိန်းမကြူးသူ ၊သေရည်ကြူးသူအစရှိသူတို့တည်း။

(ဂ)တံ၊ ထိုနှလုံးသားကို။ဥပ္ပါဠေန္တိ၊ ဖြတ်တော်ထုတ်ယူတတ်ကုန်၏။

(င)ကိရ၊ချဲ့။တေ၊ဤဥပ္ပလဂန္ဓတို့သည်။ကသိဝဏိဇ္ဇာဒိဟိ၊ လယ်ထွန်ခြင်း၊ကုန်သွယ်ခြင်း အစရှိသည်တို့ဖြင့်။နဇီဝန္တိ၊အသက်မမွေးကြကုန်။ပန္ထဃာတ

http://www.dhammadownload.com



ဂါမဃာတာဒီနိ၊လမ်းကိုလုယက်ဖျက်ဆီးခြင်း,ရွာကိုလုယက်ဖျက်ဆီးခြင်း အစရှိသည်တို့ကို။ပေါသေန္တိ၊ မွေးမြူကြကုန်၏။

နံပါတ် (၂)

(ခ)သို့။ ။ဤသို့ (က)ဖြင့် ဓုတ္တအရ ဝိသေသအားဖြင့် ဣတ္ထိဓုတ္တကိုယူရမည်ဟုဖွင့်ပြတော်မူပြီး၍ ယခုအခါ၌ သာမညအားဖြင့်လည်း အနက်ဖြစ်နိုင်သည်ကို ပြလိုရကား (ခ)မိန့်။ [သာမညဇောတနာယ ပကရဏာတော ဝိသေသဝိနိစ္ဆယောတိ အာဟ'ဓုတ္တသဒ္ဒေါ ဒသေန္တော 'ဣတ္ထိဓုတ္တသုရာဓုတ္တာဒယော'ဝါတိ အာဟ။] သာရတ္ထ၊ ၂။ ၆၃။

(င)သို့။ ။ဆရာ(ဃ)ဖြင့် ဥပ္ပလဂန္ဓပစ္စတ္တိကပုဒ်၏ အဘိဓာနတ္ထ ဝိဂ္ဂဟတ္ထကိုဖွင့်ပြတော်မူအပ်၏။ယင်းသို့ဆိုသော် ထိုအဘိဓာနတ္ထ၏ အဘိဓေယျတ္ထဖြစ်သော ရန်သူတို့သည် အဘယ်သို့ဖြစ်ခြင်း သဘောရှိကုန်သနည်း။အဘယ်ကြောင့်အဘယ်အကျိုးငှာလူတို့နှလုံးသားကို ခွဲထုတ်ကုန်သနည်း။ထိုသူတို့သည် လယ်ထွန်ခြင်း, ကုန်သွယ်ခြင်း စသည်တို့ဖြင့် အသက်မွေးမြူကြကုန်သလော။သားမယားတို့ကို သမ္မာအာဇီဝဖြင့် မွေးမြူကြကုန်သလော။ စုဒ်ကြောင့် (င)မိန့်။

[နှ-မရှိလျှင်းကာနှ-ကိုသွင်းနှ-ရှိလျှင်းကာနှ-ကိုဝယ်နည်းဖြင့် အာဘော်ထားသည်။]

နံပါတ် (၃)

(ခ)နယန္တရပ်ကွန္တရ။(ဂ)ဝါကျာရမ္ဘ။တစ်နည်း ဝက္ကန္တရ။

(ဃ)ပက္ခန္တရ။(င) ဝိတ္ထာရ။

နံပါတ် (၄)

ကေရာဋိယာ။ ။ ကိရာဋံ ဝဋ္ဋန္တိ ကရောန္တီတိ ကေရာဋိယာ။

ကိရာဋအရ-ကောက်ကျစ်စဉ်းလဲမှုသည် မှုချ။ထို-၏ ယောက်ျားနှင့် ဌာနီဌာန အစပ်သမ္ဗန်သည် ဌာနူ။ဏိက (ဏိယ)ပစ္စည်း- ထို ကောက်ကျစ်စဉ်းလဲသော ယောက်ျားတို့ ရ၏။

နာရိကာ။ ။ နဂရေ ဝသန္တီတိ နာရိကာ။

နာဂရိကာ စတေ ကေရာဋိယပုရိသာစာတိ နာဂရိကကေရာဋိယပုရိသာ။

ဓုတ္တာ။ ။ ဓုဗ္ဗန္တိ ဟိံသန္တီတိ ဓုတ္တာ။

ဓုဗ္ဗိဓာတ်အရ-မေထုန်မှုဖြင့် ရဟန်းတို့၏ သီလကို ဖျက်ဆီးတတ်သော အပျော်အပါးများသူတို့သန္တာန် လောဘပြဋ္ဌာန်းသော အကုသိုလ်စိတ္တုပ္ပါဒ် မုချ။ အယောနိသောမနသိကာရ စသော ရှေးရှေးသောစိတ္တုပ္ပါဒ် ဖလူ။နောက်နောက်သော ရဟန်းတို့၏ သီလပျက်စီး စသည် ကာရဏူ။တ-ပစ္စည်း မေထုန်နှင့်စပ်၍ ပျော်မြူးတတ်သော ကောက်ကျစ်စဉ်းလဲသော မြို့သားယောက်ျားတို့ရ၏။

တစ်နည်း။ ။ ဓုဗ္ဗန္တိ ဝဥ္စန္တီတိ ဓုတ္တာ။

